
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လင်္ကာ ရည် ကျော်

Professional
Publishing House

အမှတ်(၃၆-A)၊ ကံ့ကော်မြိုင်(၁)လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ၀၁-၆၆၃၂၈၆၊ ၀၉-၅၁၅၄၅၂၀၊
၀၉-၈၆၁၈၈၀၃

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | -CAN |
| အတွင်းသရုပ်ဖော်ပုံ | -ပန်းချီသိန်းရွှေကြည် |
| စာစီ | - သက်ဆွေ |
| ထုတ်ဝေသူ | - ပါမောက္ခဒေါက်တာရဲမြင့်ကျော်<br>Professional Publishing House<br>အမှတ် (၃၆-A)၊ ကံ့ကော်မြိုင်(၁)လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း၊ ၀၁-၆၆၃၂၈၆၊ ၀၉-၅၁၅၄၅၂၀၊ ၀၉-၈၆၁၈၈၀၃ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ စက်တင်ဘာ ၂၀၁၃ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးနှိပ် | - PRIME |
| အတွင်းစာသားပုံနှိပ်သူ | အမှတ် (၁၉၀/၁၉၂)၊ လမ်း(၄၀) အလယ်ဘလောက်၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း - ၀၉ ၇၃၁ ၄၀၈၀၉၊ ၀၉ ၇၃၁ ၃၇၈၇၆ |
| ပလင် | - Sunn |
| စာအုပ်ချုပ် | - အိုမိဂါ |
| တန်ဖိုး | - ၃၀၀၀ |

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း CIP

ရ၉၅.ရ၃

လက်ာရည်ကျော်

တိမ်ညိုမှာ ငွေဇာကွပ်ကယ်နှင့် / လက်ာရည်ကျော်၊ ရန်ကုန်၊

Professional Publishing House၊ ပထမအကြိမ်၊ ၂၀၁၃၊

(၂၀၈) စာ၊ ၁၄ x ၂၁ စင်တီမီတာ၊

(၁) တိမ်ညိုမှာငွေဇာကွပ်ကယ်နှင့်




## မေတ္တာဖြင့် အမှတ်ရခြင်း

၁၉၇၀ ပြည့် လွန်နှစ်များက တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဖမှတ်စဉ် (၂၉) မှ နာမည်တူ အရာရှိနှစ်ဦး သင်တန်းဆင်းခဲ့ပါသည်။

အသက်အရွယ် တော်တော်ကွာခြားနေခဲ့၍ တစ်ဦးကို "စိုးအောင်ကြီး"၊ တစ်ဦးကို "စိုးအောင်လေး" ဟု သမုတ်ကြပါသည်။

"စိုးအောင်လေး" ဆိုတာက ဗိုလ်မှူးကြီး သူရစိုးအောင် ဖြစ်လာပါသည်။ ကျွန်တော့် ဦးလေးဖြစ်၍ ကျွန်တော်က "ဦးဦးစိုးအောင်" ဟုခေါ်ပါသည်။ သူရ ဘွဲ့ရခဲ့သော "နားလုံ တိုက်ပွဲ" အကြောင်းကို မကြာခင်က "သောင်းဝေဦး" က စာအုပ်ထုတ်ဝေခဲ့ပါသည်။ ယခု "ဦးဦးစိုးအောင်" ကွယ်လွန်ရှာပါပြီ။

"စိုးအောင်ကြီး" က ဒုတိယဗိုလ်မှူးကြီးစိုးအောင် ဖြစ်လာပါသည်၊ သူနှင့် ကျွန်တော်က ကျွန်တော်ပြည်သူ့စစ်မှုထမ်းဆေးမှူးဘဝမှာ ရွှေ့တမ်းစစ်မျက်နှာမှာ အတူအိပ်၊ အတူစား (၈)လလောက် နေခဲ့ဖူးပါသည်။ သူ့ကို လေးစားချစ်ခင်စွာဖြင့် ကျွန်တော်က ယနေ့ထက်ထိ "အဘ" ဟု ခေါ်ပါသည်။ "အဘ" က အငြိမ်းစားယူပြီး ရွှေပြည်သာမှာ ကျန်းမာစွာ နေထိုင်လျက်ရှိပါသည်။

သည်စာအုပ်ကလေးက "စိုးအောင်လေး" နှင့် "စိုးအောင်ကြီး"၊ တနည်းအားဖြင့် "ဦးဦး" နှင့် "အဘ" တို့အတွက် ကျွန်တော်လေးစားချစ်ခင်မှုမေတ္တာ အမှတ်တရဖြစ်နိုင် လိမ့်မည် ထင်ပါသည်၊

ဆန္ဒမွန်ဖြင့်
လက်ာရည်ကျော်

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်းကျေးရွာတွင် အဘ ဦးတင်ညွန့်၊ အမိဒေါ်မြရီတို့၏ ဒုတိယသားအဖြစ် ဖွားမြင်ခဲ့သည်။

ဖခင်၊အစ်ကိုနှင့် ဦးလေးများမှာ ၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၈၀ ပြည့်လွန်ကာလများအတွင်း တပ်မတော်အရာရှိများအဖြစ် စစ်မှုထမ်းခဲ့ကြပြီး ကိုယ်တိုင်လည်း ဆရာဝန်ဖြစ်ပြီး နောက် ၁၉၈၇ မှ စတင်၍ သုံးနှစ် စစ်မှုထမ်းခဲ့ရသည်။

ယခုအခါ ပါမောက္ခ၊ ဌာနမှူး၊ ကလေးအထူးကုဆရာဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရင်း၊ လက်ာရှည်ကျော်၊ ဒေါက်တာရဲ၊ ကလောင်ခွဲနှစ်ခုနှင့် သုတ၊ရသ၊ ဓမ္မနှင့် လူငယ်စာပေများ ရေးသားလျက်ရှိသည်။

၂၀၀၇ ခုနှစ်ထုတ် ပထမဦးဆုံး ဝတ္ထုရှည် "ကြိုးကြာတောင်ပံခတ်သံ" နှင့် အမျိုးသားစာပေဆု(လူငယ်စာပေ)၊ ၂၀၀၉ ခုနှစ်ထုတ် ဒုတိယဝတ္ထုရှည် "ဒေါက်တာ ရွှေသွေးနှင့်မပန်းမှုံ" အမျိုးသားစာပေဆု (ဝတ္ထုရှည်)၊ ၂၀၁၂ ခုနှစ်ထုတ် "မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်နည်းများ" (ဒေါက်တာရဲကလောင်အမည်ဖြင့်) စာအုပ်နှင့် သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံပညာ)တို့ ရရှိထားသည်။ "ကြိုးကြာတောင်ပံခတ်သံ" ရုပ်ရှင်သည်လည်း ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်နှင့် အကောင်းဆုံးဇာတ်လမ်း၊ အကယ်ဒမီနှစ်ခု ရရှိခဲ့သည်။

ယခု "တိမ်ညိုမှာငွေအကွပ်ကယ်နှင့်" ဝတ္ထုရှည်သည် ၁၉၈၈ ခုနှစ်အတွင်း ကရင်ပြည်နယ် ရှေ့တန်းစစ်မျက်နှာတွင် ရေးသားခဲ့သော ဝတ္ထုရှည်ဖြစ်ပြီး ၂၅ နှစ် ကြာပြီးမှ ပထမအကြိမ် ထုတ်ဝေခဲ့ရခြင်းဖြစ်သည်။



# တိမ်ညိုတွေလွင့်သွားသော မိုးကောင်းကင်သို့ မျှော်လင့်ခြင်းများစွာ

ဒေါက်တာစိုးလွင်

ဒေါက်တာဖြိမ်းချမ်းသည် ... သူ့ရှေ့တွင် ပျံ့ကြဲနေသော ... သူ့ရောင်းရင်း ဗိုလ်ရဲ တစ်ယောက် ဟိုး ရှေ့တန်း စခန်းကုန်းနေရာတွင် ရေးသားခဲ့သည့် ငယ်မူလက်ရာ "တိမ်ညိုမှာငွေအကွပ်ကယ်နှင့်" စစ်ဝတ္ထုရှည် စာမူတစ်ထပ်ကြီးကို ရီဝေသော မျက်ဝန်းများနှင့် ငေးစိုက်ကြည့်နေမိလေ၏။ သူ့မျက်ဝန်းတွင်တော့ မှုန်မှိုင်းရီဝေ .... သူ့နှလုံးသားတွေကရော ... သူငယ်ချင်း၏ ရသဝတ္ထုရှည်ကြီးကို မထိတမ်းဖတ်ရင်း ... ဖတ်ရင်း ... သူ့နှလုံးသားတွေထဲ ခံစားချက်မျိုးစုံက တလှည့်စီ တပြန်စီ...၊ သူ့စိတ်တွေ ... နှလုံးသားတွေက ... ဟိုး အတိတ်ကို ပြန်ပြောင်းပြေးလွှားနေပါ၏။

သူ့မျက်လုံးတွေကို စုံမှိတ်လိုက်သည်။ လွန်ခဲ့သော ၂၅ နှစ်ကျော်ကျော်လောက်က အတိတ်ကမ္ဘာလေးတစ်ခု၏မြင်ကွင်းများကို စုံမှိတ်ထားသော မျက်ဝန်းမှာ ထင်းထင်းကြီး မြင်ရ၏ ....

အဲသည်တုန်းက ... သူသည် ...ပြည်သူ့စစ်မှုထမ်း စစ်ဗိုလ်ကလေး ဗိုလ်ငြိမ်းချမ်းပေါ့။ ဆရာဝန် ဖြစ်ပြီးကာစ ... ဆရာဝန်စစ်စစ် ဖြစ်ချင်လွန်းသူမို့ ဖခင်ကတားမြစ်သည့်ကြားထဲက အစိုးရဝန်ထမ်းလက်ထောက် ဆရာဝန်ဘဝကို ပိုင်ဆိုင်ခွင့်ရဖို့ ဝင်ခွင့်စာမေးပွဲကို အသေအလဲ ကြိုးစားဖြေဆိုခဲ့ရ၏။ ဆရာဝန်ပေါင်း သုံးထောင် လေးထောင်လောက် လျှောက်သည့်ထဲက စုစုပေါင်း အယောက် "၁၅၀" ရွေးချယ်သည့်ထဲ ပါလုဆဲဆဲ ... ဖြစ်သည့်အချိန်တွင်မှ " သင့်အား တပ်မတော်မှ အလိုရှိသည်" တဲ့။

အဲ့သည်မှာပဲ ... သူတို့ရော ... ဗိုလ်ရဲတို့ရော ... စစ်သားဘဝတွင် သုံးနှစ်တာကာလ ကျင်လည်ခဲ့ကြရတော့သည်။ အဲ့သည်တုန်းက သူ့ပုံစံကို မှိတ်ထားသော မျက်ဝန်းမှာ သူမြင်ရလေသည်။

ကြောပိုးအိတ်ကိုလွယ် ... ရွှေးသံတွေအရွှဲရွှဲ ... ခါးတွင် ပစ္စတိုသေနတ်ကို ချိတ်



www.burmeseclassic.com

www.burmeseclassic.com

လျှက် … ပုခုံးထက်တွင် ကြယ်ပွင့်အမည်းလေးနှစ်ပွင့်နှင့် ဗိုလ်ငြိမ်းချမ်း … ပထမဆုံး ရှေ့တန်းစခန်းသို့ မောကြီးပန်းကြီးနှင့် အရောက်…ကတုတ်ကျင်းလေးတစ်ခုထဲ ပစ္စည်းတွေပစ်ချ … ဝါးကွပ်ပျစ်ကလေးအပေါ် ဝုန်းကနဲ လှဲချလိုက် … အဲ့သည်မှာပဲ … သူနှင့်အတူ ပါလာသော ဗိုလ်ကြီးတစ်ဦး၏ စကားကြောင့် ချက်ချင်း အိပ်နေရာမှ ခုန်ထမိမတတ် …

"ဒီနေရာပေါ့ … ဗိုလ်ဝင်းထွဋ် ဆိုတဲ့ ဆေးမှူး ကျဆုံးသွားတဲ့နေရာ" … ဤသို့ ဤနယ် … ရှေ့တန်းစစ်မြေပြင်ခရီးကို စတင်ခဲ့ရ၏။ ရောင်းရင်းကြီး ဗိုလ်ရဲ၏ စစ်ဝတ္ထု လေးကို ဖတ်ရင်း … ဗိုလ်မြတ်ထွန်း၏ နေရာတွင် ပထမဆုံး သူ ဆုံစည်းခင်မင်ခွင့်ရ ခဲ့သည့် စစ်သားကြီးတစ်ဦး၏ ရုပ်ပုံလွှာက ထင်းခနဲ ဝင်းခနဲ ပေါ်လာလေ၏။ စစ်ဗိုလ် ဆရာဝန်လေး ဗိုလ်ငြိမ်းချမ်း၏ ရှေ့မှောက်တွင် … သူ့အသွင်က တကယ့်ကို လေးစာ အားကျ ချစ်ခင်ဘွယ်ရာ "ဟီးရိုး" တစ်ဦး … သူ့ရဘွဲ့ရ… ပခုံးပေါ်က ဗိုလ်မှူးကြီးအဆင့် ကြယ်ပွင့်များ… ဘယ်ဘက်ရင်အုံတွင်တော့ လေထီးတံဆိပ်နှင့် … အဲ့သည်ခေတ်က တပ်မတော်တွင် အငယ်ရွယ်ဆုံး အရဲရင့်ဆုံး ဗိုလ်မှူးကြီးတစ်ဦး … သူနှင့် ရင်းနှီးခင်မင် ခွင့်ရတော့ သူ့ရဘွဲ့, သူရဲကောင်းဘွဲ့ ရရှိစေခဲ့သည့် တိုက်ပွဲတွေအကြောင်း တင်မ မက… သူ့ဘဝ … သူ့နှလုံးသားတွေကိုပါ လှမ်းမြင်ခွင့်ရခဲ့ပါ၏။

ယောက်ျားကောင်းတို့၏ ရဲရင့်မာကျောသော … နှလုံးသားတွင် … လက်အောက် ငယ်သားများအား ကြင်နာတတ်သော … ပြီးတော့ အလွန်နူးညံ့ သိမ်မွေ့လွန်းစွာ ချစ်တတ်သော … ပြီးတော့ … ပြီးတော့ … ဆေးပေါ့လိပ်ကလေးခဲကာ … အာမီရမ်ကို ဘယ်လောက်သောက်သောက် မမူးတတ်သော …

ဗိုလ်ရဲ၏ဝတ္ထုထဲက ဖတ်လိုက် ဗိုလ်မြတ်ထွန်းနှင့် သူရင်းနှီးခင်မင်ခွင့်ရခဲ့သည့် နေ့ရက်များကို ပြန်ပြောင်း လွမ်းတမိပါ၏။ (ထို သူ့ရဘွဲ့ရ ဗိုလ်မှူးကြီးသည် ဗိုလ်ရဲ၏ ဦးလေး … ဤ ဝတ္ထုထဲက ဗိုလ်မြတ်ထွန်းသည် ဗိုလ်ငြိမ်းချမ်း၏ ဟီးရိုး … တစ်ယောက် တည်းပေကိုး) …

တပ်မတော်သားဘဝသည် ဗိုလ်ငြိမ်းချမ်းအား မိမိ၏အမိမြေကို ပိုမိုချစ်မြတ်နိုး စိတ်တွေ … မျိုးချစ်စိတ်တွေ ပိုမိုတိုးပွားလာစေ၏ … ယခင်က လေတိုက်လျှင်ပဲ လွင့်သွား တော့မတတ် လူဗလံလေးတစ်ယောက်အား ယောက်ျားပီပီသသ ကြံ့ခိုင်သန်စွမ်းလာ စေ၏။

တောတွေ တောင်တွေထဲ စစ်သားများနှင့်အတူတကွ … နေထိုင်ခဲ့ရသော ရှေ့တန်းစခန်းများ … ကြုံခဲ့ရသော တိုက်ပွဲများ …



မိုးထဲ ရေထဲ ချောင်းမြောင်းတွေထဲ မနားတမ်း တောအထပ်ထပ် တောင် အသွယ် သွယ်ကို ကျော်နင်းကာသွားရင်း သူ့ရှေ့က ရဲဘော်၏ တစ်ကိုယ်လုံး မျှော့ကြီးတွေ တွဲလောင်းတွဲလောင်း တွယ်ကပ်နေသည်ကို … သူက အော်၍အပြော … သူ့နောက်က ရဲဘော်က … "ဗိုလ်ကြီးခေါင်းမှာ … ကျောမှာ မျှော့ကြီးတွေ အများကြီး" … ဟု အော်ဟစ် ခဲ့သံကိုလည်း ကြားယောင်ရင်း ကျောချမ်းခဲ့ရ၏။

သူ့အင်မတန် ချစ်မြတ်နိုးလှသော … နှစ်သက်လှသော စစ်ဝတ်စုံ ယူနီဖောင်း လေးကို ရှေ့တွင်ချ … မျက်လုံးအိမ်တစ်ခုလုံး မျက်ရည်တွေ ဖုံးလွှမ်းကာ အံကို တင်းတင်း ကြိတ်ပြီး … စိုက်ကြည့်ခဲ့ရသော နေ့တစ်နေ့ကတော့ သူ့ စစ်သားဘဝ တစ်ခုလုံးတွင် ဘယ်တော့မှ ဤတစ်သက် မမေ့နိုင်စရာ .. သူ့အသဲနှလုံး တစ်ခုလုံး ကြေမွသွားမတတ် ကြီးမားသော ဒဏ်ရာဒဏ်ချက်တွေ ရခဲ့သည့် အဖြစ်အပျက်ကလေး … ထိုနေ့ကို ဖြစ်နိုင်လျှင် … သူ့ဘဝထဲက ဖယ်ဖျောက်ပစ်၍ ရချင်စမ်းပါဘိ …

ဘဝကံကြမ္မာသည်အဘယ်လောက် ဆန်းကျယ်လွန်လှပါသနည်း … ဘဝဇာတ်ခုံ ကလည်း အဘယ်လောက် ထူးခြားဆန်းပြားစွာ မာယာပရိယာယ် ကြွယ်ဝလွန်းပါ သနည်း … အဲ့သည်တုန်း သူက ဟိုး တရုတ်ပြည် နယ်စပ်နားက ပေပေါင်း ၆၀၀၀ ကျော် မြင့် သည့် တောင်ကုန်းတစ်ကုန်းပေါ်က ရှေ့တန်းစခန်းတစ်နေရာ … ဟိုးဘက် တောင်ကုန်းက ရန်သူ၏ စစ်ဌာနချုပ် … တစ်ချင်း မျက်နှာချင်းဆိုင်ထားသည့် တကယ့် ရှေ့တန်းစစ်စစ် …။

အဲ့သည် တခြားလူသူ မမြင်ရသည့် ရှေ့တန်းစခန်းတောင်ကုန်းပေါ်တွင် ၆ လ တိတိ နေထိုင်ရင်း … တကယ့် စစ်ပွဲသတင်းတွေကို ရေဒီယိုတစ်လုံးနှင့် ဗျူဟာမှူး အပါအဝင် စစ်သားတွေအားလုံး တထိတ်ထိတ်နှင့် နားထောင်ခဲ့ရ…၊ တကယ့် စစ်မြေပြင်က မြို့တော်မှာ … ဖြစ်နေပါရောလား။

ရှစ်လေးလုံး … အရေးအခင်းတွေ.. လူထုအုံကြွမှုတွေ… တပ်မတော်မှ အာဏာ သိမ်းယူမှုတွေ … အဲ့သည် သမိုင်းဝင်ဖြစ်ရပ်တွေ အားလုံးကို ရှေ့တန်းစခန်းတစ်နေရာမှ ရင်တထိတ်ထိတ်နှင့် နားထောင်ခဲ့ရ ….

ဘယ်လောက် ဆန်းကြယ်သည့် ကံကြမ္မာလဲနော် … သူ၏ ဗျူဟာမှူးအား မြို့တော် ရန်ကုန်ထိ အရေးပေါ်ခေါ်ဆောင်မှုကြောင့် လေကြောင်းဖြင့် မြို့တော်သို့ အမြန်ဆုံး ပြန်ရလေ၏။ ထိုလေယာဉ်နှင့် ဗိုလ်ငြိမ်းချမ်း တစ်ယောက်ပါ ကံကောင်းသည်လား ကံဆိုးသည်လားမသိပဲ မြို့ရန်ကုန်သို့ ရုတ်ချည်း ရောက်ရှိလာခဲ့၏။

ရှေ့တန်းစစ်မြေပြင်မှ မင်္ဂလာဒုံလေဆိပ်သို့ ယခုမှရောက်ရှိလာသူ … စစ်ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com

ကလေး ဗိုလ်ငြိမ်းချမ်းအား စစ်ကားတစ်စီး ... စစ်သားတွေ လက်နက်အပြည့်အစုံ အပြည့် ... ဗိုလ်ကြီးတစ်ဦးက လာရောက်ကြိုဆိုကာ ရန်ကုန်မြို့ထဲ ခေါ်ဆောင်သွား လေ၏ ... ဘုရား ဘုရား ... ရန်ကုန်မြို့တော်ကြီးက ရှေ့တန်းစစ်မြေပြင်ကြီးအလား ထူးခြားဆန်းပြားစွာ သူမြင်တွေ့ခဲ့ရ၏။

ဗိုလ်ငြိမ်းချမ်းလိုက်ပါလာသော စစ်ကားသည် တာမွေမြင်းပြိုင်ကွင်းနားသို့ ရောက်လာ၏။ လမ်းဘေးတစ်နေရာတွင် သူ့အားကြိုဆိုလာသူ ဗိုလ်ကြီးက ကားကို ခေတ္တရပ်နိုင်းပြီး သူ့အားကားပေါ်တွင် စောင့်နေခိုင်းကာ လမ်းထဲသို့ ရဲဘော် ၄ - ၅ ယောက် အား ခေါ်ဆောင်၍ ဝင်ရောက်သွားလေ၏။

သူက ကားခေါင်းတွင်ထိုင်လျက် ... ငေးမောကြည့်နေစဉ် ... ကျောင်းသားအရွယ် လူငယ်လူရွယ်များ ၁၀ ယောက် ၁၅ ယောက်လောက် ရှိမည်။ သူတို့ကားနား ချဉ်းကပ် လာကြသည်။ ပြီးတော့ ဗိုလ်ငြိမ်းချမ်းအား သူတို့လူစုဘေးတွင် ဝိုင်းရံလျက် သူတို့ ရင်ထဲက စကားတွေ ပေါက်ကွဲသံစဉ်များအဖြစ် လာရောက်ရင်ဖွင့်ပြောကြားကြလေ၏။

သူ့အသွင်သည် တကယ့်စစ်သားအသွင် ပေါက်နေပြီလား ... ရှေ့တန်းစစ်မြေပြင်မှ ယခုပဲ ရောက်ရှိလာသည့် စစ်ဗိုလ်တစ်ယောက်အသွင်ကို ကြည့်စမ်းပါ ... တိုက်ပွဲဝင် စစ်ဝတ်စုံပေါ်တွင် ပခုံးထက်က ကြယ်မည်း ၂ ပွင့် ...

ထိုကျောင်းသားလူငယ်များ ပြောကြားသည့်စကားများသည် သူ့ရင်တွေ အသည်း နှလုံးတွေကို ကွဲကြေမတတ် ခံစားရစေပါ၏ ... အဲ့သည့်နေရာလေးမှ ဖြစ်နိုင်လျှင် ချက်ချင်း ပျောက်သွားပြီး ရှေ့တန်းစစ်မြေပြင်တောင်ကြီးပေါ်သို့ပင် ပြန်ပြေးချင်စိတ် ပေါ်မိသည်ထိ ...

ဗိုလ်ကြီးရယ် ... ကျွန်တော်တို့ လူထုဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရဲဘော်သုံးကျိပ် က ပေါက်ဖွားလာတဲ့ တပ်မတော်သားတွေကို ဟိုး ရှေးယခင်ကတည်းက ဘယ်လောက် တောင် ချစ်မြတ်နိုး အားကိုးပြီး ယုံကြည်ခဲ့ကြတယ်ဆိုတာ ပေါ်လွင်အောင် ပြောပြရမယ့် စကားမရှိပါဘူး။ အခုတော့ ... ကျွန်တော်တို့ ပြည်သူတွေချစ်တဲ့ တပ်မတော်ဟာ အခုတော့ ရန်သူတွေကို မသတ်ပဲ ဘာလက်နက်မှမပါတဲ့ ပြည်သူပြည်သားတွေ ကျောင်းသားလေးတွေကို ရက်ရက်စက်စက် ပစ်သတ်နေကြပါလားဗျာ။ ဟိုး အရင် ခေတ်က ဖက်စစ်ဂျပန်တွေက တော်တော်ရက်စက်တယ်လို့ ပြောခဲ့ကြတယ် ... အခုတော့ ဗိုလ်ကြီးတို့တပ်မတော်ဟာ ဖက်ဆစ်ဂျပန်တွေထက်တောင်ပိုပြီး ရက်စက်တဲ့ တပ်မတော် ဖြစ်နေပါရောလားဗျာ။ ဗိုလ်ကြီးတို့ စစ်သားတွေဟာ ဖက်စစ်ဂျပန်တွေတောင် မလုပ်တဲ့ ရက်စက်မှုမျိုးကို ဘာကြောင့်များ လုပ်ခဲ့ရတာလဲဗျာ။



ဗိုလ်ငြိမ်းချမ်းသည် သူ့အိမ်သို့သူ မည်သို့မည်ပုံ ပြန်လည် ရောက်ရှိလာမှန်းပင် သတိမထားမိလောက်အောင် သူ့နားထဲတွင် "ဗိုလ်ကြီးတို့ဟာ ဖက်စစ်တွေ ... ဗိုလ်ကြီး တို့ဟာ ဖက်စစ်တွေ ..." ဟူသည့် အသံနက်ကြီး တစ်ခုကိုသာ ထပ်ခါထပ်ခါ ကြားယောင် မိတော့၏။

အိမ်သို့ ရောက်ရောက်ချင်း သူအမြတ်တနိုးဝတ်ဆင်ထားသော စုတ်ပြတ် ပေရေကာ ပေါက်ပြဲနေပြီဖြစ်သည့် စစ်ယူနီဖောင်းကို ချက်ချင်းချွတ်ပစ်လိုက်ကာ နာကျင်ကြေကွဲသော နှလုံးသားနှင့် အံကိုတင်းတင်းကြိတ်၍ ထိုစစ်ဝတ်စုံကိုကြည့်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျခဲ့ရ၏။

ယခု ... ရောင်းရင်းကြီး ဗိုလ်ရဲ၏ဝတ္ထုထဲမှ ဇာတ်လိုက်ကြီး ဗိုလ်မြတ်ထွန်း ပြော စကားကို ဖတ်ရတော့ သူ့ရင်ထဲက ဒဏ်ရာဟောင်းသည် ပြန်ကြွလာလေ၏။

"ကျွန်တော်တို့တွေ အသေခံပြီးတိုက်ကြတုန်းက ပြည်သူတွေကို ကာကွယ်ဖို့ တိုက်တာ ... ပြီးတော့ ပြည်သူချစ်တာလည်း မခံရဘူးဆိုတဲ့ ဘဝမျိုးကို စိတ်ညစ် လွန်းလို့ ...."

စစ်သားဟောင်း ဗိုလ်ငြိမ်းချမ်းတစ်ဖြစ်လဲ ဒေါက်တာငြိမ်းချမ်းသည် .. ငေးငိုင် နေရာမှ ... ဟိုးမိုးကောင်းကင်သို့ အမှုမဲ့လှမ်းကြည့်မိလေ၏ ... အလို ... ဟိုးမိုးကောင်းကင်မှာ တိမ်ညိုတို့က ဟိုတစ်ကွက် ဒီတစ်ကွက် ... ညနေခင်း နေခြည်ရွှေရောင်တို့ကြောင့် မိုးတိမ်ညိုတို့၏ အနားသားများတွင် ငွေရောင်တို့ တောက်ပလင်းလက်နေကြသည်ကို မြင်တွေ့လိုက်ရလေ၏။

"တိမ်ညိုမှာ ငွေဇာကွပ်ကယ်နှင့်" အမည်ရသော စစ်သားဘဝသရုပ်ဖော်ဝတ္ထုရှည် ကြီးသည် ဒေါက်တာငြိမ်းချမ်းအား ဟိုး ငယ်စဉ်ကလေးဘဝသို့ ပြန်ပြောင်းခေါ်ဆောင် သွားခဲ့ လေ၏။ တပ်မတော်သားဘဝတွင် သူ့ဘဝ၏ မေ့မရနိုင်သော အမှတ်တရ ဇာဖြစ်အပျက်ပေါင်းများစွာက သူ့နှလုံးသားထဲတွင် စွဲမြဲထင်ဟတ်နေပါ၏။ သူနှင့်ထပ်တူ သူ့ရောင်းရင်း ဗိုလ်ရဲ၏ နှလုံးသားထဲတွင်လည်း မည်သို့မည်ပုံ သူခံစားရပါသနည်း။ သူနှင့် ဗိုလ်ရဲတို့၏ ဘဝတွေက တူညီလှသည် မဟုတ်ပါလား။

ဗိုလ်ရဲ ရှေ့တန်းစစ်မြေပြင်တွင် တွေ့ကြုံခဲ့ရသမျှ ... ခံစားခဲ့ရသမျှ ... သူ့နှလုံးသားထဲ စူးနစ်ဝင်ရောက်နေသော "ရတနာ" များကို ယခု "တိမ်ညိုမှာငွေဇာကွပ်ကယ်နှင့်" ဝတ္ထုရှည်ကြီးထဲတွင် အားလုံးပုံအောထားသည်ဟု သူ ခံစားသိရှိနေပါသည်။ ဤဝတ္ထု ရှည်သည် ဗိုလ်ရဲခေါ်ပါမောက္ခဒေါက်တာရဲမြင့်ကျော်၏ ရသစာရေးဆရာဘဝ "မှတ်တိုင်" တစ်ခုအဖြစ် တင်ကျန်ရစ်ခဲ့တော့မည်ဟု သူ့ရင်ထဲအသည်းထဲက ယုံကြည်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်သားဟောင်း ဗိုလ်ငြိမ်းချမ်းသည် သူငယ်စဉ် စစ်သားဘဝကို ပြန်ပြောင်းမြင်ယောင်ရင်း ဗိုလ်ချုပ်အောင်ဆန်း၏ ရင်နှစ်သည်းချာဖြစ်သော ပြည်သူချစ်သော ... ပြည်သူ့ကိုချစ်သော "တပ်မတော်"အား ပြန်လည်မြင်ယောင် လွမ်းမိလေသည်။ သူသည် ကောင်းကင်ထက်သို့ ပြန်မော့ကြည့်မိပြန်၏။ ခုနက မိုးကောင်းကင်တွင် ပိတ်ဖုံးနေသော မိုးသားတိမ်လိပ်တို့ လေနှင်ရာ လွင့်ပါသွားကြပြီ ... ညနေခင်း နေခြည်ရွှေရောင်တို့ဖြင့် ဝင်းပနေသော ကြည်လင်လှပသည့် မိုးကောင်းကင်ကြီးကို သူမြင်တွေ့လိုက်ရပါတော့သည်။

■


ဒေါက်တာစိုးလွင်

## စာရေးသူ၏ စကားဦး

"တိမ်ညိုမှာ ငွေအကွပ်ကယ်နှင့်" ကို ၁၉၈၈ ခုနှစ်အတွင်းက ရှေ့တန်း စခန်းကုန်းတစ်ခုပေါ်တွင် လေးလကြာအောင် ကျွန်တော်ရေးခဲ့ပါသည်။ စာရေးဆရာတစ်ဦးဖြစ်လာဖို့ အိပ်မက်ပင် မမက်ရဲသေးသောကာလတွင် ရင်ထဲမှာ ရေးချင်သည့်စိတ်များလာသည့်အခါ ချရေးပြီး သိမ်းထားခဲ့သော အဆုံးမသတ်ဖြစ်သည့် ဝတ္ထုတိုရှည်များစွာရှိခဲ့သော်လည်း အစအဆုံး စိတ်ပါလက်ပါရေးခဲ့တာ နှစ်ပုဒ်သာရှိပါသည်။ အလုပ်သင်ဆရာဝန်ဘဝမှာ ရေးခဲ့သော "ကြိုးကြာတောင်ပံခတ်သံ" နှင့် ရှေ့တန်းလေးမှူးဘဝမှာ ရေးခဲ့သော သည်ဝတ္ထုဖြစ်ပါသည်။ စာရေးဆရာဘဝကို "ကြိုးကြာတောင်ပံခတ်သံ" နှင့် စဖြစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် သည်ဝတ္ထုကို ကျွန်တော်၏ ခုနှစ်ပုဒ်မြောက်ဝတ္ထုရှည်အလှည့်ကျမှ စာဖတ်ပရိသတ် ရှေ့အရောက်ပို့နိုင်ခဲ့ပါသည်။ ရှေ့တန်းမှာ ရေးခဲ့၍တပ်မတော်သားတို့၏ဘဝနှင့် တိုက်ပွဲများအကြောင်း ပါနေသော်လည်း သည်ဝတ္ထုထဲမှ တိုက်ပွဲများမှာ သမိုင်းဝင်ဖြစ်ရပ်မှန်များကို အတိအကျ မှတ်တမ်းတင် ရေးသားထားခြင်းမဟုတ်ကြောင်း ကြိုတင်ဝန်ခံလိုပါသည်။ အသက် ၂၇ နှစ်အရွယ်က "လူကောင်း" ဆိုသည့် ဝေါဟာရတစ်ခု၏ အနက်အဓိပ္ပာယ်ကို တွေးဆစ်စားရင်း ရေးဖွဲ့ထားခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်ကို ယခု အသက် ၅၀ ပြည့်ခါနီးတွင် ပြန်သုံးသပ်ကြည့်မိခြင်းသာဖြစ်၍ စာဖတ်ပရိသတ်တို့လည်း ဖတ်ရင်း တွေးဆစရာများ ရနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ....။

www.burmeseclassic.com

www.burmeseclassic.com



အပိုင်းတစ်

# တိမ်ညိုဦးကင်း

www.burmeseclassic.com

www.burmeseclassic.com



အရောင်နှင့်အသွင်ကို ကြည့်ခြင်းအားဖြင့်
လူကို အကဲခတ်ဖို့ရန်မလွယ်။
တစ်စုံတစ်ဦးကို မြင်ရုံမြင်ကာမျှဖြင့်
ယုံကြည်စိတ်ချခြင်းမပြုသင့်ပေ။
အရောင်နှင့်အသွင်ကို ကြည့်ခြင်းအားဖြင့်
တည်ကြည်စောင့်စည်းသူဟု
ထင်မှတ်ရသူပေါင်း များစွာရှိလေသည်။

ဗုဒ္ဓ (အင်္ဂုတ္တရနိကာယ်)





(၁)

မြင်ကွင်းဟူသမျှ ပိန်းပိတ်အောင် ရေ သွန်ချနေသည့် သဖွယ် မိုးသည်းကြီး မည်းကြီး ရွာချနေသည့် ၁၉၇၀ ပြည့်လွန်နှစ် တစ်နှစ်၏ ဇူလိုင်လ ညနေ တစ်ညနေတွင် မောင်မြတ်ထွန်း အိမ်ပြန်လာ၏။

ဆယ်လနှင့် နှစ်ရက်တိတိ မမြင်တွေ့ခဲ့ ရသော အစ်ကို၏ မျက်နှာကို မြင်မြင်ချင်း မသစ္စာရင်တွင် ပထမဦးဆုံး ဖြစ်ပေါ်လာ သည့် ဆန္ဒသည်ကား မောင်မြတ်ထွန်းကို ဖက်၍ ငိုကြွေးလိုသော ဆန္ဒပင်ဖြစ်ပါသည်။

သို့သော် ...

မသစ္စာ၏ ဦးလေးအရင်းဖြစ်သော မောင်မြတ်ထွန်း၏ ဖေဖေ၊ ဦးလေးနှင့်စပ်၍ တော်ရသော အဒေါ်ဖြစ်ရုံမက အဒေါ်တစ်ဝမ်းကွဲလည်းတော်နေသေးသော မောင်မြတ်ထွန်း ၏မေမေ၊ နှစ်ဦးစလုံး၏ အဘွားအရင်းဖြစ်သော မယ်မယ်ကြီး ဒေါ်ခင်ခင်ထားတို့က မောင်မြတ်ထွန်းကို ဝမ်းသာအယ်လဲ ပွေ့ဖက်ကြိုဆိုနေကြသည်ကိုသာ ကျွန်းလှေကား ကြီး၏ အောက်ဆုံးအထစ်များတွင် လက်ကိုင်ကို မှီရပ်ရင်းက ပြုံးပြုံးကလေး ငေးကြည့် နေမိပါသည်။

နဂိုကတည်းက အသားညို၍ မျက်နှာထားတည်သော မောင်မြတ်ထွန်းတစ်ယောက် အသားလည်းပိုညိုလာသလို မျက်နှာထားလည်း ပို၍တည်လာသည်။ သို့သော် အသက် ၂၃ နှစ်အရွယ်တွင် အသက် ၁၈ နှစ်ခန့်သာထင်ရသော နုပျိုသည့် မျက်နှာပေါက်ကတော့ ရင့်ရော်၍ မလာပါ။ စစ်စိမ်းရောင်ယူနီဖောင်းနှင့် ပခုံးတစ်ဖက်တစ်ချက်စီမှ ရွှေရောင် ဘားတံ တစ်ချောင်းစီတို့သည်လည်း မောင်မြတ်ထွန်း၏ နုပျိုသော မျက်နှာကို ရင့်ကျက် လာအောင် မစွမ်းဆောင်နိုင်ကြပါ။

ယခုအခါ သူသည် ဒုတိယဗိုလ်မြတ်ထွန်းတည်း။

(၂)

မောင်မြတ်ထွန်းကတော့ ပထမဦးဆုံး သတိပြုမိသည်မှာ သူ့အစ်ကိုအရင်း မောင်မြတ်သာအိမ်တွင် ရှိမနေခြင်းဖြစ်ပြီး ဒုတိယ သတိပြုမိသည်ကတော့ သူ့ကိုတွေ့ ရတိုင်း လန်းဆန်းပြုံးပျော်နေတတ်သော ညီမငယ်မသစ္စာ၏မျက်နှာက အပြုံးတွင်

www.burmeseclassic.com



တစ်စုံတစ်ရာ သိသိသာသာ လိုအပ်လျက်ရှိ နေခြင်းပင် ဖြစ်လေသည်။

"မြတ်သာရောပါပါ"

မောင်မြတ်ထွန်းက သူ့ထက် အသက် တစ်နှစ်သာကြီးပြီး မူလတန်းကျောင်းသားဘဝတွင် စာမေးပွဲတစ်ကြိမ်ကျသဖြင့် သူနှင့် ဆယ်တန်းအထိ တစ်တန်းတည်း အတူတူတက်ခဲ့ရသော မောင်မြတ်သာကို "မြတ်သာ" "မင်း" "ငါ" နှင့်သာ စကားပြောလေ့ရှိလေသည်။

"သားကြီးက သစ်စက်ထဲမှာပဲ အနေများတယ်ကွယ့်။ မယ်မယ်ကြီး တော်ကြာနေရင် လူလွှတ်ခေါ်ခိုင်းလိုက်ပါမယ်။ မင်း အစ်ကိုက သိပ်အလုပ်လုပ်တာပဲကွယ်"

အဘွားဖြစ်သူ ဒေါ်ခင်ခင်ထားက ဝင်၍အဖြေပေးသည်။ တစ်ဆက်တည်းမှာပင် အိမ်ဖော် ကရင်မကလေးကိုခေါ်၍ မောင်မြတ်ထွန်း၏ ပစ္စည်းများကိုသိမ်းရန် ညွှန်ကြားသည်။ မောင်မြတ်ထွန်း မရှိကာမှ အိမ်ကို စ ရောက်လာသူဖြစ်သည့် ကရင်မကလေးက မည်သည့်အခန်းတွင် နေရာချ ထားရမည်ကို မေးသည်။

"အပေါ်ထပ် စာကြည့်ခန်းဘေးက အခန်းကိုဖွင့်ပြီးပြင်လိုက်။ အဲဒါ ငါ့သားနဂိုကတည်းက နေတဲ့အခန်းပဲ"

မသစ္စာ ကျေနပ်သွားသည်။

ထိုအခန်းသည် မသစ္စာ၏ အခန်းနှင့် ကပ်လျက်ဖြစ်သည်သာမက ထိုနှစ်ခန်းအတွက် လသာဆောင် ဝရံတာသည် အိမ်ကြီး၏မြောက်ဘက်သို့ သီးခြားထွက်နေသည်။ အခြားအခန်းများမှ ဝရံတာများနှင့် အဆက်အစပ်မရှိ၊ အကယ်၍ သည်ည မိုးတိတ်ခဲ့ပါလျှင် အစ်ကိုဖြစ်သူနှင့် အေးအေးဆေးဆေး စကားပြောရန် အခွင့်ရပေမည်။

(၃)

ထိုညက တစ်မြို့လုံး မီးပျက်သည်။

ကြေးကလပ်ငယ် ကလေးများပေါ်တွင် ထွန်းထားသော ဖယောင်းတိုင် မီးရောင်မှိန်မှိန်ကလေးများ၏ အလင်းရောင်တွင် အိမ်ကြီး၏ အရှင်မဖြစ်သူ ဒေါ်ခင်ခင်ထားက စားပွဲထိပ်တွင် ထိုင်၍ မောင်မြတ်ထွန်း၊ သူ့မိဘနှစ်ပါးနှင့် မသစ္စာတို့ ညစာစားကြသည်။ မောင်မြတ်သာက မိုးသည်းနေ၍ ပြန်လာရန်ခက်ကြောင်း အကြောင်းပြန်သည်။

မှန်တော့လည်းမှန်သည်၊ သစ်စက်ရှိရာ နောင်ကုလားရွာနှင့် မြို့က ငါးမိုင်လောက်ဝေးသေးသည်။ မိုးကလည်း ပိန်းပိတ်အောင် ရွာသွန်းနေသည်၊ ပြီးတော့ မောင်မြတ်သာယူသွားသော ဂျစ်ကားတွင် မိုးကာတံခါး မတပ်ရသေး။





ပိုဆိုးသည်က မကြာသေးခင်က အဲသည်လမ်းပေါ်မှာ ဓားပြမှုတစ်ခု ဖြစ်ပွားခဲ့သေးသည်။ နောက်ဆုံးမတော့ ည ပြန်လာရန်မသင့်ဟု ဒေါ်ခင်ခင်ထား ဆုံးဖြတ်လိုက်သည်။

ထမင်းစားကြပြီးသောအခါ စာကြည့်ခန်းဘက်သို့ ရွှေ့၍ စကားပြောကြသည်။ အဓိကဦးဆောင်မေးနေသူက ဒေါ်ခင်ခင်ထား။ တစ်ချိန်လုံး ဖြေနေရသူက ဒေါ်ခင်ခင်ထား၏ အချစ်ဆုံး မြေးဖြစ်သူ မောင်မြတ်ထွန်း။ ကျန်သုံးဦးက ပွဲကြည့်ပရိသတ်သက်သက်။

"သားက အခု ခွင့်ရလာတာလား"

""မဟုတ်ဘူး မယ်မယ်ကြီး၊ ကျွန်တော်က သင်တန်းဆင်းပြီး တပ်ရင်းကို သွားသတင်းပို့တာ။ တပ်ရင်းက ရှေ့တန်းထွက်နေတယ်။ ကျွန်တော့်ကို လိုက်သွားရမယ်တဲ့။ အဲဒါနဲ့ ကျွန်တော်က ဒီက တပ်မဌာနချုပ်ကို လာသတင်းပို့တာ၊ ဒီက တက်မယ့်အဖွဲ့တွေနဲ့ ရှေ့တန်းကို လိုက်သွားရမှာ"

ဒေါ်ခင်ခင်ထား မျက်နှာ ညိုသွားသည်။

"ရှေ့တန်းကလည်း ချက်ချင်းကြီးလား ကွယ်"

"သိပ်မကြာပါဘူး မယ်မယ်ကြီး။ တပ်ရင်းက ပြန်ဝင်ခါနီးပါပြီ"

မောင်မြတ်ထွန်း၏ မေမေက စိတ်ပူဟန်ဖြင့် ဝင်ပြောသည်။

"သတိထားပါ သားရယ်၊ ရတနာသုံးပါးလည်း မမေ့နဲ့"

"ဟုတ်ကဲ့ပါ ... မေမေ"

"မင်းက ပြောလို့မှမရတာကိုးကွ"

တပ်ထဲဝင်တာကို သဘောမတူခဲ့သည့် မောင်မြတ်ထွန်း၏ ဖေဖေက မကျေမနပ်ဝင်ပြောတော့ ဒေါ်ခင်ခင်ထားက ဟန့်သည်။

"မပြောနဲ့လေကွယ်၊ ဒါက ဗီဇကွဲ့၊ သူ့အဘိုး၊ ငါ့အဖေရဲ့သွေးတွေ သူ့မှာ ပါလာတာ ဘယ်တားလို့ရမလဲ"

မောင်မြတ်ထွန်း မသစ္စာတို့၏ အဘိုးမှာ မြန်မာရှင်ဘုရင်လက်ထက် ရွှေစလွယ်ရစ်သူကြီးတစ်ဦးဖြစ်ရုံသာမက နယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်သောအခါတွင် လက်နက်မချဘဲ သက်ဆုံးတိုင် ပုန်ကန်ခဲ့သူ ဖြစ်လေသည်။

သူ့လက်ထက်ကျမှ အိုင်စီအက်စ်တစ်ဦးနှင့် လက်ထပ်ဖြစ်ခဲ့သော ဒေါ်ခင်ခင်ထားက နယ်ချဲ့ကို သူ့ဖခင်၏ ပုန်ကန်မှုများအကြောင်းများစွာ ထုတ်ဖော်ပြောဆိုလေ့မရှိသော်လည်း ရွှေစလွယ်ရမင်းကြီးတစ်ဦးဖြစ်ကြောင်းကိုတော့ ဂုဏ်ယူစွာ ပြောပြလေ့ရှိသည်။ ငယ်ငယ်ကတည်းက ခဏခဏရန်ဖြစ်တတ်ပြီး အလွန်စိတ်မြန်သည့် မောင်မြတ်ထွန်းကိုလည်း သူ့ဖခင်၏သွေးပါသည်ဟု သူတစ်ယောက်တည်းသဘောနှင့် သတ်မှတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ထားထားဦးကရော"

သူ့မရီးကို သူမေးသည်။ ထားထားဦးနှင့် မောင်မြတ်သာ လက်ထပ်ပြီး၍ ကတည်းက သည်အိမ်မှာပဲ နေနေသည်ကို မောင်မြတ်ထွန်း မှတ်မိသည်။

"စက်ထဲမှာပဲ လိုက်နေတယ်ကွဲ့၊ တော်ပါတယ်၊ သူ့ယောကျ်ားကို အင်မတန် ဂရုစိုက်တဲ့ မိန်းကလေးပဲ"

ဒေါ်ခင်ခင်ထားက ချီးမွမ်းသည်။ မောင်မြတ်ထွန်း ရင်ထဲက ကျိတ်၍ပြုံးမိသည်။ မောင်မြတ်သာကို ဂရုစိုက်ချင်၍ ထားထားဦး စက်ထဲလိုက်နေတာ မဖြစ်နိုင်ပါ။ စက်ကို ဂရုစိုက်ချင်၍ ဖြစ်တန်ရာပါသည်။

ထားထားဦးအကြောင်း သူ့ဘာမှ မသိစရာမရှိ။ တကယ်တော့ ငယ်စဉ်ကတည်းက သူရော၊ မောင်မြတ်သာရော၊ ထားထားဦးပါ တစ်တန်းတည်းသားများပါ။

မောင်မြတ်သာက အေးသည်။ စာ မတော်။ မောင်မြတ်ထွန်းက ဉာဏ်ကောင်း၍ စာတော်သည်။ သို့သော် ခဏခဏ ရန်ဖြစ်တတ်သည်။

ရန်ဖြစ်သည်ကလည်း သူ့ကိုစကနည်းနည်းအေးဆေးပျော့ညံ့သည့်မောင်မြတ်သာကို ဗိုလ်ကျသူတွေနှင့် ဖြစ်တာကများများ။

ပြီးတော့ မောင်မြတ်ထွန်း ရှစ်တန်းကစ၍ ကျောင်းပြေးတတ်လာသည်။ ကျောင်းပြေး၍ ရုပ်ရှင်ကြည့်လိုက်၊ မြသပိတ်တောင် သွားတက်လိုက်။

လိမ္မာသော မောင်မြတ်သာကမိဘတွေကိုတိုင်ပြောသည်။ အဖေဖြစ်သူကစိတ်ဆိုးမာန်ဆိုး ရိုက်မည်လုပ်လျှင် အဘွားက ကာဆီးကာဆီး။

"ဟဲ့ … ငါ့သားငယ် ကျောင်းသာပြေးတယ် စာကျတော့ နင်တို့အကြီးကောင်ထက် အမြဲသာတယ်မဟုတ်လား"

နောက်ဆုံးတော့ အဘွား၏အသည်းကျော် မောင်မြတ်ထွန်းကို မိဘများပါ လက်မြှောက်ရတော့သည်။

၁၀ တန်းတွင် မောင်မြတ်ထွန်း ရည်းစား စထားသည်။ တခြားသူမဟုတ်၊ ထားထားဦးပင်တည်း။

ထားထားဦးကရုပ်ချောသည်။ အဲသည့်အချိန်ကအ.ထ.က(၂)တွင်မောင်မြတ်သာနှင့် မောင်မြတ်ထွန်းတို့၏ ညီမ မသစ္စာပြီးလျှင် ထားထားဦး အလှဆုံးဟု ပြောစမှတ်ပြုကြသည်။ ပြီးတော့ ထားထားဦးအဖေက ဒေါ်ခင်ခင်ထား သစ်စက်က စာရေးပါ။

သစ်စက်တွင် အဝင်အထွက်လည်းရှိ တစ်တန်းတည်းသားလည်းဖြစ်သော မောင်မြတ်သာရော၊ မောင်မြတ်ထွန်းနှင့်ပါ ထားထားဦး ရင်းနှီးခဲ့သည်။ သို့သော်





ထားထားဦးက လိမ္မာပိပြားသော မောင်မြတ်သာကိုစိတ်မဝင်စား။ လူဆိုးလူတေကလေး မောင်မြတ်ထွန်းကိုမှ စိတ်ဝင်စားသည်။ သို့နှင့် ထားထားဦးသည် မောင်မြတ်ထွန်း၏ ရည်းစားဦး ဖြစ်လာလေသည်။

သိပ်တော့ ကြာကြာမတွဲဖြစ်လိုက်။

၁၀ တန်း ဖြေကြတော့ မောင်မြတ်ထွန်းက အောင်၍ မောင်မြတ်သာနှင့် ထားထားဦးက ကျသည်။ မောင်မြတ်ထွန်း ရန်ကုန်တက္ကသိုလ်တက်ခါစက မသစ္စာက ထားထားဦးနှင့် မောင်မြတ်ထွန်းကြားတွင် စာပို့လုလင်ကလေးပင် ဖြစ်ခဲ့ဖူးသည်။

ဒါလည်း မကြာပါ။

ရန်ကုန်တက္ကသိုလ်တွင် မောင်မြတ်ထွန်း ရည်းစားများနေကြောင်း သတင်းများ အနိုင်အမာ ထွက်ပေါ်လာသောအခါ ထားထားဦး မောင်မြတ်ထွန်းကို လက်လျှော့လိုက်လေသည်။ ပြီးတော့ ငယ်စဉ်ကတည်းက သူ့ကို သမာဓိပိုးပိုးခဲ့သော မောင်မြတ်သာကို လက်ခံလိုက်သည်။ ထားထားဦး စာမတော်သော်လည်း အကွက်မြင်ကြောင်း အဲသည် ကတည်းက မောင်မြတ်ထွန်း သတိထားမိသည်။ "ဒီပါ" သစ်စက်၏ ပိုင်ရှင်ကတော် ဖြစ်လာဖို့အရာမှာ မောင်မြတ်သာသည် မောင်မြတ်ထွန်းထက်ပို၍ ယုံကြည်စိတ်ချရသူ ဖြစ်နေတာကတော့ အမှန်ပင်။

မောင်မြတ်ထွန်း ဘွဲ့ရသောနှစ်တွင်ပင် သူတို့လက်ထပ်ကြသည်။ မောင်မြတ်သာက နောက်ပိုင်း ၁၀ တန်းပြန်အောင်သော်လည်း တက္ကသိုလ်ဆက်မတက်ဘဲ သစ်စက်ကို ဦးစီးနေခဲ့သည်။ ထားထားဦးက ၁၀ တန်းကို ပြန်မဖြေတော့။

"သစ္စာက အခု (၂) မှာပဲလား"

မောင်မြတ်ထွန်းထက် အသက်နှစ်နှစ်ငယ်သော မသစ္စာသည် မောင်မြတ်ထွန်းကဲ့သို့ပင် တန်းစဉ်တောက်လျှောက်အောင်ခဲ့ပြီး မနှစ်ကပင် ပညာရေးတက္ကသိုလ်မှ ဘွဲ့ရ၍ အ.ထ.က(၂)တွင် အထက်တန်းပြဆရာမ ဝင်လုပ်နေသည်။

"ဟုတ်ကဲ့ … ကိုကို"

မသစ္စာသည် မောင်မြတ်သာကို "အစ်ကိုမြတ်သာ" ဟု ခေါ်လေ့ရှိသော်လည်း မောင်မြတ်ထွန်းကို "ကိုကို" ဟု ခေါ်သည်။

တကယ်တော့ နှစ်ယောက်စလုံး သူ၏ တစ်ဝမ်းကွဲ အစ်ကိုများချည်းသာ။

တစ်ခုတော့ရှိသည်။ သည်မြို့နှင့် ပြည်နယ်ခြားသော်လည်း တစ်နာရီသာသာ စရီးသာ ကားမောင်းရသော မြို့ကြီးတွင် တာဝန်ကျနေသည့် ဆရာဝန်တစ်ဦးဖြစ်သူ မသစ္စာ၏ဖခင် မကွယ်လွန်မီက မောင်မြတ်ထွန်းကို အလွန်ချစ်ခဲ့သည်။ ဖခင်၊ တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com



အားလပ်ရက်များတွင်အဘွားနှင့်ထားခဲ့သော သမီးဖြစ်သူကိုလာတွေ့တိုင်းမသစ္စာကိုရော မောင်မြတ်ထွန်းကလေးကိုပါ ခေါ်၍လျှောက်လည်လေ့ရှိသည်။ မောင်မြတ်သာက လိုက်လေ့မရှိ။

ဖနီးဖြစ်သူ စွန့်သွားကတည်းက ညနေဆိုလျှင် အရက်သမားကြီးတစ်ပိုင်းဖြစ်ဖြစ် နေတတ်သော ညီဖြစ်သူကို မောင်မြတ်သာ၊ မောင်မြတ်ထွန်းတို့၏ ဖခင်က မနှစ်မြို့ချေ။ ကလေးတွေကိုဦးလေးဖြစ်သူနှင့် မပေါင်းရန်တားလေ့ရှိသော်လည်း မောင်မြတ်သာကသာ နားထောင်သည်။ မောင်မြတ်ထွန်းက နားမထောင်။

မောင်မြတ်ထွန်း တစ်သက်တွင် မျက်ရည်ကျသည်ကို မသစ္စာ တစ်ခါသာ မြင်ဖူး သည်။ မောင်မြတ်ထွန်း ငါးတန်းကျောင်းသားဘဝတွင် သူ့ဦးလေး မသစ္စာ၏ဖခင် အသည်းခြောက်ရောဂါဖြင့် ကွယ်လွန်စဉ်ကတည်း။

ငယ်စဉ်က ဖခင်ဆရာဝန်ယူလာသောကားဖြင့် သက္ကု၊ အလံတရာ၊ ဘုရင့်ညီ… စသည်ဖြင့် လည်ပတ်ကြစဉ်က မောင်မြတ်ထွန်းကို "အစ်ကိုမြတ်ထွန်း" ဟုခေါ်သော သူ့ကို ဖခင်က "ကိုကို" ဟု ခေါ်တာ ပိုယဉ်ကျေးကြောင်း သင်ပေး၊ ပြင်ပေးခဲ့တာလည်း မသစ္စာ ဝိုးတဝါး မှတ်မိသည်။

ထို့ကြောင့် ...

မောင်မြတ်သာသည် မသစ္စာအတွက် "အစ်ကိုမြတ်သာ" ဖြစ်သော်လည်း မောင် မြတ်ထွန်းသည်ကား မသစ္စာအတွက် "ကိုကို" ဖြစ်လေသည်။

(၄)

မိုးစဲသွားသဖြင့် လရောင် ကြယ်ရောင်တို့ ဝရံတာကလေးပေါ်ဖြာကျနေသည်။ ဝါဆိုလဆန်းရက်ဖြစ်၍ လရောင်က ထိန်နေသည်။ မီးပျက်နေသော မြို့ကလေးပင်လျှင် လရောင်အောက်တွင် ဝင်းဝါနေသည်။

ဝရံတာက အိမ်၏မြောက်ဘက်သို့ ထွက်နေခြင်းဖြစ်ပြီး မြို့လူနေရပ်ကွက်များကို အစွန်းတစ်ဖက်တွင်သာ အနည်းငယ်မြင်ရ၍ခြံထဲမှသစ်ပင်ကြီးများမှ ထူထဲစွာအကိုင်းချင်း ယှက်နေသော အရွက်များကို အမိက စီးမိုးထားသည်။

မိုးရေဖျန်းထားသော မြက်သားပြင်တို့ မှ မြေသင်းရနံ့တို့က ပန်းရနံ့တို့နှင့်အတူ သင်းပျံ့လျက်ရှိနေသည်။

"ဟိတ် ... သစ္စာ။ မအိပ်သေးဘူးလား"

ဝရံတာကို မှီရပ်၍ခြံဝင်းအတွင်းဘက်သို့ ငေးမောကြည့်နေသော မသစ္စာ နောက် ပြန်လှည့်ကြည့်မိသည်။

လရောင် ဝိုးတဝါးအောက်တွင် မျက်နှာသုတ်ပဝါ ပခုံးသိုင်း၍ ထွက်လာသော မောင်မြတ်ထွန်းကို တွေ့ရသည်။

မျက်နှာသစ်ပြီး ထွက်လာတာနဲ့တူတယ်။ ဟုတ်သားပဲ။ ည ၁၀ နာရီတောင် ထိုးနေမှကိုး။

မောင်မြတ်ထွန်းက ဝရံတာတွင်ချထားသော တစ်လုံးတည်းသော ပက်လက် ကုလားထိုင်တွင် ဝင်ထိုင်သည်။ လက်က ကိုင်လာသော မီးငြိမ်းနေသည့် သောက်လက်စ ဆေးပေါ့လိပ်တိုကို ပါးစပ်တွင်တပ်သည်။ မီးခြစ်နှင့် မီးညှိသည်။ လေက တိုက်နေသဖြင့် မီးက နှစ်ခါပြန် ငြိမ်းသည်။

မသစ္စာက ပက်လက်ကုလားထိုင်ဘေးတွင် ဒူးတွေးထိုင်၍ လက်ဖြင့် လေကွယ် ပေးလိုက်သည်။ ပြီးတော့ တစ်ဆက်တည်းပင် ကြိမ်ခုံပုကလေးတစ်လုံးကို ဆွဲယူ၍ မောင်မြတ်ထွန်း၏ အနီး ခြေရင်းနားတွင် ဝင်ထိုင်သည်။

"ကိုကိုကလည်း ဆေးလိပ်သောက်တာ မယ်မယ်ကြီးမကြိုက်မှန်း သိလျက်နဲ့"

မောင်မြတ်ထွန်းက ရယ်သည်။

"မယ်မယ်ကြီးမကြိုက်တာ ဘာများ ငါရှောင်ခဲ့တာရှိလို့လဲ"

မသစ္စာ သက်ပြင်းသာချမိသည်။

ဟုတ်ပ။ ဆေးလိပ်လည်းသောက်၊ အရက်လည်းမကင်း၊ ရည်းစားကလည်းများ။ မောင်မြတ်ထွန်း အဖေကပင် "မွေးထားတုန်းက အတူတူပါပဲ။ အငယ်ကောင်က အဘွား အလိုလိုက်လို့ ပျက်တာ" ဟု ပြောလေ့ရှိသည်။

"ကိုကို ဘယ်နှရက် နေရမှာလဲ"

"တပ်မသတင်းပို့ပြီးမှ သိရမှာပဲ။ ဘာဖြစ်လို့လဲ"

"အိမ်ရော ကပ်မှာလား"

မသစ္စာက မသိမသာ နှုတ်ခမ်းစူ၍မေးတော့ မောင်မြတ်ထွန်းက တဟားဟား ရယ်သည်။

မသစ္စာမေးလည်း မေးစရာ။ မောင်မြတ်ထွန်းမှာ လက်ရှိ မပြတ်သေးသော ရည်းစားတစ်ဦး မော်ကျော့ရပ်ထဲတွင် ရှိနေသည်။ ကျောင်းတုန်းက တောဖော်တောဖက် သူငယ်ချင်းတွေကလည်း လာခေါ်ထုတ်ကြဦးမည်မှာ အမှန်။

"နင့်ကို မေးမလို့"

"ဘာလဲ ... ကိုကို"







www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာလို့ မျက်နှာမကောင်းတာလဲ"

မမျှော်လင့်ထားမိသော အစ်ကိုဖြစ်သူ၏ဂရုတစိုက်ရှိမှုကြောင့် မသစ္စာ မျက်ရည်ဝဲလာသည်။

"အဲဒါ ... ကိုကို့ကို ပြောပြမလို့"

"ပြောလေဟာ"

"သစ္စာကို ယောကျ်ားပေးစားမလို့တဲ့"

"ဟေ"

ဟုတ်သားပဲ။ သစ္စာက အသက် ၂၀ ကျော်နေပြီပဲ ... ဟု တွေးမိသည်။

"ဘယ်ကကောင်နဲ့လဲ"

"ကိုထွန်းရှိန်နဲ့တဲ့"

"ဘယ်ထွန်းရှိန်လဲ။ မြတ်သာသူငယ်ချင်း ထွန်းရှိန်လား"

"ဟုတ်"

မောင်မြတ်ထွန်းက ပက်လက်ကုလားထိုင်နောက်မှီပေါ်ပြန်မှီချရင်း ကိုထွန်းရှိန်၏ရုပ်ကို အာရုံတွင်ထင်အောင် ပြန်ခေါ်ကြည့်မိသည်။

ကိုထွန်းရှိန်က သူ့ထက်တစ်တန်းကြီးသည်။ မောင်မြတ်သာနှင့်တော်တော်တွဲသည်။ ရုပ်ချောချော။ နာမည်ပျက်မရှိ၊ မိဘတွေ တော်တော်ချမ်းသာသည်။ တက္ကသိုလ် ဆက်မတက်ဘဲ စီးပွားရေးလုပ်ရင်းက တော်တော်အောင်မြင်နေသည်ဟုလည်း ကြားရသည်။

"ထွန်းရှိန် မဆိုးပါဘူး။ နင်က မကြိုက်ဘူးလား"

မသစ္စာ မျက်နှာပျက်သွားသည်ကို မောင်မြတ်ထွန်းမမြင်အောင် ခေါင်းငုံ့၍ ခါ[illegible]လိုက်သည်။ မောင်မြတ်ထွန်းက ဆက်မေးသည်။

"နင် ရည်းစားရှိနေလို့လား"

"ကိုကိုရယ်"

မသစ္စာ အသံတုန်တုန်နှင့် ညည်းသည်။

"ကိုကို့ကို မပြောဘဲ သစ္စာက ရည်းစားထားမယ့်သူမို့လို့လား၊ မဆိုင်ပါဘူး ကိုထွန်းရှိန်ကို ကျွန်မမှ မကြိုက်တာ။ ပြီး တော့ အိမ်ထောင်လည်း မပြုချင်သေးပါဘူး"

"အေးလေ ... ဒါဆိုလည်း အိမ်ထောင်မပြုချင်သေးဘူးလို့ ပြောလိုက်ပေါ့။ နင် အိမ်ထောင်ပြုချင်တဲ့အချိန်အထိ သူ စောင့်နိုင်ရင်စောင့်မှာပေါ့"

"ဟာ ... ကိုကိုကလည်း စောင့်စရာလား။ သူ့ကို ကျွန်မ တစ်သက်မစဉ်းစားဘူး"

"ဟေ ... ဘာဖြစ်လို့လဲ"





"မချစ်လို့၊ မချစ်လို့။ မချစ်တာ ဘာဖြစ်လို့လဲ ထပ်မေးမနေနဲ့။ သူနဲ့ယူရင် ကျွန်မ တစ်သက်လုံး စိတ်ညစ်နေမှာပဲ။ သူ ဘာမှဆိုးလို့မဟုတ်ဘူး။ သူ့ကို မချစ်တာ အရမ်းဝေးလွန်းလို့။ ဒါပဲ"

မသစ္စာ အားမလိုအားမရ မောင်မြတ်ထွန်း၏ လက်မောင်းကို ကိုင်လှုပ်၍ ဖြေသည်။ မောင်မြတ်ထွန်းက အင်းခနဲ သက်ပြင်းချ၍ ကျောပြန်မှီလိုက်သည်။ ဆေးလိပ်ကို မီးညှိသည်။

"နင် မငြင်းဘူးလား"

"ငြင်းတာပေါ့။ ငြင်းတော့ ဝိုင်းဆူကြတာပေါ့။ အဲဒါ စိတ်ညစ်နေတာ"

"ဝိုင်းဆူတယ်"

"ဟုတ်"

မောင်မြတ်ထွန်း တွေဝေစဉ်းစားနေသည်။ အဘွားနှင့်နေရသော မသစ္စာ၏ ချုပ်ထိန်းသူမှာ အဘွားတစ်ယောက်တည်းသာလျှင် ဖြစ်ရမည်မဟုတ်ပါလား။

"နင်ပြောတာက ဖေဖေရယ်၊ မေမေရယ်၊ မြတ်သာရယ်ပါ ဒီကိစ္စမှာ ပါနေတာလား။ မယ်မယ်ကြီးတစ်ယောက်တည်း မဟုတ်ဘူးလား"

"ပါတာပေါ့။ အစ်ကိုမြတ်သာကို ကိုထွန်းရှိန်က ကပ်တာ။ အစ်ကိုမြတ်သာက ကျွန်မကိုမမေးဘဲ မယ်မယ်ကြီးကို ပြောပြီးစီစဉ်တာ။ ကျွန်မ ငြင်းတော့လည်း ဆူတာ သူနဲ့ မမထားက အဓိက။ မယ်မယ်ကြီးက ဒီလောက် မဟုတ်ဘူး"

"မိထားဦးက ဘာကြောင့် ပါရတာလဲ။ သူက တစိမ်းပဲ"

"မသိဘူး။ သူကလည်း ကိုထွန်းရှိန်နဲ့ အရမ်းကို လိုနေတာ"

"တောက်"

ကွင်းဆက်အားလုံး မောင်မြတ်ထွန်း မျက်စိရှေ့တွင် ရှင်းသွားသည်။ "ဒီပါ" သစ်စက် အလွန်အောင်မြင်နေချိန်တွင် ဒီပါသစ် စက်ကို တာဝန်ယူလည်ပတ်ပေးနေသည်က မောင်မြတ်သာနှင့် ထားထားဦးတို့လင်မယားဖြစ်သော်လည်း ပိုင်ရှင်က မယ်မယ်ကြီး ဖြစ်နေသည်။ တစ်နည်းအားဖြင့် မောင်မြတ်သာ၊ မောင်မြတ်ထွန်းနှင့် မသစ္စာတို့၏ အမွေဆိုင်ဖြစ်နေသည်။ အဲသည်လိုအချိန်မျိုးမှာ "ဒီပါ"သစ်စက်၏ ကံကြမ္မာကို စိတ်ဝင်စားစရာမလိုလောက်အောင် ချမ်းသာသည့် သူဌေးသားနှင့် မသစ္စာကို ပေးစား ဝိုင်းသ ဘောတူနေကြသည်မှာ ဘာကြောင့်လဲဆိုတာ ဖေဒင်မေးစရာ မလိုတော့ပါ။

မိဘမဲ့ မိန်းကလေးမို့ မြေးချင်းအတူတူမှာ မျက်နှာငယ်နေရသော ညီမငယ်၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုလည်း သူ ကွင်းကွင်းကွက်ကွက် ရိပ်မိသွားသည်။

မောင်မြတ်ထွန်း အတန်ကြာအောင်ပင် တွေဝေစဉ်းစားနေသည်၊ ပြီးတော့ ကိုယ်ကို ငုံ့ကိုင်း၍ သူ့ခြေရင်းဘက်တွင် ထိုင်နေသည့် ညီမငယ်၏ပခုံးကို ကြင်နာစွာ ဆုပ်ကိုင်သည်။

"ဒီမှာ ... သစ္စာ။ မယ်မယ်ကြီးများ သေလို့ရှိရင်လေ။ မြတ်သာတို့လင်မယား မနေနဲ့သိလား။ နင့်ကို ငါ တစ်သက်လုံး ကျွေးထားမယ်"

"ကိုကို ဘာပြောတာလဲ"

"ထားပါ။ နင် နားမလည်ပါဘူး"

မောင်မြတ်ထွန်းက မီးငြိမ်းနေသော ဆေးပေါ့လိပ်ကို ကုလားထိုင်လက်ရမ်းပေါ် တင်သည်။

"အေးအေးသာ နေပါကွာ။ နင့်ကိစ္စ ငါမသွားခင် ဖြတ်ပေးခဲ့ပါမယ်။ ဒီအိမ်မှ ဘယ်သူမှ ငါနဲ့ ထိပ်တိုက်မလုပ်ရဲပါဘူး"

မသစ္စာ အနည်းငယ် ထင့်ခနဲဖြစ်မိသော်လည်း မောင်မြတ်ထွန်းပြောတာ အမှန်ပဲဆိုသည်ကို သိနေ၍ အားရှသွားသည်။

လရောင်အောက်တွင် မောင်နှမနှစ်ဦး တိတ်ဆိတ်စွာ ဆက်ထိုင်နေကြလေသည်။

(၅)

"ဟော့ကောင် ... မြတ်သာ၊ မင်းက ငါတို့နှမကို ထွန်းရှိန်နဲ့ ပေးစားမလို့ဆို"

မောင်မြတ်သာ စည့်ခန်းထဲဝင်လာ၍ ထိုင်ပင် မထိုင်ရသေး၊ မောင်မြတ်ထွန်း၏ လှေကားပေါ်မှ ဆင်းလာရင်း လှမ်းမေးလိုက်သည်။

မတွေ့ရတာကြာပြီဖြစ်သော ညီငယ်ကို ဝမ်းသာအယ်လဲ နှုတ်ဆက်မည်ကြံ ရှိသေးသည်။ မာရေကျောရေမေးလိုက်သော စကားကြောင့် အစ်ကိုဖြစ်သူရင်ထဲတွင် ထောင်းခနဲထသွားသည်၊ ပက်ခနဲ ပြန်ပြောလိုက်ချင်သော်လည်း စည့်ခန်းထဲတွင်ရှိ ကြသော ဒေါ်ခင်ခင်ထား၊ ထားထားဦးနှင့် မသစ္စာတို့ကို ဝေ့ကြည့်ရင်း စိတ်ထိန်း လိုက်သည်။

မသစ္စာကတော့ မောင်မြတ်သာ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းသ ဖြစ်နေသည့် မောင်မြတ်ထွန်း၏စကားကြောင့် အတော်အနေရ ခက်သွားသည် သည်ကြားထဲ ထားထားဦး၏ မျက်လုံးတစ်ချက်ဝေ့ကြည့်တာကိုလည်း ခံလိုက် သေးသည်။





မောင်မြတ်သာက စိတ်ကို ချုပ်တည်း၍ ပြုံးပြလိုက်သည်၊

"ထိုင်ပါဦး မြတ်ထွန်းရယ်။ ဒါ အော် ကျယ်ဟစ်ကျယ်ပြောနေရမယ့်ကိစ္စမျိုး မဟုတ်ပါဘူး"

ပြောပြောဆိုဆို ထားထားဦးဘေးတွင် ဝင်ထိုင်လိုက်သည်။ မောင်မြတ်ထွန်း ကတော့ ဒေါ်ခင်ခင်ထားဘေးတွင် ဝင်ထိုင်၍ လက်ထဲတွင်ကိုင်လာသော ဂျာကင် အင်္ကျီကို စားပွဲပေါ်လှမ်းတင်ပြီး ရုပ်အင်္ကျီလက်ကြယ်သီးများကို ဆက်တပ်နေသည်။

ဒေါ်ခင်ခင်ထားက ပြုံး၍ သူ့မြေးကို လှည့်မေးသည်၊

"သားငယ်က မောင်ထွန်းရှိန်ကို သဘောမကျလို့လား"

မောင်မြတ်ထွန်းက ပခုံးတွန့်ပြသည်။

"ကျွန်တော် သဘောကျတာ မကျတာ အရေးကြီးလို့လား မယ်မယ်ကြီး။ ကျွန်တော်ယူမှာမှ မဟုတ်တာ။ မြတ်သာယူမှာလည်း မဟုတ်ပါဘူး"

မောင်မြတ်သာရင်ထဲတွင် အောင့်ခနဲ ဖြစ်သွားပြန်သည်၊ ဟန်လုပ်ပြုံးပြရင်းက လေပြေ ပြန်ထိုးရသည်။

"ကိုယ့်နှမအတွက် ကိုယ်ကောင်းမယ်ထင်လို့ စီစဉ်တာပါ ငါ့ညီရာ။ တို့နှမ မငယ် တော့ဘူးကွ"

"မငယ်တိုင်း ယောကျ်ားယူရမှာလားကွ။ သူကြိုက်မှ သူယူမှာပေါ့"

မောင်မြတ်ထွန်းကလည်း လေအေးလေးနှင့်ပင် ဘုချ၏။ ဒေါ်ခင်ခင်ထား မနေ သာတော့ဘဲ ကြားထဲက လေပြေဝင်ထိုးရသည်။

"မင်းအစ်ကိုကလည်း အတင်းအကျပ်ကြီး စီစဉ်နေတာမဟုတ်ပါဘူး သားငယ် ရယ်။ အကြံပေးတာပါ။ မောင်ထွန်းရှိန်ဆိုတာလည်း လူတော်ကလေးမဟုတ်လား"

"ထွန်းရှိန် တော်တာနဲ့ ဘာဆိုင်လို့လဲ မယ်မယ်ကြီးရဲ့"

"ဟဲ့ ... မောင်ထွန်းရှိန်ဆိုတာ စာရိတ္တလည်း ပြောစရာမရှိ။ ပြီးတော့ မင်း ညီမကို တင့်တင့်တယ်တယ် ထားနိုင်မယ့်သူ မဟုတ်လား"

မောင်မြတ်ထွန်းက ရယ်သည်။

"ထွန်းရှိန်က ချမ်းသာတယ်ပေါ့ ... မယ်မယ်ကြီးရယ်၊ ဒါပါပဲ၊ ဒါပေမဲ့ ကျွန်တော် ကို့လည်း မဆင်းရဲပါဘူး၊ ထွန်းရှိန်နဲ့ မယူလည်း သစ္စာကို တင့်တင့်တယ်တယ် ထားနိုင် တာပါပဲ။ ထွန်းရှိန်ကို သစ္စာက မကြိုက်ဘူးလို့ပြောရင် ဒါ ပြီးနေပြီပဲ၊ ငြင်းလိုက်ရုံ ရှိတာပဲ"

ဆက်ထိုင်နေရန် ခက်လာသဖြင့် မသစ္စာ မယောင်မလည်နှင့်ထ၍ မီးဖိုချောင်

www.burmeseclassic.com



တွင်းသို့ ဝင်ခဲ့ရပါတော့သည်။

ဘယ်သူတွေက ဘာပြန်ပြောနေမှန်း တော့ မသိ။ မီးဖိုချောင်မှ လှမ်း၍ ကျယ်ကျယ် ... ကျယ်ကျယ်နှင့် ကြားနေရသည် ကတော့ မောင်မြတ်ထွန်း၏ အသံချည်းသာ ဖြစ်သည်။

နောက်ဆုံးတွင်တော့ ဘယ်တော့မှ အလျှော့မပေးတတ်သော မောင်မြတ်ထွန်းကို အားလုံးက အလျှော့ပေးလိုက်ရပါတော့၏။

"သမီး စိတ်မချမ်းသာရင် မယ်မယ်ကြီးတို့က ဖွတ်မလုပ်ပါဘူး သမီးရယ်၊ ခ... လာတဲ့ အစ်ကိုကို အလကားသက်သက် စိတ်ရှုပ်အောင် သွားပြောတယ်"

ဒေါ်ခင်ခင်ထားက မောင်မြတ်ထွန်းမရှိတော့မှ မသစ္စာကို လေအေးကလေးနှ... အပြစ်တင်သည်။ မောင်မြတ်သာနှင့် ထားထားဦးတို့ကတော့ အတန်ကြာအောင် မ... မသစ္စာနှင့် ခပ်တန်းတန်းဖြစ်သွားခဲ့သည်။

ကိုထွန်းရှိန်တစ်ယောက်လည်း ပေါ်မလာတော့ပါ။

"ငါ တစ်လကျော်ကျော်ကြာရင် ပြန်လာမှာ။ နင့်ကို ဒီကိစ္စဆိုရင် ငါရှုတဲ့လူ... တွေ့မယ်၊ ကြားလား၊ မယ်မယ်ကြီးကိုလည်း ငါပြောထားပြီးပြီ။ မယ်မယ်ကြီး... အတင်းဆက်စီစဉ်နေရင် ကျွန်တော် ထွန်းရှိန်နဲ့သွားရှင်းမယ်လို့"

ရှေ့ဘန်းထွက်ခါနီးတွင် မောင်မြတ်ထွန်းက ပြောဖြစ်အောင် ပြောသွားခဲ့သေး...

(၆)

တကယ်တမ်း ရှေ့ဘန်းမှပြန်ဝင်လာတော့ တပ်မဟာနချုပ်ကို ယာဉ်တန်းဖြ... ဝင်သတင်းပို့ပြီး ဆက်ထွက်သွားရသဖြင့် မောင်မြတ်ထွန်း အိမ်သို့ ဝင်မလာနိုင်ခဲ့ပေ... နောက်တန်း တပ်ရင်းပြန်ရောက်ပြီး တာဝန်တစ်ခုဖြင့် ရန်ကုန်သို့ စေလွှတ်ခံရသော... အခါ မောင်မြတ်ထွန်း အိမ်ပြန်ဖို့ သတိမရတော့၊

အကြောင်းကတော့ ရန်ကုန်တွင် နွယ်နီဖေဦးနှင့်ပြန်တွေ့ရသောကြောင့်ပင်တည်...

(၇)

နွယ်နီဖေဦးနှင့် မောင်မြတ်ထွန်းတို့ လွန်ခဲ့သော နှစ်နှစ်ခန့်က ရန်ကုန်တွင် ဆ... ဆည်းခဲ့ဖူးသည်။ ထိုစဉ်က မောင်မြတ်ထွန်း က ဦးလေးဝမ်းကွဲတော်စပ်သူ အရာရှိကြီး... တစ်ဦး၏ အိမ်တွင်နေ၍ တက္ကသိုလ်တက်နေသည်။

နွယ်နီဖေဦး၏ ဖခင် ဒေါက်တာဖေဦးက သူ့ဦးလေးကို ညစာဖိတ်ကျွေးသော...





အခါ ယမကာဝိုင်းပါမည်ဖြစ်၍ ဦးလေးက သူ့ဇနီးကိုထားခဲ့ကာ မောင်မြတ်ထွန်းနှင့် သွားသည်။

သံလွင်လမ်း ခြံကျယ်တစ်ခု၏ မြက်ခင်းပြင်တွင် ဝိုင်းဖွဲ့ဖြစ်သော ညစာစားပွဲ ကလေးတွင် ဒေါက်တာဖေဦး၊ သမီးနွယ်နီဖေဦး၊ မောင်မြတ်ထွန်းတို့ တူဝရီးနှင့် နောက်ထပ် ဆရာဝန်ကြီးနှစ်ဦးသာ ပါသည်။

ခေတ်ဆန်ဆန် ချောမောလှပသော နွယ်နီဖေဦးကို မောင်မြတ်ထွန်း ရင်းနီးချင်မိ သော်လည်း လူကြီးများက မိတ်ဆက်ပေးရုံသာ မိတ်ဆက်ပေးပြီး သူတို့ဟာသူတို့ ဆက်စကား ဖောင်ဖွဲ့နေကြသဖြင့် တိတ်ရီကော်ဒါမှ ထွက်ပေါ်နေသော အနောက်တိုင်း ဂီတသံတို့ကိုသာ နားစွင့်နေမိသည်။

သို့သော် မကြာခင်မှာပင် လူကြီးတွေ ပြောသောစကားထဲမှာ စိတ်ဝင်စားစရာ ပါလာသည်၊ သူတို့ ဆေးတက္ကသိုလ် တက်စဉ်က သဥ္ဇာဟုခေါ်သော အလှဘုရင်မတစ်ဦး အကြောင်း။

သည်နာမည် ကြားဖူးပါသည်ဟု တွေးနေမိသည်။

"နောက်တော့ သူရိန်ဆိုတာ၊ တစ်တန်းတည်းသားပဲဗျ၊ သူနဲ့ အိမ်ထောင်ကျတယ်။ သဥ္ဇာက ဗော်ဘွားမျိုးဆိုပေမယ့် ဗိုလ်ဆန်တယ်၊ သယ်လ်မာလို့ပဲ ခေါ်ကြတာများတယ်၊ သူရိန်က မြန်မာတော်တော် ရှေးဆန်တဲ့ ဆွေကြီးမျိုးကြီးထဲက"

ဪ ... ဒါကြောင့်ကိုး။

ဒေါက်တာသဥ္ဇာဆိုတာ ကွယ်လွန်သူ ဦးဦး ဒေါက်တာသူရိန်၏ ဇနီးဟောင်း။ ညီမငယ်သစ္စာ၏ မိခင်ပေါ့။

မောင်မြတ်ထွန်းဦးလေးက တကယ်တော့ အဒေါ်၏ခင်ပွန်းဖြစ်၍ အဲသည့်နာမည် များကို သိပ်အကျွမ်းတဝင်မရှိ။

နောက်ပိုင်း ဆက်ပြောသည်များကတော့ မောင်မြတ်ထွန်းသိပြီးသားများပင် ဖြစ်ပါသည်။ ဒေါက်တာသူရိန်နှင့် ဒေါက်တာသဥ္ဇာတို့ သမီးကလေးတစ်ဦးရအပြီးတွင် ကွဲသွားကြခြင်း၊ ဒေါက်တာသဥ္ဇာ ဩစတြေးလျသို့ အပြီးအပိုင်ထွက်ခွာသွားပြီး ဟိုမှာ အိမ်ထောင်ထပ်ကျခြင်း၊ ဒေါက်တာသူရိန် အသည်းခြောက်ရောဂါနှင့် ကွယ်လွန် ခြင်း...။

သည်တော့မှ မောင်မြတ်ထွန်း၏ ဦးလေး နည်းနည်းရိပ်မိလာသည်။

"နေပါဦး ဆရာရဲ့၊ အဲဒီဒေါက်တာ သူရိန်က မြန်မာဆွေကြီးမျိုးကြီးဆိုတာက..."

"ဒီလိုလေ၊ သူ့အဖေကတော့ အင်္ဂလိပ် ခေတ် အရေးပိုင်ပဲ၊ သူ့အမေက မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်လက်ထက်က မှူးမျိုးမတ်မျိုးတွေပဲ။ သူ့ အဘိုးက "မဟာမင်းလှကျော်ထင်" ဘွဲ့ရသတဲ့။ ကြားဖူးမလား မသိဘူး"

"ဟောဗျာ"

မောင်မြတ်ထွန်းဦးလေးက စားပွဲကို လက်ဖဝါးဖြင့် ဖွဖွပုတ်၍ မောင်မြတ်ထွန်းကို လက်ညှိုး ထိုးပြသည်။

"အဲဒါ သူ့မြစ်ပေါ့"

ဒေါက်တာဖေဦးလည်း အံ့ဩသွားသည်။

"ဒါဆိုရင် ကိုသူရိန်နဲ့ သားက"

"ကျွန်တော့်ဦးလေးအရင်းပါ ခင်ဗျ။ ကျွန်တော်လည်း ဦးတို့ပြောနေတုန်းက ရုတ်တရက် မဆက်စပ်မိလို့ပါ"

မဟာမင်းလှကျော်ထင်၏ မြစ်ဟုပြောသော မှန်ကုပ်ကုပ် နောက်ဆုံးနှစ် စိတ်ပညာ ကျောင်းသားကလေး မောင်မြတ်ထွန်းကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်မိရင်း နွယ်နီဖေဦး ရင်ခုန်သွားပါသည်။

(၈)

များမကြာမီ နွယ်နီဖေဦး သူတက်နေရာ ဓာတုဗေဒ ပထမနှစ်တန်းခွဲမှအလွှတ် စာသင်ခန်းရှေ့ကော်ရစ်ဒါတွင် ရပ်စောင့်နေသော မောင်မြတ်ထွန်းကို အမှတ်မထင် ဆုံ တွေ့ရသည်။ ကောင်းကောင်း မှတ်မိနေသဖြင့် ပြုံးပြနှုတ်ဆက်လိုက်တော့ မောင်မြတ်ထွန်းက အနားကပ်လာသည်။

"မနွယ်နီ အတန်းပြီးတာလား"

"ခဏနားတာပါ။ ကင်တင်းဘက် တစ်ခုခုသွားစားမလို့၊ လိုက်စားပါဦးလား"

"ကျွန်တော်လည်း အဲသလိုပြောမလို့ စဉ်းစားနေတာ။ မပြောရဲသေးလို့"

ပြိုင်တူရယ်မိကြပြီး ကင်တင်းအတူ ထိုင်မိကြသည်။

ယင်း ညနေတွင်ပင် မောင်မြတ်ထွန်း နွယ်နီဖေဦးထံ ဖုန်းဆက်သည်။

"ဖုန်းနံပါတ်မပေးမိဘူး ထင်တာပဲ။ ဘယ်ကရသလဲ"

"ဖုန်းစေါက်ပဲ ရတာပါ"

မောင်မြတ်ထွန်းပြောတော့မှ ညစာစားသည့်နေ့က ခွင့်တောင်း၍ ဧည့်ခန်းထဲဝင် ဖုန်းဆက်သည်ကို အမှတ်ရမိတော့သည်။

"အလွတ်ကျက်သွားတာပေါ့လေ။ ဟုတ်လား၊ ဘာလို့ မှတ်ထားရတာလဲ"





"ဆက်မလို့ပေါ့"

"ကိစ္စက ..."

""ကျောင်းမှာတွေ့လို့ မမှတ်မိဘဲဖြစ်နေရင် ဖုန်းဆက်ပြီး သတိပေးမလို့ပါ"

နွယ်နီဖေဦးက ရယ်သည်။

"အခု မှတ်မိသားပဲ"

"အတင်း လိုက်မိတ်ဆက်တယ်လို့ မထင်ဘူးလား"

"ဘာလို့ ထင်ရမှာလဲ သိပြီးကျွမ်းပြီးသားပဲဟာ"

"မပြောတတ်ဘူးလေ။ သိပ်လှတဲ့ မိန်းကလေးတွေက ယောကျ်ားကလေးတွေကို အဲသလို သံသယနဲ့ ကြည့်တတ်တယ်တဲ့"

"နွယ်နီက သိပ်လှလို့လား"

"ခဏခဏကြားဖူးပြီးသား ထပ်ကြားချင်လို့လား"

နွယ်နီဖေဦး ရယ်မိပြန်သည်။

"မိန်းကလေးတွေအကြောင်းကလည်း ကျွမ်းလှချည့်လား"

"ပြောသံကြားတွေပါ"

"စကားကလည်း တတ်လိုက်တာ၊ လွန်ရော"

သည်လိုနှင့် များမကြာမီ နွယ်နီဖေဦး တစ်ယောက် မောင်မြတ်ထွန်း၏ချစ်သူ ဖြစ်လာခဲ့လေသည်။

"ကိုကို ... ခေတ်ဆန်ဆန် ကောင်မလေးတစ်ယောက်နဲ့ တွဲနေပြန်ပြီဆို"

ပညာရေးတက္ကသိုလ်တွင် အဆောင်နေ ကျောင်းသူဖြစ်နေသော မသစ္စာက မေးတော့ မောင်မြတ်ထွန်း ရယ်သည်။

"ငါ ကောင်မလေးတစ်ယောက်နဲ့တွဲတိုင်း နင် လိုက်မှတ်နေရင် ရှုးမယ်"

မသစ္စာ သက်ပြင်းသာ ခိုးချရသည်။

မောင်မြတ်ထွန်းပြောတာလည်း မမှား။ အဲသည်ဇာတ်လမ်းက များမကြာမီ နိဂုံးချုပ်သွားသည်။

ပထမ ဒေါက်တာဖေဦးတို့လင်မယားနိုင်ငံခြားထွက်သွားစဉ်က သူတို့အတွဲမပျက် ကြ။ ပို၍ပင် လွတ်လွတ်လပ်လပ် တွဲခဲ့ကြသေးသည်။ နောက်တော့ နွယ်နီဖေဦးပါ လိုက်သွားသည်။ မောင်မြတ်ထွန်းအတွက် ဘာကတိကဝတ်မှ မထားခဲ့ သလို မောင်မြတ်ထွန်းကလည်း ဘာအချိန်းအချက်မှ မလုပ်လိုက်။

မောင်မြတ်ထွန်း တပ်မတော်သို့ဝင်ခဲ့သည်အထိလည်း အဆက်အသွယ် မရှိကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

(၉)

ပြန်တွေ့ကြပုံကလည်း တော်တော်ကို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သည်။

မောင်မြတ်ထွန်းက တာဝန်နှင့် ရန်ကုန်ကိုအရောက် ကျောင်းသားဘဝ သွားနေခဲ့ဖူးသည့် ဦးလေးဝမ်းကွဲက အိမ်တွင်တည်းရန် ခေါ်သည်။ မောင်မြတ်ထွန်းက ပါလာသော ရဲဘော်များနှင့်အတူ တပ်ထဲတွင်သာ တည်းပါရစေဟု ခွင့်တောင်းတော ဦးလေးက ညစာခေါ်ကျွေးသည်။

ထုံးစံအတိုင်း အရက်တိုက်သည်။

ညစာစားအပြီးတွင် ဦးလေးက ကားမောင်း၍လိုက်ပို့သည်။ မောင်မြတ်ထွန်းက လမ်းအနည်းငယ် လျှောက်လိုသဖြင့် ဆူးလေမီးပွိုင့်တွင် ချထားပေးပါရန် တောင်း သည်။

"မင်း အရက်သောက်ထားတာ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ... ဦးရဲ့။ ကျွန်တော် ညဈေးတန်း လျှောက်ချင်လို့ပါ"

ဦးလေးက တထင့်ထင့်နှင့်ပင် ချထားပေးခဲ့သည်။

ဆေးပေါ့လိပ်တစ်လိပ်ကို ဖိမ်နှင့်ဖွာရင်းက မဟာဗန္ဓုလလမ်း တစ်လျှော မောင်မြတ်ထွန်း လမ်းလျှောက်လာခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၏ ရန်ကုန်မြို့လယ် ကောင်မှာ လမ်းဘေးဈေးသည်များနှင့် ကြက်ပျံမကျ စည်ကားနေသည်။

ရွှေဘုံသာလမ်းထိပ်အရောက်တွင်တော့ လမ်းအတွင်းဘက် ထိပ်နားတွင် ရပ် ထားသော ဆလွန်းကားကလေးတစ်စီးကို လှမ်းမြင်လိုက်သည်။ အလွန် ရင်းနှီးကျွမ်းဝ ခဲ့ပြီးသား ကားအမျိုးအစားနှင့် အရောင်မို့ ကားနံပါတ်ကိုပါ ဖတ်ကြည့်ရန် ရည်ရွယ်ချက်နှ ရွှေဘုံသာလမ်းထဲသို့ ဝင်ခဲ့သည်။ ကားကလေးဆီ ချဉ်းကပ်အလာတွင်တော့ မိမိကဲ့သို့ပင် ချဉ်းကပ်လာသူနှင့် ပက်ပင်းတိုးမိတော့သည်။

"ဟယ် ... ကိုမြတ်ထွန်း"

"နွယ်နီ"

နွယ်နီဖေဦးပါတည်း။

(၁၀)

လိုက်ပို့ပေးမည်ဟု ကားပေါ်ကို ခေါ်သည်။





လိုက်သွားမိတော့ တပ်ကိုပြန်မရောက်ဘဲ သူ့အိမ်ကိုပါသွားသည်။ သူ့အိမ်တွင် အိမ်ဖော်မိန်းကလေးတစ်ဦးသာ ရှိလေသည်။

"ပြန်သွားဖို့ပဲ။ ဖေဖေတို့က ကျန်နေခဲ့တာ"

"ဪ"

"ကိုမြတ်ထွန်း ဘာသောက်မလဲ"

"တော်ပြီ ... နွယ်နီ၊ ကိုယ် ညစာ စားထားပြီးပြီ"

"ညစာစားပြီးလည်း ဘာဖြစ်လဲ၊ ရှယ်ရီလောက်တော့ ရမှာပါ။ ရေခဲသေတ္တာ ထဲမှာ အဆင်သင့်ပဲ"

"အေးလေ"

ရှယ်ရီကိုယ်စီသောက်ရင်းက စကားဆက်ကြတော့ နွယ်နီ ကျောင်းဟိုမှာပဲ ပြီးခဲ့ ပြီး အလုပ်ရနေပြီဖြစ်ကြောင်း၊ သည်တစ်ခါ ပထမဦးဆုံးအကြိမ် ပြန်လာဖူးခြင်း ဖြစ်ကြောင်း၊ မိဘတွေလည်း ဟိုမှာပဲ အခြေချနေပြီဖြစ်ကြောင်းတို့ကို သိရသည်။

တဖြည်းဖြည်းနှင့် နွယ်နီ ပို၍ပွင့်လင်းလာသည်။

"နွယ်နီ့ကို မေ့နေနိုင်လိုက်တာလို့ ထင်မှာပဲနော်"

"ဘာကိုလဲ ... နွယ်နီ"

"ကိုမြတ်ထွန်းကိုပေါ့"

မောင်မြတ်ထွန်းက ရိုးသားစွာ ပြုံးသည်။

"ကိစ္စမရှိပါဘူး ... နွယ်နီ၊ ရပါတယ်"

စိတ်ထဲရှိသည့်အတိုင်း ဖြေတာဖြစ်သော်လည်း နွယ်နီက မျက်နှာညှိုးသွားသည်။ မောင်မြတ်ထွန်းထိုင်နေသော ဆိုဖာနှစ်ယောက်ထိုင်ခုံ၊ မောင်မြတ်ထွန်းဘေးသို့ ပြောင်းထိုင်သည်။ မျက်နှာကို နီးကပ်စွာမော့ကြည့်သည်။

"မမေ့ပါဘူး ကိုမြတ်ထွန်းရယ်။ တစ်ချိန်လုံး သတိရနေတာပါ။ ဘဝလမ်းကြောင်းကို ဘယ်လိုဆက်လျှောက်ရမယ်ဆိုတဲ့ဟာတွေက ခံစားချက်ကို အမြဲဖုံးဖုံးပစ်နေခဲ့ကြတာ တစ်ခုတည်းပါ"

မောင်မြတ်ထွန်း ဘာဖြေရမည်မသိ။ ပခုံးတွန့်ပြ၍ ရှယ်ရီခွက်ကို မော့သောက်ပြီး စားပွဲပေါ်ချသည်။

"ကိုမြတ်ထွန်း အခု ဘာလုပ်နေလဲဟင်"

"ကိုယ်လား ... ကိုယ် အခု ဒုဗိုလ်မြတ်ထွန်းဖြစ်နေပြီ။ စစ်တိုက်နေတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်နီဖေဦးဝိုင်ကျသွားသည်။ မောင်မြတ်ထွန်းနှင့်သူ လုံးဝကွဲပြားခြားနားသော လမ်းကြောင်းနှစ်ခုပေါ်တွင် အသီးသီး လျှောက်နေကြပြီဖြစ်ကြောင်းကို သတိထားမိသွားသည်။

ထိုညက ...

နွယ်နီဖေဦးတစ်ယောက် မောင်မြတ်ထွန်းကို ပြန်ပို့ရန် ကတိကိုမေ့သွားသည်။ မောင်မြတ်ထွန်းကတော့ ဦးလေးစိတ်ပူနေတာကို မမေ့။ ဖုန်းဆက်၍ သူအိပ်တော့မည် စိတ်မပူပါနှင့် ... ဟု ပြောလိုက်သည်။

ဘယ်က ဆက်နေသည်၊ ဘယ်မှာ အိပ်မည်ဆိုတာတော့ ထည့်မပြောလိုက်။

(၁၀)

မောင်မြတ်ထွန်း၏တပ်ခွဲမှူး ဗိုလ်မှူးမျိုးဇော်လည်း ရန်ကုန်ကို ခွင့်နှင့် ရောက်နေသည်။

ဗိုလ်မှူးမျိုးဇော်မှာ ကျောင်းဆင်းဗိုလ် ပေါက်စကလေးမောင်မြတ်ထွန်းကို ရှေ့တန်းစခန်းကုန်းတွင် သူ့ကို လာသတင်းပို့စဉ်ကတည်းက "ဘယ်လိုကောင်ကလေးလဲ" ...ဟု တစ်ချိန်လုံး တွေးနေမိသူဖြစ်သည်။

ငယ်ရွယ်လွန်းဟန်ပေါက်နေခြင်း၊ နုတ်နည်းလွန်းခြင်း၊ ဗိုလ်သင်တန်းမှ ဆင်းလာခါစတွင်ပင် အလေးပြုလိုက်သော လက်မှလက်ချောင်းများ နုနည့်သိမ်မွေ့လွန်းနေသည်ကို သတိထားမိခြင်းတို့က ဗိုလ်မှူးမျိုးဇော်ကို စိတ်ပူစေသည်။

"မင်း မော်ဘီ အိုတီအက်စ်က ဆင်းတာဆို"

"ဟုတ်ကဲ့"

"ဘွဲ့ရလား"

"ဟုတ်ကဲ့"

"ဘာနဲ့ ပြီးလဲ"

"စိတ်ပညာနဲ့ပါ"

စိတ်ထဲက ကျွတ်ခနဲ မြည်တမ်းမိသည်။ စိတ်ပညာဘွဲ့ရသူနှင့်အတူ စစ်တိုက်ရမှာ တဲ့ လား။

ဗိုလ်မှူးမျိုးဇော်က ပြင်ဦးလွင် စစ်တက္ကသိုလ်ဆင်းပါ။

"အသက်က"

"၂၃ ပါ"





ရုပ်ထက်တော့ သူ့အသက်က ကြီးသည်"

"အရက်သောက်တတ်လား"

"ဟုတ်ကဲ့"

ဒါလည်း မကျေနပ်ပြန်။ ဗိုလ်မှူးမျိုးဇော်က အရက်မသောက်ပါ။

"အေး ... ရှေ့တန်းမှာတော့ ထိန်းရမယ် ကြားလား"

"ဟုတ်ကဲ့"

ဗိုလ်မှူးမျိုးဇော်က ဒုဗိုလ်မြတ်ထွန်းကို ဗွိုင့် ၂၀၇၉ ကာကုန်းကို တာဝန်ယူခိုင်းလိုက်သည်။ အရေးကြီးသော စခစ်ကုန်းဖြစ်ပြီး တပ်၏ဦးကင်းတွင် ရှိနေခြင်း၊ တပ်ရင်းမှူးနှင့် တိုက်ရိုက်ဆက်သွယ် သတင်းပေးရသည့် စကားပြောစက်တစ်လုံး ရှိနေခြင်းတို့ကြောင့် ဝါရင့်တပ်စုမှူးတစ်ဦးကို ချထားရမည့်နေရာမျိုးဖြစ်သော်လည်း လက်ရှိတပ်စုမှူးက သင်တန်းတက်ရန် နောက်တန်းသို့ ပြန်ရမည်ဖြစ်၍ အစားရောက်လာသော ဒုဗိုလ်မြတ်ထွန်းကို တင်ရခြင်းဖြစ်သည်။

စခန်းတည်ရှိ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်ရမည့် တာဝန်များကို ဗိုလ်မှူးမျိုးဇော် ရှင်းပြတော့ ဒုဗိုလ်မြတ်ထွန်း မှတ်စုစာအုပ်ငယ်ဖြင့် လိုက်၍မှတ်သည်။

"အောက်က ရေဆင်းခပ်တဲ့နေရာကို သတိထား။ ရေကင်း မပြတ်ချထား။ မထင်တဲ့အချိန်မှာ ဝင်ပစ်နိုင်တယ်။ အသံလုံခြုံရေးကိုလည်း သတိထား။ မလိုအပ်ဘဲ ဘာသံမှ မထွက်နဲ့။ တောကောင်မပစ်နဲ့။ ကြားလား"

"ဟုတ်ကဲ့"

"ဘာမေးစရာရှိလဲ"

"မရှိပါဘူး"

ကာဘိုင်ရိုင်ဖယ်တစ်လက်၊ မြေပုံအိတ် တစ်လုံးလွယ်၍ ခါးမှာ ပစ္စတိုတစ်လက် ထိုးပြီး စခန်းကုန်းပေါ်မှ ဆင်းသွားသော ဗိုလ်ပေါက်စကလေး၏ ကျောကုန်းကိုကြည့်၍ ဗိုလ်မှူးမျိုးဇော် သက်ပြင်းချမိသည်။

ကျောင်းဆင်းခါစ စစ်ဗိုလ်ကလေးများ ခါတိုင်း ရောက်လာလျှင် တချို့က ပြာနေတတ်သည်။ တချို့က သိပ်တက်ကြွနေကြသည်။ သည်တစ်ယောက်ကတော့ အေးတိအေးစက်။ ဟုတ်ကဲ့ ... ကလွဲ၍ ဘာမှ ပြန်မပြော။ နားကော တကယ်ဝင်ရဲ့လားမသိ။

ဒုဗိုလ်မြတ်ထွန်း ဗွိုင့်ကုန်းတွင် နေရာယူပြီး ငါးရက်ခန့်အကြာတွင် အဲသည်သက်မှ ပေါက်ကွဲသံကြားရသည်။

တပ်ရင်းမှူးက ချက်ချင်း ဆက်သွယ်ရေးစက်ဖွင့်၍မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသံလဲကွ"

"ကွဲသံပါ ... အဘ။ သစ်နက်ဘက်က ခန့်မှန်းပါတယ်"

တပ်ရင်းမှူး၏ဆက်သွယ်ရေးစက်က "သစ်နက်"ခေါ် ဒုဗိုလ်မြတ်ထွန်းကို ဆ

မေးသည်။

"သစ်နက်မှ လင်းယုန်၊ သစ်နက်မှ လင်းယုန်။ အနောက်တောင်ဘက် ကို

၅၀၀ မှ ကွဲသံ ဖြစ်ပါတယ်။ စုံစမ်းပြီး သတင်းဆက်ပို့ပါမယ်။ ဒါပဲ"

ဗိုလ်မှူးမျိုးဇော် သက်ပြင်းချသည်။ သတင်းပို့တော့တိကျသားပဲဟု တွေးမိသ

မကြာမီ ဒုဗိုလ်မြတ်ထွန်းအသံစက်တွင်ပေါ်လာပြန်သည်။ မိုင်းပေါင်းကိုဒရယ်တိုက်

ကွဲကြောင်း သတင်းပို့သည်။

နောက်တစ်နေ့ မနက်တွင် ဗိုလ်မှူးမျိုးဇော်ရှိရာ စခန်းကုန်းသို့ ဧရှ့ကုန်

ရဲဘော်များ ဒရယ်သားလာပို့သည်။ ဒရယ်သားသာမက အခြားအသား တစ်ခုလ

ပါလာသည်။

"ဒါက ဘာလဲကွ"

"တောဝက်ပါ ဗိုလ်မှူး။ ဗိုလ်ကြီးမြတ်ထွန်း ပို့ခိုင်းတာပါ"

"တောဝက်က ဘယ်လိုရသလဲ"

"မိုင်းကွဲတဲ့နေရာကို ဆင်းကြည့်ရင်း လမ်းမှာတွေ့တာပါ"

"ပစ်သံ မကြားရပါလားကွ"

"ကျွန်တော်တို့ပစ်မလို့လုပ်တာ ဗိုလ်မှူး။ ဗိုလ်ကြီးမြတ်ထွန်းက အသံထွက်မ

မပစ်နဲ့ဆိုပြီး ရဲဘော်တွေကို သူဘက်ခြောက်ထုတ်ခိုင်းပြီး ဓားအရှည်နဲ့ ခုတ်ဖမ်းတာ

ကျွန်တော်တို့လည်း လှံစွပ်နဲ့ထိုးကြတာ"

ဗိုလ်မှူးမျိုးဇော် နည်းနည်းဖျားသွားသည်။

"ဒီကောင် မဆိုးမျိုးရိုးလားမသိ"

ရယ်ကျဲကျဲနှင့်သာ မှတ်ချက်ပြုမိသည်။

(၁၁)

ရန်ကုန်တွင် မိသားစုနှင့် ဆုံတွေ့၍ ရွှေ တိဂုံစေတီတော်ကို တက်ဖူးနေ

ဗိုလ်မှူးမျိုးဇော် ဒုဗိုလ်မြတ်ထွန်းနှင့်ဆုံသည်။

မြန်မာ့ဘုရင်လက်ထက်ကစစ်သူကြီးမဟာမင်းလှကျော်ထင်လှူဒါန်းထားသည်

အဆိုရှိသော တန်ဆောင်းရှေ့လှေကားတွင် မိသားစုနှင့်အတူထိုင်နေစဉ် သူတို့





စေတ်ဆန်ဆန်ဝတ်စားထားသော အမျိုးသမီးငယ်တစ်ဦးနှင့်အတူ ဖြတ်သွားသော

ဒုဗိုလ်မြတ်ထွန်းကို လှမ်းမြင်သည်။

မောင်မြတ်ထွန်းကလည်း ကျော်သွားမလိုဖြစ်ပြီးမှ ဗိုလ်မှူးမျိုးဇော်ကို တွေ့၍

ပြန်လှည့်လာသည်။ နွယ်နီဖေဦးကိုပါခေါ်ပြီး ဗိုလ်မှူးမျိုးဇော်ရှေ့တွင်ရပ်၍ အလေး

ပြုသည်။

"အေး ... လာ ... မြတ်ထွန်း"

မောင်မြတ်ထွန်းနှင့် နွယ်နီဖေဦးတို့ ဗိုလ်မှူးမျိုးဇော်တို့ မိသားစုဘေးတွင်

စပ်ယို့ယို့ ဝင်ထိုင်ကြသည်။

"ဒါက ငါ့ဇနီး။ ဒါက သား"

"ဟုတ်ကဲ့ခင်ဗျ"

သူကတော့ နွယ်နီဖေဦးကို ဘယ်လိုမှ မိတ်ဆက်မပေး။

"မင်းကိစ္စတွေ ပြီးပြီလား။ ဘယ်နေ့ ပြန်မလဲ"

"တနင်္ဂနွေ ပြန်ဖို့လုပ်ထားပါတယ် ဗိုလ်မှူး"

"ထုတ်ထားတဲ့ပစ္စည်းတွေ တစ်ခါတည်းသယ်မှာလား"

"ဟုတ်ကဲ့"

"အေး ...ကိုယ်တောင် စောစောက မောင်ရင့်အကြောင်း တွေးနေမိသေးတယ်။

တန်ဆောင်းထဲမှာ မောင်ရင့်နာမည်တူ တွေ့နေလို့"

ဗိုလ်မှူးမျိုးဇော်က ဆင်းတုတော်ကြီးတစ်ဆူအောက်မှ "ဦးအောင်မြတ်၊ဒေါ်ထွေး၊

သား မောင်မြတ်သာ၊ မောင်မြတ်ထွန်း၊ သထုံမြို့ကောင်းမှု" ဆိုသည့် စာတမ်းကို လှမ်း၍

လက်ညှိုးထိုးပြသည်။

"အဲဒါ ကျွန်တော်ပါ ဗိုလ်မှူး"

ဗိုလ်မှူးမျိုးဇော် အံ့ဩသွားသည်။

"မင်းက မြန်မာပဲနော်"

"ဟုတ်ပါတယ်ခင်ဗျ"

"ငါက တောဝက်ကိုတောင် ဓားနဲ့ခုတ် ဖမ်းနိုင်တော့ မင်းကို တိုင်းရင်းသားမှဆိုး

အနွယ်ထဲက ထင်နေတာကွ"

ဗိုလ်မှူးမျိုးဇော်က ပြောရင်းရယ်သည်။ နွယ်နီဖေဦးက အံ့ဩဟန်ဖြင့်

မောင်မြတ်ထွန်းကို လှည့်မေးသည်။

"တောဝက်ဆိုတာ အစွယ်နဲ့ပက်တတ်တယ်မဟုတ်လား။ ကိုမြတ်ထွန်းက ဓားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ဖမ်းတယ်၊ ဟုတ်လား"

မောင်မြတ်ထွန်းက ပြုံးသည်။

"အဲဒီဝက်က သေးသေးလေးမို့ပါ"

ဗိုလ်မှူးက ယခုမှ သတိရဟန်ဖြင့် မောင်မြတ်ထွန်းကို မေးသည်။

"ဒါနဲ့ မင်းတို့က ဒီတန်ဆောင်းမှာ ဆင်းတုတွေဘာတွေလှူဖူးတော့ ဒီတန်ဆော သမိုင်းများ နည်းနည်းသိမလား မသိဘူး။ ဒါ ... မြန်မာဘုရင်လက်ထက်က စစ်သူကြ မဟာမင်းလှကျော်ထင် လှူထားတယ်ဆိုတာ ဟုတ်လား"

နွယ်နီဖေဦး ဒုတိယအကြိမ် မောင်မြတ်ထွန်းမျက်နှာကို လှည့်ကြည့်မိသည် မောင်မြတ်ထွန်းက ခေါင်းခါသည်။

"မဟုတ်ပါဘူး ... ဗိုလ်မှူး၊ သူ ဆုံးသွားပြီးမှ သူ့သမီး ဒေါ်ခင်ခင်ထားက အဖေ ရည်စူးပြီးလှူတာပါ။ ဒီတန်ဆောင်းက ၁၉၂၈ ခုနှစ်ကျမှ ဆောက်တာပါ။

ဗိုလ်မှူးမျိုးဇော်က သဘောကျစွာ ရယ်သည်။

"မင်းက တယ် တိကျပါလားကွ။ အဲဒါ ဘယ်ကသိထားတာလဲ"

"ဒေါ်ခင်ခင်ထားက ရှိပါသေးတယ် ခင်ဗျ။ ကျွန်တော့်အဘွားပါ"

"ဟေ"

(၁၂)

တန်ဆောင်းတွင်းမှ ဆင်းသွားသော မောင်မြတ်ထွန်းနှင့် နွယ်နီဖေဦးတို့ ငေးကြည့်ရင်းက ဗိုလ်မှူးမျိုးဇော် ခေါင်းကို ဖြည်းညင်းစွာခါသည်။

"မဝုံ တက်သေးနဲ့ ဘယ်လိုကောင်လဲ စဉ်းစားနေတာ လက်စသတ်တော ဒီကောင် က ဆွေကြီးမျိုးကြီးကိုး၊ ခုလည်း ဘယ်က ကောင်မလေးတွဲခုတ်လာပြန်တ မသိဘူး"

ဗိုလ်မှူးမျိုးဇော် ဇနီးက ပြုံးသည်။

"တောဝက်တောင်မှားနဲ့ခုတ်ဖမ်းတယ် ဆိုတော့ သတ္တိတော့ တော်တော်ကောင် ပဲနော်"

"ပွဲတိုးမှပဲ သိရမှာပဲလေ"

အဲသည် ဗိုလ်မှူးမျိုးဇော်ပြောသော "ပွဲ" က ထင်တာထက် စောစီးစွာ ရောက်ရှိ လာလေသည်။





(၁၃)

ဒုဗိုလ်မြတ်ထွန်း တပ်ရင်းသို့ ရောက် ရှိပြီး ပထမဦးဆုံး စချင်းနှီးခဲ့ သူမှာ ဗိုလ်ကြီးကျော်ကျော်စိုးဖြစ်သည်။ ဗိုလ်ကြီးကျော်ကျော်စိုးက ဒုဗိုလ်မြတ်ထွန်းနှင့် တပ် ခွဲတစ်ခွဲတည်း အတူကျနေသူ တပ်စုမှူး တစ်ဦးဖြစ်ပြီး လူပျိုဖြစ်၍ လူပျိုအရာအရှိ ရိပ်သာတွင် အတူနေသူ ဖြစ်သည်။

"အရက်သောက်တတ်လား ... ညီလေး"

"ဟုတ်ကဲ့"

"အိုကေ ...ကိုယ်နဲ့တွဲလို့ရပြီ"

တကယ်လည်း တွဲမိသွားကြသည်။

ဗိုလ်မှူးမျိုးဇော်ကလည်း မိသားစုခေါ်မလာသဖြင့် လူပျိုရိပ်သာတွင်ပင်နေသည်။ အရက်မသောက်တတ်သော ဆရာသမားကို အားနာသဖြင့် ညနေပိုင်းဆိုလျှင် ဗိုလ်ကြီး ကျော်ကျော်စိုးက ဒုဗိုလ်မြတ်ထွန်း၏ အခန်းဝတွင်ခေါင်းပြူ၍ ဂျပန်သံဖြင့်၊ "ဆာကေး၊ ဆာကေး" ဟု တိုးတိုးခေါ်လေ့ရှိသည်။

ဗိုလ်မှူးမျိုးဇော်က တပည့်တွေ အရက်သောက်တာ မကြိုက်သော်လည်း နောက်တန်းမှာတော့ သောက်ပါစေလေဟု မသိချင်ယောင်ဆောင်နေတတ်သည်။ ပြီးတော့ အရက်သောက်တတ်သော လူပျိုအရာရှိအားလုံးထဲတွင် ဗိုလ်ကြီးကျော်ကျော်စိုးက ဖသက်လည်းအကြီးဆုံး စည်းကမ်းလည်းအရှိဆုံးမို့ လူသစ် ဒုဗိုလ်မြတ်ထွန်းကို ဗိုလ်ကြီး ကျော်ကျော်စိုးနှင့်တွဲမိသွားတာ သူ သဘောကျသည်။

သည်နှစ်ယောက်က ညနေတိုင်း အရာ ရှိရိပ်သာ ဝရန်တာမှာ ခုံကလေးနှစ်လုံး၊ စားပွဲကလေးတစ်လုံးချ၍ သောက်ကြသော်လည်း သီချင်းဆိုတာ၊ ငြင်းခုန်တာ၊ ဆူညံတာ မရှိ။ စကားတောင် တိုးတိုးပဲပြောကြသည်။ ရိပ်သာရဲဘော်ကလေးများ အပြောအရ တော့ စကားပြောတာကလည်း ဗိုလ်ကြီးကျော်ကျော်စိုးတစ်ယောက်တည်းတဲ့။ ဒုဗိုလ်မြတ်ထွန်းက ဆေးပေါ့လိပ်ဖွာလိုက် ခေါင်းညိတ်လိုက်သာ လုပ်နေသတဲ့။ နောက်ဆုံးကျလျှင်တော့လည်း ဗိုလ်ကြီးကျော်ကျော်စိုးပဲ မူးသွားပြီး ဒုဗိုလ်မြတ်ထွန်းက မူးလေ့မရှိသည့်အတွက် တစ်ခါတစ်ခါ ဗိုလ်ကြီးကျော်ကျော်စိုးကို အိပ်ရာထဲ တွဲပို့ရ သည်ဟု ပြောကြတော့ ဗိုလ်မှူးမျိုးဇော် ပြုံးမိသည်။

သူတို့နှစ်ယောက်ကို ဗိုလ်မှူးမျိုးဇော် အကြိုက်ဆုံးအချက်ကတော့ ဘယ်တော့မှ မြို့ထဲသွားမသောက်တာပါ။ အရာရှိကလေးတွေ မြို့ထဲသွား စားကြသောက်ကြတိုင်း ဗိုလ်မှူးမျိုးဇော် စိတ်ပူတတ်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ ဗိုလ်ကြီးကျော်ကျော်စိုးက ဒုဗိုလ်မြတ်ထွန်းကို စကားစသည်၊

"ညီလေး ... မင်း မြို့ထဲတွေဘာတွေ လည်ချင်ရင်ပြောနော်၊ အားမနာနဲ့၊ ကိုယ် ဗိုလ်မှူးဆီက ကားတောင်းပြီး လိုက်ပို့ပေးမယ်"

ဒုဗိုလ်မြတ်ထွန်းက ခဏငြိမ်စဉ်းစားနေပြီးမှ ပြန်မေးသည်၊

"အစ်ကိုကြီး၊ မောင်ကံရပ်ဆိုတာ သိလား"

"မောင်ကံရပ်က ဒီနားတင်ကွ၊ လမ်းလျှောက်လို့ရတယ်၊ သူဌေးတွေနေတာ များတယ်။ မင်းအမျိုးတွေရှိလို့လား"

"အမျိုးတော့ မရှိပါဘူး၊ မိတ်ဆွေတစ်ယောက် လိပ်စာပေးသွားလို့"

ဗိုလ်ကြီးကျော်ကျော်စိုး သဘောကျစွာရယ်သည်။

"ဘာလဲကွ ... ညီလေး၊ မိန်းကလေး မိတ်ဆွေလား"

"မိန်းကလေးတော့ မိန်းကလေး၊ သိပ် အရင်းနှီးကြီးတော့ မဟုတ်ပါဘူး၊ ဒီမြို့ ရောက်ရင်လာလည်ဖို့ ခေါ်ထားတာ၊ ကျွန်တော်ရောက်တာ နှစ်ပတ်တောင်ရှိပြီ မရောက်ဖြစ်သေးတော့ မကောင်းဘူးလားလို့"

"ကောင်းမကောင်းက ချောမချောပေါ်မူတည်ပြီး ဆုံးဖြတ်ရတာကွ၊ ငါ့ကောင် မင်းပြောတဲ့မိန်းကလေးက ချောရော ချောသလား"

ဗိုလ်ကြီးကျော်ကျော်စိုးက အရက်ခွက်ကိုငုံ့ရင်းက နောက်သည်။ ဒုဗိုလ်မြတ်ထွန်း က စဉ်းစားနေပြီးမှဖြေသည်၊

"ပြောရတော့ ခက်သားပဲအစ်ကိုကြီးရ၊ အသားက တော်တော်ဖြူတယ်၊ ဆံပင်က အရှည်ကြီး၊ မြန်မာဆန်ဆန်ပဲ ဝတ်ထားတာ၊ ချောတယ်ဆိုတာထက် ကျက်သရေ တာမျိုးပေါ့"

"အလို ... တယ်ဆိုပါလား၊ မောင်ကံရပ်က သူဌေးသမီးတွေ ငါတို့သိတာများ ပါတယ်ကွာ၊ နာမည်က ဘာတဲ့လဲ"

ဗိုလ်ကြီးကျော်ကျော်စိုး၊ မေးရင်းက အရက်တစ်ကျိုက် ငုံလိုက်သည်၊

"ဒေါက်တာအေးအေးမွန်တဲ့"

ဗိုလ်ကြီးကျော်ကျော်စိုး အရက်များသီးသွားပါသည်၊

(၁၄)

ဗိုလ်ကြီးကျော်ကျော်စိုးက ကုန်းမြင့်ပေါ်က နှစ်ထပ်တိုက်ကြီးကို လက်ညှိုးညွှ ပြသည်။





"အဲဒါပဲ ... ညီလေး၊ ငါ ရိပ်သာပဲ ပြန်တော့မယ်"

"အိုကေ ... အစ်ကိုကြီး"

စီးကရက်ကလေး တဖွာဖွာနှင့် တောင်ကုန်းမြင့်ကလေးအပေါ်သို့ မြေနီလမ်း ကလေးအတိုင်းလမ်းလျှောက်တက်သွားသော ဒုဗိုလ်မြတ်ထွန်း၏ကျောပြင်ကိုငေးကြည့် ရင်းက ဗိုလ်ကြီးကျော်ကျော်စိုး သက်ပြင်းချမိသည်၊

"ခွေးကောင်လေး၊ မလွယ်ပါလား"

ဒေါက်တာအေးအေးမွန်က သည်မြို့မှာ ဆွတ်ခူးရန် အခက်ဆုံးပန်းလှလှကလေး တစ်ပွင့်ပါ။ မိဘက ချမ်းသာ၊ သမီးက သွားဆရာဝန်၊ အနေအထိုင်က တည်ကြည်လွန်း၊ မိတက ထည်ဝါလွန်းသဖြင့် လူပျိုအရာရှိငယ်များ အပါအဝင် တစ်မြို့လုံးက လူပျို လူငယ်များအနားပင် မသီနိုင်ခဲ့ကြပါ။

ခုတော့ ခုမှရောက်လာသည့် သည်မှုန်တေတေ သကောင့်သားက ရထားပေါ်မှာ ပြတင်းပေါက်မှန်ဖွင့်မရတာ ကူညီရင်းက လိပ်စာပါရခဲ့သတဲ့၊

"မနက်မှ သွားလေဟာ"

"ဘာလို့လဲ ... အစ်ကိုကြီး"

"မင်းက အခုသောက်ထားတာလေဟာ"

"ဂျင်တန်ငုံ လိုက်ရင် ရပါတယ် ... အစ်ကိုကြီးရ၊ ညဘက်သွားမှ မနက် တစ်နေရာရာမှာ ပြန်ဆုံလို့ရတာပေါ့"

"ဟ ... ထင်လှချည်လားကွ၊ မင်းက ဒေါက်တာအေးအေးမွန်ကို ဘာမှတ်နေလဲ၊ အိမ်ဖိတ်တာတောင် ငါ မင်းတစ်ယောက်ပဲ ကြားဖူးသေးတယ်၊ သူ့အဖေကြီး ကလည်း တည်မှတည်"

ဒုဗိုလ်မြတ်ထွန်းက ရယ်ကျဲကျဲသာ လုပ်နေသည်၊

ဗိုလ်ကြီးကျော်ကျော်စိုးလိုက်ပြပြီး ပြန်သွားတော့ ဒုဗိုလ်မြတ်ထွန်း ဒေါက်တာ အေးအေးမွန်တို့အိမ်ထဲဝင်သွားသည်၊

ဒေါက်တာအေးအေးမွန်၏ မိဘများမှာ သမီးပျိုထံ လာလည်သော လူပျိုအရာရှိ ပေါက်စကလေးကို စူးစမ်းတာ၊ အကဲခတ်တာရှိသော်လည်း အရာရှိတစ်ဦးဆိုတာ ဖြစ်၍လည်းကောင်း၊ သမီးဖြစ်သူ၏ တည်ကြည်မှုကို ယုံကြည်ပြီး ယောကျ်ားကလေး တစ်ဦး အိမ်အလည်လာဖို့ခေါ်တာလည်း ဒါပထမဦးဆုံးဖြစ်နေသဖြင့် ဖော်ဖော်ရွေရွေပင် ညှိခံ စကားပြောကြသည်။

ညစာစားဖို့လည်း ဖိတ်ခေါ်ကြသဖြင့် ဝင်စားဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ညစာအပြီးတွင် မိဘတွေ အပေါ်ထပ်တက်သွားကြသဖြင့် ဧည့်ခန်းထဲတွ ဒေါက်တာအေးအေးမွန်နှင့် ဒုဗိုလ်မြတ်ထွန်းတို့သာ ကျန်ခဲ့သည်၊

"တပ်ထဲမှာ တစ်ယောက်တည်းနေရတော့ ဘာတွေလုပ်နေလဲ"

"အရက်ပဲ သောက်နေတာပဲ"

ဒေါက်တာအေးအေးမွန်က မျက်လုံးကလေးပိတ်အောင် ရယ်သည်။

"ထင်သားပဲ၊ နေ့တိုင်းပဲ သောက်တာပဲလား"

"ညနေပိုင်းလောက်ပါပဲ"

"အိုး ... မနက်ပိုင်းများ သောက်ချင်သေးလို့လား"

"ဆုံးမမယ့်လူမှ မရှိတာ"

ဒေါက်တာအေးအေးမွန် ရယ်ပြန်သည်၊

"ရည်းစားမရှိဘူးလို့ ပြောတာလား"

"ဟုတ်ကဲ့"

"မယုံပါဘူးကွာ၊ ဒီလောက် နှုတ်သွက်တဲ့လူကများ"

ဒုဗိုလ်မြတ်ထွန်း ပခုံးတွန့်ပြသည်၊

"အဖေနဲ့ အမေကတော့ "ရှုတင်းတင်းနဲ့ကောင်" လို့ ပြောတာပဲ"

ရယ်ပြန်ပါသည်။

ဒုဗိုလ်မြတ်ထွန်းက တွေဝေစဉ်းစားနေသည်၊

"ဘာတွေစဉ်းစားနေတာလဲ"

"မမလို့ခေါ်ရင် စိတ်ဆိုးမလားလို့ပါ"

"မမ" က ပြုံးသည်။

"ကျွန်မအသက်ကို ဘယ်လောက်လို့ထင်လို့လဲ"

ဒုဗိုလ်မြတ်ထွန်းက ပခုံးတွန့်ပြသည်။

"မမှန်းတတ်ပါဘူး၊ မမက နုနုကလေးဟာ။ သွားဆရာဝန် ဆိုရင်တော ကျွန်တော့်ထက် ကြီးမှာပဲလို့သာထင်ရတာ"

"စားပါဦး လက်ဖက်သုပ်ကလေး"

ဒေါက်တာအေးအေးမွန်က လက်ဖက်သုပ်ပန်းကန်ကလေးကို ရှေ့တိုးပေး ကျီစယ်သည်၊ ဒုဗိုလ်မြတ်ထွန်းက တစ်ဇွန်းခပ်စားရင်းက ထပ်ပြောသည်၊

"ကျွန်တော့်ကိုလည်း ဗိုလ်ကြီးလို့ မခေါ်နဲ့လေ"

"ဘာလဲ ... မောင်လေးလို့ ခေါ်ရမှာလား"

"မောင်မြတ်ထွန်းလို့ ခေါ်လည်း ရပါတယ်။"

"မမ" က ရယ်ပြန်သည်၊

"အိမ်ခေါ်နာမည် မရှိဘူးလား"

"ရှိတယ်"

"ဘာတဲ့လဲ"

"သားငယ်တဲ့"

"အိုး ... အဟုတ်မှတ်လို့"

သည်ညနေအဖို့တော့ "မမ" ပါးစပ် မပိတ်ရတော့"

ပြန်ခါနီးမှာ "မမ" က မှာသည်၊

"မနက်ဖြန် အိမ်က ဘိုးဘွားရိပ်သာမှာ အလှူလုပ်မလို့၊ လာခဲ့ပါလား"

"လာမယ်လေ၊ အစ်ကိုကြီးတစ်ယောက်တော့ ခေါ်ခဲ့ချင်တယ်"

"ခေါ်ခဲ့လေ၊ ဘယ်ကလဲ"

"ဗိုလ်ကြီးကျော်ကျော်စိုးတဲ့၊ ရိပ်သာမှာ အတူနေတာဆိုတော့ အုပ်ထိန်းသူလို ဖြစ်နေလို့"

"ဘာဆိုင်လို့လဲ"

"လူကြီးချင်း ရင်းနှီးရအောင်လို့ပါ"

"ဟယ် ဒီကလေး ... တွေ့ကရာတွေ ပြောပြန်ပြီ"

ဖြူဖွေးသောပါးပြင်ကလေး နီစွေးလျက် ပခုံးကိုလက်ဖြင့် ဖွဖွရိုက်လေသည်၊

(၁၅)

အိပ်ရာနိုး၍ မျက်နှာသစ်မည်အကြံဖြင့် ထွက်လာသော ဗိုလ်ကြီးကျော်ကျော်စိုး တစ်ယောက် ဝရန်တာတွင် ဆေးပေါ့လိပ်တိုင်ဖွာနေသော ဒုဗိုလ်မြတ်ထွန်းကိုတွေ့ရသည်။

"ကောင်လေး ... မင်း မနေ့က ဘယ်အချိန်ပြန်လာသလဲ"

ဒုဗိုလ်မြတ်ထွန်းက မိုးဖွဲဖွဲကျနေသော အပြင်ဘက်ကို ငေးကြည့်နေရာက လှည့် ကြည့်၍ ပြုံးပြသည်။

"စနောရီပဲ ရှိပါသေးတယ် အစ်ကိုကြီးရ၊ အစ်ကိုကြီးဟာ အစ်ကိုကြီး များသွားပြီး"

"အေးပါကွာ၊ ငါ့ဘဝက အရက်ပဲ သောက်အိပ်နေရတဲ့ ဘဝကိုး၊ မင်းကတော့ အရက်တောင် မေ့သွားပြီပေါ့လေ၊ ဟုတ်လား"

"မမေ့ပါဘူး၊ ကျွန်တော်ညကတောင်ဆက်သောက်သေးတယ်၊ အစ်ကိုကြီးကိုတောင်

www.burmeseclassic.com



လာနိုးသေးတယ်။ နိုးမရလို့ ခြင်ထောင်တောင် ချပေးခဲ့ရသေးတယ်"

ဗိုလ်ကြီးကျော်ကျော်စိုးက ရယ်သည်။

"ငါက မင်း ညစာပါ စားနေပြီမှတ်နေတာ"

"စားပါတယ်၊ စားပြီးမှ ပြန်လာတာ"

"ဟ ... အဲဒါ ပြန်သောက်ရလားကွ၊ အကျင့်ပျက်ကလေး"

ဒုဗိုလ်မြတ်ထွန်းက ရယ်ကျဲကျဲလုပ်နေသည်။

"ကဲပါ ... သွားမျက်နှာသစ်ချေ၊ ကျွန်တော် ကော်ဖီဖျော်ခိုင်းလိုက်မယ်၊ ကော် သောက် ပြီးရင် သွားစရာရှိတယ်။ ဗိုလ်မှူးဆီမှာ ကားတောင်းပေး၊ အစ်ကိုကြီးလ လိုက်ရမှာ"

"ဘယ်လဲဟ"

"ဒေါက်တာအေးအေးမွန်တို့ အလှူ၊ ကျွန်တော် အစ်ကိုကြီးပါ ခေါ်ခဲ့မယ် ပြောထားတယ်"

"သွက်လှချည်လား ... ရှာတိတ်ရာ"

"မနေ့ကတည်းက ကျွန်တော်ပြောသားပဲ"

"ထားပါကွာ၊ ငါက ဘာလို့လိုက်နေရဦးမှာလဲ၊ ကားတောင်းဆို တောင်းပေးမ မင်းဟာမင်း မောင်းသွားပေါ့"

"ဟာ ... အစ်ကိုကြီးကလည်း ကားတောင်းခိုင်းချင်လို့ အစ်ကိုကြီးကို ခေါ်တာ မဟုတ်တာ"

"နို့ ... ဘာလုပ်ဖို့ခေါ်တာလဲ"

"အဘိုးကြီး၊ အဘွားကြီးနဲ့ လေပစ်ပြီး ထိန်းထားပေးဖို့၊ ဒါမှ ကျွန်တော်က မ အေးအေးဆေးဆေး ပြောရမှာ"

"ကောင်းကွာ၊ ကြိတ်လိုက်ဟေ့"

(၁၆)

နောက်ပိုင်းတွင်တော့ ဒေါက်တာအေးအေးမွန်အိမ်ကို ဒုဗိုလ်မြတ်ထွန်း ဝင်ထွက် နေသည့် ကိစ္စက အရာရှိငယ်ကလေးများ ပါးစပ်ဖျားမှာ ရေပန်းစားလာသည် ဗိုလ်ကြီးကျော်ကျော်စိုးလည်း ဒုဗိုလ်မြတ်ထွန်း မရှိသဖြင့် တခြားအရာရှိငယ်ကလေ တွေနှင့်ဝိုင်းဖွဲ့ရတာ များလာသည်။ ထိုသို့သော တစ်ညနေတွင် အရာရှိငယ်ကလေးများက ဗိုလ်ကြီးကျော်ကျော်စိုးကို ဝိုင်းအစ်ကြသည်။





"အစ်ကိုကြီး၊ မြတ်ထွန်းနဲ့ သွားဆရာဝန်မကလေးက ဖွဲ့သွားကြပြီလား"

"သိဘူးလေကွာ၊ မဖွဲ့လည်း တွဲနေတာပဲ၊ ဘာဖြစ်လို့လဲ"

အရာရှိကလေးက ရယ်သည်။

"ကျွန်တော်တို့လည်း ဒီမြို့မှာနေတာကြာပါပြီ အစ်ကိုကြီးရာ၊ ရောလို့တောင် မရဘူး၊ ဒီကောင့်ကျမှ မြန်လိုက်တာ"

"အေးဗျာ၊ ရုပ်ဖြောင့်လို့ဆိုလည်းထားပါဦး၊ မှန်တေတေနဲ့"

တစ်ယောက်က ဝင်ထောက်ခံသည်။

"မဟုတ်ဘူးလေကွာ၊ ဒီကောင့်မှာက "ချစ်မွေး" ပါတယ်"

"ဘယ်နားမှာပါတာလဲ အစ်ကိုကြီး"

တစ်ယောက်က ဝင်နောက်သည်။ ဗိုလ်ကြီးကျော်ကျော်စိုး တစ်တစ်ခွခွ ဖြေလိုက်မှ ဝိုင်းရယ်ကြသည်။

(၁၇)

ရှေ့တန်းထွက်ခါနီး တစ်ပတ်လောက် အလိုတွင်တော့ ဒုဗိုလ်မြတ်ထွန်းကြောင့် ဗိုလ်ကြီးကျော်ကျော်စိုး ခေါင်းခဲရသည်။

ရန်ကုန်တက္ကသိုလ်တွင် ဒုဗိုလ်မြတ်ထွန်းနှင့် ခင်ခဲ့ဖူးသည့် ခပ်ပွေပွေ သူဌေးသား တစ်ယောက်နှင့်သူငယ်ချင်းတွေက လာခေါ်သည်။ သူတို့က ကမ်းခြေဘက်သွားကြမှာ ဖြစ်သော်လည်း တစ်ည သည်မြို့မှာ အိပ်မည်။ ဒုဗိုလ်မြတ်ထွန်းက ဗိုလ်ကြီးကျော်ကျော်စိုး ကို မြို့ထဲမှာသူတို့နှင့် လိုက်အိပ်ဖို့ ခွင့်တောင်းသည်။ ဗိုလ်ကြီးကျော်ကျော်စိုးက "ပြဿနာ မဖြစ်စေနဲ့" ဟု သတိပေး၍ လွှတ်လိုက်သည်။ ပြဿနာမဖြစ်ပါ။

သို့သော် မနက်ပြန်လာပို့သော ကားနှင့်လမ်းထလျှောက်သော ဗိုလ်ကြီးကျော်ကျော်စိုး မျက်ပင်းတိုးတော့မှ ရန်ကုန်က တက်လာသော အဖွဲ့တွေထဲမှာ မိန်းကလေးတွေပါတာ ဗိုလ်ကြီးကျော်ကျော်စိုး သိသွားတော့သည်။

"ဒါမျိုးတွေ မပတ်သက်စမ်းပါနဲ့ ညီလေးရာ၊ မင်း အရာရှိကွ"

"ဘာမှမဖြစ်ပါဘူး အစ်ကိုကြီးရာ၊ သူတို့လည်း ဆက်ထွက်သွားပါပြီ"

သက်ပြင်းပင် မချနိုင်သေး။

နောက် ငါးရက်အကြာမှာ ပြဿနာတက်လေသည်။

ဒုဗိုလ်မြတ်ထွန်းက ထုံးစံအတိုင်း ဒေါက်တာအေးအေးမွန်တို့အိမ်တွင် ညစာ သွားစားသည်။ ဗိုလ်ကြီးကျော်ကျော်စိုးနှင့် ဗိုလ်မှူးမျိုးဇော်က လမ်းလျှောက်ထွက်ပြီး

www.burmeseclassic.com



ပြန်အလာ တပ်ရင်းဂိတ်ဝတွင် တပ်ရင်းမှူးမိသားစု လမ်းလျှောက်ထွက်လာတာနှင့်ဆုံ
ရပ်ပြီး အလေးပြုကြသည်။

"အေး ... ကိုမျိုးဇော်၊ ခင်ဗျားအရာရှိရိပ်သာလည်း ခင်ဗျားပြန်ကြည့်ဦး"

"ခင်ဗျာ ... အဘ"

"ခုပဲ ကျွန်တော်ဖြတ်လျှောက်လာ တာ၊ ဧည့်ခန်းထဲမှာ မိန်းကလေးသုံးယော
ခင်ဗျားကောင်တွေနဲ့ ထိုင်စကားပြောနေတယ်။ ရယ်လို့မောလို့၊ ပုံစံတွေက ပျော်တော်ဆွေ
လူပျိုရိပ်သာ အဲဒါတွေ မလာရဘူးလေဗျာ။ ခင်ဗျားမေးစမ်း၊ ပြီးရင် မနက်ကျ ကျွန်တော့်
သတင်းပို့၊ ကြားလား"

"ဟုတ်ကဲ့ပါ ... အဘ"

မိုးမီးတော့လောင်လေပြီ၊ အလွန်စည်းကမ်းကြီးသော ဗိုလ်မှူးမျိုးဇော်တစ်ယော
သူနေနေသည့်နေရာတွင်မှ ပြောစရာဖြစ်ရသည်ဟု ဒေါပွပွနှင့် ခြေကုန်လျှောက်သည်
ဗိုလ်ကြီးကျော်ကျော်စိုး အပြေးတစ်ပိုင်း လိုက်သွားရသည်။

ရိပ်သာရှေ့ရောက်၍ ဇောက်စဝက်ဝွန်မိုက်ကရိဘတ်စ်ကားကလေးကိုမြင်လို
သည်နှင့် ဗိုလ်ကြီးကျော်ကျော်စိုး မှတ်မိသွားသည်။

"ဗိုလ်မှူး ကျွန်တော် ဖြေရှင်းပါရစေ"

"ခင်ဗျား သိလို့လား"

"ဟုတ်ကဲ့"

"အေး လုပ်စမ်းပါ၊ ကျွန်တော်တပ်ရေးဗိုလ်ကြီးအိမ်က စောင့်နေမယ်။ ကျွန်တေ
ဝင်သွားရင် အကုန်ထွဲထိုးမိလိမ့်မယ်"

ကမ်းခြေမှပြန်လာသော ဒုဗိုလ်မြတ်ထွန်း၏ သူငယ်ချင်းနှင့် ပါလာသ
မိန်းကလေးများပါ။ ဒုဗိုလ်မြတ်ထွန်းကို နှုတ်ဆက်ဖို့ ဝင်လာကြခြင်းဖြစ်သည်၊ အရ
ငယ်များမှ အပြင်သွားကြောင်းနှင့် သိပ်ကြာမည်မထင်ကြောင်း ပြော၍ထိုင်စောင့်ရ
အရာရှိငယ်များနှင့် ရယ်မောပိုင်းဖွဲ့နေကြခြင်း ဖြစ်ပါသည်၊

အရာရှိငယ်တစ်ဦးကို ဗိုလ်ကြီးကျော်ကျော်စိုး အိပ်ခန်းထဲခေါ်သွားသည်။

"ခွေးကောင်၊ ဘာလို အဲဒါတွေ ခေါ် ထားရတာလဲ မင်းတို့"

"ဘာဖြစ်လို့လဲ ... အစ်ကိုကြီးရဲ၊ မြတ်ထွန်းမိတ်ဆွေတွေပါ။ လာနှုတ်ဆက်တ

"မင်း "....." မြတ်ထွန်းမိတ်ဆွေတွေလား၊ ဟိုမှာ တပ်မှူးမေးနေပြီ၊ သွား
မင်းရအောင်ပြန်လွှတ်"

"ဟုတ် ..."





အတွင်းခန်းတွင်ရှိသော တယ်လီဖုန်းဆီ ပြေးရပြန်သည်၊

"အိပ်ချိန်း။ ငါ့ကို မြို့ထဲ "၁၈" ပေး စမ်း"

ဒေါက်တာအေးအေးမွန်အိမ်တွင် ဒုဗိုလ်မြတ်ထွန်း ရှိနေသေးသည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး၊ ကျွန်တော် အခုပဲပြန်ခဲ့မလို့"

"နေဦး ... ဟော့ကောင်၊ မင်း နောက်ထပ် နာရီဝက်လောက် အဲဒီမှာထပ်နေပြီးမှ
ပြန်ခဲ့၊ ကြားလား"

"ဟုတ်ကဲ့"

အကင်းပါးသော ဒုဗိုလ်မြတ်ထွန်းက တစ်လုံးမှ ပြန်မမေး၊

ဗိုလ်ကြီးကျော်ကျော်စိုးက ဒုဗိုလ်မြတ် ထွန်း နောက်ကျမည်ဟု သူနှင့်မှာလိုက်
ကြောင်းပြော၍ မိန်းကလေးများကို အတင်းပြန်လွှတ်လိုက်သည်။ ထို့နောက် ဗိုလ်မှူး
မျိုးဇော်ကိုဝင်ခေါ်၍ တပ်ရင်းမှူးအိမ်သို့ပြေးသည်။

"ရန်ကုန်က မြတ်ထွန်းဦးလေး လူကြုံ နဲ့ ပစ္စည်းပေးခိုင်းလိုက်တာပါ အဘ၊
မြတ်ထွန်း မှာစရာများရှိသေးလားလို့ စောင့်နေကြတာပါ"

တပ်ရင်းမှူးက သိပ်မကျေလည်၊

"ဘယ်မှာတည်းတယ်၊ လာပေးပါဆိုလည်း ရတာပဲဟာ။ မင်းကောင်တွေ ဟီးဟီး
ဟားဟားလုပ်ချင်လို့ စောင့်ခိုင်းထားတာဖြစ်မှာပါ"

"မဟုတ်ပါဘူး ... အဘ။ သူတို့က တစ်ခါတည်း ပြန်မှာမို့လို့ပါ"

"မြတ်ထွန်းက ပြန်မလာသေးဘူးလား"

"ဟုတ်ကဲ့၊ မြို့ထဲက အသိအိမ် ထမင်းသွားစားပါတယ်"

"ငါသိပါတယ်။ သွားဆရာဝန်မကလေးအိမ်ပဲ နေမှာပါ"

သည်တော့မှ တပ်ရင်းမှူးမျက်နှာ ပြုံးရိပ်သန်းလာသည်၊ ဗိုလ်မှူးမျိုးဇော်နှင့်
ဗိုလ်ကြီးကျော်ကျော်စိုးတို့လည်း ယခုမှပြုံးနိုင်တော့သည်၊

ဒုဗိုလ်မြတ်ထွန်းပြန်လာတော့ ဗိုလ်ကြီးကျော်ကျော်စိုးက မြည်တွန်တောက်တီးရင်း
အတ်စုံခင်းသည်၊ ဒုဗိုလ်မြတ်ထွန်းက ပြုံးစေ့စေ့နှင့် နားထောင်နေသည်။

"မင်းက ငါးရှူပြုံးကလေးနဲ့၊ ငါ့မှာသာ ငါးမြွေထိုးကြီးဖြစ်နေတာ"

"တော်သေးတာပေါ့၊ အစ်ကိုကြီးသာ မကယ်ရင် ကျွန်တော်တော့ ငါးသလဲထိုး
ဖြစ်တော့မှာ"

"ငါးသလဲထိုးမဟုတ်ဘူး၊ ငါးရစ်၊ ငါးရစ်၊ လူငယ်သလောက် အရစ်ရှည်တဲ့ကောင်"

သည်လိုနှင့်ပဲ ရှေ့တန်းထွက်မည့်အချိန် ရောက်ခဲ့လေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

မှုန်ပြပြလရောင်အောက်တွင် ပလတ်စတစ်အစိမ်းစဖြင့် ဖြစ်သလိုထိုးထားသော တစ်ယောက်အိပ် တဲကလေးဆီသို့ တပ်ရင်းမှူး၊ ဗိုလ်မှူးမျိုးဇော်နှင့်အဖွဲ့ ရောက်လ ကြသောအခါ ည ၈ နာရီ ကျော်နေလေပြီ။ ရန်သူ့လက်နက်ကြီး ပစ်ခတ်သံများ တစ်ချက်တစ်ချက် ကြားနေရဆဲ၊ ကွဲသံများလည်း ကြိုကြားကြိုကြား ထွက်ပေါ်နေသည်

တပ်ရင်းမှူးက ပလတ်စတစ် မြေစိုက်တဲကလေးများကို ဝေ့ဝဲကြည့်ရင်း သက်ပြင်းချသည်။

"မနက်ကိုတော့ တဲကြီးကြီး ထိုးကြစမ်းကွာ၊ ဒဏ်ရာရတဲ့ လူတွေများတယ် မိုးသည်းလို့ရွှဲကုန်ရင် ဒဏ်ရာတွေ မန်းလိုက်ကုန်ဦးမယ်"

"ဟုတ်ကဲ့ ... အဘ"

တပ်ရင်းမှူးက တဲကလေးထဲဝင်သွားသည်။ ခင်းထားသော ပလတ်စတစ်စပေါ်တွ ဒဏ်ရာရထားသော ဒုတိယတပ်ရင်းမှူး၊ စစ်ကြောင်း(၂)စစ်ကြောင်းမှူး လဲလျောင်းနေ ဆေးလက်ထောက် အရာခံဗိုလ်ကြီးက သွေးပေါင်ချိန်ပေးနေသည်။

စစ်ကြောင်းမှူးက ဘယ်ဘက်လက်နှင့် အလေးပြုသည်။

"နေသာရဲ့လား ... ဗိုလ်မှူး"

"ဟုတ်ကဲ့ ... တပ်မှူး၊ ကျွန်တော်တို့ကလေးတွေ အခြေအနေရော"

တပ်ရင်းမှူးက သက်ပြင်းချသည်။

"ဒါတွေ တွေးမနေပါနဲ့ဗျာ၊ နေသာအောင်နေပါ။ ကျွန်တော်တို့ရအောင် ချပါမယ်

"တပ်မှူးကို ကျွန်တော်ပြချင်တာ ရှိသေးတယ်။ အိုင်အိုရေ မြေပုံပါလား"

ထောက်လှမ်းရေးအရာရှိ (အိုင်အို)က မြေပုံအိတ်ထဲမှ မြေပုံကို ထုတ်ပေးသည် ဆေးလက်ထောက် အရာခံဗိုလ်ကြီးက စစ်ကြောင်းမှူးကို ထိုင်သာရုံ ပွေ့ထူပေးသည်

တပ်ရင်းမှူးက ဒူးထောက်၍ မြေပုံကို ကြည့်သည်။

"အခု ကျွန်တော်တို့က တက်လမ်းမသာလို့ ခံနေရတာ၊ ကောင်းတဲ့တစ်ကြောင်းတေ ကျွန်တော်တွေ့ထားတယ်၊ ဟောဒီရန်သူ့စခန်း အနောက်ဘက်လျှိုကနေဝင်ပြီး ပ တက်ရင် ဟောဒီ ကမ်းပါးယံ အတက်မှာ တစ်ချက်စွန့်စားရမယ်၊ အသေခံတက်ရမယ် တက်နိုင်ရင် ရန်သူ့လက်နက်ကြီးကို နောက်ကနေ အုပ်မိမယ်၊ ဒါဆို ရန်သူ့စခန်းကျပြ တပ်မှူး ဘယ်လိုသဘောရသလဲ"

တပ်မှူးက သက်ပြင်းချသည်။

"သတ်ကွင်းက ကျယ်လွန်းနေတယ်ဗျ၊ ဒီနေရာအဖြတ်မှာ ဗိုင်းဆော်လိုက်ရ





တစ်ယောက်မှတောင် ကျန်မှာမဟုတ်ဘူး"

"မှန်တယ် တပ်မှူး၊ ညမှာ အသံတိတ်တက်ရမှာ၊ များများတော့သွားလို့မရဘူး၊ လူ ၃၀ လောက်နဲ့ အသေခံတပ်စုဖွဲ့ပြီး လရောင်အားနည်းနေတုန်းမှာ ကမ်းပါးယံကို ကပ်နိုင်ရင် သတ်ကွင်းကလွတ်ပြီ"

"တော်တော်စွန့်ရမယ့် ကိစ္စနော်"

"ခုလည်းစွန့်နေရတာပဲ တပ်မှူး၊ ဒီဘက်ကနေ တစ်ခွဲလောက်က ဟန်ပြပစ်ပေး ထားရင် လျှိုထဲကအစုကို သူတို့ သတိမထားနိုင်ဘူး ဖြစ်သွားနိုင်တယ်"

"ကိုမျိုးဇော် ဘယ်လိုသဘောရလဲ"

ဗိုလ်မှူးမျိုးဇော် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကမ်းပါးယံအတက်မှာတော့ လမ်းတိုတယ်၊ ဒါပေမဲ့ ကျားကုတ်ကျားခဲတော့ တက်ရမှာ၊ တကယ်မာတဲ့ကောင်တွေ လိုမယ်"

"ခင်ဗျား တပ်ခွဲထဲမှာ ရှိမလား"

ဗိုလ်မှူးမျိုးဇော်က ခပ်တွေးတွေးဆဆ ခေါင်းဆတ်သည်။

"စုမှူးတစ်ယောက်ကို စိတ်ကြိုက်လူသုံးဆယ် ထုတ်ပေးလိုက်မယ်။ ပြီးတော့ ကျွန်တော့်ခွဲရုံးနဲ့ နှစ်စုက ရှေ့ကဝင်ချမယ်၊ အဲဒီအချိန် လျှိုကိုရအောင်ဖြတ်ထားခိုင်းမယ်။ အရက်တက်မှာ ကမ်းပါးယံကို ဝင်ဆော်ခိုင်းရမှာပဲ၊ အဲဒီအချိန်မှာ ကျွန်တော်တို့ ရုံးနှစ်စုက ပစ်အားနဲ့ဖိထားဖို့လိုတယ်၊ ကျွန်တော်တို့နောက်ပွင့်သုံးခွင့်ပေးပါ"

တပ်ရင်းမှူးက ခေါင်းညိတ်သည်။

"ခင်ဗျားလိုတာအားလုံးယူ၊ လူဖြည့်ချင်ရင် စစ်ကြောင်းရုံးထဲက ထပ်ဖြည့်ပေးမယ်။ ဒါထက် အသေခံတက်မယ့်တပ်စုကို ခင်ဗျားဘယ်သူ့ကို သုံးမလဲ"

ဗိုလ်မှူးမျိုးဇော် တွေဝေစဉ်းစားနေသည်။

"နောက်ပွင့်ကို ကိုကျော်ကျော်စိုး ကြီးကြပ်ရမှာ၊ နစ်ယောက်ကျန်တယ်။ တစ်ယောက်က ဖျားနေတယ်၊ နောက်တစ် ယောက်က ပွဲတော့မတိုးဖူးသေးဘူး။ ပုံစံကတော့ တုံးတိုက်တိုက် ပုံစံမျိုးပဲ၊ ဖြစ်လိမ့်မယ်ထင်တယ်။ သူ့ကိုပဲ သုံးကြည့်ချင်တယ်"

"ဘယ်သူလဲ"

"မြတ်ထွန်း"



www.burmeseclassic.com

www.burmeseclassic.com



(၁၉)

ဗိုလ်မှူးမျိုးဇော် ရှင်းပြနေသော မြေပုံကို ငုံ့ကြည့်နေရင်းက "ဟုတ်ကဲ့" ကလွဲလျှ ဘာမှ ပြန်မပြောသော ဒုဗိုလ်မြတ်ထွန်းကိုကြည့်၍ ဗိုလ်ကြီးကျော်ကျော်စိုး စိတ်ပူ မိသည်။ ဗိုလ်မှူးမျိုးဇော်လည်း စိတ်က တထင့်ထင့်။

"ဒီညလှုပ်ရှားမှုကြီးတစ်ခုလုံးဟာ မင်းအတွက် အားဖြည့်တာပဲ မြတ်ထွန်း၊ မင်းတပ် ကမ်းပါးယံကို ရန်သူမသိအောင် ကပ်နိုင်ဖို့က အဓိကပဲ၊ မင်းတစ်ချက်မှားရင် ရန်သူ ဒီအခွင့်အရေးကို နှစ်ခါပေးမှာ မဟုတ်ဘူး၊ မင်း သဘောပေါက်လား"

"ဟုတ်ကဲ့"

မြေပုံအိတ်နှင့် ကာဘိုင်ကိုလွယ်၍ နေရာမှထသည်။ ပစ္စတိုကို ခါးမှဖြုတ် မောင်းဆိုက်ကိုဆွဲတင်ပြီး မြောင်းရင်းထဲသို့ ပထမကျည်ဆံဝင်သွားအောင် ထည့်လို သည်၊ မောင်းကို လက်မနှင့်ထိန်း၍ ဖွဖွပြန်ချပြီး လုံခြုံရေးခလုတ်ကို ပိတ်လိုက်သည် ရန်သူနယ်မြေထဲတွင် မောင်းတင်သံ ထွက်စရာအကြောင်းမရှိတော့။

လက်ကိုင်ဆက်သွယ်ရေးစက်ကိုလည်း ဗိုလ်ကြီးကျော်ကျော်စိုးကို လှမ်း၍ပေး သေနတ်ကို ခါးအိတ်ထဲပြန်ထည့်သည်၊ ဆက်သွယ်ရေး အမှောင်ချခြင်း။

"မြတ်ထွန်း ... ခဏ"

ဗိုလ်ကြီးကျော်ကျော်စိုးက သူ့လည်ပင်းတွင် ဆွဲထားသော စတီးလ်ကြိုးကလေး ချွတ်၍ ဒုဗိုလ်မြတ်ထွန်းကို လှမ်းပေးသည်၊

"ကံကောင်းပါစေ ... ငါ့ညီ"

"ဟုတ်ကဲ့"

မှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားသော ဒုဗိုလ်မြတ်ထွန်း၏ကျောကို ငေးကြည့် ရင်းက ဗိုလ်မှူးမျိုးဇော်ရော၊ ဗိုလ်ကြီးကျော်ကျော်စိုးပါ သက်ပြင်းချဖြစ်ကြ၏။

(၂၀)

ည ၁၂ နာရီမှစ၍ ဗိုလ်မှူးမျိုးဇော်၏ တပ်ခွဲက ရန်သူ့စခန်းမျက်နှာစာမှ တစ်ဟု ထိုးပစ်ခတ်တိုက်ခိုက်သည်။ တပ်ရင်းမှူး၏ စစ်ကြောင်းရုံးမှလည်း လက်နက်ကြီးများ ပစ်ကူပေးနေသည်၊

လျှိုနှင့် အနီးဆုံးချထားသော တပ်ခွဲမှ မနက် ၄ နာရီအထိ လျှိုဘက်မှ ပစ်ခတ်သံ မကြားရကြောင်း သတင်းပို့တော့ တပ်ရင်းမှူး စိတ်အေးသွားသည်၊

မနက် ၄ နာရီခွဲတွင် အဝေးပစ်လက်နက်ကြီးများကို အပစ်ရပ်လိုက်သည်၊





ဒုဗိုလ်မြတ်ထွန်းတို့အဖွဲ့ ကမ်းပါးယံကို တက်တော့မည်၊

(၂၁)

မနက် ၅ နာရီတွင် စိန်ပြောင်းသံကို စကြားရသည်၊ နောက်တော့ မောင်းပြန်ရိုင်ဖယ် အတွဲလိုက်ပစ်ခတ်သံများ ပေါ်လာသည်၊ လက်ပစ်ဗုံးကွဲသံများပါ ပေါ်လာသည်။

"တို့ကောင်ကြီး ရောက်သွားပြီထင်တယ်ဗျ"

ဗိုလ်မှူးမျိုးဇော်က အားရဝမ်းသာ ကြုံးဝါးသည်၊ ဗိုလ်ကြီးကျော်ကျော်စိုးက ပြုံးပြရင်းက ရင်ထဲက ကြိတ် စိတ်ပူနေသည်၊

မနက် ၅ နာရီခွဲတွင် တစ်ခဲနက်သော အတွဲလိုက်ပစ်ခတ်သံများအပြင် ကျားထိုးသံ ကိုပါ သဲ့သဲ့ကြားရသည်။ ရှေ့မျက်နှာစာမှ ရန်သူ့ပစ်အား သိသိသာသာ ကျဆင်းသွားသည်၊

"စွန်ရဲမှ လင်းယုန်၊ စွန်ရဲမှ လင်းယုန်၊ သစ်နက်ခဲနေပြီ၊ ကျားထိုးခွင့်ပြုပါ၊ ဒါပဲ"

"ကောင်းတယ်ဟေ့၊ ဆက်လုပ်၊ ဒါပဲ"

ဗိုလ်မှူးမျိုးဇော် အမိန့်ပေးသံ ထွက်လာသည်၊

"ကျားထိုးရန်ပြင်"

(၂၂)

မနက် ၇ နာရီတွင် ရန်သူ့စခန်းကို စီးမိသည်၊ လိုအပ်သော ရှင်းလင်းခြင်း ကင်းစွဲခြင်းတို့ကို ပြုလုပ်ပြီး တပ်ရင်းမှူးထံ သတင်းပို့လိုက်သည်။

တပ်ရင်းမှူးက ချက်ချင်း လိုက်လာသည်၊

"ဘယ်မှာလဲ၊ ခင်ဗျားချာတိတ်"

"ရှိပါတယ် ... အဘ၊ ခေါ်ခိုင်းလိုက်ပါပြီ"

"ဒီကောင် ထိသေးလား"

"မထိဘူး ... အဘ၊ ရဲဘော်နှစ် ယောက်ထိတယ်၊ အခြေအနေကောင်းပါတယ်"

ဒုဗိုလ်မြတ်ထွန်းတစ်ယောက် ကျောက်တောင်ကို ဖက်တက်ထားရသဖြင့် ပေရေ စုတ်ပြဲနေသော ယူနီဖောင်းနှင့် တပ်ရင်းမှူး ရှေ့လာရပ်ပြီး အလေးပြုသည်၊ တပ်ရင်းမှူးက သူ့ပခုံးကို ပုတ်၍ ပြုံးသည်။

"ငါလိုချင်တဲ့ ဗိုက်တာတစ်ယောက်တော့ ရပြီပေါ့ကွာ၊ မင်း အကြွေးမှတ်ထားပေး၊ နောက်တန်းကျရင် မင်းကို တက်ထရက်ယူနီဖောင်းတစ်ထည် ငါပြန်လျော်ပေးမယ်၊ ပါမှနေရင် ပြော။ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူး လှည့်ထွက်သွားတော့ ဗိုလ်မှူးမျိုးဇော်နှင့် ဗိုလ်ကြီးကျော်ကျော်တို့မှ ဒုဗိုလ်မြတ်ထွန်း၏ပခုံးကို ဘယ်ညာပြိုင်တူ အားပါးတရ ပွေ့ဖက်လိုက်ကြပါသည်

■





အပိုင်းနှစ်

# တိမ်သားပြုတင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြောင့်သာလျှင် သောကဖြစ်ရသည်။
အချစ်ကြောင့်သာလျှင် ဘေးဖြစ်ရသည်။
အချစ်မှ လွတ်ကင်းသူသည် သောကဖြစ်စရာမရှိ။
သောကဖြစ်စရာမရှိလျှင် ဘေးအဘယ်မှာ ရှိတော့မည်နည်း။

ဗုဒ္ဓ (ဓမ္မပဒ၊ ပိယဝဂ္ဂ)





(၁)

ပြာလဲ့သောကောင်းကင်တွင်တိမ်ညိုတိမ်သားတို့ကင်းစင်၍နေရောင်ခြည်ဝင်းထိန်ထောက်ပနေသော လှပသည့်နေ့ကလေးတစ်နေ့တွင် ဝိုလ်မြတ်ထွန်း အိမ်ပြန်လာသည်။

မသစ္စာက ကျောင်းမှာ၊ မောင်မြတ်သာတို့လင်မယားက စက်ထဲမှာ။

"သား ရာထူးတိုးလာပါလား … သားရဲ့"

ဒေါ်ခင်ခင်ထားက မြေးဖြစ်သူ၏ ပခုံးပေါ်တွင် တိုးလာသော ရွှေရောင်ဘားတံနောက်တစ်ချောင်းကို ကြည့်၍မေးသည်။

"ဟုတ်တယ်၊ မယ်မယ်ကြီး"

"စောလှချည်လား သားရဲ့"

"တိုက်ပွဲထူးချွန် … အနေနဲ့ ပေးလိုက်တာ မယ်မယ်ကြီး"

ဒေါ်ခင်ခင်ထား များစွာ သဘောကျသွားသည်။ သွေးက ပါလာတာကိုးဆိုသောစကားကို ပြော၍မဆုံးနိုင်တော့။

ညနေကျတော့ မသစ္စာ ပြန်လာသည်။ မွန်မွန်ဦးလည်း ပါလာသည်။

(၂)

မွန်မွန်ဦးက မသစ္စာ ဆရာမလုပ်နေသောကျောင်းက ကျောင်းသူကလေး ဖြစ်သည်။ သာမန် မရှိမရှား ဝန်ထမ်းမိဘမှ ပေါက်ဖွားလာသူကလေး ဖြစ်သော်လည်း ဘယ်သူမဆို သတိမပြုမိဘဲ မနေနိုင်လောက်အောင် ထင်ရှားလှသော အလှကြောင့် တစ်မြို့လုံးက သိနေသူကလေးလည်း ဖြစ်သည်။

၉ တန်း၊ ၁၀ တန်းကတည်းက တစ်မြို့လုံးရှိ ယောကျာ်းကလေးများအားလုံး သွားလောက်အောင်ထင်းနေသည့်အလှပိုင်ရှင်ကလေးဖြစ်သော်လည်းမွန်မွန်ဦးသည် … မိဘအခြေအနေနှင့် ပညာသင်ကြားရာတွင် စိတ်လေ၊ စိတ်ကစား၍ မဖြစ်မှန်း ကောင်းကောင်းနားလည်သည့် တည်ငြိမ်လိမ္မာသူကလေးလည်း ဖြစ်ပြန်လေသည်။

၁၀ တန်းစာမေးပွဲအောင်မြင်ပြီး တက္ကသိုလ်မတက်မီ အထက(၂) သင်တန်းတွင်ပင် ပြန်လုပ်အားပေးနေရင်းက အစကတည်းက ခင်မင်ပြီးသူ ဆရာမကလေးမသစ္စာနှင့်

www.burmeseclassic.com



ပို၍ပင် ရင်းနှီးလာခဲ့သည်။ ထို့ကြောင့်လည်း မသစ္စာပြန်လျှင် စာအုပ်စာတမ်းများကူ သယ်ပိုး၍ လိုက်ပို့လေ့ရှိသည်။

ဆရာမကလေး မသစ္စာတွင် စစ်ဗိုလ်အစ်ကိုတစ်ဦးရှိနေကြောင်းကို မွန်မွန် သိသည်။ ထိုမှုမက ထိုအစ်ကိုသည် သထုံတွင် နေထိုင်စဉ်ကတည်းက ရည်းစားများ ရန်ခဏခဏဖြစ်တတ်သူ စသည်ဖြင့် နာမည်ဆိုးနှင့် ထင်ရှားကြောင်းကိုလည်း မွန်မွ ကြားဖူးသည်။

သို့သော် ...

တကယ်အပြင်တွင် ပက်ပင်းဆုံရသောအခါ အိမ်ရှေ့မြက်ခင်းပြင်ပေါ်တွင် အစ် မောင်မြတ်သာနှင့် စစ်တုရင်ကစားနေသည့် လူရွယ်သည် နပျိုသောမျက်နှာ၊ စူးရှခေ မျက်လုံး၊ တည်ငြိမ်သော ဟန်ပန်အမူအရာတို့ပိုင်ရှင် သာမန်လူရွယ်တစ်ယောက် ဖြစ်နေပြီး လူဆိုးလူရှုပ်လူပွေတစ်ဦးနှင့် စိုးစဉ်းမျှပင် မတူပါချေ။

ပြီးတော့ မော့ကြည့်လိုက်သော သူ့အကြည့်ကလည်း မွန်မွန်ဦး၏ ၁၈ နှစ်မပြ တပြည့် နနယ်လွန်းသော နှလုံးသားထဲသို့ တိုးလျှိုပေါက် ဖောက်ထွက်၍သွားလေသ

(၃)

တိမ်ကင်းစင်နေသဖြင့် လရောင်က ထိန်နေအောင် သာနေလေသည်။ စံပယ် ချနွံတို့ကလည်း မွှေးကြိုင်၍ နေပြန်သည်။

ဗိုလ်မြတ်ထွန်းနှင့် မသစ္စာတို့ မောင်နှမနှစ်ယောက် ထုံးစံအတိုင်း ဝရန်တာ ထိုင်ဖြစ်ကြသည်။ ဗိုလ်မြတ်ထွန်းက ဆေးပေါ့လိပ်တစ်လိပ်နှင့်

"သိပ်လှတာပဲနော် ... သစ္စာ"

မသစ္စာရင်ထဲတွင် ဒိတ်ခနဲ ခုန်သွားသည်။

"ဘာကိုပြောတာလဲ ... ကိုကို"

"နင့် တပည့်မကလေးလေ"

မသစ္စာ ရင်မောသွားမိသည်။

"ကိုကိုရယ်၊ ကလေးလေးကို"

"၁၀ တန်းအောင်ပြီးပြီဆို"

မသစ္စာ ခေါင်းခါသည်။

"ရုပ်ကလေးက လှပေမဲ့ မိဘက မပြည့်စုံလို့ သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိ လမ်းမမှားအောင် ကြိုးစားပြီး လိမ်လိမ်မာမာ စာကြိုးစားနေတဲ့ ကလေးပါကိုကိုရ





များမကြိုက်ချင်စမ်းပါနဲ့"

ဗိုလ်မြတ်ထွန်းက ဆေးလိပ်ငွေ့များ သီးအောင်ပင် ရယ်သည်။

"လှလို့လှတယ်ပြောတာပါဟာ၊ နင်ကလည်းငါ့ကို မိန်းကလေးတွေ လိုက်ဖျက်ဆီး နေတဲ့ကောင် ကျနေတာပဲ၊ ပြောထည့်လိုက်တာ"

မသစ္စာ သက်ပြင်းချသည်။

"ဒီမြို့မှာ ကိုကိုထားခဲ့တဲ့ ရည်းစားဟောင်းတွေ ဘယ်နယောက်ရှိပြီလဲ ကိုကို၊ ကြားမိန်းကလေးတွေ ကိုကိုပစ်သွားလို့ ဘာဖြစ်ဖူးသလဲ။ မွန်မွန့်လိုကလေး ကိုကို များကြိုက်ပြီး ပစ်ထားခဲ့ရင် ဒီမြို့မှာ သူဘယ်မျက်နှာနဲ့ နေခဲ့ရမလဲ။ သနားပါတယ် ကိုကိုရယ်"

ဗိုလ်မြတ်ထွန်း လမင်းကြီးကိုသာ ငေးငိုင်၍ ကြည့်နေလေသည်။

(၄)

အိပ်ရာထကတည်းက ဗိုလ်မြတ်ထွန်း ခေါင်းမကြည်။

ညက ကောင်းကောင်းအိပ်မပျော်တာလည်းပါသည်။ မွန်မွန်ဦး၏ နပျိုလှပသော မျက်နှာကလေးက တစ်ညလုံး အာရုံထဲမှာ တဝဲလည်လည်။

"ကိုကို သွားကြိုက်ပြီးပစ်ထားခဲ့ရင် ဒီမြို့မှာ သူ ဘယ်မျက်နှာနဲ့ နေခဲ့ရမလဲ သနားပါတယ် ကိုကိုရယ်"

မသစ္စာ၏ စကားသံကလည်း သူ့ကို အိပ်ရာမှလန့်လန့်နိုးစေသည်။

ဒါနှင့်ပဲ မိုးလင်းတော့ ခေါင်းကမကြည်။

"မင်း စက်ထဲလိုက်ဦးမလား"

မနက်ကော်ဖီသောက်ကြရင်း မောင်မြတ်သာက မေးတော့ သူ ခေါင်းခါပြခဲ့သည်။ ခင်ထားက သူ့ပန်းပေါ်လက်တင်၍လိုက်သွားပါလားသားရယ် ... ဟု ဝင်ပြောသည်။

"ပျင်းတယ်၊ မယ်မယ်ကြီးရဲ့၊ ပြီးတော့ ကျွန်တော်က ဆေးပေါ့လိပ်က လက်က ကမဟုတ်တော့ သစ်စက်နဲ့ မဖြစ်ပါဘူး"

မောင်မြတ်သာက ရယ်သည်။

"ဆေးလိပ်လည်း လျှော့ဦးလေကွာ"

"ပူမနေနဲ့ ငါ ခဏမသောက်ဘဲတောင် နေရဦးမှာ"

"ဘာလို့လဲ"

"သင်တန်းတစ်ခု တက်ဖို့ရှိတယ်။ အဲဒီသင်တန်းတက်နေတုန်း ငါ ဆေးလိပ်



www.burmeseclassic.com

www.burmeseclassic.com



သောက်ရမှာ မဟုတ်ဘူး"

"ဘာသင်တန်းလဲ"

"လေထီး"

မနက်စာစားပြီးတော့ ရွှေစာရံဘုရားဘက် လမ်းလျှောက်သည်၊ ခေါင်းထဲ

နောက်ကျိနေတာတွေ ပြေလိုပြေငြားဖြစ်သည်၊

ဘုရားရှေ့ရောက်တော့လည်း ရောက်မှတော့ ဝင်ဖူးဦးမှဟု စိတ်ကူး၍ ဘု

ရင်ပြင်တော်ပေါ် တက်ခဲ့သည်၊

ကြာသပတေးထောင့်တွင် ရှိခိုးမည်ဟုစိတ်ကူး၍ဘုရားကိုလက်ယာရစ်ပတ်သ

"ဂြိုဟ်ကိုရှိခိုးတာ မဟုတ်ဘူး၊ ဘုရားကိုရှိခိုးတာ၊ ထောင့်ရွေးနေတာ ဗုဒ္ဓဘာ

မစစ်ရာကျတယ် ကိုကိုရဲ့"

မသစ္စာ၏ စကားကို ကြားယောင်မိသေးသည်။

သူပြောတာ ဟုတ်မည်ထင်သည်။ မသစ္စာက ဘာသာရေးစာပေ အလွန်ဖတ်

တစ်ဦးဖြစ်သည်။ ဆရာပါရဂူ၏ "ဗုဒ္ဓစကား" စာအုပ်ဆိုလျှင် ကျောင်းသွားတိုင်းယူသွားသ

ကြိမ်ခြင်းကလေးထဲမှာတောင် အမြဲပါသည်၊

မောင်မြတ်သာနှင့် မိဘတွေကတော့ ကိုယ့်မွေးနေ့ထောင့် ကိုယ်ရွေးကန်ဒေ

ကြသူများဖြစ်၍ ဗိုလ်မြတ်ထွန်းက မိဘတွေနှင့်လာလျှင် ကြာသပတေးထောင့်မှာကန်ဒေ

သည်၊ မသစ္စာနှင့်လာလျှင် ကြုံရာက ကန်တော့သည်၊

သည်နေ့တော့ တစ်ယောက်တည်းယောင်ချာချာနှင့် ဘုရားကို တစ်ပ

ပတ်ကြည့်ချင်စိတ်ကြောင့် ကြာသပတေးထောင့်ဘက် လျှောက်ခဲ့ခြင်းဖြစ်သည်၊

လျှောက်ခဲ့မိတော့လည်း တစ်ညလုံးအိပ်မရအောင်လုပ်ခဲ့သည့်မိန်းမလှကလေး

တည့်တည့်တိုးလေသည်၊

"ဩော် ... မွန်မွန်ဦးပါလား"

"ဟုတ်ကဲ့ရှင့်"

ဘယ်လိုခေါ်ရမလဲ၊ ကိုမြတ်ထွန်းလို့ ခေါ်ရမလား။ ရှိုင်းမယ် ထင်တယ်၊ ငါး

တောင်ကြီးတာ၊ ဗိုလ်ကြီး အို ... မဟုတ်သေးပါဘူး၊ မွန်မွန်ဦးရင်ထဲတွင် အတွေး

ဗလောင်ဆူနေသည်၊

"ဘုရားပန်းတွေနဲ့ပါလား"

"ဟုတ်ကဲ့၊ မွေးနေ့တိုင်း ကပ်ဖြစ်လို့ပါ ရှင့်"

"လုပ်လေ ...လုပ်ပါ၊ တို့နဲ့တွေ့လို့ အနှောင့်အယှက်ဖြစ်သွားပြီထင်တယ်"





"ရှင် ... အို ... မဟုတ်တာ"

မွန်မွန်ဦး ခဏ ချီတုံချတုံ ဖြစ်သွားသည်၊

"ဟုတ်ကဲ့ ... ဟို ..."

"ပြောလေ"

"အစ်ကို ခဏလေးစောင့်ပါလား၊ မွန် မွန် ဘုရားပန်းကပ်လိုက်ဦးမယ်လေ"

မြတ်စွာဘုရား။

ဘယ်လိုလုပ် သည်ပါးစပ်က အဲသလို ထွက်သွားရတာတဲ့လဲ၊ အပျိုလေးလေ၊

ယောကျ်ားကလေး သူစိမ်းတစ်ယောက်ကို စောင့်ခိုင်းရတာတဲ့လား။

"ကြာသပတေးထောင့်မှာ ကပ်မှာလား"

"ဟုတ်ကဲ့"

"တို့လည်းကြာသပတေးပဲ၊ အနှောင့်အယှက်မဖြစ်ဘူးဆိုရင်တော့လိုက်ခဲ့မယ်လေ"

"ရှင် ... ဟုတ်"

သထုံလိုနေရာမျိုးတွင် ယောကျ်ားလေးတစ်ယောက်နှင့် လမ်းတွဲလျှောက်လိုက်မိ

က တစ်မြို့လုံး သတင်းပျံ့သွားနိုင်သည်ကို မွန်မွန်ဦးသိ၏၊ တခြားမိန်းကလေးနှင့်

လျှင် သူက ဗိုပျံ့နှံ့ဦးမည်ဆိုတာကိုလည်း သိ၏။ ထို့ထက်ပို၍ကား ဗိုလ်မြတ်ထွန်းလို

မျိုးနှင့် တွဲလျှောက်မိလျှင် သာ၍ပင် ဆိုးတော့မည်၊

သိလျက်နှင့် ဂရုမစိုက်ဖြစ်ခဲ့၊

ခြေဖျားလက်ဖျားများ အေးစက်နေ၍ပြင်းထန်စွာ ရင်ခုန်မောပန်းနေသောခံစားမှ

ရပ်က အသိဉာဏ်အားလုံးကို မျက်ကွယ်ပြုလိုက်သည်၊ ထို့ကြောင့် ဗိုလ်မြတ်ထွန်းက

အထိ လမ်းလျှောက်လိုက်ခဲ့မည်ဆိုတာကို ခွင့်ပြုလိုက်မိလေသည်၊

မွန်မွန်ဦးက စက်ဘီးယူလာသဖြင့် စက်ဘီးကို ကိုင်တွန်းလာခဲ့ရသည်ကို

မြတ်ထွန်းက အားနာနေသည်၊ တွန်းပေးမည်ပြောတော့လည်း လက်မခံ၊ ရပါတယ်

ကိုရဲ့၊ နီးနီးကလေးပါ ... ဟု ပြုံးချိုစွာ ဖြေလိုက်သော မျက်နှာကလေးကိုတော့

မျှ မင်သက်ငေးမောမိလိုက်သေးသည်၊

"မွန်မွန်ဦးက မော်လမြိုင်မှာ တက္ကသိုလ်တက်ရမှာလား"

"ရန်ကုန်လျှောက်ထားတယ် အစ်ကို၊ ရမလားတော့ မသိဘူး၊ ကျောက်မြောင်း

က သွားနေလို့ရတဲ့ အဒေါ်အရင်းတစ်ယောက်ရှိနေလို့လေ"

ဗိုလ်မြတ်ထွန်း ကျောက်မြောင်းလိပ်စာကို မေး၍မှတ်ထားလိုက်သည်၊ သူ့ဘော်ဘီ

ထီးသင်တန်းမှ စနေ၊ တနင်္ဂနွေ ရန်ကုန်ပြန်တိုင်း သွားတွေ့နိုင်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာ လေးနှစ်နေရမှာပေါ့၊ ဟုတ်လား"

"မသေချာပါဘူးအစ်ကိုရယ်၊ လေးနှစ်စလုံးတော့ အဖေတို့လည်းတတ်နိုင် တတ်နိုင်မှာ၊ မနိုင်တော့လည်း စာပေးစာယူ ပြောင်းရုံပေါ့။

ဗိုလ်မြတ်ထွန်း သက်ပြင်းချမိသည်။

ရန်ကုန်တက္ကသိုလ်တွင်အလှဘုရင်မဖြစ်လောက်သည့်ရုပ်ရည်မျိုးနှင့်တက္ကသ လေးနှစ် အစအဆုံး မတက်နိုင်ပါဘူးဟု ရိုးသားစွာပြောနေသည့် မျက်နှာကလေ သနားကြင်နာစွာ ငေးကြည့်နေမိပါသည်။

(၅)

"နင် ရည်းစားထားဖူးလား ... သစ္စာ"

မသစ္စာက တိုးတိုးရယ်သည်။

"ကိုကိုကလည်း ကြံကြံဖန်ဖန်၊ ဘာဖြစ်လို့လဲ"

ဗိုလ်မြတ်ထွန်းကထိန်နေအောင်သာသောလရောင်ကိုငေးကြည့်ရင်းကဖြေ

"ချစ်တယ်ဆိုတာ ဘယ်လိုခံစားရတာမျိုးလဲလို့ နင့်ကို မေးချင်လို့"

မသစ္စာ သက်မတစ်ချက် ပင့်တင်မိသည်။ ချစ်တယ်ဆိုတာ ရင်ခုန်နေတာ တွယ်တာနေတာရယ်၊ ကြင်နာနေတာရယ်၊ မြတ်နိုးနေတာရယ်၊ အားကိုးချင်နေတာ ... ပြောစရာစကားမှန်သမျှ ရင်ဝတွင်တစ်ဆို့သည်။

"ကိုကိုကလည်း ကိုကိုပဲ ရည်းစားတွေ ဒီလောက်ထားနေတာ၊ ကိုကိုသိမှာ

"ငါ ရည်စားထားပုံက ကမြောက်ကမြောက်ပါဟာ"

ခေတ္တမျှမောင်နှမနှစ်ယောက်တိတ်ဆိတ်သွားကြပြန်သည်။ လရောင်မှုန်မှုန်အောက် ဆေးပေါ့လိပ် မီးရဲခနဲ ... ရဲခနဲ နေအောင် ဖွာရှိုက်နေသော ဗိုလ်မြတ်ထွန်းကို မသ ငေးကြည့်မိနေသည်။

"ကိုကို"

"ဟင်"

"ကိုကို မွန်မွန်ဦးကလေးကို ချစ်နေလို့လားဟင်"

ဗိုလ်မြတ်ထွန်း သက်ပြင်းချသည်။

"ထင်တာပဲ ... သစ္စာရယ်၊ ငါ မသိဘူး"

ကိုကိုကလည်း ... ဟု ငြီးတွားမိသည်။

"ဟုတ်တယ် ... သစ္စာ၊ ငါဆိုတဲ့ကောင်ကလည်း ချစ်တယ်ဆိုတာ ဘယ်လိုန





မသိအောင်ကို တုံးတာကွ၊ စစ်တိုက်နေတာပဲ အေးပါတယ်၊ ဟားဟား ဟားဟား"

ဗိုလ်မြတ်ထွန်း ရယ်သံက ခြောက်ကပ်ကပ်။

(၆)

မော်ဘီတွင် လေ့ထိုးသင်တန်းတက်ပြီးနောက် ဗိုလ်မြတ်ထွန်း ရှေ့တန်း ပြန်ထွက် ရသည်။ ထိတွေ့မှုများပြီး ထိတွေ့တိုင်းအောင်ပွဲရတတ်သည့် တပ်စုမှူးတစ်ဦးအဖြစ် ကျမည်ရလာသည်။

နောက်တန်း မပြန်မီတွင်ပင် ဗိုလ်မှူး မျိုးဇော် စစ်ဦးစီးမှူး(ဒုတိယတန်း)ရာထူး ဖြင့် တပ်မဌာနချုပ်သို့ ပြောင်းရွှေ့ရသည်။

"မြတ်ထွန်း မင်းကို လူတော်တစ်ယောက်လို့ ငါလက်ခံထားပြီးပြီ၊ ရှေ့လျှောက် မင်းမှာ တက်လမ်းတွေ အများကြီးရှိသေးတယ်၊ အရက်ကို ဆင်ခြင်စမ်း"

ဗိုလ်မှူးမျိုးဇော်က တပည့်ကျော်ကို စိတ်မချစွာမှာသည်။

"ဟုတ်ကဲ့ ... ဗိုလ်မှူး"

"ကိုကျော်ကျော်စိုးကလည်း ထိန်းဗျာ၊ ခင်ဗျားလည်းလျှော့၊ ကောင်းတာက မ်ဗျားတို့ နှစ်ယောက်စလုံး မိန်းမမြန်မြန်ယူကြရင် ကောင်းမယ်"

ဗိုလ်ကြီးကျော်ကျော်စိုးက ရယ်နေသည်။ ဗိုလ်မြတ်ထွန်းက ပြုံး၍ဝင်မေးသည်၊

"ကျွန်တော်ယူရင် ဗိုလ်မှူး လိုက်တောင်းပေးမှာလား"

"ငါက သထုံမှာဟ"

"ကျွန်တော်လည်း သထုံမှာ ယူမှာပါ"

"ဟေ"

ဗိုလ်မှူးမျိုးဇော်ရော၊ ဗိုလ်ကြီးကျော်ကျော်စိုးပါ အံ့ အားသင့် သွားသည်၊ ဗိုလ်ကြီးကျော်ကျော်စိုးက ကသောကမျော ဝင်မေးသည်၊

"မင်းယူမှာက ဒေါက်တာအေးအေးမွန် မဟုတ်ဘူးလား"

"မဟုတ်ပါဘူးအစ်ကိုကြီးရာ၊ သူနဲ့ ကျွန်တော်က ခင်ရုံပါပဲ။ အခု ကျွန်တော်ယူမယ့် ကောင်မလေးက ကျွန်တော်နဲ့ တစ်မြို့တည်းသား၊ သထုံသူ"

ဗိုလ်မှူးမျိုးဇော်က ရုတ်တရက် သတိရဟန်ဖြင့် မေးသည်၊

"ငါနဲ့ ဘုရားပေါ်မှာဆုံတုန်းက ပါလာတဲ့ကောင်မလေးလား"

"မဟုတ်ဘူး ... ဗိုလ်မှူး၊ အဲဒီ ကောင်မလေးက နိုင်ငံခြားကို အပြီးထွက်သွားပြီ"

"များလိုက်တာကွာ ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးကျော်ကျော်စိုးက မြည်တွန်တောက်တီးတော့ ဗိုလ်မြတ်ထွန်းက ရယ်နေသည်။

ဗိုလ်မှူးမျိုးဇော်က ရယ်နေသော ဗိုလ်မြတ်ထွန်းမျက်နှာကို အံ့ဩစွာ ငေးကြည့်နေမိသည်။

ဗိုလ်မြတ်ထွန်းကို စသိကတည်းက ခုထိ သည်လိုရွှင်လန်းစွာ ရယ်မောနေသည်ကို သူ တစ်ခါမှ မတွေ့ဖူးခဲ့ပါ။

(၇)

"ဒါက ဘာတွေလဲ ... ကိုကို"

မွန်မွန်ဦးက ဗိုလ်မြတ်ထွန်းပေးသော စာရွက်တစ်ပုံကို အံ့ဩစွာကြည့်၍မေးသည်။

"လက်ထပ်ခွင့် လျှောက်လွှာလေ၊ အဲဒီမှာ မွန်မွန်ပုံ ကပ်၊ ဆေးစစ်ပြီး တပ်ရင်းမှူးဆီ တင်ရမှာ"

"ဆေးစစ်ရမယ် ... ဟုတ်လား"

"ဟုတ်တယ်၊ စစ်ဆေးရုံမှာ၊ ကိုကို လာခေါ်မှာပေါ့"

"ရက်စရာကြီးကိုကိုရယ်၊ အသိဆရာဝန်တစ်ယောက်ယောက် လက်မှတ်ထိုးပေးလိုက်လို့ မရဘူးလား"

"ကိုကို့နဲ့သိတာ ဆရာဝန်မကလေးတစ်ယောက်တော့ရှိတယ်။ သူ့လည်းခိုင်းလို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုကို့ရည်းစားဟောင်း ဖြစ်နေလို့"

"ကိုကိုနော်"

လက်သီးဆုပ်ကလေးများ ဗိုလ်မြတ်ထွန်းပခုံးဆီ ပြေးဝင်လာသည်။ ဗိုလ်မြတ်ထွန်းသဘောကျစွာရယ်မောပြီး လက်သီးဆုပ်ကလေးများကို ဖမ်း၍ ဆုပ်ကိုင်ထားသည်။

"ကိုကို"

"ဗျာ"

"ကိုကို၊ မွန်မွန့်ကို ဘာလို့ လက်ထပ်ချင်တာလဲ ... ဟင်"

"မွန်မွန်ကလည်းကွာ ... ချစ်လို့ပေါ့၊ ဘာလဲ ကိုကို့ကို မယုံလို့လား"

"ကိုကိုချစ်တယ်ဆိုတာ ယုံပါတယ်။ ဒါပေမဲ့ ကိုကို့ကို မွန်မွန်ကြောက်တယ်"

"ဟောဗျ"





ဗိုလ်မြတ်ထွန်း မွန်မွန်ဦး၏ညိုးငယ်သောမျက်နှာကလေးကို ကြင်နာစွာ ငုံ့ကြည့်ရင်း ရေရွတ်မိပါတော့သည်။

(၈)

ဗိုလ်မြတ်ထွန်း၏ မိဘများက သိပ်ကျေနပ်လှသည်တော့မဟုတ်။

ဗိုလ်မြတ်ထွန်း၏မိခင်က မွန်မွန်ဦးမိဘများ၏ မပြည့်စုံမှုကို မကျေနပ်။ ဗိုလ်မြတ်ထွန်း၏ဖခင်ကတော့ တပ်ရင်းမှူးဆီမှ လက်ထပ်ခွင့်ကျပြီး ခွင့် ၁၅ ရက်ယူ၍ သထုံသို့ပြန်ရောက်မှ လက်ထပ်မည့်အကြောင်းမိဘကိုဖွင့်ပြောသည့် ဗိုလ်မြတ်ထွန်းကို မကျေနပ်။

"မိဘကို တိုင်ပင်ဖို့လောက်တောင် အရာပေးတဲ့ကောင် မဟုတ်ဘူး"

သည်သို့ မကျေမနပ် မြည်တွန်တောက်တီးသည်။

""မြတ်ထွန်း ဆေးများမိသွားသလား မသိဘူး""

ထားထားဦးကလည်း မသိမသာ အဆင်းတွန်းပေးပြန်သည်။ ထားထားဦးစိတ်ထဲတွင် စီးပွားရေးမခိုင်မာသောအိမ်ထောင်ကို ထူထောင်လိုက်ခြင်းဖြင့် သစ်စက်ဘက်သို့ ဗိုလ်မြတ်ထွန်း ပြန်စိတ်ဝင်စားလာမည်ကို ကြိတ်၍ပူပန်နေမိသည်။

တကယ်တော့ သူကိုယ်တိုင်လည်း သည့်ထက်ပင် မပြည့်စုံသောဘဝမှ လာခဲ့သူဖြစ်ကြောင်းကိုတော့ သူ မေ့လေပြီ။

မွန်မွန်ဦး၏ မိဘများက ခေတ်ပညာတတ်များပီပီ မချမ်းသာသော်လည်း မာနရှိသည်။ ထို့ကြောင့် ဒေါ်ခင်ခင်ထားက တောင်းရမ်းသည့်ပွဲတွင် "စိတ်တိုင်းကျ မင်္ဂလာဆောင်ပေးပါမည်" ဟု ကမ်းလှမ်းသောအခါ ...

"သထုံမှာ ဒေါ်ကြီးတို့က မြို့မျက်နှာဖုံးတွေပါ။ ဂုဏ်ရှိပြီးသားပါ။ ဂုဏ်ထပ်လုပ်ဖို့ မလိုတော့ပါဘူး။ ကလေးတွေကလည်း သထုံမှာနေမှာမှ မဟုတ်တာ။ အကျဉ်းလောက် လက်ထပ်ပြီး မင်္ဂလာဦးကို သံဃာဆွမ်းကျွေးရင် လုံလောက်ပါပြီထင်တယ်"...ဟု ငြင်းခဲ့လေသည်။

ဒေါ်ခင်ခင်ထားကတော့ အချစ်ဆုံးမြေး၏ပွဲမို့ မလျှော့လိုပါ။

ထို့ကြောင့် မြို့ပေါ်မှ လူကြီး ၁၀ စုံတွဲခန့်ကို ဖိတ်၍ အသိသက်သေ အစုံအညီနှင့် လက်ထပ်စေပြီး သထုံမြသပိတ်တောင်ခြေရှိ ပိဋကတ်ကျောင်းတိုက်တွင် သံဃာအပါး ၅၀ ကို ဆွမ်းကျွေးခဲ့ရုံသာမက ဆွမ်းကျွေးသို့ လူပရိသတ်တစ်ရာထက်မနည်း ဖိတ်ကြားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခန်းဝင်အပ်ရန် အခန်းကိုတော့ ဗိုလ်မြတ်ထွန်း၏အခန်းကိုပင်ပြင်ဆင်လိုက်သည
ထို့ကြောင့်မသစ္စာကမင်္ဂလာဆောင်နံ့လွှတ်လပ်စွာနေနိုင်ရန်ဟူသော အကြောင်းပြချက်
အောက်အခန်းတစ်ခုသို့ ဧည့်ရွှေ့ခဲ့သည်။

တစ်လောကလုံးမှာ အတွယ်တာရဆုံးအစ်ကိုချစ်သူနှင့်ပျော်ရွှင်ကြည်နူးနေချိန်တ
နံရံတစ်ချပ်သာခြားသောနေရာမှာ သူတုန်လှုပ်ခြင်းကင်းစွာ နေနိုင်ပါ့မည်လား၊
ကိုယ်သူ မသေချာနိုင်ရှာပါ။

(၉)

ပတ်စာရွာ ဖျာသိမ်းကြတော့ နေမွန်းလွဲနေပြီ။

နေအိမ်သို့ ပြန်ရောက်လာကြသောအခါ ဗိုလ်မြတ်ထွန်းရော၊ မွန်မွန်ဦး
အလွန်ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်၏။ မိဘများ၊ မောင်မြတ်သာနှင့် ထားထားဦးတို့လည
မသက်သာပါ။

အပင်ပန်းဆုံးကတော့ မသစ္စာပါပေ။

ဒေါ်ခင်ခင်ထားကိုယ်စား အစစအရာရာကို ပြေးလွှားစီမံခန့်ခွဲနေရ၍ ကိုယ်
ချွေးပြန်နေသည့်ကြားထဲက နေပြင်းသဖြင့် ချွေးဥကလေးများစိုနေသော အလွန်လှသ
သတို့သမီးကလေးကို အခန်းလွတ်တစ်ခုထဲသို့ခေါ်ခေါ်ပြီး မိတ်ကပ်ပြန်ပြင်ဖို့ပေးရသ
ကိုက အလုပ်တစ်ခု။

"ရပါတယ် ... မမရယ်၊ မွန်မွန် နဂိုကတည်းကမှ သိပ်မပြင်ထားတာ၊ မသိသာပါ
မွန်မွန်ဦးက အားနာပါးနာ တားယူရသည်။

"ဘယ်ဖြစ်မလဲ ... မွန်မွန်ရဲ့၊ မွန်မွန်လှမှ မမတို့ဂုဏ်တက်မှာပေါ့၊ အေးလေ
ငါ့ယောင်းမကလေးက မပြင်လည်း လှနေတာပါပဲ"

"မမလည်း လှပါတယ် မမရယ်၊ ပရိသတ်က မမကိုတောင် ပိုကြည့်ကြဦးမ

"အလို ... ဘာဆိုင်လို့"

"ဆိုင်တာပေါ့၊ မွန်မွန်က အခု ကိုကို့ဇနီးဖြစ်သွားပြီလေ၊ မမက အပျိုကို"

မသစ္စာက သဘောကျစွာရယ်မော၍ မွန်မွန်ဦး၏ပါးကလေးကို နမ်းရှုပ်လိုက်သ

"ဟိတ် ... ဒါ ဘာလုပ်တာလဲ"

အခန်းထဲသို့ဝင်လာသော ဗိုလ်မြတ်ထွန်းက လှမ်းစသည်၊

"ကိုကို့အရင် ဦးတာလေ"

"ဟားဟားဟား ... ဦးတယ်ဆိုတာ နင့်အထင်ကိုးဟ"





မွန်မွန်ဦး မျက်နှာကလေး ရဲခနဲ ဖြစ်သွားပြီး ဗိုလ်မြတ်ထွန်း၏ ပခုံးကို မနားတမ်း
ထုပါလေတော့၏။

"ကိုကိုနော် ... ပေါက်ကရတွေ လျှောက်မပြောနဲ့၊ မွန်မွန် ရှက်တယ်"

မသစ္စာ ပြုံးရုံသာပြုံးပြီး အခန်းထဲမှ သိတတ်စွာထွက်ခဲ့ပါသည်။

ညနေစောင်းတွင်တော့ ဗိုလ်မြတ်ထွန်း၏ ငယ်သူငယ်ချင်းများ လာခေါ်ကြသည်၊
ဖက်ချလာနိုက်"တဲ့၊

"ကိုကို ခဏလိုက်သွားမယ်နော် ... မွန်မွန်"

မျက်လုံးကလေး ကလည်ကလည်နှင့် တွန့်ဆုတ်တွန့်ဆုတ် ခေါင်းညိတ်ပြလိုက်
သော မွန်မွန်ဦးကို ငေးကြည့်ရင်း မသစ္စာရင်ထဲတွင် သနားနေမိသည်၊

သည်အိမ်က သတို့သားအိမ်၊ ပြီးတော့ မဟာဆန်လွန်းသည့် အိမ်ကြီး။ ကလေး
ဟာသာအရွယ် သတို့သမီးကလေး အားငယ်ရှာပေလိမ့်မည်။

ပြီးတော့ ကိုကိုက အရက်သွားသောက်တာဆိုတာလည်း သိနေတာပဲ၊

"မွန်မွန် ... ညီမလေး ... လာလေ"

"ရှင်"

"ရေချိုး အဝတ်လဲလေ ... မွန်မွန်ရဲ့၊ ငြိုးစီစီနေရောပေါ့"

"ဩော် ... ဟုတ်"

မသစ္စာနောက်မှ ကြောင်တက်တက်ကလေး လိုက်လာရှာသည်။

"ဟောဒီမှာ မွန်မွန့်အဝတ်အစားတွေ မမဘီရိုထဲမှာ စီထည့်ပေးထားတယ်။
ရေချိုးခန်းက ဟိုကပ်လျက်အခန်း၊ ဒီရေချိုးခန်းက ဒီအခန်းနဲ့ ဟိုဘက်က မမအခန်းပဲ
ပေါ့တာ၊ အခု မမ မနေတော့ ဟိုဘက်ခန်းက သော့ခတ်ထားတယ်၊ အေးအေးဆေးဆေး
လွတ်လွတ်လပ်လပ်သာချိုး။ ဆပ်ပြာမွှေးရော၊ တဘက်ရော မမ အသစ်ထည့်ထားတယ်၊
ခေါင်းလည်း ဟိုကျောက်ပျဉ်ပေါ်မှာ ကောင်မလေးတွေ သွေးပေးထားပြီးသား။ ကိုကို
ပြန်မလာမချင်း အပြင်စာကြည့်ခန်းထဲမှာ မမ ကောင်မလေးတစ်ယောက် စောင့်ခိုင်း
ထားတယ်၊ လိုရင်ခေါ်ခိုင်း၊ မမလည်း အောက်ကအခန်းမှာ ရှိတယ်။ မနက်က စာရင်း
ကလေးတွေ တွက်လိုက်ဦးမယ်။ သက်သက်သာသာနေနော် ညီမလေး"

မျက်လုံးနက်ကလေးများ ပုတ်ခတ်ပုတ်ခတ်လုပ်၍ ခေါင်းညိတ်ပြလေသည်။

မသစ္စာက အိမ်ဖော်မိန်းကလေးတစ်ဦးကို အပေါ်ထပ်တွင် စောင့်ခိုင်း၍ အောက်သို့
ဆင်းလာသည်၊ အောက်ထပ်ရောက်တော့ နောက်ထပ် အိမ်ဖော်မကလေးတစ်ဦးကို
ခေါ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက အပြင်မှာ စားလာမှာ၊ မယ်မယ်ကြီးက ဥပုသ်စောင့်ပြီး ပြန်လာ
အပေါ်က မမကို ၆ နာရီကျရင် ညစာပြင်ပြီး ခေါ်ပြီးကျွေးလိုက်နော်။ သိလား၊
တစ်ယောက်တည်းမို့ဆိုရင် မမကိုလာခေါ်ရျေး၊ အနုစာရင်းတွေသွားယူပြီး မမအခန်
လာပို့"

ရေချိုး အဝတ်အစားလဲပြီးသည်နှင့် မင်္ဂလာပွဲကုန်ကျစရိတ်များကို မသ
စာကြည့်စားပွဲတွင် ထိုင်တွက်နေစဉ် တံခါးကို ဖွဖွခေါက်သံကြားရသည်၊

"ဟဲ့ ... ဝင်ခဲ့လေ"

အိမ်ဖော်မလေးတစ်ဦးဟု ထင်လိုက်မိသော်လည်း ဝင်လာသူမှာ မွန်မွ
ဖြစ်နေသည်။

"ဟယ် ... မွန်မွန်၊ ဘာလဲ၊ ထမင်းစားတော့မလား"

မွန်မွန်ဦးက ခေါင်းခါပြပြီး မသစ္စာ စားပွဲနားကပ်လာသည်၊

"မမကလည်း အစောကြီးရှိသေးတာ"

စားပွဲပေါ်က နာရီကို လှမ်းကြည့်တော့ ညနေ ၅ နာရီ၊

မသစ္စာက ရယ်လာ၍ မွန်မွန်ဦး၏ ခါးကလေးကို ဖက်လိုက်သည်၊

"ဟုတ်သားပဲ၊ ဘာလဲ ပျင်းနေတာလား၊ လွမ်းနေတာလား"

သနပ်ခါးအဖွေးသား လိမ်းထားသော မျက်နှာကလေး ရုက်သွေးဖြန်းသွားပြန်သ

"မမကို ကန်တော့မလို့လာတာ"

"ဟောတော့ ... ဘာကြောင့်"

"စောစောက လူကြီးတွေကို ကိုကိုနဲ့ကန်တော့ကြတော့ မမက ကိုကို့ထက်အ
ဖြစ်နေလို့ မပါရဘူးလေ၊ အဲဒါကြောင့် မွန်မွန့်ဘာသာ လာကန်တော့တာ"

မသစ္စာရင်ထဲ နွေးသွားသည်၊

"နေပါစေ ညီမလေးရယ်၊ ကန်တော့ပြီးပြီပဲ သဘောထားပါ"

"အို ... မဟုတ်တာ"

မသစ္စာခြေရင်းတွင် ကျုံ့ကျုံ့ကလေး ထိုင်၍ ကန်တော့သည်။

ရှည်လျား ပျော့ပျောင်းသော ဆံနွယ်ကလေးများ ကြမ်းပြင်ပေါ်သို့ ဝေ့ဝဲကျ
သွားသည်ကိုငေးမောကြည့်ရင်းကမင်္ဂလာဦးညတွင် သတို့သမီးက အပျိုအရွယ်ယောင်
ထိုင်ကန်တော့သည့်ဓာတ်လမ်းမျိုး မြန်မာနိုင်ငံတွင် မည်မျှ များများစားစား ရှိနိုင်ပါ
လဲဟု ကတ်သီးကတ်သတ် တွေးနေမိရာက မသစ္စာ ဆုပေးဖို့ပင် မေ့နေလေသ

မွန်မွန်ဦး ထိုင်ရာကထတော့မှ သတိဝင်ပြီး ကမန်းကတန်း "အိုအောင်မင်းဇေ





ပေါင်းရပါစေကွယ်" ဟု ဆုပေး၍ မွန်မွန်ဦး၏ ပါးကလေးကို နမ်းလိုက်သည်။

"ငါ့ယောင်းမက သိပ်လိမ္မာတာပဲ၊ ငါ့အစ်ကိုတော့ ဖူးဖူးမှုတ်ထားမှာပါ"

"ဖြစ်ပါစေ မမရယ်"

"ဖြစ်မှာပါ ညီမလေးရဲ့ ကိုကိုက မွန်မွန့်ကို ဒီလောက်ချစ်တာ"

မွန်မွန်ဦး မျက်လုံးကလေးများ အရောင်လက်လာသည်။

"မမကို .. ကိုကိုက ပြောလို့လား"

"ပြောတာပေါ့ မွန်မွန်ရဲ့ မွန်မွန်နဲ့ စတွေ့ကတည်းက ပြောတာ"

မွန်မွန်ဦး ကြည်နူးစွာ ပြုံးလေသည်၊

"မမ"

"ဟင်"

"မမနဲ့ ကိုကိုနဲ့က ငယ်ငယ်လေးကတည်းက ကျန်တဲ့အိမ်သားတွေထက် ပိုပြီး
ရင်းရင်းနှီးနှီးနေတယ်။ ညညဆို အမြဲ ဝရန်တာမှာ မောင်နှမနှစ်ယောက် ထိုင်စကား
ပြောနေကျတဲ့၊ ကိုကိုက ပြောတယ်၊

"ဟုတ်တယ်လေ"

"အဲဒါဆို မမရယ်၊ မမ အရင်အခန်းမှာပဲ ပြန်နေပါလား၊ မောင်နှမသုံးယောက်ပေါ့
မဟုတ်ဘူးလား"

မသစ္စာ သက်ပြင်းချသည်၊

"ခုတော့ နေပါဦး ... ညီမလေးရယ်၊ လက်ထပ်ခါစမှာ လင်မယားနှစ်ယောက်ထဲ
လွှတ်လွှတ်လပ်လပ်နေပါဦး။ ပြီးတော့ မွန်မွန် ကိုကိုနဲ့ လိုက်သွားမှပဲ မမ ပြန်တက်
တော့မယ်"

"ဒါဆို မွန်မွန်တို့ နောက်တစ်ခါ သထုံလာရင် မမ မဆင်းရဘူးနော်"

"စိတ်ချပါရှင်"

မွန်မွန်ဦး သဘောကျစွာ ရယ်သည်၊

"မမ"

"ရှင်"

"ကိုကိုက အရက်တွေသောက်လာမှာလား ... ဟင်"

မသစ္စာ သက်ပြင်းချသည်၊

"နည်းနည်းပါးပါးတော့ သူငယ်ချင်းတွေ ကျေနပ်အောင် သောက်လာမှာပေါ့ကွယ်"

"ကိုကိုက အရက်လည်း ခဏခဏသောက်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



မသစ္စာ ဖြေရခက်စွာ ပြုံးရပြန်လေသည်၊

"မွန်မွန်က မသောက်နဲ့လို့ပြောပေါ့ မွန်မွန်ရဲ့"

"မပြောချင်ပါဘူး မမရယ်"

"ဘာဖြစ်လို့"

မွန်မွန်ဦးက စားပွဲစောင်းကလေးကိုဖိုရပ်၍အဝေးကိုငေးကြည့်နေရင်းကဖြေသည်

"ကိုကို့ကို မွန်မွန်ချစ်လို့ လက်ထပ်တာ။ မွန်မွန်နဲ့ လက်ထပ်ရတဲ့အတွက် ကိုက ဘက်က လျှော့ရတယ်ဆိုတာမျိုး ဘယ်ကမှ မရှိစေချင်ဘူး။ အရက်ရော၊ ဆေးလိပ်ရေ မွန်မွန်မကြိုက်ပါဘူး ... မမရယ်၊ ဒါပေမဲ့ မသောက်ပါနဲ့ ကိုကိုရယ်လို့လည်း မွန်မွ မပြောရက်ဘူး"

မသစ္စာ နေရာမှထ၍မွန်မွန်ဦး၏ပခုံးကလေးကိုကြင်နာစွာပွေ့ဖက်လိုက်သည်

"စိတ်ပူမနေပါနဲ့ ညီမလေးရယ်။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ်

"တကယ်လား ... မမ"

"တကယ်ပေါ့ ... မွန်မွန်"

တချို့လူတွေအတွက်ပေါ့ ... ဆိုသည့်စကားကိုတော့ မသစ္စာရင်ထဲတွင်သ မျိုသိပ်ထားလိုက်ရပါသည်၊

(၁၀)

ည ၈ နာရီကျော်မှ ဗိုလ်မြတ်ထွန်း ပြန်ရောက်လာသည်၊

အောက်ထပ်မှ ဗိုလ်မြတ်ထွန်းစကား ပြောသံ၊ မသစ္စာ ဆီးကြိုသံတို့ကို ကြား သောအခါ ရင်ဖိုစိုးရွံ့နေသည့်ကြားကပင် မိမိဝတ္တရားကိုမမေ့တတ်သော မွန်မွန် လှေကားထိပ်အထိ အပြေးလာကြိုလေသည်၊

"ဆောရီးပဲ ... မွန်မွန်ရယ်၊ နည်းနည်းလေး နောက်ကျသွားတယ်"

"ဟုတ်"

အခန်းထဲတန်းဝင်သွားသော ဗိုလ်မြတ်ထွန်းနောက်မှ ရှက်ရွံ့စွာပင် လိုက်သွ လိုက်သည်၊ ဗိုလ်မြတ်ထွန်းဝတ်ထားသောတိုက်ပုံကို ချွတ်ပါမှ သတိဝင်လာပြီး ကမ ကတန်း ကူချွတ်ပေးသည်၊

"မွန်မွန် စားပြီးပြီနော်၊ သစ္စာနဲ့ စားလိုက်တာလား"

"ဟုတ်ကဲ့ ... ကိုကို၊ ဟို ... ကိုကို စားလာမယ်ဆိုလို့"

"အေးပါကွယ်၊ ကိုကိုလည်း သူတို့နဲ့ မစားလို့ မကောင်းတာနဲ့"





ခုရှိန်ထိ ခြေလှမ်းလည်း မမှား၊ စကားပြောလည်း မမှားသော ဗိုလ်မြတ်ထွန်းကို ကြည့်၍မွန်မွန်ဦးအံ့သြနေမိသည်၊ ဗိုလ်မြတ်ထွန်းအရက်ဘယ်လောက်သောက်သောက် မူးသည်ဟူ၍ မရှိဆိုသည့် ကြားဖူးထားတာတွေပဲ မှန်နေပြီလားဟု တွေးနေမိသည်၊

"ဟိုလေ၊ ကိုကို့အတွက် မွန်မွန် အဝတ်အစားတွေ အဆင်သင့်ထုတ်ပေးထားတယ်။ ယဲ့တော့မလား ... ဟင်"

"ရေချိုးလိုက်ဦးမယ် မွန်မွန်"

"ဟုတ်"

တဘက်ကိုယူ၍ပေးသည်၊ ဗိုလ်မြတ်ထွန်းချွတ်ပေးသောရုပ်အင်္ကျီနှင့်ခွပ်ကျယ်ကို လှမ်းယူသည်၊

ဗိုလ်မြတ်ထွန်း တစ်ဖက်အလှည့်တွင် ရုပ်အင်္ကျီကိုမိုး၍နမ်းကြည့်သည်၊ အရက် သောက်ထားလျှင် ချွေးကပါအရက်နံ့ရတတ်သည်ဟုကြားဖူးထားသည် မဟုတ်ပါလား။

"မွန်မွန်"

"ရှင်"

တုန်ခန်နေအောင် လန့်ဖျပ်၍ မော့ကြည့် သည်၊ ဗိုလ်မြတ်ထွန်းက လှည့်ကြည့် နေရင်းက ပြုံးပြသည်၊

"ဘာလဲ၊ အင်္ကျီကနေ အရက်နံ့ရမရ စစ်နေတာလား"

"ရှင် ... မဟုတ်"

"လာခဲ့၊ ကိုကို့ပါးစပ်ကို လာနမ်းကြည့်"

"အို"

"လာစမ်းပါ"

ဗိုလ်မြတ်ထွန်း မွန်မွန်ဦးကို လက်နှစ်ဖက်နှင့် သိမ်းကျုံးပွေ့ဖက်လိုက်သည်၊ ပြီးတော့ မွန်မွန်ဦး၏ မျက်နှာနားအထိငုံ့ကာ ပါးစပ်ကို ဟပြလိုက်သည်။

"ကဲ ... ရလား၊ အရက်နံ့"

တကယ်ပင် အရက်နံ့မရချေ။

"ပြောလေ၊ မရဘူးမဟုတ်လား၊ ထပ်နမ်းကြည့်ဦးမလား"

"ဟုတ်တယ်နော် ကိုကို၊ ကိုကို အရက်မသောက်ခဲ့ဘူးပေါ့"

"မသောက်ခဲ့ပါဘူး မွန်မွန်ရယ်"

"သူတို့က အရက်မတိုက်နိုင်းကြဘူးလား ကိုကို"

"နိုင်းတယ်၊ သူတို့ကိုပဲ တိုက်လိုက်တယ်။ ကိုကို့အတွက်တော့ သောင်းပန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မသောက်ဘဲ နေလိုက်တယ်"

"ကိုကို အရက်သောက်တတ်တာပဲ၊ ဘာဖြစ်လို့ ..."

"ကိုကို အရက်သောက်လာရင် မွှန်မွှန် အားငယ်နေမှာစိုးလို့"

မွှန်မွှန်ဦး ရုတ်တရက် မျက်ရည်စို့လာသည်၊

"အို ... ကိုကိုရယ်"

ဗိုလ်မြတ်ထွန်း၏ နှုတ်ခမ်းကို မမိတမိ ခြေဖျားထောက်၍ နမ်းလိုက်သ
ချစ်မြတ်နိုးစွာ နမ်းလိုက်ခြင်းဖြစ်ပါသည်။

အဲသည်အနမ်းသည်ပင်လျှင် လူဆိုးလူတေကလေးဟု လူသိများသော လ
ဗိုလ်မြတ်ထွန်းကို တည်ငြိမ်သော အိမ်ထောင်သည် အရာရှိတစ်ဦးအဖြစ်သို့ ပြောင်
ပစ်လိုက်ပါတော့၏။

(၁၁)

ရေ့တန်းရောက်ပြီး တစ်လကျော်မျှသာ ရှိသေးသည်၊ ဗိုလ်မြတ်ထွန်
စစ်မြေပြင်ထောက်လှမ်းရေးသင်တန်း တက်ရန်ခေါ်သော ကြေးနန်းဝင်လာသည်

"ခွေးကောင်လေး၊ သင်တန်းပဲ တက်စားနေတာပဲ"

တပ်ခွဲမှူး ဗိုလ်ကြီးကျော်ကျော်စိုးက မြည်တွန်တောက်တီးတော့ ဗိုလ်မြတ်
ရယ်၍သာနေသည်၊

"တက်ပါရစေ ... အစ်ကိုကြီးရယ်၊ ဒါမှ ပြီးရင် "အိုင်အို" လေးဘာလေး ဖြစ်
"အိုင်အိုက သင်တန်းတက်မှ မဟုတ်ဘူး မောင်ရင်၊ အခုက ခုကတည်
မောင်ရင့်ကို လျာနေပြီ၊ စီနီယာတွေပြောမှာစိုးလို့ ခဏစောင့်နေတာ"

ဗိုလ်မြတ်ထွန်း ပခုံးတွန့်ပြသည်၊

"မင်း ချာတိတ်မ အခု ဘယ်မှာထားခဲ့သလဲ"

"ကျွန်တော့်ဇနီးလုပ်စမ်းပါ အစ်ကိုကြီးရဲ့"

"တော်စမ်းပါငါးရစ်ရာ၊ သူငယ်နပ်စား ကျောင်းသူကလေး ယူထားပြီး ဇနီး
ဘာတွေ လုပ်မနေပါနဲ့။ ချာတိတ်မက ချာတိတ်မပေါ့၊

ပြောမနာဆိုမနာများပီပီ တစ်ဦးကို တစ်ဦး နှက်နေကြသည်ကို ဗိုလ်မြတ်ထ
နေရာ အစားရောက်လာသော တပ်စုမှူးကလေးက ရယ်၍ ကြည့်နေသည်။

"ကျွန်တော် ရေ့တန်းထွက်တော့ သထုံပြန်သွားတယ်လေ"

"အခု မောင်ရင်က မြေမြို့ခေါ်သွားဦးမှာလား"





ဗိုလ်မြတ်ထွန်းက ရယ်သည်၊

"အစ်ကိုကြီးကလည်း ကျွန်တော် အဲဒီလောက် မကဲသေးပါဘူး၊ ဒီလူပျိုကြီး
မှာလိုတိုင်း စွတ်ပြောနေပြီ"

"အောင်မာ ... ငါလူပျိုကြီးဖြစ်ရတာ မင်းကြောင့်"

"အလိုဗျာ၊ စွပ်စွပ်စွဲစွဲ"

"ဘာစွပ်စွပ်စွဲစွဲလဲ။ မင်းနဲ့ပေါင်းတော့ မိန်းကလေးတွေက မင်းလို ငပွေရှုပ်ပဲ
အောက်မေ့ပြီး ငါ့ကိုမကြိုက်ကြတော့လို့ ငါ မိန်းမ မရတာ"

(၁၂)

တကယ်တော့ ဗိုလ်မြတ်ထွန်း အိမ်ထောင်ကျသည်ကို တပ်ရင်းမှူးမှအစ
ဗိုလ်ကြီးကျော်ကျော်စိုးအဆုံး အားလုံးက သဘောကျခဲ့ကြသည်၊

ပထမတော့ အသက် ၁၈ နှစ်သာရှိသေးသည့် ကောလိပ်ကျောင်းသူကလေးကို
ယူလာမည်ကြားကြတော့ ကျန်သည့် "ကတော်" တွေကြားထဲမှာ ကလေးသာသာ သည်
မိန်းကလေး ဘယ်လိုနေမှာလဲဟု စိတ်ပူကြသေးသည်၊ ဗိုလ်မြတ်ထွန်းကို "တိုက်
တိုင်းအောင်တပ်စုမှူးကလေး" အဖြစ် အလွန်ချစ်သော တပ်ရင်းမှူး၏ကတော်ကလည်း
ဗိုလ်မြတ်ထွန်းကတော်ကလေးကို အရေးပေးမည်ဆိုတာကို အားလုံး တွက်၍ရနေသည်။
သည်တော့ သည်မိန်းကလေးသည် တပ်ရင်းမှူးကတော်အပြင် ဘယ်သူတွေနှင့်အလွမ်း
သင့်သွားမှာလဲ ဆိုတာကလည်း စိတ်ဝင်စားစရာ ဖြစ်လာသည်၊ တပ်ရေးဗိုလ်ကြီး
ကတော်နှင့်ပဲလား၊ ဌာန ချုပ်တပ်ခွဲမှူးကတော်နှင့်ပဲလား ဒါက အများစိတ်ဝင်စားစရာ၊

လူငယ် လူပျိုအရာရှိများကလည်း သည်လောက်စွံသော ဗိုလ်မြတ်ထွန်း ဘယ်လို
မိန်းကလေးကို ယူဖြစ်သွားသည်ကို တော်တော်စိတ်ဝင်စားနေခဲ့ကြသည်၊

ဗိုလ်ကြီးကျော်ကျော်စိုးကတော့ ရယ်မောရ၍သာ ... မြတ်ထွန်းရယ်၊ ငါ့ကို
ဒက်ယောက်တည်းထားခဲ့ပြီလား ...ဟု နောက်ပြောင်ပြောဆိုနေသည်၊

မွှန်မွှန်ဦးကို ဗိုလ်မြတ်ထွန်း ခေါ်လာသည့်နေ့ကတော့ ဘူတာတွင်လာကြိုရင်း
ဗိုလ်ကြီးကျော်ကျော်စိုး ပါးစပ်ပြဲသွားသည်၊ ကြိတ်၍လည်း ... ခွေးကောင်ကလေး၊
တွေ့လိုက်မှဖြင့် အချောအလှချည်းပဲ ... ဟု ဆိုသည်၊

ဗိုလ်မြတ်ထွန်းကတော်ကလေး အလွန်လှသည်ဟု သတင်းကြားရပြီးနေသော်
လည်း ကိုယ်တိုင် လာကန်တော့သောအခါတွင် အလွန်လိမ္မာယဉ်ကျေးကြောင်းကိုပါ တွေ့
ရ၍ သော တပ်ရင်းမှူးကတော်ကြီးကတော့ မွှန်မွှန်ဦးကို မြင်မြင်ချင်း ချစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့၊ တခြားအရာရှိကတော်တွေ က အသက်သုံးဆယ်ကျော်၊ လေးဆ[illegible] ဝန်းကျင်တွေမို့ "မမ" လို့ ခေါ်ကြတာ။ သမီးက အိမ်က သမီးကြီးထက်တောင် ငယ်[illegible] တယ်။ သူ့လိုပဲ မေမေကြီးလို့ခေါ်"

တပ်ရင်းမှူးကြီးကလည်း ရင်းရင်းနှီးနှီး ဆက်ဆံသည်။

"စစ်တိုက်တဲ့နေရာမှာတော့ ငါ့တပည့်တွေထဲမှာ မြတ်ထွန်း အတော်ဆုံးပဲ၊ အ[illegible] သောက်တာတစ်ခု ဆိုးနေတာ။ ညည်းရအောင်ပြင်စမ်း။ ညည်းကြောင့် မြတ်ထွန်းအ[illegible] ပြတ်ရင် ငါ တစ်ခုခု ဆုချမယ်""

မွန်မွန်ဦးက ရယ်၍သာ နေသည်။

အဲသည်နေ့ ညနေကဗိုလ်မြတ်ထွန်းအိမ်အတွင်းခန်းများ အတူပြင်ဆင်နေကြရင်[illegible] မွန်မွန်ဦးကို လှမ်းကျီစယ်သည်။

"မွန်မွန်၊ ကိုကို့ကို အရက်မသောက်အောင်ပြင်ဖို့ တပ်ရင်းမှူးကြီး တာဝန်ပေး[illegible] တယ်နော်၊ လာမပြင်သေးဘူးလား၊ ကိုကိုက စောင့်နေတာ"

မွန်မွန်ဦးက ရယ်သည်။

"ကိုကိုရယ်၊ ကိုကိုက မွန်မွန့်ထက် အသက်ရော၊ ပညာရော၊ အတွေ့အကြုံ[illegible] အားလုံး ရင့်ကျက်တာပဲဟာ၊ ကိုကို ဆုံးမရင်သာ မွန်မွန်က နာခံရမှာပါ။ ကိုကို့ကို[illegible] မွန်မွန်က ဘယ်ဆုံးမလို့ ဖြစ်မလဲ။ ကိုယ့်ဘာသာကိုယ် ဆုံးမပေါ့"

"မွန်မွန်က ဘာမှမပြောတော့ဘူးပေါ့"

"မွန်မွန်ပြောပြီးသားပဲ၊ ကိုကိုအရက်သောက်ရင် မွန်မွန်ထိုင်ငိုနေမှာလို့"

"လူလည်မလေး"

"ဟောတော်၊ ဘာဖြစ်လို့"

"မွန်မွန်ထိုင်ငိုနေမယ်ဆိုတာသိပြီး ကိုကိုက ဘယ်လိုလုပ်သောက်မလဲ"

"ဒါတော့ စောင့်ကြည့်ရမှာပဲလေ"

ဗိုလ်မြတ်ထွန်းက မွန်မွန်ဦး နဖူးကလေးကို မနာအောင် လက်သီးဆုပ်ဖြင့်[illegible] ထုသည်။

နောက်ပိုင်းတော့ အရာရှိကတော်များလည်း တဖွဲဖွဲရောက်လာကြသည်။ လို[illegible] ကူညီကြသည်၊ အကြံတွေပေးကြသည်၊ အားလုံးကတော့ မွန်မွန်ဦးကို ရုပ်လှသလော[illegible] ယဉ်ကျေးမွန်ရည်သည်ဟု မှတ်ချက်ပြုကြသည်။

ဗိုလ်ကြီးကျော်ကျော်စိုးကတော့ ထုံးစံအတိုင်း အတုံးလိုက်၊ အတစ်လို[illegible] မှတ်ချက်ချသည်။





"ငါးရစ်ရယ်၊ မင်းနဲ့တောင် မတန်ဘူး၊ ကောင်မလေး လင်ရကံဆိုးရှာတယ်"

(၁၃)

အဲသည်နောက် တစ်ခေါက် ရှေ့တန်းထွက်ခဲ့ချိန်မှာ ဗိုလ်မြတ်ထွန်း စစ်မြေပြင်[illegible]ထောက်လှမ်းရေးသင်တန်းတက်ရန် နောက်တန်းပြန်ရဖို့ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဗိုလ်ကြီးကျော်ကျော်စိုးကို နှုတ်ဆက်၍တပ်ခွဲကုန်းမှ ဆင်းလာခဲ့ပြီး တပ်ရင်းမှူး[illegible]ရာ စစ်ကြောင်းရုံးကုန်းသို့ ရောက်၍ တပ်ရင်းမှူးနှင့် စကားပြောရရုံရှိသေးသည်။ [illegible]တပ်ခွဲကုန်းဘက်မှ ပေါက်ကွဲသံများ စတင်ထွက်ပေါ်လာလေသည်။

"ဟေ့ အသံကင်း၊ အဲဒါ ဘယ်ဘက်ကလဲ"

"ဗိုလ်ကြီးကျော်ကျော်စိုးကုန်းဘက်က အဘ"

"စက်ဖွင့်နိုင်းစမ်း"

ဗိုလ်ကြီးကျော်ကျော်စိုးကိုယ်တိုင် စကားပြောစက်ပေါ် တက်လာသည်၊ ဗိုလ်ကြီး[illegible]ကျော်ကျော်စိုး၏ ခွဲရုံးရှိရာ ပို့င့်ကုန်းသို့ အနီးရှိ တောင်ကုန်းတစ်ခုမှ လက်နက်ကြီး[illegible]လုံးပေါင်းများစွာ ဆက်တိုက်ပစ်သွင်းနေ၍တပ်ခွဲတစ်ခုလုံးခေါင်းမဖော်နိုင်လောက်အောင် [illegible]ဖြစ်နေကြောင်း သိရသည်။

"တောက် ... တော်တော်ပေါ့တဲ့ ကောင်တွေ၊ အဲဒီနေရာကို ရှင်းမထားဘူး"

တပ်ရင်းမှူး ဒေါပွနေသဖြင့် ဗိုလ်မြတ်ထွန်းလည်း ငြိမ်နေရသည်။ မိမိတပ်ခွဲဖြစ်[illegible]နေတာဖြစ်သဖြင့် မိမိက ပြန်ရတော့မည်ဖြစ်သော်လည်း အပြစ်မကင်းသလို ခံစား[illegible]နေရသည်။

အရေးထဲတွင် လှုပ်ရှားတပ်စုက မရှိ၊ ကင်းပုန်းဝပ်ရန် တစ်နေရာသို့ လွှတ်ထားပြီး [illegible]ဖြစ်နေသည်။

"အဲဒီနေရာကို ခင်ဗျား အကြီးတွေနဲ့ လှမ်းပစ်ပေးလို့ရမလား"

အမြောက်တပ်မှ တွဲဖက်ထားသော အရာရှိကို တပ်ရင်းမှူးက မေးသည်။

"သိပ်မလွယ်ဘူး ... ဗိုလ်မှူးကြီး၊ သူက နယ်စပ်မျဉ်းနားမှာ ဖြစ်နေတော့ တစ်ဖက် [illegible]နိုင်ငံထဲကို ကျချင်ကျနိုင်တယ်"

"အဲယားဘတ်စ် (Air Burst)နဲ့ ဆိုရင်ကော"

"ဒါလည်း ကျနိုင်တာပဲ၊ ဗိုလ်မှူးကြီး အမိန့်ပေးရင်တော့ ကျွန်တော် ကြိုးစား [illegible]ကြည့်ပေးပါ့မယ်"

"အေးဗျာ၊ ခဏနေပါဦး၊ အရေးထဲမှာ လှုပ်ရှားတပ်စုက မရှိဘူး၊ ဟိုကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဘယ်လိုမှ ဖောက်ထွက်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်က အဲဒီပစ်နေ
လက်နက်ကြီးကို ဖြိုချပေးချင်တာ"

ထောက်လှမ်းရေးအရာရှိက တွေးတွေးဆဆ ဝင်ပြောသည်။

"ကျွန်တော်တို့ဆီက တစ်စုစာလောက် ထုတ်နုတ်ပြီး ဝင်လုံးပေးရင်ရော
အဘ"

တပ်ရင်းမှူး စဉ်းစားသည်။

"နည်းနည်းလေး လှမ်းနေတယ်ကွ၊ ကြားမှာလည်း နှစ်ကြောလောက် တက်
ဆင်းရမှာ။ ပြီးတော့ အလစ်အငိုက်ရဖို့ကလည်းလိုတော့ အသံတိတ် တရကြ
ချီတက်ပြီး ဟိုကျ ကျောက်တောင်ပေါ်ကို တက်ရမှာ မလွယ်ဘူး"

တပ်ရင်းမှူးက စဉ်းစားနေသည်။

လက်နက်ကြီးသံများက တရစပ် ပေါ်ထွက်နေဆဲ။

"ဟေ့ကောင် ... မြတ်ထွန်း၊ မင်းကို ငါ လူ ၂၀ ပေးမယ်၊ မင်း ပြန်ချမလား"

"ဟုတ်ကဲ့"

(၁၄)

ညနေ ၁၆၂၀ အချိန်တွင် ရန်သူ့လက်နက်ကြီးအဖွဲ့ဆုတ်ခွာ ထွက်ပြေးသွားသည်

ဗိုလ်မြတ်ထွန်းနှင့်အဖွဲ့ကို စစ်ကြောင်းရုံးသို့ ညတွင်းချင်း ပြန်လာပူးပေါင်းရ
တပ်ရင်းမှူးက အမိန့်ပေးသည်။

"ကဲ ... အစ်ကိုကြီး၊ သွားမယ်"

ပေကျံစုတ်ပြဲနေသော ယူနီဖောင်းနှင့် ကာဘိုင်ကို စလွယ်သိုင်းလျက်
ဗိုလ်မြတ်ထွန်း ဗိုလ်ကြီးကျော်ကျော်စိုးကို လာနှုတ်ဆက်သည်။

"အေးကွာ ... ငါ့ညီ။ ငါလည်းမင်းပေးတဲ့အသက်ပဲရှိတော့တယ်၊ လူနာတွေတော်တေ
များလား"

"ငါးယောက်ပါပဲ အစ်ကိုကြီး။ နှစ်ယောက်က လျှောက်နိုင်ပါတယ်၊ သုံးယောက်
ထမ်းရမှာ။ ရပါတယ်"

"အေးကွာ၊ မင်းလည်းပင်ပန်းရောပေါ့။ ဒီနေ့တစ်ရက်တည်း ဒီခရီးကို သုံးခေါက်
ပြန်လည်းလျှောက်ရသေး၊ တိုက်လည်း တိုက်ရသေးဆိုတော့"

ဗိုလ်ကြီးကျော်ကျော်စိုးက ဗိုလ်မြတ်ထွန်းကို ပခုံးဖက်၍ စည်းရိုးဝအထိ လိုက်
ပေးသည်။





"ငါ့ကောင် မိန်းမရတာနဲ့ ပျော့သွားပြီမှတ်နေတာ၊ ဒေါင်ဒေါင်မြည်ပါပဲလားကွာ"
ဗိုလ်မြတ်ထွန်းက မျက်မှောင်ကုတ် စဉ်းစားနေပြီးမှ ဖြေသည်။

"ပွဲဦးကုန်းပေါ်တက်ခါနီးမှာ ဒီတစ်ခေါက် ငါများ တစ်ခုခုဖြစ်သွားရင် မွန်မွန်
နဲ့မှာဆိုပြီး ထင့်ခနဲ ဖြစ်သွားသေးတယ်ဗျ။ တွယ်တာစရာ သံယောဇဉ်ကလေး
ဟာတော့လည်း တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ် မမွေးနိုင်တော့တာတော့အမှန်ပဲ။
ပမဲ့ ကိုယ့်ကိုယ်ကိုယ် ညာလိုက် ရင်ရှေ့မှာ ကိုယ့်ရဲဘော်ရဲဘက်တွေ နာကျန်မှာဆိုတဲ့
တွေးနဲ့ ကိုယ့်ကိုယ်ကိုယ် သတိပေးခဲ့ရတာ။ မတူတာတော့ မတူတော့ဘူး အစ်ကိုကြီး"

ဗိုလ်ကြီးကျော်ကျော်စိုးက နားလည်စွာ ပြုံး၍ ဗိုလ်မြတ်ထွန်း၏ပခုံးကို ညှစ်၍
ပေးပါသည်။

(၁၅)

စစ်မြေပြင်ထောက်လှမ်းရေးသင်တန်း ဆင်းပြီးသောအခါ ဗိုလ်မြတ်ထွန်းတပ်ရင်း
မနရာ ရှေ့တန်းသို့ပင် ပြန်လိုက်သွားရသည်။

ဗိုလ်ကြီးကျော်ကျော်စိုးက တပ်ခွဲမှူး(ဗိုလ်မှူး)အဆင့်ကို တိုးမြှင့်ခံရပြီး တပ်
ပြောင်းရသဖြင့် ဗိုလ်မြတ်ထွန်းက ခေတ္တတပ်ခွဲမှူးအဖြစ် ဗိုလ်ကြီးကျော်ကျော်စိုးကို
ရသည်။

"ကောင်လေး၊ လိမ်လိမ်မာမာနေခဲ့နော်"

"စိတ်ချပါ အစ်ကိုကြီးရဲ့။ ကျွန်တော်က ဆုံးမမယ့်သူ ရှိတယ်၊ အစ်ကိုကြီးသာ
လျှော့သောက်"

"အောင်မာ မင်းလိုကောင်က ပြန်လျှော့သောက်ခိုင်းတာ ခံရတာတော့ နာသဟေ့"

ဂါရင့်ဗိုလ်ကြီးတစ်ဦး ဦးစီးရမည့် တပ်ခွဲခံစစ်ကုန်းကို လူငယ်ဗိုလ်ကလေးတစ်ဦးကို
မြဲအနေအရ ဦးစီးခိုင်းခဲ့ရသော တပ်ရင်းမှူးမှာ ဗိုလ်မြတ်ထွန်း၏သတ္တိနှင့် တိုက်ရည်
က်ရည်ကို ယုံကြည်သော်လည်း ခံစစ်စခန်းကုန်းတစ်ခုကို ပြင်ဆင်ရာ၌ စနစ်ကျပါ
ပြီလားဟုတော့ စိတ်ပူမိသည်။

ရှေ့တန်းကုန်းစစ်ဆေးရန် ဗိုလ်မြတ်ထွန်း၏ကုန်းသို့ရောက်လာသောအခါတွင်တော့
ပ်ရင်းမှူး အံ့အားသင့်သွားရပါသည်။

တပ်စုမှူး ဒုဗိုလ်ကလေးနှစ်ဦးနှင့်အတူ ဗိုလ်မြတ်ထွန်း တပ်ရင်းမှူးကို ကြိုဆည်း
ခွင် လာကြိုသည်။ စည်းရိုးတစ်ခုလုံး ဝါးအသစ်များလဲထားပြီး စည်းရိုး နှစ်ထပ်ကြား ရှိ
ကျင်များမှာလည်း အသစ်များဖြစ်နေသည်။ ရန်သူကပ်လျှင် အသံမြည်စေသော စည်းရိုး၊



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကလေးများထိပ်တွင် စွပ်ထားသော စည်သွပ်ဘူးခွံများတွင်ပင် သံချေးမ
အသစ်လဲထားဟန်တူသည်။ စည်းရိုးအပြင်ဘက်က မြေကို ရှင်းထားသည်မှာလ
ဘာချုံနွယ်ပိတ်ပေါင်းမှမရှိ။ စံပြ "သတ်ကွင်း" တစ်ခုဖြစ်နေသည်၊

"မြတ်ထွန်း၊ မင်း မိုင်းတွေ သေသေချာချာ လွှဲယူရဲ့လား"

"ဟုတ်ကဲ့"

"ပြစမ်း၊ ငါ့ကို"

တပ်စုမှူးကလေးတစ်ဦးကို မျက်ရိပ်ပြလိုက်ရာ တပ်စုမှူးကလေးက ဝါးလုံ
တစ်ချောင်းဖြင့် မိုင်းမြှုပ်ထားရာ နေရာများကို တစ်လုံးချင်း ထောက်ပြသည်။

"မင်းတို့ သေချာတယ်နော်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အဟောင်းတွေကို ရှင်းပြီး ဖော်ပစ်လိုက်ပါတယ်၊
အသစ်ပြန်မြှုပ်ထားတာပါ"

"ဟေ ... ဘာလို့"

"မိုးဝင်တော့မယ် တပ်မှူး။ မိုးရွာလို့ အပင်ပေါက်ကလေးတွေ ရှည်ထွက်လာ
မိုင်းနဲ့ငြိပြီး ထကွဲနိုင်တဲ့နေရာကလေးတွေ တွေ့နေရတယ်၊ ဒါကြောင့် ဘီအီးရဲ့ဘေ
မိုင်းတွေပြန်ဖော်ခိုင်း၊ မြေကိုပြန်နုတ် ရှင်းပြီးမှပြန်မြှုပ်ထားတာပါ။ ဒီတော့ ကျွန်တော
မြေပုံက သေချာပါတယ်"

တပ်ရင်းမှူး သဘောကျသွားသည်၊

ကတုတ်ကျင်းများထဲတွင်လည်း မြက်ပင်များ မတွေ့ရ၊

ဗုံးခိုကျင်း အသစ်များကိုလည်း တွေ့ရသည်။

"မင်း အိုဗာဟက်တွေ ထပ်လုပ်ထားတာလား"

"ဟုတ်ကဲ့၊ ရိက္ခာထည့်တာပါ"

"ခါတိုင်း မြေပေါ်တဲနဲ့ပဲထားတာ မဟုတ်လား"

"ဟုတ်ကဲ့၊ ဒီပို့ဂျင့်က သိပ်မြင့်တော့ လက်နက်ကြီးတည့်တည့်ကျဖို့ မလွယ်
ဆိုပြီး ခဲယမ်းလောက်ပဲ အိုဗာဟက်နဲ့ထားခဲ့ကြတာ။ ဟိုတစ်ခါ လာပစ်တုန်းကတည့်
ချည်းပဲ ကျတာတွေ့တော့ ရိက္ခာတွေလောင်ကုန်ရင် ရေရှည်ခံဖို့ ကျခက်မှာစို
ကျွန်တော် ရိက္ခာပါ အိုဗာဟက်အောက်ထဲ ထည့်လိုက်တယ်"

"အေး ... ကောင်းတယ်"

ကုန်းထိပ်ရောက်သောအခါတွင် မြေရှင်းသစ်ပင်စိုက်နေသော ရဲဘော်များ
တွေ့ရပြန်သည်၊





"မင်း ဘာတွေစိုက်နေတာလဲ"

"သဘော်ပင်ပါ တပ်မှူး"

"မြေမမာဘူးလားကွ"

"မာတယ် တပ်မှူး။ အခုက ကျွန်တော်က မြေကိုကျင်းတူးပြီးမှ အောက်ကနန်းမြေကို
ယ်ထည့်ပြီး စိုက်တာ"

"ကောင်းကွာ၊ မင်းတပည့်လုပ်ရတဲ့ ကောင်တွေ မလွယ်ပါလား မြတ်ထွန်းရာ"

"သိပ် ငြိမ်ငြိမ်နေရင် အဖျားအနာထူတယ် တပ်မှူး။ အခု ဒီကောင်တွေ လှုပ်လှုပ်၊
ှုပ်လှုပ်နဲ့ဆိုတော့ တစ်ယောက်မှ မဖျားကြဘူး"

တပ်ခွဲရုံးတဲကလေးထဲ ဝင်လာကြတော့ ကျဉ်ဆံတိုက်နေသည့် ရဲဘော်တချို့ကို
တွေ့ရပြန်သည်။

"ဒါတိုင်းအရန် ကျည်တွေလားကွ"

"ဟုတ်ကဲ့"

"ဘာထုတ်လုပ်နေတာလဲ"

"ကြေးညှိတွေတက်နေလို့ တပ်မှူး။ အရေးအကြောင်းကျမှပစ်ရင် အသွားမှာ
လို့ တစ်နေ့ နည်းနည်းစီ ထုတ်တိုက်ခိုင်းထားတာ""

တပ်ရင်းမှူးက အားပါးတရ ပြုံးသည်၊

"တိုက်ရဲရုံနဲ့ စစ်သားကောင်းမဖြစ်နိုင်ဘူး၊ ကြိုတင်မျှော်မြင်ပြင်ဆင်တတ်ရတယ်။
ီပညာကို ဗိုလ်သင်တန်းကျောင်းက သင်ပေးလိုက်တယ်၊ တချို့အရာရှိကလေးတွေက
ါတွေကို ရှေ့တန်းမှာ လက်တွေ့အသုံးမချဘဲ ဝါရင့်အကြပ်ကြီးတွေပြောတာပဲ
ျက်လုပ်ကြတာရှိတယ်၊ တချို့ကျတော့လည်း စာတွေ့ကိုပဲ အမိကထားပြီး အတွေ့
ကြုံရင့်အကြပ်ကြီးတွေပြောတာ လက်မခံကြတော့ပြန်ဘူး၊ အမှန်ကတော့ အသက်နဲ့
င်းပြီး အလုပ်လုပ်ကြ ရတာ၊ ပညာကို ဘယ်ကမဆိုရအောင်ယူ၊ ကြိုတင်တွက်ချက်
ြင်ဆင်၊ နဖူးတွေ့ဒူးတွေ့ကြုံရင်လည်းချရဲရမယ်၊ အဲဒါငါ့တပည့်တွေကိုပြောနေကျစကား။
င်းတော့ ငါ စိတ်ချပါပြီ မြတ်ထွန်းရယ်"

(၁၆)

မသစ္စာဆီကိုဗိုလ်မြတ်ထွန်းစာ ရေးလေ့ရေးထမရှိ။ မှန်မှန်ဦးတစ်ယောက်ကတော့
မှန်မှန်ရေးရှာသည်၊ တစ်ညနေ မသစ္စာ ကျောင်းမှပြန်အလာတွင် မှတ်မိနေပြီဖြစ်သော
မှန်မှန်ဦး၏ လက်ရေးနှင့် စာတစ်စောင် ရောက်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"မမရေ ...

မွန်မွန် သတိရစွာ စာရေးလိုက်ပါတယ်။ မယ်မယ်ကြီးရော နေကောင်းရဲ့လ

အခုတစ်ခေါက် ကိုကို ရေ့တန်းထွက်ရင် မွန်မွန် သထုံမှာ ကြာကြာလာနေဖြစ်မ မမရေ။ အကြောင်းက ရှိနေတယ်။

မမတော့ တူလား၊ တူမလားမသိဘူး ရတော့မယ်၊ ကိုကိုက မမကို ပြောလို ဦးတဲ့။ မွန်မွန်က နောက်မှပြောမလို့(ရှက်လို့)၊ နောက်ပြီးတော့ ... ကိုကိုက သူ ရှေ့တ သွားရင် သထုံမှာ မမနဲ့သွားနေချည်ဦးတဲ့။ နောက်တန်းမှာ တစ်ယောက်တည်း ထ ရမှာ စိတ်မချဘူးတဲ့။ သထုံမှာပဲ အပ်ပြီးမွေးတာကောင်းမယ်တဲ့၊ မမလည်း ရှိတ ဖေဖေတို့ မေမေတို့လည်း ရှိတယ်ပေါ့ မမရယ်၊ ပြီးတော့ ကိုကိုက ဖေဖေတို့ မေမေ ဆီမှာလည်း ပြန်မနေနဲ့၊ မမနဲ့ပဲနေတဲ့။ ကိုကိုက မမကို သိပ်အားကိုးတာပဲနော်။

သြော် ... တစ်ခုပြောရဦးမယ်၊ ကိုကိုလည်း ဗိုလ်ကြီးဖြစ်သွားပြီ။ အဲဒါ သထ သူ့ဆရာ ဗိုလ်မှူးမျိုးဇော်က သထုံတပ်မကို ခေါ်ပေးမယ်လို့ ပြောနေတယ်။ အဆင် မလားမသိဘူး၊ အဆင်ပြေရင်တော့ မွန်မွန်တို့နဲ့ မမတို့နဲ့ အတူတူနေရမှာ။

ကိုကိုလည်း အရမ်းကို လိမ္မာနေတယ် မမရဲ့၊ (ကန်တော့နော်) မွန်မွန့်ကိုလ သိပ်ဂရုစိုက်တာပဲ။ မွန်မွန်တော့ ကိုကိုနဲ့ ဆုံစည်းခွင့်ရခဲ့တဲ့အတွက် ကံတရားအ မမကိုပါ သိပ်ကျေးဇူးတင်တာပဲ။

တော်ဦးမယ်နော်၊ မမတို့တစ်အိမ်သားလုံး ကျန်းမာကြပါစေ။

ညီမလေး

မွန်မွန်"

(၁၇)

ဗိုလ်ကြီးမြတ်ထွန်း အလွန်ဂရုစိုက်ပါ သည်ဟုဆိုသော ဗိုလ်ကြီးမြတ်ထ ကတော်ကလေးကို မသစ္စာက ပို၍ပင် ဂရုစိုက်ပါသေး၏။ မိုးလင်းက မိုးချုပ်အချိန်တ ကြည့်နှင့် လူမမာတစ်ယောက်လို ပြုစုနေသော မသစ္စာကြောင့် မွန်မွန်ဦးခမျာ အ အနေခက်လျက်ပင် ရှိလေသည်။

ကိုယ်ဝန်ကိုတော့ သထုံမှ ဆရာဝန်မတစ်ဦးနှင့် အပ်၍ပေးသည်။

အိမ်တွင် ဘာမှအလုပ်မယ်မယ်ရရမရှိဘဲ ထိုင်နေရသည်မှာ ငြီးငွေ့လာသောကြ မွန်မွန်ဦးက တောက်တိုမယ်ရ ကူညီလုပ်ပြန်တော့လည်း မသစ္စာက လက်မခံ။ အိမ် များကိုပင် သူမရှိခိုက် မွန်မွန်ဦး အိမ်အလုပ်တွေ မလုပ်စေဖို့ မှာခဲ့သေး၏။





ညနေတိုင်းတွင်လည်း မွန်မွန်ဦးကို သူ့အဖော်ပြု၍ လမ်းလျှောက်ခေါ်သွားလေ့ ရှိသည်။

"မမရေ၊ မြသပိတ်ဘုရားပွဲ နီးပြီထင်တယ်နော်၊ တောင်ခြေမှာ ဆိုင်ခန်းတွေ များကြီးပဲ"

"ဟုတ်တယ် မွန်မွန်"

"ဘူးသီးကြော်တော့ ရမှာပဲနော် ... မမ"

မသစ္စာက ရယ်၍ မွန်မွန်ဦး၏ လက်ဖဝါးကလေးကို ချိတ်လိုက်သည်။

"ဘာလဲ၊ မွန်မွန်က စားချင်လို့လား"

"အင်းလေ ... မမရဲ့၊ ဘူးသီးကြော်နဲ့ အချဉ်ရည်သုပ်စားရရင် ကောင်းမလားလို့"

"ထမင်းချိန်နီးနေပြီ ... ညီမလေးရဲ့၊ ထမင်းလွတ်သွားဦးမယ်"

"ထမင်းနဲ့ စားလိုက်ရင်ကော"

"ကဲ ... ကဲ ... သဘောပဲ။ လာ သွားဝယ်ရအောင်"

ဘူးသီးကြော်ဆိုင်တွင် ဆောင့်ကြောင့်ကလေးထိုင်လျက် ဘူးသီးကြော်များကို တိုင်းကျ ရွေးချယ်နေသော မွန်မွန်ဦးကို ငေးကြည့်ရင်းက မွန်မွန်ဦး၏ ကိုယ်ဝန်မှာ သာလာပြီကို မသစ္စာ သတိထားမိလေသည်။

"မမ"

"ရှင့်"

"မယ်မယ်ကြီးနဲ့ ဘူးသီးကြော်နဲ့ တည့်ပါ့မလား"

"သွေးတိုးနဲ့ဆိုတော့ အချဉ်ရည်မကျွေးနဲ့ပေါ့ ညီမလေးရဲ့"

"ဘူးသီးကြော်လည်း ဆော်ဒါပါမှာပေါ့"

"အေး ... ဟုတ်သားပဲ"

"ဒါဆို မယ်မယ်ကြီးအတွက် ဘာဝယ်သွားရ ကောင်းမလဲ"

မသစ္စာ စဉ်းစားသည်။

"နည်းနည်းပါးပါးတော့ ရမှာပါ မွန်မွန်ရယ်၊ မယ်မယ်ကြီးလည်း ဘူးသီးကြော် ကြိုက်တယ်။"

"ဒါဆို ဒါပဲယူခဲ့မယ်နော်"

"အေး ... အေး"

မြေးကိုချစ်သော ဒေါ်ခင်ခင်ထားက မွန်မွန်ဦးကလေးကိုလည်း အလွန်ချစ်သည်။ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလိုပင် မွန်မွန်ဦးကလည်း ဒေါ်ခင်ခင်ထားနှင့် မသစ္စာကိုသာ



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာပြီး ယောက္ခမများနှင့် ခဲအိုကို သိပ်မရင်းနှီးလှ၊ အိမ်မှာလည်း ဒေါ်ခင်ခင်ထား အစရာမို့ မွန်မွန်ဦး မျက်နှာမငယ်ရပါ။

အဲသည်အချိန်အထိတော့ အခြေအနေက မုန်တိုင်းလာခါနီး ငြိမ်နေသည့်ပင်လယ်ပြင် လှိုင်းလုံးများကင်းစင်လျက် ရှိနေလေသည်။

(၁၈)

"သွေးအားက ၅၀ ရာခိုင်နှုန်းဆိုတာ တော်တော်နည်းတယ် မသစ္စာရဲ့"

ဆရာဝန်မကလေးက ရှင်းပြသည်။

မွန်မွန်ဦးအတွက် လိုအပ်သော သွေး စစ်မှုများ ပြုလုပ်ရန် သွေးဖောက်ပေးရ နောက်တစ်ရက် ကျောင်းကအပြန် မသစ္စာတစ်ယောက်တည်း သွေးအဖြေများဝင်ယူ ဖြစ်သည်။

"ထင်တော့လည်းအထင်သား။ မသစ္စာညီမက နဂိုကတည်းက အသားသိပ်ဖြူ ဆိုတော့ မမလည်းရုတ်တရက်အသားဖြူတာပဲလို့ထင်တာ။ စမ်းကြည့်တော့မှသွေးအ နည်းနေတာကိုး"

မသစ္စာ ရင်မောသွားသည်။

"ကျွန်မလည်း နဂိုအသားဖြူပဲလို့ ထင်နေတာမမရဲ့၊ အဲဒါ ဘာလုပ်ရမလဲ ဟင်၊ စိတ်ပူစရာများ ရှိလို့လား"

ဆရာဝန်မကလေးက ပြုံး၍ မသစ္စာကို နှစ်သိမ့်သည်။

"မြန်မာမိန်းကလေးတွေကကိုယ်ဝန်ရှိရင်ဒီလိုပဲအထိုက်အလျောက်တော့နည်းတ ကြတယ် မသစ္စာရဲ့၊ သူက နဂိုကတည်းက သူများထက် နည်းနည်းပိုနည်းလာ မသိတာ။ ဒီလိုလုပ်လေ၊ မမ ဆေး ငါးရက်လောက် ဆက်ထိုးပေးလိုက်မယ်၊ မကော ဘူးလား"

"မမ ကောင်းမယ်ထင်သလို လုပ်ပါ မမရယ်"

ဆေး ငါးရက်ထိုးပြီးသောအခါ မွန်မွန်ဦး၏ မျက်သားကလေးများ ပြန်၍ သွေးရေ လွှမ်းလာသည်။ တော်ပါသေးရဲ့... ဟု မသစ္စာ သက်ပြင်းချရသည်။

"မမကစိတ်ပူပြီး ဆေးထိုးနိုင်းနေတာ။ မွန်မွန်က အစကတည်းက နေကောင်းပါတ မမရဲ့"

"နေကတော့ ကောင်းတာပေါ့ကွယ်၊ ဒါပေမဲ့ ကိုယ်ဝန်ရှိတဲ့ အချိန် အား လိုတယ်မဟုတ်လား"





"ဟုတ်ပါတယ် မမရယ်၊ အခု ဆေး ထိုးလိုက်မှ မွန်မွန် ပိုစားကောင်းလာတယ်"

(၁၉)

ကိုယ်ဝန် ခုနစ်လခန့် ရှိလာသောတစ်နေ့တွင် မသစ္စာ အိမ်ပြန်အရောက် အိပ်ရာတွင် ဝင်ခွေနေသော မွန်မွန်ဦးကိုတွေ့ရ၍ စိုးရိမ်စွာမေးသည်။

"မွန်မွန်၊ ညီမလေး ... နေမကောင်းဘူးလား"

မွန်မွန်ဦးက ယဲ့ယဲ့ကလေး ပြုံးပြသည်။

"ကောင်းပါတယ် ... မမရဲ့၊ စိတ်ထဲမှာ နုံးသလိုလို၊ မောသလိုလိုရှိလို့ နားနေတာ။ ပြီးများတယ် ထင်ပါရဲ့"

"ကိုယ်များ ပူသလား ... မှန်းစမ်း"

အမှန်ပင် ကိုယ်ပူနေ၏။ သိပ်အပူကြီးတော့ မဟုတ်၊ ငွေ့ငွေ့သာ။

အစိုးရိမ်ပိုသော မသစ္စာက ထုံးစံအတိုင်း မွန်မွန်ဦးကို ဆရာဝန်မကလေးဆီခေါ်သွားသည်။

"အာခေါင်နံရံကလေးတွေ ရောင်တာပါ၊ ကိစ္စမရှိပါဘူး၊ ဆေး ငါးရက်လောက် လိုက်ရင် ကောင်းသွားမှာပါ။ ဒါပေမဲ့ သွေးအားကနည်းနေပြန်ပြီ၊ ညီမလေး အစား သောက်ပျက်သလား"

မွန်မွန်ဦးက ခေါင်းခါသည်။

"စားပါတယ် မမရဲ့၊ အားဆေးလည်း မှန်မှန်သောက်ပါတယ်"

"အေးကွယ်၊ မွေးခါနီးမှာ သွေးအားနည်းလာရင် မကောင်းဘူး။ မမတို့ စိတ်ချအောင် သွေးဖောက်စစ်ကြည့်ရအောင်"

သွေးအဖြေရမည့်နေ့တွင် မသစ္စာတစ်ဦးတည်း ဆေးခန်းသို့ စိတ်ပူစွာ ပြေးခဲ့ရသည်။ ဆရာဝန်မကလေးက သွေးအဖြေစာရွက်ကို ထုတ်ယူပြီးမှ စိတ်တိုင်းမကျဟန်ဖြင့် ကြည့်နေသည်။

"ဘာများလဲ ... မမရယ်"

"ပြောရခက်နေတာ ... မသစ္စာရဲ့၊ သိပ်မသေချာဘူး"

မသစ္စာ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာမသေချာတာလဲ မမ"

"ဒီလိုလေ၊ သွေးဖြူဥတို့ သွေးနီဥတို့ မသစ္စာ သိမှာပေါ့"

"ဟုတ်ကဲ့၊ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွေးအားနည်းတယ်ဆိုတာက သွေးနီဉအားနည်းတာ။ အခုက ၆၀ ရာနိုင်
ဆိုတော့ ဟိုတစ်ခေါက်ကလောက် မဆိုးပါဘူး၊ သွေးဖြူဉကျတော့ ၄၀၀၀ ဆို
တစ်မျိုးပဲ"

"ရှင်"

မသစ္စာ ခေါင်းနပန်းကြီးသွားသည်၊ ခြေဖျားလက်ဖျားများလည်း အေးစက်
သည်၊ မြတ်စွာဘုရား၊ မဟုတ်ပါစေနဲ့၊ မဟုတ်ပါစေနဲ့"။

"ဟို သွေးကင်ဆာလိုဟာမျိုးလား မမ"

ဆရာဝန်မကလေးက ရယ်သည်၊

"ဟာ ... ကြံကြံဖန်ဖန်၊ မဟုတ်ပါဘူး မသစ္စာရဲ့၊ သွေးကင်ဆာက သွေးဖြူဉ
များတာ၊ အခုကနည်းတာ၊ အင်းလေ ... ပုံမှန်တော့ ပုံမှန်ပါပဲ၊ ပုံမှန်ထဲမှာ အနည်း
ရောက်တာပေါ့"

"ပုံမှန်လို့လည်း ပြောလို့ရတာပေါ့နော်"

"ရတယ်။ ဒါပေမဲ့ အခုလိုဖျားတုန်းမှာ များရမှာလေ၊ သူက များသင့်တ
အနည်းဘက်ရောက်နေတာ၊ ပြီးတော့ သွေးတိတ်အောင်လုပ်ပေးတဲ့ ပလိတ်လက်
ဓာတ်တစ်မျိုးကလည်း ကျနေပြန်တယ်"

"အဲဒါ ... ဘာ ... ဘာဖြစ်နိုင်သလဲ ... ဟင် ... မမ"

စိုးရိမ်ကြီးစွာဖြင့် မသစ္စာ မေးသည်၊ ဆရာဝန်မကလေးက ခေါင်းခါပြန်သ

"သေချာပေါက်တော့ ပြောရခက်တယ်။ ရိုးတွင်းခြင်ဆီအားနည်းတဲ့ ဟ
ပလတ်စတစ် အနီးမီးယားဆိုတဲ့ ရောဂါမျိုးမှာတော့ တွေ့ရတတ်တယ်၊ တစ်ခုဖြ
တာက သူ့မှာ နဂိုကတည်းက အဲဒီရောဂါ စဖြစ်နေပြီး လက္ခဏာတွေ မထင်ရှား
ကိုယ်ဝန်ရှိလာလို့ ကိုယ်ဝန်ရဲ့ဝန်ထုပ်ဝန်ပိုးကြောင့် ခုမှ လက္ခဏာပေါ်လာတာမျိ
ဖြစ်နေမလားလို့"

"သေချာအောင် စမ်းကြည့်လို့ရော မရဘူးလား ... မမရယ်"

ဆရာဝန်မကလေးက မျက်မှောင်ကုတ်သည်။

"ခက်တယ်ကွဲ့၊ ရိုးတွင်းခြင်ဆီကို စစ်ရမှာ၊ သထုံမှာတော့ မရဘူး၊ ရန်ကုန်
ရမယ်။ ပြီးတော့ ကိုယ်ဝန်ကြီးနဲ့ကလည်း ဖြစ်နေတယ်။ ကောင်းတာတော့ သွေးမ
မကြာ ဖောက်စစ်၊ လိုအပ်ရင် သွေးသွင်း၊ ဆေးရုံမှာပဲ မွေး၊ မွေးပြီးမှ ရန်ကုန်သွာ
လိုက်တာ ကောင်းမယ်ထင်တယ်"

မသစ္စာ သက်ပြင်းရှိုက်မိသည်၊





"အဲဒီရောဂါက ကုလို့ရော ရရဲ့လား ... မမရယ်"

ဆရာဝန်မကလေးက ပြုံး၍ မသစ္စာ၏ ပခုံးကိုပုတ်သည်။

"ရှေ့ယောင်းမအတွက် သိပ်စိတ်ပူနေပြီထင်တယ်၊ ဒီရောဂါက ပျောက်အောင်
ကုရခက်ပေမဲ့ သွေးကင်ဆာလိုမျိုးလူကို ချက်ချင်းကြီး ဒုက္ခပေးမယ့်ရောဂါမျိုး မဟုတ်
ပါဘူး။ ဆေးပေးလိုက်၊ သွေးသွင်းလိုက်နဲ့ ထိန်းထားလို့ရပါတယ်။ သေလည်း မသေချာ
သေးပါဘူးကွယ်၊ မမက မသင်္ကာတာရှိတာလေးပဲ ပြောတာ။ စိတ်မပူပါနဲ့ဦး။ အမယ်
။ မျက်ရည်တွေတောင်ဝဲလို့၊ မကြောက်ပါနဲ့ကွယ်"

(၂၀)

မွန်မွန်ဦး၏ကိုယ်ဝန်သည်နေ့စေ့လစေ့မှာပင်ချောချောမောမောမွေးဖွားခဲ့လေသည်။
ပြဿနာဆို၍ မွေးပြီးပြီးချင်း သွေးတော်တော်နှင့် မတိတ်သည်သာရှိခဲ့သည်၊

လတ်လတ်ဆတ်ဆတ် သွေးတစ်လုံး လှူရန်လိုအပ်သောအခါ မသစ္စာ၏ သွေး
ကိုပင် လှူ၍သွင်းခဲ့ရသည်။

ကလေးက ယောကျ်ားကလေး၊ ထွားထွား ဖြူဖြူဖွေးဖွေးကလေးမို့ အလွန်ချစ်စရာ
ကောင်းသည်၊ ဒေါ်ခင်ခင်ထားသာမက ဗိုလ်ကြီးမြတ်ထွန်း၏ မိဘတွေရော၊ ကိုမြတ်သာတို့
လင်မယားပါမကျန် ကလေးကိုတုန်နေအောင် ချစ်ကြလေသည်၊

"ကလေးကို ဘာနာမည်ပေးမလဲ မွန်မွန်"

အိပ်ရာပေါ်တွင် ဘေးတစောင်းလှဲ၍အနီးထုပ်ထားသော ရင်သွေးငယ်ကလေး၏
မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးနေသော မွန်မွန်ဦးကို မသစ္စာက မေးသည်။

မွန်မွန်ဦးက ကလေးမျက်နှာကလေးမှ မျက်လုံးကို မခွာဘဲပြုံးလျက်က ခေါင်းကို
ညင်သာစွာ ခါသည်၊

"ကိုကို့ရင်သွေးလေး ... ကိုကိုကြိုက်တဲ့နာမည် ပေးပါစေ မမရယ်။ ကိုကိုပြန်လာမှပဲ
ကင်ပွန်းတပ်တော့မယ်"

(၂၁)

မွန်မွန်ဦး မွေးဖွားပြီး နှစ်ပတ်ခန့်အကြာတွင် ဗိုလ်ကြီးမြတ်ထွန်း ရောက်လာသည်။
ကားပေါ်မှဆင်း၍ခြံထဲသို့ ဝင်လိုက်သည်နှင့် ခြံတွင်းရှိ အုတ်ရေကန်နံဘေးတွင် ကုလားထိုင်
ကလေးပေါ်မှာထိုင်ရင်း ကလေးကို ချော့သိပ်နေသော မွန်မွန်ဦးကို မြင်လိုက်သည်၊

လက်ထဲကအိတ်ကို ဘုတ်ခနဲပစ်ချ၍ ဗိုလ်ကြီးမြတ်ထွန်းတစ်ယောက် ဇနီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သားငယ်နံဘေး အပြေးရောက်သွားသည်။

"မွန်မွန်"

"ဟယ် ... ကိုကိုရောက်လာပြီ"

မွန်မွန်ဦး၏ပခုံးနှစ်ဖက်ကို သိမ်းကျုံးဖက်၍ ပုခုံးပေါ်ကို ကျော်ပြီး ကလေးမျက် ကလေးကို ငုံ့ကြည့်သည်။

"ဒါ ကိုကို့သားကလေးပေါ့နော်၊ မွန်မွန်"

"ဒါပေါ့ ကိုကို ရယ်။ ကြည့်ပါဦး၊ ချစ်စရာမကောင်းဘူးလား။ သားလေး သားသားဖေဖေ လာပြီလေ"

"နေ ... နေ ... မွန်မွန်၊ အိပ်ပါစေ၊ နိုးသွားဦးမယ်"

မွန်မွန်ဦး၏ ပခုံးကလေးနှစ်ဖက်ကို နောက်မှပွေ့ဖက်ထားရင်းက ပခုံးပေါ် ကျော်၍ကလေးမျက်နှာကလေးကို တစိမ့်စိမ့်ငေးကြည့်နေသော ဗိုလ်ကြီးမြတ်ထွန်း အိမ်ထဲက ထွက်လာသော မသစ္စာက မြင်သည်။

"ဟော ... ကိုကို၊ ပြန်လာပြီလား"

"အေးကွ"

"ကိုကိုကလည်း ကလေးတော့ မရှိဘူး၊ ကလေးအမေပဲ ဖက်နေတာပဲ"

မသစ္စာက လှမ်း၍ ကျီစယ်သည်။

"မရှိတတ်လို့ပါဟာ၊ တော်ကြာ ငါရှိတာမဟုတ်လို့ သားကလေး နိုးသွားဦးမ

ညနေ မိသားစုအားလုံး ဆုံမိကြသောအခါ ဗိုလ်ကြီးမြတ်ထွန်းက အရေးကြီး ပြောစရာရှိလို့ဟု ဆိုသည်။

"ဘာများလဲ ... သားငယ်ရဲ့"

"ဝမ်းသာစရာသတင်း ... မယ်မယ် ကြီးရဲ့၊ ကျွန်တော် သထုံကို ပြောင်းရ ဗျူဟာစစ်ဦးစီးအရာရှိ (တတိယတန်း)နဲ့"

"ဟယ်"

အားလုံး ဝမ်းသာအယ်လဲဖြစ်သွားကြသည်။ မွန်မွန်ဦးကတော့ ဝမ်းသာလွန်း မျက်ရည်များပင် လည်လာရသည်။

"ရှေ့တန်းမထွက်ရတော့ဘူးလား ... သား"

ဗိုလ်ကြီးမြတ်ထွန်း၏ မိခင်က ဝင်မေးသည်။

"ဗျူဟာနဲ့တော့ လိုက်ရမှာပေါ့။ လေးလထွက် နှစ်လနားဆိုတော့ အရင် ခြောက် ထွက် တစ်လခွဲနားနဲ့စာရင် နောက်တန်းမှာ ပိုနေရမှာပေါ့။ ပြီးတော့ နောက်တန်း





ဖို့မှာလေ"

"အိမ်မှာပဲနေနော် ... သား"

"စိတ်ချပါ မယ်မယ်ကြီးရဲ့"

ကိုမြတ်သာက မွန်မွန်ဦး၏ ရင်ခွင်ထဲမှ ကလေးငယ်ကို လှမ်းကြည့်ရင်းက က်တရက် သတိရပြီးမေးသည်။

"မြတ်ထွန်း၊ မွန်မွန်က ကလေးကို မင်းလာမှ ကင်ပွန်းတပ်မလို့ဆို စောင့်နေတာ။ ရွေးပြီးပြီလား"

"အေး"

မွန်မွန်ဦးက မျက်လုံးအပြူးသားနှင့် လှည့်ကြည့်သည်။

"ကိုကိုက မွန်မွန့်တောင် ပြောမပြဘူး"

ဗိုလ်ကြီးမြတ်ထွန်းက ရယ်သည်။

"မွန်မွန်ကြိုက်မှာပါ"

"ပြောပြဦးလေ ကိုကိုရဲ့"

မသစ္စာက ကြားထဲက ဝင်မေးလိုက်သည်။ ဗိုလ်ကြီးမြတ်ထွန်းက အဓိပ္ပာယ်ပါပါ ၍ ဒေါ်ခင်ခင်ထားမျက်နှာကို လှမ်းကြည့်ပြီးဖြေသည်။

"သောကြာသားလေးလေ၊ သူ့ရိန်ထွန်း ... လို့"

"ဟယ် ... ကောင်းတယ် ... ကိုကို"

မွန်မွန်ဦး သဘောကျသွားသည်။ ထားထားဦးက ပြုံးရုံသာပြုံးနေသည်။ ဒေါ်ခင် ထား၊ ဗိုလ်ကြီးမြတ်ထွန်း၏ မိဘများနှင့် ကိုမြတ်သာတို့ အံ့အားသင့်သွားကြသည်။

မသစ္စာကမူ ရင်ထဲတွင် သိမ့်ခနဲနေအောင် ကြည်နူးရပါ၏။

ကိုကိုရယ် ... ဖေဖေ့ကို ကိုကို မမေ့သေးပါလား။

(၂၂)

တစ်ရက်တွင် မွန်မွန်ဦးနှင့်ကလေး မွန် မွန်ဦးမိဘများထံ သွားလည်နေခိုက် မသစ္စာက မွန်မွန်ဦး၏ကျန်းမာရေးကိစ္စများကို ဗိုလ်ကြီးမြတ်ထွန်းအား ဖွင့်ပြောလိုက်သည်။ ဗိုလ်ကြီးမြတ်ထွန်း အကြီးအကျယ် စိတ်မောသွားပါသည်။

"နှင့်ဟာက သေချာရဲ့လား သစ္စာရယ်၊ မွန်မွန် အခု နေကောင်းနေသားပဲ"

"စစ်ပြီးမှ စိတ်တုံးတုံးချလို့ရမှာပေါ့ ကိုကိုရဲ့၊ ခြင်ဆီစစ်ဖို့ လိုတယ်တဲ့၊ ရန်ကုန် စိဆေးရုံကို သွားရမယ်ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခြင်ဆီဖောက်တာဆိုတော့ နာမှာပေါ့ သစ္စာရယ်"

မသစ္စာ သက်ပြင်းချသည်။

"ထုံဆေးနဲ့ ဖြစ်မှာပေါ့ ... ကိုကိုရဲ့ စမ်းလိုက်တာ ကောင်းပါတယ်။ ကျွန်မလ
လိုက်ခဲ့ပါ့မယ်"

"မွန်မွန့်ကို ပြောပြီးပြီလား"

"ဟင့်အင်း ... ကိုကိုပြောလေ"

"ငါလည်း မပြောရက်ဘူးဟာ"

မောင်နှမနှစ်ယောက်သား သက်ပြင်း ပြိုင်တူချမိကြလေသည်။

တကယ်ဖွင့်ပြောကြတော့ မွန်မွန်ဦးက အပြုံးမပျက်ပါ။

"ကိုကိုစိတ်ချချင်ရင်လည်းစမ်းလိုက်တာပေါ့။ မွန်မွန်ကတော့ နေကောင်းနေတာ

တကယ်သွားမည့်ရက်ကျတော့ ဗိုလ်ကြီးမြတ်ထွန်း ခွင့်မရသဖြင့် မသစ္စာနှင့်မွန်မွ
သွားရသည်။ အမှတ် (၂) တပ်မ တော်ဆေးရုံကြီးမှ ပါရဂူက ပြန်စစ်သော သွေးအ
သည်လည်း ဆရာဝန်မကလေးစစ်ထားခဲ့သည့်အတိုင်းဖြစ်၍ ရင်ညွန့်ရိုးမှ ခြင်ဆီဖေ
စစ်ဆေးရသည်။

အဖြေရမည့်နေ့တွင်တော့ ပါရဂူကို မသစ္စာတစ်ယောက်တည်း သွားတွေ့သ

"ဟုတ်တယ် သမီး၊ ဟိုဆရာဝန်မကလေးထင်ထားတဲ့ ရောဂါပါပဲ။ သိပ်မဆိုး
လို့တော့ ပြောလို့ရပါတယ်"

မသစ္စာ ရင်မောသွားသည်။

"ကုသမှုမလိုဘူးလား ဗိုလ်မှူး"

"ခုလောလောဆယ်တော့ ဆေး တစ်လတစ်ခါ ထိုးရမယ်၊ ဆေးစားရမယ်၊ သ
မှာပဲ ဆက်လုပ်ချင်ရင် ဟိုကဆွယ်ကို လွှဲပေးမယ်၊ ရံဖန်ရံခါလည်း သွေးသွင်းဖို့လိုမှာ
ဒါထက် သူက ကလေးအမေနော်"

"ဟုတ်ကဲ့ ... ဗိုလ်မှူး"

"ကလေးနို့တိုက်နေသလား"

"ဟုတ်"

"ဒါတော့ သူတိုက်နိုင်ရင်တော့ တိုက်လို့ရတယ်။ သူ အားနည်းလာတဲ့အချိန်
မှာတော့ နို့တိုက်ရလို့ ပိုမောတာဖြစ်နိုင်တယ်။ သတိထားလေ"

"ဟုတ်ကဲ့ပါ ဗိုလ်မှူး"

ကလေးနို့တိုက်နားရန်ဆိုသည့် အချက်ကိုတော့ မွန်မွန်ဦး လက်မခံပါ။





"ကိုကိုရယ် သားလေးကို မွန်မွန် နို့မတိုက်လို့ သားလေးက အမေကို မခင်ရင်
ကဘူးလား။ အခုလည်း မွန်မွန်နေကောင်း နေတာပဲ"

ကလေးကို နို့တိုက်ပါရစေ ... ဟု အကြောက်အကန်ပြောနေသော မွန်မွန်ဦးကို
လ်ကြီးမြတ်ထွန်းနှင့် မသစ္စာတို့ မတားရက်ကြတော့ပါ။ မိခင်မေတ္တာဆိုတာကလည်း
ားကောင်းသည့်အရာမှ မဟုတ်ပေပဲ။

တစ်ညရှိုက်သံသဲ့သဲ့ကြား၍ ဗိုလ်ကြီးမြတ်ထွန်း အိပ်နေရာမှ လန့်နိုးလာခဲ့သည်။
ားကိုလှည့်ကြည့်တော့ အိပ်ရာအလယ်တွင်ချထားသည့် ကလေးငယ်ကလေးကို
စိမ့်စိမ့်ကြည့်ရင်းက မျက်ရည်ကျနေသော မွန်မွန်ဦးကို တွေ့ရလေသည်။

"အို ... မွန်မွန်၊ ဘာဖြစ်လို့ ငိုနေတာလဲ။ ကြည့်စမ်း၊ ညကြီးမင်းကြီး"

ကမန်းကတန်း မီးထဖွင့်၍ ဇနီးဖြစ်သူကို ရင်ခွင်ထဲသို့ ဆွဲသွင်းပွေ့ဖက်ထား
ိုက်ရသည်။ မွန်မွန်ဦးက မျက်ရည်တို့ကို ကမန်းကတန်းသုတ်၍ ချုပ်တည်းသည့်ကြားက
ျက်ရည်များ ထပ်စီးကျနေပြန်သည်။

"မွန်မွန်ရယ်၊ ဘယ်လိုဖြစ်ရတာလဲ"

"ဘာ ... ဘာမှမဟုတ်ပါဘူး ... ကိုကို။ ကိုကိုအိပ်ပါ၊ မွန်မွန် ရူးတာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ မွန်မွန်ရယ်၊ ကိုကို့ ကိုပြောပြဦးမှပေါ့"

မွန်မွန်ဦးက ဆက်၍ ငိုကြွေးနေသည်။ အတော်ကြာမှ ဗိုလ်ကြီးမြတ်ထွန်း၏
ရင်ခွင်ထဲမှနေ၍ မျက်နှာကို မော့ကြည့်ပြီး ယဲ့ယဲ့ ပြုံးပြသည်။

"ဆောရီး ကိုကိုရယ်၊ မွန်မွန် အရူးထတာနဲ့ ကိုကို အိပ်ရေးပျက်သွားတယ်"

"ကဲပါ ... မွန်မွန်ရယ်၊ မွန်မွန် ဘာတွေတွေးပြီး စိတ်မကောင်းဖြစ်နေတာလဲ၊
ကိုကို သိပါရစေဦး၊ ကိုကိုအားလုံး လုပ်ပေးမှာပေါ့"

မွန်မွန်ဦးက ပြုံးပြန်သည်။

"ဘာမှမဟုတ်ပါဘူး ... ကိုကိုရယ်၊ မွန်မွန် အခု နေကောင်းနေသားပဲ။ ဒါပေမဲ့
ခြင်ဆီထဲမှာ ရောဂါရှိနေတယ်လို့ ဆရာဝန်တွေပြောတယ်ဆိုတာ တွေးမိတော့ အားငယ်
...

"ဩော် ... ကလေးရယ်"

ဗိုလ်ကြီးမြတ်ထွန်းက မွန်မွန်ဦးကို တင်းကျပ်စွာပွေ့ဖက်လိုက်သည်။

"ရောဂါအကြီးစားမဟုတ်ဘူး၊ ကုသမှု အမြဲယူနေရတာပဲရှိတာလို့ မွန်မွန်ကို
သစ္စာ ရှင်းပြထားတယ်မဟုတ်လား"

"မမက မွန်မွန်စိတ်ချမ်းသာအောင်များ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးမွန်မွန်၊ မဟုတ်ဘူး။ ကိုကိုလည်း မေးမြန်းစုံစမ်းပြီးပြီ။ ဒီလိုပဲဒီရော သွေးသွင်းလိုက် ဆေးစားလိုက်ပဲ လုပ်နေတဲ့လူတွေ အများကြီး၊ အခုလည်း မွ နေကောင်းနေတာပဲဟာ။ တိတ်ပါကွယ်၊ ဘာမှ မစိုးရိမ်ပါနဲ့"

မွန်မွန်ဦး သက်ပြင်းချသည်။

"မွန်မွန် သေရမှာ မကြောက်ပါဘူး ကိုကိုရယ်၊ အဲသလို တစ်ကိုယ်လုံးရော နေတာနဲ့စာရင် သေရတာ ထူးမခံစားရပါဘူး။ ဒါပေမဲ့ မွန်မွန် ကိုကိုရယ်၊ သား လေးရ မခွဲနိုင်သေးဘူး"

"တော်ကွယ် မွန်မွန်ရယ်၊ ကိုကို့ကို ချစ်ရင် ဒီစကားတွေ ထပ်ပြောမနေနဲ့ မွန်မွန့်ရောဂါက မသေလောက်ဘူး။ ကိုကို ယုံတယ်၊ လိုအပ်လို့ မွန်မွန့်အသက် ကိုကို့ အသက်နဲ့ဆက်ပြီး ကုရလည်း ကိုကို ကုမှာပဲ။ ဘာမှ စိတ်ပူစရာတွေ မတွေ

မွန်မွန်ဦးက သက်ပြင်းချ၍ ဗိုလ်ကြီးမြတ်ထွန်း၏ခါးကို ပို၍ တင်းတင်းဖက် ပါသည်။

(၂၃)

တပ်ရင်းတွင်နေစဉ်က လူချစ်လူခင်များခဲ့သော ဗိုလ်ကြီးမြတ်ထွန်း ဗျူဟာအ ဘဝတွင် အများနှင့် သိပ်အဆင်မပြေပါ။

အဆင်မပြေရသည်က ဗျူဟာနှင့်အတူ ရှေ့တန်းထွက်လာရကတည်းက ဇန ကျန်းမာရေးအတွက် နောက်ဆံတင်းနေသည်လည်း ပါသည်။ အဲဒီအချိန် သူနှင့်ဗျူဟာ အတူလုပ်နေရသော အထက်အရာရှိ၊ အောက်အရာရှိအချို့၏ လုပ်ပုံကိုင်ပုံတွေကိုဘ ကလည်းမကျ၊ ဝေဖန်ရမှာကလည်း ခက်နေသည်လည်း ပါသည်။

ခက်သာ ခက်သည်၊ မဟုတ်မခံ ဗီဇအတိုင်း ပက်ခနဲ၊ ပက်ခနဲ တစ်ချက်တစ်ချ ပြောတတ်သည်များကြောင့် သူ့ကို အများက စိတ်ပျက်ကြောက်လန့်ပြီး ခပ်ရှောင်ရှောင် ဖြစ်လာသည်။

တပ်မနှင့်အတူ ဗိုလ်မှူးချုပ်ဖော် ရောက်လာသောအခါ နာမည်ကြီးနေသောတပ ကျော်ကို ခေါ်မေးတော့ ဗိုလ်ကြီးမြတ်ထွန်းက သူခံစားနေရတာတွေကို အိတ်သွ ဖာမှောက် ပြောတော့လေသည်။

"မင်း ဘာလုပ်ချင်လဲ ညီလေး၊ ငါ ဘာကူညီရမလဲ"

"ကျွန်တော် တပ်ရင်းပြန်ချင်တယ် ဗိုလ်မှူး။ တပ်ခွဲမှူးဘဝနဲ့ပဲ စစ်တိုက်နေချင်တယ်

ဗိုလ်မှူးချုပ်ဖော်က ခေါင်းခါသည်။





"မွန်မွန့်ကို ထည့်တွက်ဦးကွ။ အခုက သူ မကျန်းမာတုန်း မိဘနဲ့ မင်းဆွေမျိုးတွေနဲ့ မင်းနဲ့ နေခွင့်ရနေတာ။ မင်း ခုနေ တပ်ခွဲမှူးနဲ့ ထွက်သွားရင် သူတစ်ခုခုဖြစ်ရင် ပြန်လာဖို့ ယူယ်မလား။ ဒီလိုလုပ်ကွာ၊ မင်း တပ်ခွဲမှူးသင်တန်း တစ်ခေါက်သွားတက် လိုက်။ ပြန်လာရင် တပ်မကိုတွဲပေးဖို့ လူကြီးတွေ ငါပြောပေးမယ်၊ ဟုတ်ပြီလား"

တပ်ခွဲမှူးသင်တန်းဆင်းလာပြီး ဗျူဟာ တစ်ခေါက်လိုက်အပြီးတွင် တကယ်ပဲ တပ်မဌာနချုပ်သို့ ပြောင်းရသည်။ ရုံးထိုင်အလုပ်ကို မပျော်သော ဗိုလ်ကြီးမြတ်ထွန်း ဖစ်ယောက်သည် တစ်ခါတော့ ပျော်တာမပျော်တာတွေ ပြောမနေဖြစ်တော့ပါ။

မွန်မွန်ဦးက ရံဖန်ရံခါ သွေးသွင်း ကုသနေရလေပြီ။

(၂၄)

"ကိုကို"

"ဟင် ... မွန်မွန်"

"မွန်မွန် အခု တစ်လတစ်ခါ ထိုးရမယ်ဆိုတဲ့ဆေးက ယောက်ျားဟော်မုန်းဆေးဆို"

ဗိုလ်ကြီးမြတ်ထွန်း သက်ပြင်းချမိသည်။

"ယောက်ျားဟော်မုန်းလည်း ဘာဖြစ် လဲ မွန်မွန်ရယ်။ သွေးအားကောင်းလာဖို့ ထိုးပေးတဲ့ ဥစ္စာပဲ"

"မသိဘူးလေ။ အဲဒါထိုးရင် အသားအရေတွေ ကြမ်းလာတတ်တယ်ဆိုလို့။ မှုပ်ထိုးသွားလို့ ကိုကိုမချစ်တော့ရင် ဘယ်လိုလုပ်မလဲ"

ဗိုလ်ကြီးမြတ်ထွန်းက ရယ်သည်။

"ကြံကြံဖန်ဖန် ... မွန်မွန်ရယ်၊ အသားအရေတွေ ကြမ်းလာရုံမကလို့ နှုတ်ခမ်း မွှေးကြီးပေါက်လာလည်း ကိုကိုကတော့ မွန်မွန့်ကို ချစ်နေမှာပဲ"

"သွား ... ကိုကိုနော်"

မွန်မွန်ဦး မျှော်လင့်ထားသလို ဆေးထိုး၍ အသားအရေကြမ်းမလာခဲ့ရုံသာမက ကြောက်လခန့် ဆေးထိုးပြီးသောအခါတွင် သွေးအားပြန်ပြည့်လာပြီး ပါးကလေးနှစ် ဖက်ပင် နီရဲ၍ လာလေသည်။

"ငါ့မိန်းမက အခုမှ ပိုလှလာတာကွ သိလား"

သူ့ရိန်ထွန်းကလေးကို ထမင်းပြုတ်ရည် ခွံ့ကျွေးနေသော မွန်မွန်ဦးကို တစိမ့်စိမ့် ကြည့်၍ ဗိုလ်ကြီးမြတ်ထွန်း မှတ်ချက်ချတော့ မွန်မွန်ဦး ပြုံး၍ ခေါင်းငုံ့နေသည်။

သူ့ရိန်ထွန်းကလေးမှာ အမေကို တူသဖြင့် အရွယ်ရောက်လာလေလေ ပိုလှလာ

www.burmeseclassic.com



ခလေလေ ဖြစ်နေသည်။ အဘိုး၊ အဘွား နှစ်ဖက်စလုံးရော အဘွား ဒေါ်ခင်ခင်ထား ချစ်၍ မဝနိုင်ကြ။

သူတို့ထက်ကဲ၍ကလေးကိုချစ်ရသူကတော့ သူ့အမေ နေမကောင်းတိုင်းကလေး ပြုစုပေးနေရသည့် မသစ္စာပင်။

ကလေးကလည်း အခါမလည်ခင်ကတည်းက မသစ္စာကို "တီတီ" "တီတီ" မျက်စိအောက်က အပျောက်မခံချေ။

သူရိန်ထွန်းကလေး၏ တစ်နှစ်မြောက် မွေးနေ့ပွဲ အပြီးမှာတော့ ဒေါ်ခင်ခင်ထား တစ်အိမ်လုံးကို ခေါ်သည်။

"ငါလည်း အသက်ကြီးပြီ၊ နေရတုန်းကလေးမှာ အားလုံးကိုစိတ် ချရအော စီစဉ်ပေးခဲ့ချင်တယ်။ မြတ်သာရဲ့သစ်စက်က အခု တော်တော်အောင်မြင်နေပြီဆိုတေ မင်းတို့လင်မယားနာမည်နဲ့ ငါအပြီးလွှဲပေးလိုက်မယ်။ သစ်စက်နှင့် တွဲထားတဲ့ နှစ် အိမ်ကိုပါယူလိုက်ကြ၊ မင်းတို့အဖေနဲ့အမေကိုလည်း မင်းတို့ပဲ ခေါ်ထားပြီး တာဝန် လိုက်ကြတော့၊ ဒီအိမ်နဲ့ ဒူးရင်းခြံကို မြတ်ထွန်းနဲ့ မသစ္စာနာမည်နဲ့ ငါ လွှဲပေးခဲ့မ မသစ္စာ အိမ်ထောင်မပြုမချင်း မြတ်ထွန်းက မင်းညီမကို စောင့်ရှောက်၊ အိမ်ထောင် ရင်လည်း သင့်လျော်တဲ့လူဖြစ်အောင် မင်းကလမ်းညွှန်ပြီးတော့ ဒီအိမ်ကြီးကို မင်း တစ်သက်မှာတော့ မောင်နှမနှစ်ယောက်အတူ နှစ်အိမ်ထောင်နေကြပေတော့ကွ ရောင်းမပစ်လိုက်ပါနဲ့"

အားလုံးက သဘောတူကြသည်။

ထိုနေ့မှစ၍ သုံးလပြည့်သောအခါ ဒေါ်ခင်ခင်ထား ဆုံးပါးသွားလေသည်။

(၂၅)

ဒေါ်ခင်ခင်ထား ဆုံးပါးပြီးနောက် ထားထားဦးမှာလည်း ကိုယ်ဝန်ရှိလာသ မောင်မြတ်သာနှင့် ထားထားဦးရော၊ မိဘ နှစ်ပါးစလုံးပါ သစ်စက်ဝင်းထဲက အိမ် သွားနေကြသဖြင့် သထုံ အိမ်ကြီးတွင် ဗိုလ်ကြီးမြတ်ထွန်း၊ မွန်မွန်ဦး၊ မသ မောင်သူရိန်ထွန်းကလေးတို့နှင့် အိမ်ဖော် မိန်းကလေးသုံးဦးသာ ကျန်ခဲ့တော့သ

ဗိုလ်ကြီးမြတ်ထွန်းက တပ်မှ ဒဏ်ရာရ၍ အနားယူလိုက်ရသော သူ့တပ တပ်ကြပ်ကြီးတစ်ဦးကို ဒူးရင်းခြံမှာ မန်နေဂျာ ခန့်ပေးထားသဖြင့် မသစ္စာ အနည်း ပေါ့ပါးသွားသည်။

မောင်နှမ နှစ်ဦးနှင့် မွန်မွန်တို့သားအမိ လသာဆောင်ကလေးမှာ ထိုင်စကားပြေ





ရသည့်အချိန်များ၊ မြသပိတ်ဘုရားလမ်းတစ်လျှောက် လမ်းလျှောက်ထွက်ရသည့်အချိန် မှာ ပျော်ရွှင်ကြည်နူးဖွယ်ရာ အမှတ်တရများ ဖြစ်လာကြသည်။ မောင်သူရိန်ထွန်း လေးကလည်း အရွယ်ရောက်လာလေလေ တွတ်တီးတွတ်တာတွေ ပြောပြီး ချစ်စရာ ကောင်းလာလေလေ။

သာယာနေသော သူတို့ဘဝကလေးတွင် မွန်မွန်ဦး၏ကျန်းမာရေးအရိပ်မည်းကြီးသာ မနေခဲ့လျှင် တော်တော်ကို ပျော်စရာကောင်းနေမည်မှာ အမှန်။

ထိုအရိပ်မည်းကြီး ကြီးထွားလာသည့် အချိန်သည်ကား မောင်သူရိန်ထွန်းကလေး ပြင်းဖျားသည်မှ စခဲ့လေသည်။

"ရိုးရိုး အအေးမိဖျားတာပါ ... မွန်မွန်ရယ်၊ စိတ်ပူစရာ မရှိပါဘူး"

ဆရာဝန်မကလေးက ဖျောင်းဖျသော် လည်း မွန်မွန်ဦးက စိုးရိမ်မှုက လျော့ကျ သွားခဲ့ပါ။

ဆရာဝန်မကလေးပြန်သွားပြီးနောက် သားကလေး၏နဖူးကိုရေဖတ်ဝတ်ကလေးနှင့် တ်ပေးနေရင်းက နှုတ်ခမ်းဖျားတို့ တဆတ်ဆတ်တုန်လျက် မျက်ရည်ပေါက်ပေါက် ကျသည်။

"ကိုကိုရယ်၊ မွန်မွန့်ရောဂါများ သားလေးမှာ ပါလာရော့လား"

"ဟာ ... မဟုတ်တာကွယ်"

မွန်မွန်ဦးကို ...မဟုတ်တာကွယ် ... ဟု စိတ်ချမ်းသာအောင် ပြောလိုက်သော်လည်း လ်ကြီးမြတ်ထွန်း စိတ်ထဲတွင်ထင့်ခနဲ ဖြစ်သွားသည်။

မွန်မွန်ဦး ကွယ်ရာကျမှ မသစ္စာနှင့် တိုင်ပင်ရသည်။

"မဖြစ်နိုင်ဘူး ကိုကိုရဲ့၊ ပါရဂူကြီး ရှင်းပြတုန်းက မွန်မွန့်ရောဂါက မျိုးရိုးလိုက်တဲ့ ဂါမျိုး မဟုတ်ဘူးတဲ့။ ငယ်ငယ်က အူရောင်ငန်းဖျားဖြစ်တုန်းက ဆေးအပြင်းတွေ ကြာကြီး သောက်ရတာနဲ့ ဆိုင်နိုင်တယ်တဲ့။ သားက ဘယ်လိုလုပ် ဖြစ်မှာတဲ့လဲ"

ဗိုလ်ကြီးမြတ်ထွန်း သည်တော့မှ သက်ပြင်းချနိုင်တော့သည်။

မွန်မွန်ဦးကတော့ သူသိပ်ချစ်ရသော သားကလေးကို နေ့မအိပ် ညမအိပ် ပြုစု သဖြင့် မိမိကျန်းမာရေးကိုလည်း ငဲ့ရန် ဗိုလ် ကြီးမြတ်ထွန်းနှင့် မသစ္စာတို့ ဝိုင်း၍ ျောင်းဖျရသည်။

အားလုံးစိတ်ပူထားသလိုပင် မောင်သူရိန်ထွန်းကလေး သက်သာလာသည် နှင့် မွန်မွန်ဦး ဖျားလေတော့သည်။

မွန်မွန်ဦး၏ အဖျားမှာ ဆေးတစ်မျိုးပြီး တစ်မျိုး ပြောင်းပေးနေရသည့်ကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



ရက်ရှည်လာသည်။

"သွေ့အောက်ခံ သွေးရောဂါကလည်း ကူးစက်ရောဂါကာကွယ် အားနည်း ရောဂါမျိုးဆိုတော့ စိတ်ချရအောင် ကျွန်တော့်ဆွယ်မှာ ဆေးရုံတင်ထားချင်တ

"ဗိုလ်ကြီး ကောင်းမယ်ထင်သလို လုပ်ပါဗိုလ်ကြီး"

ဆေးမှူး ဗိုလ်ကြီးက သထုံတပ်ဆွယ် ဆေးရုံတွင် မွန်မွန်ဦးကို ဆေးရုံတင်သ မွန်မွန်ဦးက သိပ်မတက်ချင်၊ ကလေးကို စိတ်မချ။

"မမရှိသားပဲ ညီမရယ်၊ ကိုယ့်ရောဂါသာ ကိုယ်ဂရုစိုက်ပါ"

မသစ္စာပဲ ဖျောင်းဖျရသည်။

ဆေးရုံတွင် တစ်ပတ်ကြာသည့်တိုင် မွန်မွန်ဦး အဖျားကမကျ။ မွန်မွန်ဦးက သူနေကောင်းနေပြီချည်းပဲ ဖွတ်ပြောနေသည်၊ ဆေးရုံမှ ကုသမှုများထက် ခင်မွ ကြင်နာယုယမည့် ရင်ခွင်နှင့် သားငယ်၏ ချစ်စဖွယ်မျက်နှာကလေးကို ပို၍ တ နေရှာသည်။

"မော်လမြိုင်ကို ပို့ချင်တယ် ဗိုလ်ကြီး ရယ်၊ ဒီမှာက ကျွန်တော်တစ်ယောက်တ ဟိုမှာက သွေးစစ်တာ၊ ဓာတ်မှန်ရိုက်တာ၊ သလိပ်စစ်တာတွေ လုပ်ဖို့လိုလိမ့်မယ်

ဗိုလ်ကြီးမြတ်ထွန်း စိတ်မောစွာဖြင့်ပင် သဘောတူရသည်။ မွန်မွန်ဦးကပထမ သားငယ်ကိုထား၍မသွားချင်ဟု အကြောက်အကန်ငြင်းသေးသည်၊ နောက်မှမသစ္ သူ့ရော၊ ကလေးပါ လိုက်ခဲ့ပါမည်ဟု ဆိုမှ သဘောတူလေသည်၊

ကံကောင်းချင်တော့ ဗိုလ်ကြီးမြတ်ထွန်း ကို ညီအရင်းလို ချစ်ခဲ့သူ ဗိုလ် ကျော်ကျော်စိုးတစ်ယောက် မော်လမြိုင်ရှိ တိုင်းစစ်ဌာန ချုပ်သို့ ရောက်နေသည်၊ ပေးစားသော မော်လမြိုင်သူတစ်ယောက်နှင့်လည်း အိမ် ထောင်ကျနေပြီ။ ထို့ကြ မသစ္စာနှင့် မောင်သူရိန်ထွန်းကလေးတို့အတွက် တည်းစရာ အဆင်သင့်ဖြစ်သွားသ

ဗိုလ်ကြီးမြတ်ထွန်းကတော့ စစ်ဆင်ရေး အစည်းအဝေးများ အရေးကြီး လိုက်မသွားနိုင်ခဲ့ပါ။

(၂၆)

"ကိုကိုလား ... သစ္စာပါ"

"သစ္စာ ပြော။ မွန်မွန်နေကောင်းလား၊ ဆရာဝန်က ဘာပြောလဲ"

"... ..."

"မကြားရဘူး၊ နည်းနည်းအော်ပြော၊ သစ္စာ။ မိုးတွေရွာနေတယ်၊ ဖုန်း





မကောင်းဘူး"

"... ... ကြားပြီလား"

"မကြားသေးဘူး၊ လုံးနေတယ်"

"ကိုကို ... ကိုကို"

"အေး ... ပြော"

"ရန်ကုန်သွားရမယ်တဲ့၊ လာမယ့် တနင်္ဂနွေကို သွား ..."

"ဘာပြောတယ်"

"ပါရဂူဆီသွားရမယ်၊ လာမယ့် တနင်္ဂနွေ။ ဒီက ရထားစီစဉ်ပြီး ပို့ပေးမှာ၊ ကြားလား"

"ကြားပြီ၊ စိတ်ပူရလား"

"လူတော့ လန်းတယ်၊ အဖျားမကျ ..."

"ဘာပြောတယ်"

"... ... ကိုကို လိုက်လာလို့ ရမလား"

"သိပ်တော့ မလွယ်ဘူးဟ၊ တစ်ရက် နှစ်ရက်ဆိုရင်တော့ ရမယ်၊ နင် လိုက်သွား အားမငယ်နဲ့လို့၊ ငါ တစ်ရက် နှစ်ရက် လောက်ဆို လိုက်လာမယ်လို့"

"ရပြီ ... ကိုကို"

"သစ္စာ ... ဂရုစိုက်လိုက်ပါဟာ"

"စိတ် ... ...၊ ကျောင်းကို ခွင့် ... ..."

"အေး ... အေး စိတ်ချ၊ ဒါပဲ ဒါပဲ"

"ဟုတ်"

(၂၇)

အရေးကြီးစစ်ဆင်ရေး အစည်းအဝေးများနှင့် ဇနီးကို စိတ်ပူသည့် သောကကြား တွင် ဗိုလ်ကြီးမြတ်ထွန်း ရှုးမတတ် ခံစားနေရသည်။

မွန်မွန်ဦးတို့ ရထား ရန်ကုန်ဆင်းသည့် နေ့တွင်တော့ ဗိုလ်မှူးမျိုးဇော် အတင်း ျက်သဖြင့် သထုံဘူတာသို့ ဗိုလ်ကြီးမြတ်ထွန်း ရောက်ခဲ့သည်၊ ရထား ငါးမိနစ်ခန့် ရပ်တွင် မွန်မွန်ဦးကို စောင့်တွေ့၍ အားပေးသည်။

"မွန်မွန် ... ဘာမှ အားမငယ်နဲ့နော်၊ ကိုကိုနှစ်ရက်ဆိုရင် လိုက်လာခဲ့မယ်၊ ကြားလား"

ရထားတွဲပြတင်းပေါက်ပေါ်တင်ထားသော မွန်မွန်၏ လက်ကလေးကို ဆုပ်ကိုင်၍ ပေးတော့ မျက်ရည်ဝဲနေသော မျက်လုံးကလေးများ ပုတ်ခတ်ပုတ်ခတ် လုပ်၍



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ရှာသည်။

မသစ္စာပေါင်ပေါ်တွင်ထိုင်နေသောမောင်သူရိန်ထွန်းကလေးကရထားအထွက်
"ဖေဖေကြီး ... တာ့တာ" "ဟု လက် ပြန်နှုတ်ဆက်သည်။

(၂၈)

ပို့ တဆရ ၂

လက်ခံ တမခ ၄၄

ဗ.က. မြတ်ထွန်း၏ဇနီး ဒေါ်မွန်မွန်ဦးအား စိုးရိမ်ဖွယ်ရာစာရင်းသို့ ၁၀
အချိန်တွင် သွင်းလိုက်ကြောင်း၊ ရောဂါမှာ သွေးအားအလွန်နည်းခြင်းနှင့် အ
အအေးပတ်ခြင်းဖြစ်ကြောင်း အကြောင်းကြားအပ်။

(၂၉)

ဘူတာတွင် ရထားအလာကို စောင့်နေရင်းက ဗိုလ်ကြီးမြတ်ထွန်းရင်ထဲ
နေဆယ်စင်းပြိုင်ထွက်သလို ပူလောင်နေသည်။

လက်ဖဝါးနှစ်ဖက်ကို မကြာခဏ ဆုပ်ချေနေရင်းက ချွေးသီးချွေးပေါက်
ပြန်နေသည်။

"မြတ်ထွန်းရယ်၊ သိပ်စိတ်မပူပါနဲ့၊ ဒီအက်စ်အိုင်အယ်လ်ဆိုတာ ငါတို့ကော
ဆေးရုံတက်ရတုန်းကလည်း ခဏခဏတင် ရတာပါ။ ပြန်ကောင်းသွားကြတာ
ပါတယ်ကွ"

ဗိုလ်မှူးမျိုးဇော်က ချစ်တပည့်ကို အားပေးနေရသည်။

ဗိုလ်ကြီးမြတ်ထွန်းက ဂနာမငြိမ်သော လက်နှင့် ဆေးပေါ့လိပ်တစ်လိပ်ထု
ဖွာရှိုက်မည့်ဟန် ပြင်ပြီးမှ ... ဟာ၊ အခုမှ သတိရတယ် ... ဟု ရေရွတ်သည်။ ဗိုလ်
မျိုးဇော်က ဘာလဲကွ ... ဟု မေးသည်။

"မွန်မွန်က သံပရာပေါင်း သိပ်ကြိုက်တာ၊ ကျွန်တော် သွားဝယ်လိုက်ဦးမ
ဒီ ရှေ့ကဆိုင်တင်၊ ခဏလေးပဲ ဗိုလ်မှူး"

ဗိုလ်ကြီးမြတ်ထွန်းက ပြောပြောဆိုဆို ပင် ဘူတာရုံအတွင်းမှ သံပရာပေါင်း
ကလေးဆီသို့ ခြေလှမ်းကြဲကြီးများနှင့် လျှောက်သွားသည်။

အဲသည်အချိန်မှာပဲ လက်မှတ်သွားတွဲသော ရဲဘော်ကလေးက ဗိုလ်မှူးမျိုး
အနားသို့ မျက်စိပျက် မျက်နှာပျက်နှင့် ချဉ်းကပ်လာသည်။





"ဗိုလ်မှူး ... စောစောက ရုံပိုင်ကြီးအခန်းကဖုန်း ဂျီဝမ်းကြီး လှမ်းဖုန်းခေါ်နေတယ်"

"ဘာကိစ္စလဲ"

""ရန်ကုန်က ကြေးနန်းဝင်လာတာတဲ့၊ ဒေါ်မွန်မွန်ဦး ဆုံးသွားပြီတဲ့"

"ဟာ"

ဗိုလ်မှူးမျိုးဇော် သံပရာပေါင်းဆိုင်ဘက်သို့ အလန့်တကြား လှည့်ကြည့်သည်။
သံပရာပေါင်းထုတ်ကလေးကို ဆွဲ၍ပြန်လျှောက် လာနေသော ဗိုလ်ကြီးမြတ်ထွန်း၏
မျက်နှာမှာ မျက်ရည်ကြားထဲတွင် ဝါးသွားပါသည်။

(၃၀)

လဆန်းရက်ဖြစ်သော်လည်းတိမ်သားတို့ညိုမှည်းနေသဖြင့် ဝရန်တာကလေးတွင်
တိုင်းကဲ့သို့ လရောင်ထိန်ထိန်မသာနိုင်ပါ။ မိုးဦးကာလ၏ မြေသင်းနံ့ကလေးများ
ကတော့ မွှေးပျံ့၍နေပါသည်။

မောင်သူရိန်ထွန်းကလေးက ကြိမ်ခုံကလေးနှင့်ထိုင်နေသော မသစ္စာပေါင်ပေါ်တွင်
အိပ်ပျော်နေပြီ၊ ဗိုလ်ကြီးမြတ်ထွန်းကတော့ ပက်လက်ကုလားထိုင်တွင် ထိုင်လျက်က
ဆေးပေါ့လိပ်တစ်လိပ်ကို ဖွာရှိုက်ရင်း မည်းညို့သော ကောင်းကင်ပြင်ကို ငေးမော
ကြည့်ရှုနေပါသည်။

အတော်ကြာမှ ဗိုလ်ကြီးမြတ်ထွန်းက တိုးတိုးပြောသည်။

"မွန်မွန့်မိဘတွေကတော့ သားကို သူတို့ဆီထားခဲ့ဖို့ ပြောတယ်ဟ"

မသစ္စာ ခေါင်းခါသည်။

"ကိုကိုရယ် ... သားက ကျွန်မကို ဒီလောက်တွယ်တာနေတာ၊ သူ့မေမေ အမေလည်း
ဆုံးတာ မကြာသေးဘူး၊ အဖေလည်း ရာထူးတိုးလို့ ပြောင်းသွားရ၊ သူ့တီတီနဲ့လည်း
ခွဲနေရရင် ဘယ်ခံစားနိုင်ပါ့မလဲ"

ဗိုလ်ကြီးမြတ်ထွန်း ဆေးလိပ်ကို ဖွာပြန်သည်။ မှောင်ထဲတွင် ဆေးလိပ်မီးများ
ရဲခနဲ ရဲခနဲ ဖြစ်သွားသည်ကို ငေးကြည့်နေရင်းက ယခုတစ်ထိုင်တည်းနှင့်ပင် သူ့အစ်ကို
ဆေးလိပ် ငါးလိပ်မြောက်နေပြီကို မသစ္စာ ရင်နင့်စွာ သတိထားမိနေသည်။

"ငါလည်း အဲဒီလိုပဲ တွေးမိပါတယ်။ ဒါပေမဲ့ နင်က အပျိုလေးတန်မဲ့နဲ့ ကလေး
အမေလို ဖြစ်နေရတာလည်း ငါ အားနာတယ်"

"ကိုကို ... ကိုကို အားနာတယ်ပြောနေတဲ့ လူက ဘယ်သူလဲဆိုတာ ကိုကို မမေ့နေ
ဘူးလား၊ တော်... တော်...၊ ကျွန်မသား နဲ့ ဘာအကြောင်းကြောင့်မှ မခွဲနိုင်ဘူး၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးမြတ်ထွန်းက မသစ္စာကို လှည့်ကြည့်သည်။

ဝိုးတဝါးလရောင်အောက်တွင် မသစ္စာ၏ မျက်လုံးအစုံက စိုစွတ်တောက်[...] နေပါတော့၏။

(၃၁)

ဗိုလ်မှူးမျိုးဇော်က နှုတ်ဆက်ညစာကျွေးလိုကြောင်း ခေါ်သဖြင့် ဗိုလ်ကြီးမြတ်[...] သူ့အိမ်သို့ လာခဲ့သည်။ ဗိုလ်မှူးဇနီးနှင့် ကလေးတွေကလည်း ရန်ကုန်ရောက်နေ[...] ဗိုလ်မှူးနှင့် တပည့်ရဲဘော်ကလေး တစ်ဦးသာရှိသည်။

"ဘာလို့ မသစ္စာနဲ့ သားလေး ခေါ်မလာလဲ မြတ်ထွန်းရယ်။ ငါ သေသေချာ[...] မှာလိုက်ရက်သားနဲ့"

"ဗိုလ်မှူးကို ဂျီကျစရာရှိလို့ တမင်ထားခဲ့တာ"

"ဘာဂျီကျမလို့လဲ"

"ကျွန်တော် အရက်သောက်ချင်တယ် ဗိုလ်မှူးရယ်၊ ကျွန်တော် အရက်သောက်[...] တွေ့ရင် သစ္စာ စိတ်ညစ်နေမှာစိုးလို့။ ဗိုလ်မှူးဆီမှာ ဒီနေ့တော့ ကျွန်တော်သော[...] ရစေ"

ဗိုလ်မှူးမျိုးဇော် သက်ပြင်းချ၍ ဖုန်းဆက်ပြီး အရက်မှာလိုက်ရသည်။

ည ၇ နာရီတွင် ဗိုလ်ကြီးမြတ်ထွန်း အာဗီရမ်တစ်လုံး ကုန်နေလေပြီ။ ထမင်း[...] ခေါ်၍မရသေး။ မူးပဲလည်း မပေါက်၊ တိတ်ဆိတ်စွာပင် ဆက်သောက်နေသည်။ ဗိုလ်[...] မျိုးဇော်လည်း မတားရက်သည်နှင့် သည်အတိုင်း ကြည့်နေရသည်။

"မြတ်ထွန်း ... မင်းအသက်မှာ ဗိုလ်မှူးဖြစ်တဲ့သူ သိပ်ရှားတယ်ဆိုတာ[...] မင်း သိတယ်နော်"

ဗိုလ်မှူးမျိုးဇော် စကားစတော့ ဗိုလ်ကြီးမြတ်ထွန်းက ပခုံးတွန့်ပြသည်။ ကျွန်[...] မှ ဗိုလ်မှူးမဖြစ်သေးတာ ...ဟု ဆိုသည်။

"ဟ ... အော့ဖ်ရှစ်တင်းလေ၊ တစ်နှစ်ဆို ဖြစ်ပြီပေါ့"

"တစ်နှစ်ထဲမှာ အမှုမဖြစ်မှ ဖြစ်မှာပါ ဗိုလ်မှူးရယ်။ ကျွန်တော်က အမှုဖြစ်[...] ကောင်ပဲဟာ"

"ခွေးကောင်လေး၊ မင်းကို ငါက အမှု မဖြစ်အောင်နေလို့ သတိပေးမလို့၊ [...] ပိတ်ပြောတယ်"

ဗိုလ်ကြီးမြတ်ထွန်းက တဟားဟား အော်ရယ်သည်။





(၃၂)

"မွန်မွန် ... မွန်မွန်"

အသံသဲ့သဲ့ကြောင့် မသစ္စာ လန့်နိုးလာသည်။

ညအချိန်မတော်ကြီးမှာ ကွယ်လွန်ပြီး သူ့၏ အမည်ကို ကြားရသဖြင့် ရင်တို့ ပြင်းထန်စွာ ခုန်လာသည်။

"မွန်မွန် ... မွန်မွန်ရယ်"

ဘုရား ... ဘုရား ... ဟိုဘက်ခန်းမှာ ကိုကို ယောင်နေတာပါလား။ ထင်သည့်အတိုင်းပဲ၊ ဗိုလ်မှူးမျိုးဇော်အိမ်မှာ အရက်တွေ တော်တော်သောက်လာခဲ့ပြီ ဖြစ်မည်။

သားငယ်ကို ငုံ့ကြည့်လိုက်သည်၊ ကလေးကတော့ မသစ္စာရင်ခွင်ထဲတွင် နှစ်ခြိုက်စွာပင် အိပ်ပျော်နေသည်။ မသစ္စာလည်း ပြန်အိပ်ရန် ကြိုးစားသည်။

"မွန်မွန်"

အသံသဲ့သဲ့က ဆက်၍ကြားနေရသည်။ ရင်ထဲတွင် တစ်ဆို့ မွန်းကျပ်၍ မျက်ရည်တို့ ပိုးပေါက်ပေါက် ကျလာသည်။ အိပ်ပျော်ရန် ကြိုးစား၍ မရတော့ပါ။

"အေ့ ... ဝေါ့ ..."

ဘုရား ... ဘုရား ... ပျို့အန်သံပါ လား။ ကိုကို အရက်သောက်ပြီး အဲသလောက်ဖြစ်တာ တစ်ခါမှ မတွေ့ဖူးခဲ့၊ ဘယ်လောက်တောင်များ သောက်လာခဲ့သလဲ ကိုကိုရယ်။ လပြွန်ဆို့သွားမှဖြင့်။

ခေါင်းနားပန်းကြီးသွား၍ အိပ်ရာမှ ကမန်းကတန်း လူးလဲထသည်။ မျက်ရည်တို့ကို သုတ်သည်၊ ဝရန်တာတံခါးမှတစ်ဆင့် တစ်ဖက်ခန်း ဗိုလ်ကြီးမြတ်ထွန်း အိပ်နေရာသို့ ကမန်းကတန်း သွားသည်။

မီးကိုဖွင့်လိုက်တော့ ခြင်ထောင်မချဘဲ အိပ်ပျော်နေသည့် ဗိုလ်ကြီးမြတ်ထွန်းကို တွေ့ရသည်။ အန်ထားတာကိုတော့ မတွေ့ရ၊ ပျို့တာလောက်ပဲနှင့် တူ၏။

"မွန်မွန် ... မွန်မွန်ရယ်"

ကယောင်ကတမ်းကတော့ ညည်းနေသည်။ အင်္ကျီရင်ဘတ်ကတော့ စိုရွှဲနေသည်။ အန်ထားတာနှင့်တော့ မတူ။ ရေသောက်ရင်း ဖိတ်စင်ထားဟန် တူသည်။ လဲပေးဖို့တော့ လွယ်နိုင်မှာမဟုတ်၊ စောင်ခြုံပေးထားလျှင်တော့ ရင်ဘတ်အအေးမိတာ သက်သာနိုင်သည်။

ခြေရင်းကစောင်ကိုယူ၍ ဗိုလ်ကြီးမြတ်ထွန်း ရင်ဘတ်ပေါ်လွှမ်းခြုံပေးလိုက်တွင် ဗိုလ်ကြီးမြတ်ထွန်း၏ သန်မာသော လက်တစ်ဖက်က မသစ္စာကို ဆွဲပွေ့လှဲချလိုက်သည်။

"အို ... ကိုကို၊ ကိုကို ... မှားမယ်"

www.burmeseclassic.com



"မွန်မွန်၊ မွန်မွန် မသေဘူးနော် ... ဟုတ်လား"

"မွန်မွန် မဟုတ်ဘူး၊ ကိုကို ... ကျွန်မ ..."

မသစ္စာ ဆက်၍စကားမပြောနိုင်ခင်မှာပင် နှုတ်ခမ်းတို့ ခွေးခနဲဖြစ်သွားသ ပြီးတော့ ... ပါး ... လည်ပင်း ...

ဘုရား ... ဘုရား ...

ယင်ဖိုမျှပင် မသန်းဖူးသေးသည့် အပျိုစင်၏ ရင်က ပြင်းထန်စွာ ခုန်လာသ အသိဉာဏ်က မှောင်မိုက်စပြုလာသည်။ ရှန်းကန်နေသော လက်နှင့် ခြေများကလ အေးစက်လာသည်။

မဖြစ်တော့ဘူး၊ မဖြစ်တော့ဘူး။

"ကိုကို ... ကိုကို ... မသစ္စာပါ ... ကိုကိုရယ်"

တုန်လှုပ်မောဟိုက်သော အသံကလေးနှင့် မျက်ရည်တွေတွေ ကျလျက် ဗိုလ်ကြီးမြတ်ထွန်း နားနားကပ်၍ တိုးတိုးပြောလိုက်သည်။

"သစ္စာပါ" ဟူသော စကားကို ကြားလိုက်သည်နှင့် ဗိုလ်ကြီးမြတ်ထွန်း၏ အ ဉာဏ်များ ပြန်လည်ကြည်လင်လာသည်။ သတိလစ်သလိုလို၊ အိပ်မောကျသလ ဖြစ်နေရာမှ ဖျတ်ခနဲလန့်နိုးလာသည်။

"ဟင် ... သစ္စာ၊ ညီမလေး"

မသစ္စာကို ရင်ခွင်ထဲမှ တွန်းထုတ်လိုက် သည်။ မသစ္စာက ကမန်းကတန်းခု ဘေးသို့ ဆင်းရပ်သည်။

"နင် ... နင် ဘာလာလုပ်တာလဲ ... ဟင်"

"ကျွန် ... ကျွန်မ ကိုကိုအန်နေတာ ကြားလို့ လာလုပ်ပေးတာ"

အသံတုန်တုန်နှင့် ပြောရင်းက မျက်ရည် တွေတွေကျနေသော မသစ္စ ကြည့်ရင်းက ဗိုလ်ကြီးမြတ်ထွန်း ထိတ်ခနဲ ဖြစ်သွားသည်။

"ငါ ... ငါနင့်ကို ဘာလုပ်လိုက်သလဲ ... ဟင်၊ ပြောစမ်း၊ အမှန်အတိုင်း ပြော

"ဘာ ... ဘာမှ မလုပ်ပါဘူးကိုကို၊ ဘာမှ မလုပ်ပါဘူး။ ကိုကိုက မွန်မွန်လို့ ခေ ယောင်ပြီးလှမ်းဆွဲလိုက်လို့ ကျွန်မ ခုတင်ပေါ်လဲကျသွားတာနဲ့ ကိုကို လန့်နိုးလာ

အမှန်တစ်ဝက် မုသားတစ်ဝက် ဖြေလိုက်ရသည်။ ဗိုလ်ကြီးမြတ်ထွန်းကသက် ချသည်။

"တော်သေးတာပေါ့ဟာ၊ မှားတော့မလို့။ တောက် ... မိုက်လိုက်တာ သစ္စာ ငါ ဒီလောက်မူးလာတာ၊ နင် မသိဘူးလား"





"သိ ... သိပါတယ်"

"သိရင် ဘာလို့ဝင်လာရသလဲ"

"ကိုကို အန်နေလို့ ဆို့သွားမှာစိတ်ပူပြီး ဝင်လာတာပါ"

"ထားလိုက်ပါဟာ၊ အန်ဖတ်ဆို့လို့သေသွားလည်းကမ္ဘာပေါ်မှာ လူမိုက်တစ်ယောက် လျော့သွားလိမ့်မပေါ့"

မသစ္စာ စိတ်မထိန်းနိုင်တော့ဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှုံ့ပွဲချ ငိုကြွေးရင်း ခန်းထဲမှ ပြေးထွက်ခဲ့ပါတော့သည်။


■



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



ထိုအနည်းငယ်မျှသော မကောင်းမှုသည်
ငါ့အား အကျိုးပေးလိမ့်မည်မဟုတ်ဟု
မကောင်းမှုကို မထီမဲ့မြင် မပြုရာ။
တစ်စက်တစ်စက်သော မိုးရေဖြင့်
ရေအိုးသည်ပြည့်ရသကဲ့သို့ လူမိုက်သည်
မကောင်းမှုကို အနည်းငယ်စီပြုဖန်များသော်
သူသည် တစ်နေ့တွင် မကောင်းမှုပင်လယ်ထဲ၌
မြုပ်နစ်ရမည် ဖြစ်သည်။

ဗုဒ္ဓ (ဓမ္မပဒ၊ ပါပဝဂ္ဂ)





(၁)

မိုးသည်းထန်စွာ ရွာသွန်းလျက် လေကြမ်းများ တရစပ် ဝေ့ယမ်းတိုက်ခတ်နေပြီး လျှပ်စီးများ တဝင်းဝင်းလက်နေသည့် မိုးရာသီ ညတစ်ညတွင် ဗိုလ်မှူးမြတ်ထွန်းအိမ်သို့ ပြန်လာသည်။

အိမ်ရှေ့သံတံခါးတွင် သူတစ်ခါမှ မမြင်ဖူးသော အပျိုပေါက်မကလေးတစ်ဦးနှင့် တွေ့သည်။

တကယ်တော့ ထိုအပျိုပေါက်မကလေး က ဒူးရင်းခြံတွင် မန်နေဂျာအဖြစ် သူကိုယ်တိုင်ခန့်ထားခဲ့သော ဆရာခင်သိန်း၏သမီး ဖြစ်ပြီး မသစ္စာကို အဖော်လုပ်၍လာနေပေးနေခြင်း ဖြစ်သည်။

“ဘာကိစ္စရှိပါသလဲရှင်”

စစ်မိုးကာကြီးကို ခြုံ၍ စိုရွှဲနေသော တောဆောင်းစစ်ဦးထုပ်အောက်က မှိုင်းဝေနေသည့် မျက်လုံးတစ်စုံနှင့် အရင့်ကျက်လွန်နေဟန်ပေါက်သော မျက်နှာရှင်ကို မိန်းကလေးက ဘယ်သူမှန်း မသိပါ။

ဗိုလ်မှူးမြတ်ထွန်းက ယောင်ယောင်မျှ ပြုံးသည်။

“မင်းကရော ဘယ်သူလဲ”

“ရှင်”

“ကောင်းတယ်၊ မင်းလည်း ငါ့ကို မသိ၊ ငါလည်း မင်းကိုမသိ၊ ကျေရော။ ဗိုလ်မြတ်ထွန်းပါကွာ၊ ဒီအိမ်ကပါ”

သည်တော့မှ ဧည့်ခန်းထဲက ဓာတ်ပုံထဲက သည်ထက်ပိုမိုနုပျို၍ သည်ထက်ပိုမိုတက်ကြွဟန်ပေါက်နေသည့် ကျောင်းဆင်းခါစ ဒုဗိုလ်ကလေး၏ပုံနှင့် သူ့ရှေ့က ယောကျာ်းကြီးမျက်နှာကို မိန်းကလေး ဆက်စပ်မိသွားပြီး တံခါးကို ကမန်းကတန်း ဖွင့်ပေးသည်။

မသစ္စာလည်း အပေါ်မှ အသံသဲ့သဲ့ကြားရသဖြင့် သားကို ပွေ့ချီပြီး အောက်သို့ ပြန်ဆင်းလာသည်။

သားငယ် မောင်သူရိန်ထွန်းကလေးက ဗိုလ်မှူးမြတ်ထွန်းကို ကြောင်တော်တက် ကြည့်နေရှာသေးသည်။ “သား ... ဖေဖေ ကြီးပါကွ” ဟု ဆိုတော့လည်း ဖက်မိသွားပြီး

www.burmeseclassic.com



ရင်ခွင်ထဲ ပြေးဝင်ရာသည်။

ညပိုင်းမှာ မိုးတိတ်သွားတော့ ခါတိုင်း ထိုင်နေကျ ဝရံတာကလေးမှာပင် သားအမိ သားအဖမဟုတ်သော မိသားစုဝင်သုံးဦးတို့ အတူထိုင်ကြသည်။ သားကတော့ ဗိုလ်မှူး မြတ်ထွန်းဝယ်လာသည့် လျှပ်စစ်မီးလင်းသော သေနတ်ကလေးကို တပစ်ပစ်နှင့် သဘောကျနေသည်။

"ကိုကို ဘယ်တုန်းက အပွင့်တင်လိုက်တာလဲ"

"ခု လာခါနီးကလေးတင်ပဲ"

မသစ္စာ မျက်မှောင်ကြုတ်သည်။

"ကိုကို အော့ဖရုစ်တင်းရတာ တစ်နှစ်ကျော်နေပါပြီ"

ဗိုလ်မှူးမြတ်ထွန်းက ဖွာလက်စ ဆေးပေါ့လိပ်ကို ဆက်ဖွာနေရင်းကပြုံး၍ဖြေသည်။

"အမှုဖြစ်နေတာကိုးဟ၊ ပြီးသွားပါပြီ၊ ပြီးလို့ လွတ်တာနဲ့ တင်လိုက်ရတာ"

မသစ္စာ မျက်လုံးဝိုင်းသွားသည်။

"ကိုကိုရယ် ... ဘာအမှုတွေများ သွားဖြစ်နေပြန်ပြီလဲ"

ဗိုလ်မှူးမြတ်ထွန်းက တိုးတိုးရယ်သည်။

"နယ်စပ်မြို့ဆိုတော့လည်း ခတ်ရှုတ်ရှုတ်ပေါ့ဟာ၊ ပြီးသွားပါပြီ။ နှင့် ရှင်းပြလည်း နားလည်မှာမှ မဟုတ်တာ"

သူ့ပါးစပ်က ထွက်သွားသော ဆေးလိပ်မီးခိုးငွေ့များကို သူပြန်ငေးကြည့်နေရင်း သထုံမှမပြောင်းခင် ဗိုလ်မှူးမျိုးဇော်အိမ်မှာ သူ အရက်သွားတောင်းသောက်သည့်ည လုစ်ခနဲ ပြန်သတိရမိသည်။

(၂)

"မင်းကို သူတို့ နယ်စပ်မြို့က ခွဲရုံးမှာ စခန်းမှူးထားလိမ့်မယ်"

ဗိုလ်ကြီးမြတ်ထွန်း မျက်လုံးပြူးသွားသည်။

"စီနီယာ ထားရတာ မဟုတ်လား ... ဗိုလ်မှူးရဲ့"

"စီနီယာက ကျေစ်တက်နေတယ်။ ဗျူဟာမှူးကလည်း တို့တပ်ရင်းမှူးလုပ်ခဲ့ အဘဆိုတော့ မင်းက ငွေရေးကြေးရေး ယုံကြည်စိတ်ချရတဲ့ သူမှန်း သိနေတယ် တပ်မှူးကို မင်းလာရင် အဲဒီမှာထားဖို့ ပြောထားသတဲ့"

ဗိုလ်ကြီးမြတ်ထွန်းစိတ်ပျက်လက်ပျက် ကုလားထိုင်နောက်မှီကို မှီချလိုက်သည်။

"ဟာ ... ကျွန်တော်နဲ့ မဖြစ်ဘူးထင်တယ်။ ဗိုလ်မှူးလည်း သိသားပဲ၊ ကျွန်တော်က စပ်ပဲတိုက်တတ်တာ"

"မင်းရှောင်လို့မရဘူးညီလေး။ ဒါကြောင့် မင်းကို ငါမှာစရာတွေရှိလို့ဒီည ခေါ်တာ။ ပြောတာ သေသေချာချာနား ထောင်စမ်း"

ဗိုလ်မှူးမျိုးဇော်ကို ရှေ့ကိုကိုင်း၍ ဆက်ပြောသည်။

"တစ်ခုက မိန်းမကိစ္စ၊ မှောင်ခိုခေတ်၊ မှောင်ခိုမြို့ဆိုတော့ အဲဒီမှာ အဲဒီကိစ္စတွေ ပေါ်ရှုပ်ပွေတယ်။ မင်းက တစ်မြို့လုံး လုံခြုံရေးတာဝန်ယူမယ့်သူ၊ ဩဇာလည်း ရှိတယ်၊ လူလွတ်ကလည်း ဖြစ်နေတယ်၊ မှောင်ခိုမတွေ မင်းဆီဝင်ဖို့ကြိုးစားမှာပဲ၊ သတိထားစမ်း ကြားလား"

ဗိုလ်ကြီးမြတ်ထွန်း ပခုံးတွန့်ပြသည်။

"နံပါတ်နှစ်က ငွေရေးကြေးရေးကိစ္စ၊ မင်းကောင်းမယ်ဆိုတာ ငါယုံတယ်။ အေး... ကောင်းအောင်ပဲနေ၊ လူတကာကို လိုက်ရန်ဖြစ်မနေနဲ့၊ ပြဿနာဖြစ်ရင် ကိုယ်မပါအောင်သာ ပိုင်ပိုင်မာမာ တည်ဆောက်ထား။ ဒါ မင်းအမြဲနေရမယ့် နေရာမဟုတ်ဘူးဆိုတာမမေ့နဲ့"

ဗိုလ်ကြီးမြတ်ထွန်း ပင့်သက်ရှိုက်မိပြန်သည်။

"နံပါတ်သုံးက အရက်။ အေး ... ဒါတော့ ငါတားလည်း ရမှာမဟုတ်ပါဘူး၊ မိန်းတော့ထိန်း၊ တစ်ဖက်နိုင်ငံက ဆက်သွယ်စရာရှိရင်မင်းကို လူကြီးလုပ်ပြီးဆက်သွယ်မှာ။ ကိုယ့်နိုင်ငံရော၊ ကိုယ်ရော သိက္ခာမကျစေနဲ့၊ ကြားလား"

ဗိုလ်ကြီးမြတ်ထွန်း ရင်လေးစွာ ခေါင်းညိတ်မိသည်။

(၃)

အတွေ့အကြုံများ၍ ဆင်ခြင်တုံတရား ထက်သန်သူပီပီ ဗိုလ်မှူးမျိုးဇော်၏ တွေးကြည့်ချက်များ အကုန်မှန်ခဲ့လေသည်။

နံပါတ်သုံးအတိုင်း ဗိုလ်ကြီးမြတ်ထွန်းအရက်သောက်ခဲ့သော်လည်း ပြဿနာမဖြစ်။ ယ်တော့မှ မမူးသူဖြစ်သည်ကတစ်ကြောင်း၊ အလုပ်ချိန်အတွင်း မသောက်တတ်သော ည်းကမ်းရှိသည်ကတစ်ကြောင်းကြောင့် သောက်နေမှန်းသိကြသော်လည်း ဘာ ပြဿနာမှ မဖြစ်ခဲ့။

လက်အောက်ငယ်သားတွေကို ညီရင်းအစ်ကိုသဖွယ် ရင်းနှီးစွာ ပေါင်းသင်းပြီး ပြဿနာမဖြစ်သင့်တာ မဖြစ်ရအောင် ဆုံးမကာကွယ်စောင့်ရှောက်တတ်သူတစ်ဦး ဖြစ်လည်း လက်အောက်ငယ်သားတို့၏ ချစ်ခင်လေးစားမှုကို ခံခဲ့ရသည်။







www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တစ်အချက်ဖြစ်သည့် မောင်နိုကုန်သည်မ လှလှကလေးတွေနှင့် တွဲသွ တွဲလာကိစ္စကတော့ ဗိုလ်မှူးမျိုးဇော်၏ ခန့်မှန်းချက် ဒက်ထိမှန်ခဲ့လေသည်။

"ဂျိန်းစဘွန်းက မလွယ်ဘူးကွ၊ တစ်မြို့လုံး စီးထားတာ"

ဂျိန်းစဘွန်းဆိုတာက ဗိုလ်ကြီးမြတ်ထွန်းကို မလိုသူတွေက ကောင်မလေးတွေ တွဲသွားတွဲလာလုပ်တတ်တာကို ဂျိန်းစဘွန်းရုပ်ရှင်ထဲက ဂျိန်းစဘွန်းမိန်းမလှကလေး ထည်လဲတွဲတာနှင့် နိုင်းနှိုင်း၍ ကွယ်ရာမှာခေါ်ကြသော နာမည်ဖြစ်သည်။

မှတ်ချက်ချသူက အရပ်ဘက်က နယ်စပ်တာဝန်ခံ ဝန်ထမ်းတစ်ဦးဖြစ်သ အခြားအဆင့် ဝန်ထမ်းဖြစ်သော်လည်း နယ်စပ်ဖြစ်နေခြင်းနှင့် သူ့လုပ်ငန်း သဘ သဘာဝအရ မြို့တွင်းအရေးပါသူတစ်ဦး ဖြစ်နေသည်။

အဲသည်လူနှင့် ဗိုလ်ကြီးမြတ်ထွန်းကလည်း ဗိုလ်မှူးမျိုးဇော်မှာလိုက်ေ နံပါတ်နှစ်အချက်နှင့် မကြာခဏ ငြိမလိုဖြစ်နေကြ၍ သိပ်အစာမကျေချင်။

တစ်ရက်မှာတော့ ပတ်ဝန်းကျင်နယ်မြေအတွင်းမှာ လုံခြုံရေးဆောင်ရွက်နေရင်း ဒဏ်ရာရလာသော ရဲဘော်တချို့ကို ပြန်ပို့ဖို့ လေယာဉ်လက်မှတ် မလုံလောက်တာက ပြဿနာဖြစ်ကြသည်၊

ပို့ရမည့်ရဲဘော်က နည်းနည်းများသဖြင့် ဗိုလ်ကြီးမြတ်ထွန်းက သူပေးနိုင်ခွင့်ရှိသ လက်မှတ်စောင်ရေအပြင် မြို့နယ်ကောင်စီကခွဲတမ်းကိုပါ သွားတောင်းသည်၊ ာလည်း ပေးလိုက်သည်။ ဒါတောင် မလောက်သေးတော့ အဲသည်လူကိုင်ထား သ လက်မှတ်ကိုပါ သွားတောင်းသည်၊ ထိုလူက သူ့ခရီးသည်တွေလည်း အရေးကြီး ရှိ၍ ဖယ်မပေးနိုင်ဟု ငြင်းတော့ သူ့ရဲဘော်တွေကိုသူ စိတ်ပူစိတ်ဖြင့် ဗိုလ်ကြီး မြတ်ထွ ပေါက်ကွဲသည်၊

သူနှင့်စာလျှင် အသက်အနည်းငယ်ကြီး သော်လည်း ရာထူးအဆင့် အများ ငယ်သည့် အဲသည်လူကို လေဆိပ်ထဲမှာပင် တော်တော်ပြင်းထန်သော စကားများ အော်ဟစ် ငေါက်ငမ်းခဲ့သည်၊

အကင်းပါးသော ထိုလူက လက်မှတ်တွေကို ထုတ်ပေးလိုက်သည်။ သို့ေ ဗိုလ်ကြီးမြတ်ထွန်း၏ ခြေလှမ်းများကိုတော့ ကျားချောင်းသလို ချောင်းလေတော့သ

ငွေရေးကြေးရေးကိစ္စနှင့်ပတ်သက်၍ ဗိုလ်ကြီးမြတ်ထွန်းခြေလှမ်းမမှားနိုင်ကြောင်း ဗိုလ်ကြီးမြတ်ထွန်း၏ မျိုးရိုးဇာတိအထိ စုံစမ်းသိရှိထားသော ထိုလူက ကောင်း သဘောပေါက်သည်။

သည်တော့ ဗိုလ်ကြီးမြတ်ထွန်းနှင့် တွဲသွားတွဲလာရှိသော မိန်းကလေးများ





ဖြရာကောက်ဖို့ သူစိတ်ကူးရသည်၊

ဒါလည်း သိပ်တော့မလွယ်၊

ဗိုလ်ကြီးမြတ်ထွန်းက မုဆိုးဖိုလူလွတ်တစ်ဦးဖြစ်နေသည်။ သူတွဲသောမိန်းကလေး တွေကလည်း လူလွတ်တွေချည်းသာ။ လူလွတ်နှင့် လူလွတ်တွဲကြတာကို မိန်းကလေးက လက်ထပ်ချင်ပါသည်ဟု မတောင်းဆိုမချင်း ယောကျာ်းကလေးကို ပြဿနာရှာဖို့ လွယ်။ အဲဒါမျိုးကလည်း သည်မြို့မှာ ထုံးစံမရှိသလောက် ဖြစ်နေသည်၊

ပြီးတော့ ဗိုလ်ကြီးမြတ်ထွန်းက သူ့တာဝန်နှင့်ပတ်သက်လာလျှင် အလွန်စည်းကမ်း ရှိသူဖြစ်သည်။

"မဆုတ်တမ်း ခံစစ်ကုန်း"

"ငါ့အသက်သေမှ ဒီနေရာ ရမယ်"

အစရှိသည့် ဆိုင်းဘုတ်များ ဆိုင်းဘုတ်ထူထားသော တပ်ခွဲကုန်းပေါ်သို့ မိန်းကလေး ည့်သည်တစ်ယောက်မှ အလာမခံပါ၊

သူ ဘယ်အချိန် မြို့ထဲဘက်သို့ ဆင်းသွားပြီး ဘယ်အချိန် ပြန်တက်သွားတတ် ကြောင်းကိုလည်း သူ့ရဲဘော်တွေသာသိပြီး သူ့ရဲဘော်တွေကလည်း သူ့ကို အစ်ကိုကြီး ရင်းလို ချစ်ကြကြောင်း သိထားရပြန်သည်၊

နောက်ဆုံးမတော့ စ၍ အနံ့ရစရာ ပေါ်လာသည်က မြို့ထဲမှ စတိုးဆိုင်ပိုင်ရှင် လှလှကလေးတစ်ဦး၊

ထိုမိန်းကလေးနှင့် ဗိုလ်ကြီးမြတ်ထွန်း တွဲမိသွားသည့်အကြောင်း သိရသောအခါ ထိုမိန်းကလေးမှာ တခြားမိန်းကလေးတွေနှင့် မတူသည့် စိတ်ဝင်စားစရာတစ်ခုရှိနေကြောင်း နှီပုဂ္ဂိုလ် သတိထားမိလေသည်၊

ထိုတစ်ခုကတော့ ထိုမိန်းကလေးသည် တစ်ခုလပ်ဘဝနှင့် သည်မြို့ကို စရောက် လာသည်ဟုသာ အားလုံးက သိထားပြီး ထို မိန်းကလေးနှင့် ကွဲနေသည့် ယောကျာ်း ကလုပ်သည်၊ ဘယ်မှာရှိနေသည်ဆိုတာကို ဘယ်သူမှ သေသေချာချာ မသိခြင်းပင် ဖြစ်လေသည်။

(၄)

သတင်းပို့ တိုင်ကြားစာ တက်လာသောအခါ စစ်ချုပ်ဟာမူး တော်တော်စိတ်ညစ် သွားခဲ့သည်၊ ဗိုလ်ကြီးမြတ်ထွန်း၏ တပ်ရင်းမှူးလုပ်ခဲ့စဉ်ကတည်းက ဗိုလ်ကြီးမြတ်ထွန်းကို တော်တော်ချစ်ခဲ့သော ဆရာအရင်းမို့ ကိုယ့်တပည့်ကို ဒုက္ခမရောက်စေချင်၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖြောင့်မတ်မှန်ကန်၍အလုပ်ကို လေးစားသူပီပီ သည်ကိစ္စကို ထိန် ထားဖို့လည်းစိတ်မကူး။ ကိုယ့်တပည့်၏အားနည်းချက်တွေကို သိထားသဖြင့် ဟုတ် ဟုတ်နေနိုင်သည်ဆိုတာကလည်း ရိပ်မိနေသည်။

ဟုတ်နေလျှင်လည်း သကောင့်သား ရာထူးတက်ဖို့ မမြင်တော့။

ရင်လေးစွာဖြင့်ပင် သက်သေခံအကျဉ်းချုပ် ယူခိုင်းလိုက်ရသည်၊

အမှုက မပြတ်ပါ။

ကိုယ့်ဆရာကို အလွန်ချစ်ကြသည့်တပည့်တွေဝိုင်းနေသည့်အရာရှိတစ်ယော အတွက် သက်သေခံအချဉ်းချုပ်ယူရတာ မှောင်ထဲမှာ လမ်းလျှောက်နေရသလို

ဗိုလ်ကြီးမြတ်ထွန်းက နဂိုကတည်းက ဘဝမှာ ဘာထပ်ဖြစ်ချင်ရမည်ဆို ကိုယ့် ကိုယ်ကိုယ် မသေချာတော့သူပီပီ အမှုဖြစ်လာတော့လည်း သိပ်မတုန်လှုပ်

ကိုယ့်ဘက်က တာဝန်လစ်ဟင်းမှု၊ ပေါ့လျော့မှုတစ်စုမှ မရှိခဲ့ကြောင်းကို နိုင်မာစွာ ထွက်ဆိုခဲ့သည်၊

အဲသည့်အချိန်မှာ တိုက်ပွဲဖြစ်သည်၊

(၅)

မြို့အစွန်အနည်းငယ်အပြင်ထွက်နေသည့်ရဲစခန်းကိုအရင်တက်အတိုက်ခံရသ ရန်သူအင်အား များလွန်းခြင်းနှင့် လုံးဝထင်မထားချိန်တွင် အလစ်အငိုက်မိသွား တို့ကြောင့် ရဲစခန်း ချက်ချင်းကျသွားသည်၊

ရဲစခန်းမှ ပစ်သံခတ်သံများ ဆူညံစွာထွက်ပေါ်လာသည်နှင့် ဗိုလ်ကြီးမြတ်ထွ တပ်စုမှူးအရာရှိများက အကြိမ်ကြိမ် ဇာတ်တိုက်လေ့ကျင့်ထားသည့်အတိုင်း မိမိရဲ များကို နေရာယူခိုင်းလိုက်ကြသည်၊

"မဆုတ်တမ်း ခံစစ်ကုန်း"

"ငါ့အသက်သေမှ ဒီနေရာရမယ်"

ဘာလုပ်ရမည်ဆိုတာကို ရှင်းနေအောင် အမိန့်ပေးထားပြီး ဖြစ်သည်။

နေ့မကူးခင်မှာပင် ရန်သူ အကျအဆုံး များစွာနှင့် ပြန်လည်ဆုတ်ခွာသွားရသ ရဲစခန်းကိုလည်း ပြန်သိမ်းနိုင်လိုက်သည်၊

နယ်စပ်မြို့ကလေးကိုလည်း ရန်သူ လက်ဖျားနှင့်တောင် မတို့လိုက်နိုင်ခဲ့ပ

အရေးကြီး တိုက်ပွဲတစ်ခုကို အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့ပြီး မြို့ခံနေ အရပ်သ ပြည်သူလူထု တစ်ဦးတစ်ယောက်မှ မထိခိုက်ရအောင် ကာကွယ်နိုင်ခဲ့သဖြင့် ဗိုလ်





မြတ်ထွန်းကို အထက်မှ ချီးကျူးဂုဏ်ပြု ကြေးနန်းများ ရောက်လာခဲ့သည်၊

"သူ့ "သက်ချုပ်" ကိုရော ဘာဆက်လုပ်ရမလဲ ... အဘ"

ဗျူဟာစစ်ဦးစီးအရာရှိက မေးသည်။

ဗျူဟာမှူးက မျက်လုံးပြူး၍ ကြည့်သည်၊

ဗိုလ်ကြီးမြတ်ထွန်း ဗိုလ်မှူးဖြစ်သွားသည်၊

ရန်ကုန်ရှိအရေးကြီးတာဝန်ထမ်းဆောင်ရသော တပ်တစ်တပ်သို့လည်းပြောင်းရွှေ့ ခဲ့ရသည်။

(၆)

"ဟင် ...ဒါဆို ကိုကို အခု ရန်ကုန်မှာနေရမှာပေါ့ ... ဟုတ်လား"

ဗိုလ်မှူးမြတ်ထွန်း တွန့်ဆုတ်စဉ်းစားနေပြီးမှ လေးလေးပင်ပင် ပြောသည်။

"အေးဟာ ... နေရလှတော့ နှစ်နှစ် ပါပဲ၊ ငါ့ဘဝမှာ ဒီလိုမြို့ပေါ်မှာ နေရတုန်း ကလေးတော့ သားကိုမစိမ်းအောင် ငါ ခေါ် ထားရကောင်းမလားလို့"

မသစ္စာရင်ထဲတွင် ဆို့တက်လာသည်၊ မျက်ရည်များလည်း ဝဲလာသည်။

"ကိုကိုရယ်၊ ကိုကို အလုပ်သွားတော့ ကလေးကို ဘယ်သူကြည့်မလဲ"

ဗိုလ်မှူးမြတ်ထွန်းက ဆေးလိပ်ကိုဖွာရင်း စဉ်းစားနေသည်။

"မေမေ့ကို ခဏလိုက်နေခိုင်းမလားလို့တော့ စဉ်းစားကြည့်ထားတာပဲ၊ ကျောင်း ပိတ်ရက်တွေဆို နင်လည်း လာနေပေါ့၊ နောင် ငါရွှေ့တာန်းပြန်ထွက်တော့လည်း နင်နဲ့ပဲ ပြန်လာထားရမှာပဲလေ"

မသစ္စာက အနားတွင် ဆော့ကစားနေသော မောင်သူရိန်ထွန်းကလေးကိုတင်းတင်း ဖွဲ့ဖက်လိုက်ရင်းက မျက်ရည်ကျသည်၊ မှောင်ထဲတွင် သူ့အဒေါ် မျက်ရည်ကျနေတာကို မသိသော ကလေးက ရယ်မောရင်းက ဖခင်ဘက်သို့ လျှပ်စစ်သေနတ်ကလေးနှင့် လှမ်းပစ်နေလေသည်၊

(၇)

ကျောင်းအုပ်ဆရာမကြီးက မသစ္စာကို လုပ်သက်ခွင့်တစ်လ ပေးလိုက်သဖြင့် မသစ္စာ ဗိုလ်မှူးမြတ်ထွန်း၏မိခင်နှင့် မောင်သူရိန်ထွန်းကလေးတို့ ဗိုလ်မှူးမြတ် နေ နေခွင့်ရသော နဝရတ်ရိပ်သာရှိ တိုက်ခန်းသို့ လိုက်လာကြသည်။

ဗိုလ်မှူးမြတ်ထွန်းကလည်း မိုးလင်းကမိုးချုပ် အလုပ်ကိစ္စနှင့် အပြင်ထွက်နေ

www.burmeseclassic.com



ရသဖြင့် အိမ်ခန်းကို မသစ္စာပင် ဦးဆောင်ပြင်ဆင်ရသည်။ စနေ၊ တနင်္ဂနွေလည်း အိမ်မှာ နေရသည်ရယ်လို့ သိပ်မရှိသော ဗိုလ်မှူးမြတ်ထွန်းကို အိမ်နီးချင်းများထဲမှာ မဆုံဖူးသူက များနေသည်။

နောက်တော့ ဖိတ်စာတစ်စောင် ရောက်လာသည်။

ရှင်ပြုမင်္ဂလာ ဖိတ်စာ။

"ဗိုလ်မှူးမြတ်ထွန်းနှင့် ဇနီး" ... တဲ့။

မသစ္စာ ခေါင်းနပမ်းကြီးသွားသည်။ အိမ်ဖော်မိန်းကလေးကို ကမန်းကတ ခေါ်မေးသည်။

"ဒါ ဘယ်သူပေးသွားတာလဲ ... ဟင်"

"ဟိုဘက်ခန်းကတဲ့ မမ"

"နင် ဘာမှ မပြောလိုက်ဘူးလား"

"ဘာကိုပြောရမှာလဲ ... မမ"

"ဟယ် ... ကဲ ... ကဲ ... ထားလိုက်တော့"

ဗိုလ်မှူးမြတ်ထွန်းကို ကိုယ်တိုင်ပေးရမှာ ခက်နေသော ထိုဖိတ်စာကို ဧည့် စားပွဲပေါ်သို့သာ မသိမသာ တင်ထားလိုက်သည်။ ဗိုလ်မှူးမြတ်ထွန်း ပြန်လာ ထို ဖိတ်စာကို မြင်ဟန်တူသည်။ အိမ်ဖော်မိန်းကလေးကို ခေါ်မေးသံကြားရသ ဘာတွေ ပြောနေကြသလဲဆိုတာတော့ အိပ်ခန်းထဲမှနေ၍ ရှက်ရွံ့စွာ နိုးနားထေ နေသော မသစ္စာ သဲသဲကွဲကွဲမကြားရ။

နောက်တစ်နေ့ ညနေတွင်တော့ ဧည့်ခန်းကြမ်းပြင်ပေါ်တွင် အရုပ်ကလေးများ ဆော့ကစားနေသော မောင်သူရိန်ထွန်းကလေးကို မသစ္စာဘေးမှစောင့်၍ ထမင်းခွံ့ နေစဉ် တံခါးခေါင်းလောင်း မြည်လာသည်။

အိမ်ဖော်မကလေးထွက်မလာသဖြင့် မသစ္စာထမင်းပန်းကန်ကို ကြမ်းပြင်ပေါ် ကမန်းကတန်း တံခါးထဖွင့်ပေးသည်။

အသက်လေးဆယ်ခန့် ခပ်ဖိုင့်ဖိုင့် အမျိုးသမီးတစ်ဦးက ပြုံးရွှိစွာနှုတ်ဆက် ဝင်လာသဖြင့် မသစ္စာ အလိုက်သင့် ပြန်ပြုံးပြလိုက်ရသည်။

"ဗိုလ်မှူးမရှိဘူးလား ... ညီမလေး"

"ကိုကို အလုပ်သွားပါတယ်ရှင်"

အမျိုးသမီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အေးလေ ... ဗိုလ်မှူးတို့တပ်ကလည်း စနေ၊ တနင်္ဂနွေလည်း မနားရဘူး





သဘောကောင်းဟန်တူသော ထိုအမျိုးသမီးက မောင်သူရိန်ထွန်းကလေးဘေး ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ဝင်ထိုင်သည်။ မောင်သူရိန်ထွန်းကလေးက ပါးစပ်တွင် င်းများပေကျံလျက်က မော့ကြည့်ပြီး ခတ်တည်တည်ပင် သူ့အရုပ်တွေနှင့်သူ က်ကစားနေသည်။

"ဟယ် ... ထမင်းကျွေးနေရင်းတန်းလန်းကိုး၊ လုပ်လုပ် ညီမလေး၊ ဘာမှ ကိစ္စ ရှိပါဘူး၊ မမက အောက်ထပ်က ဗိုလ်မှူးအောင်သိန်းဇနီးပါ။ အိမ်နီးချင်းအသစ်ကို တ်ဆက်ရင်း ဘာများလုပ်ပေးရဦးမလဲလို့ လာမေးတာ"

မသစ္စာ စကားစဟန်ပြင်လိုက်စဉ်မှာ ပဲ ထိုအမျိုးသမီးက သားကို ငုံ့ကြည့်၍ ရွှင်စွာ မေးသည်။

"သားသားက လူချောပဲကွဲ့၊ နာမည် ဘယ်လိုခေါ်သလဲသား"

"တူရိန်ထွန်း"

ကလေးက မော့မကြည့်ဘဲ ဖြေ၍ ဆက်ကစားနေတော့ အမျိုးသမီးက သဘော စွာ ရယ်မောသည်။

"သွက်လည်း အသွက်ပဲကွ၊ အမေကိုတူလို့ ချောတာနေမှာ၊ မမတို့တောင် ီမလေးကို အဝေးကနေကြည့်ပြီး ဗိုလ်မှူးကတော်ကလေးကလည်း ချောလိုက်တာ ပြီး ..."

"မဟုတ်ဘူး မမ ... မဟုတ်ဘူး"

မသစ္စာ ကမန်းကတန်းလျှာခလုတ်တိုက်မိတတ်ပြောတော့ ဗိုလ်မှူးအောင်သိန်း တော် စကားတန်းလန်းနှင့် အိုးတိုးအန်းတန်းဖြစ်သွားသည်။

"ကျွန်မ ... ကျွန်မက ဗိုလ်မှူးညီမပါ"

"ဟောတော့ ... ဆောရီးနော်၊ ဆောရီး ညီမလေး။ ကလေးလေးနဲ့ ညီမနဲ့ အန်တီနဲ့ တော့ အားလုံးက အဲသလိုထင်နေကြတာကွဲ့၊ အားနာလိုက်တာကွယ်၊ နို့ ... ကလေး မမကရော"

"ကလေးက မိတဆိုးကလေးပါ မမ"

"အို ... ဖြစ်ရလေကွယ်"

သည်တော့မှ အခွင့်အရေးရတုန်း မသစ္စာ ဇာတ်စုံခင်းရတော့သည်။

တစ်နည်းတော့လည်း ကောင်းသည်။ အဲသည်နေ့က ပတ်ဝန်းကျင်တစ်ခုလုံးကို တင်းမှန် ရှင်းပြပြီးသား ဖြစ်သွားလေသည်။

နောက်တစ်နေ့မနက် မသစ္စာ ဈေးသွားခိုက်တွင် အလုပ်မသွားရသေးသော ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထွန်းကို မိခင်ဖြစ်သူက ထိုအဖြစ်အပျက်ကို ပြန်ပြောပြသည်။ သူလည်း အိပ်ေ တဲမှ ကြားနေခဲ့ရသည် မဟုတ်ပါလား။

ဗိုလ်မှူးမြတ်ထွန်းက သက်ပြင်းချသည်။

"ဒါကြောင့် ကျွန်တော်အတန်တန် သတိပေးခဲ့သား။ နင် အပျိုကလေးတန် ကလေးအမေ အထင်စံရမယ်လို့၊ သူကလည်း သားကို သိပ်ချစ်တော့ ခက်တယ်"

မိခင်ကြီးက တွေဝေစဉ်းစားနေသည်။ ပြောသင့် မပြောသင့် အတော်ကြာအေ ချိန်ဆနေပြီးမှ ပြောသည်။

"တကယ်တော့ သားရယ်၊ ဖေဖေနဲ့မေမေလည်း တစ်ဝမ်းပဲ ကွဲတာပဲ၊ ခုကိ မင်းနဲ့မသစ္စာကို နေရာချပေးလိုက်ရင် ...

"တော် ... မေမေ၊ တော်တော်၊ ဒီ စကားမျိုး ဘယ်တော့မှထပ်မပြောနဲ့။ သ ကြားသွားရင် ဘယ်လိုလုပ်မလဲ"

အမှန်မှာတော့ ထိုအချိန်တွင် ဖိနပ်ချွတ်မှာ ရောက်နေပြီဖြစ်သော မသ ကြားလိုက်ပြီးသား ဖြစ်ပါသည်။

(၈)

မသစ္စာ ခွင့်တစ်လစေ့သောရက်သို့ ရောက်လာခဲ့သည်။

မောင်သူရိန်ထွန်းကလေး ကြမ်းပြင်ပေါ်တွင် ဆော့ကစားနေသည်ကို ထမင်း ဆီက လှမ်း၍ ငေးမောကြည့်နေရင်း မသစ္စာ မျက်ရည်တွေတွေကျနေသည်။ က အဘွားဖြစ်သူက စိတ်မကောင်းစွာနှင့် မသစ္စာ၏ပခုံးကလေးကို ဆုပ်ကိုင်အားပေးသ

"သမီးရယ်၊ ကျောင်းပြောင်းလျှောက်ပြီး ဒီမှာပဲ နေလိုက်ပါတော့လား"

မသစ္စာက အံကလေးကြိတ်၍ စဉ်းစားနေပြီးမှ ခေါင်းခါသည်။

"မဖြစ်ပါဘူး ဒေါ်လေးရယ်"

"ဘာဖြစ်လို့လဲ"

"ကိုကို့ ညီမအရင်းဆိုရင် ကျွန်မ နေပါတယ်"

ကလေးအဘွား နှုတ်ဆွံ့သွားပါသည်။

ဗိုလ်မှူးမြတ်ထွန်း အိမ်ပြန်လာခေါ်၍ ဘူတာဆင်းသည့်အခါ ကလေးငိုမည် အပြင်ခကာသွားသယောင် ထွက်လာသော မသစ္စာကို ကလေးက လက်ကလေးေ နှုတ်ဆက်လိုက်သေးသည်။

"တီတီ ... မုန့် မုန့်ဝယ်ခဲ့"





"အေး ... အေး ... သား"

ကလေးကို ဟန်မပျက်ထိန်း၍ နှုတ်ဆက်ခဲ့သော်လည်း ကားထွက်သည်နှင့် မသစ္စာ ချုံးပွဲချ၍ငိုလေသည်။

ကားမောင်းရင်းက ဘယ်စကားလုံးနှင့် နှစ်သိမ့်ရမည်ကို ဗိုလ်မှူးမြတ်ထွန်း စဉ်းစား၍မရခဲ့။

ရထားထွက်ခါနီးအထိ မသစ္စာထိုင်နေသော ပြတင်းပေါက်ဘေးတွင် ဘာမှစကား မပြောဘဲ တိတ်ဆိတ်စွာ ဆေးပေါ့လိပ်ဖွာနေသော ဗိုလ်မှူးမြတ်ထွန်းကိုကြည့်၍ မသစ္စာရင်ထဲမှာလည်း စကားလုံးတွေ ပျောက်ဆုံးနေခဲ့သည်။

"ကိုကို ပြန်တော့လေ၊ အလုပ်တွေ ရှိသေးတယ်မဟုတ်လား"

"ရတယ်"

ထုံးစံအတိုင်း တုံးတိတိဖြေ၍ ဆေးလိပ်ဆက်ဖွာနေသည်။

ပခုံးပေါ်က သပြေခက်အကွေးနှင့် ခြောက်ထောင့်ကြယ်တို့နှင့် မလိုက်ဖက်လောက် အောင် ငယ်ရွယ်လွန်းဟန်ပေါက်နေသည့် ဗိုလ်မှူးကလေးတစ်ဦးနှင့် တည်ငြိမ်သော အလှပိုင်ရှင် မိန်းမရွယ်တစ်ဦးတို့ကို အလွန်လိုက်ဖက်သော ဇနီးမောင်နှံဟု ရမ်းသန်း ယင်နေသူများလည်း ဖြတ်သွားဖြတ်လာ ပရိသတ်ထဲတွင် မနည်းလှ။

ကိုကိုရယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်မချ၊ သားကိုလည်း စိတ်မချ၊ နေလို့ ကလည်း မသင့်လျော်၊ ဘာလုပ်ရမှန်းကို မသိတော့ပါဘူး။ ဗိုလ်မှူးငယ်ငယ်ကလေး၊ အိမ်ထောင်လည်း မရှိဘူးဆိုပြီး လာပတ်သက်တဲ့ မိန်းမလည်း၊ မိန်းမရှုပ်တွေနဲ့ တွေ့ပြီး သားကလေး မိထွေးဆိုးဆိုးရသွားမှဖြင့် ....။

ရထားပြတင်းပေါက်ဘောင်ကို မေးတင်၍ ရီဝေသော မျက်လုံးများနှင့် ဗိုလ်မှူး မြတ်ထွန်းကို ငေးကြည့်နေရင်းက မသစ္စာရင်ထဲတွင် အတွေးတွေ ဗလောင်ဆူနေသည်။

ရထားထွက်ရန် သံချောင်းခေါက်သံ ပေါ်လာသည်။

နှစ်ယောက်စလုံး တစ်စုံတစ်ခု ပြောမလိုဟန်ပြင်ကြပြီးမှ အသီးသီး ကိုယ်ရှိန်သတ် သွားကြသည်။ မသစ္စာ လက်အမြှောက်လိုက်မှာ ရထားက ထွက်ခွာလာသည်။

(၉)

ဗိုလ်မှူးမြတ်ထွန်း အရက်သောက်တာ ပိုစိပ်လာသည်။ ညနေတိုင်း သောက်ဖြစ် လာသည်။ အလုပ် ဘယ်လောက်များများ ညနေအိမ်ပြန်ရောက်ပြီးလျှင် တစ်ခါရိန့် အရက်ထိုင်သောက်ရင်း ဆေးလိပ်ဖွာသည်။ များသောအားဖြင့် သူပြန်ရောက်လာလျှင်

www.burmeseclassic.com

www.burmeseclassic.com



သားက အိပ်နှင့်ပြီဖြစ်၍ မျက်နှာကြက်ကို မော့ကြည့်နေရင်း တစ်ယောက်တည်း တိတ်ဆိတ်စွာ နေတတ်သည်။

မသစ္စာရှိစဉ်က သူ့သား သည်လောက် မသောက်ဖြစ်သည်ကို သတိထားမိသေ မိစင်ကြီးက သက်ပြင်းချရင်း မသစ္စာကိုတမ်းတရှာသည်။

အရက်ကို ပုံမှန်ပြန်သောက်တတ်လာ သော်လည်း လက်ရှိ တာဝန်ထမ်းဆော င်နေရသည့် တပ်က အမှားအယွင်း အတိမ်းအစောင်းမခံသော တပ်မျိုးဖြစ်သ ဖြင့် အားလျော်စွာ ဗိုလ်မှူးမြတ်ထွန်းအပြင်မှာ သောက်လေ့မရှိ။ အဖော်အပေါင်းတွေနှင့်လည်း မသောက်။ လုပ်ငန်းသဘောက ကျစ်လျစ်သိပ်သည်းမှုတန်ရာကျမည့်သဘောရှိနေသည်။

တစ်ညနေမှာတော့ ဗိုလ်မှူးမြတ်ထွန်း တရုတ်စားသောက်ဆိုင် တစ်ခုမှာ သောက်ဖြစ်သွားသည်။

သောက်ဖြစ်ရသည့် အကြောင်းကလည်း လုပ်ငန်းသဘောအရ တွေ့ဆုံရမည့် သူက အဲသည်မှာ ချိန်းဆို၍ဖြစ်သည်။

ချိန်းဆိုထားသူက ရောက်လာ၍ပြောစရာရှိတာ ခပ်သွက်သွက်ပြောပြီး ညစာ မစားဘဲ ထပြန်သွားသည်။

အတူတူထွက်ရန် မသင့်ဟု ဆုံးဖြတ်ပြီး ဗိုလ်မှူးမြတ်ထွန်း အရက်မှာသောက် ညစာဆက်စားရင်း အချိန်ဖြုန်းနေလိုက်သည်။

အဲသည်အချိန်မှပင် အတွင်းသီးသန့်ခန်းတစ်ခုအတွင်းမှ နိုင်ငံခြားသားနှစ်ဦး အတူထွက်လာသော မြန်မာမိန်းမပျိုတစ်ဦးက ဗိုလ်မှူးမြတ်ထွန်းထိုင်သောက်နေသည်ကို မြင်၍ ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

"ဟယ် ... ကိုမြတ်ထွန်း ... ကို မြတ်ထွန်းနော်"

မြန်မာလိုဝတ်ထားသော်လည်းမြန်မာပြည်မှာနေနေသည့်ပုံစံမဟုတ်တာတော့ သိသာနေသည့် ထိုမိန်းမပျိုကို ဗိုလ်မှူးမြတ်ထွန်း ချက်ချင်း မမှတ်မိပါ။ ပြီးတော့ တရေးရေး မှတ်မိသွားသည်။

နွယ်နီဖေဦးပါ။

"ဩော် ... နွယ်နီ၊ ဘယ်တုန်းက ပြန်ရောက်နေလဲ"

"ခဏခဏရောက်ဖြစ်နေပြီ ကိုမြတ်ထွန်းရဲ့၊ ရောက်တိုင်း ကိုမြတ်ထွန်းကို သတိ ရတယ်။ တပ်ထဲမှာဆိုတော့ ဘယ်လိုစုံစမ်းရမှန်းမသိတာနဲ့၊ ခုမှပဲ တိုက်တိုက်ဆိုင်ဆိုင် တွေ့တော့တယ်"

ပါလာသော နိုင်ငံခြားသားစုံတွဲကို ဗိုလ်မှူးမြတ်ထွန်းနှင့် မိတ်ဆက်ပေးသည်။





သူ့အလုပ်ရှင်တွေဟု ဆိုသည်။

"ကိုမြတ်ထွန်း အခု အားလားဟင်"

"အားပါတယ်"

"အိမ်ပြန်နောက်ကျလို့ရော ရသလား။ အမျိုးသမီးက စိတ်ပူနေတာတို့၊ စိတ် ကောက်တာတို့ ရှိမှာလား"

ဗိုလ်မှူးမြတ်ထွန်း ယဲ့ယဲ့ပြုံးသည်။

"တို့မှာ အမျိုးသမီး မရှိပါဘူး နွယ်နီ"

နွယ်နီဖေဦး ပြုံးသွားသည်။

"ဒါဆို ခဏနော်"

နွယ်နီဖေဦးက နိုင်ငံခြားသားစုံတွဲကို "ခဏနေခဲ့ပါရစေ" ဟု ခွင့်တောင်းသည်။ အမျိုးသားကြီးက ယဉ်ကျေးစွာပင် ပြုံးပြုံးသလဲ ခွင့်ပြု၍ သူတို့ကိုနှုတ်ဆက်ပြီး နှစ် ဦးသား ထွက်ခွာသွားကြသည်။

"အရင်အိမ်မှာပဲ တည်းသလား နွယ်နီ"

"နွယ်နီတို့ အိမ်ရောင်းပစ်လိုက်ပြီ၊ သူတို့နဲ့ အင်းယားလိတ်မှာပဲ တည်းနေတာ"

"တစ်ခုခုမှာလေ နွယ်နီ"

"နေပါစေ ကိုမြတ်ထွန်း၊ နွယ်နီက သူတို့နဲ့စားပြီးသား။ ကိုမြတ်ထွန်းနဲ့ တွေ့တာနဲ့ အေးအေးဆေးဆေး စကားပြောချင်သေးလို့ နေခဲ့တာ။ ကိုမြတ်ထွန်း ဘယ်မှာနေလဲ"

"တပ်ကပေးတဲ့ အိမ်ပေါ့၊ အမေနဲ့။ နွယ်နီလိုက်မယ်ဆိုရင် အေးအေးဆေးဆေး စကားပြောလို့ရတဲ့ နေရာတော့ရှိတယ်"

ဗိုလ်မှူးမြတ်ထွန်းက အမှိုက်ယ်ပါပါ ပြောလိုက်တော့ နွယ်နီဖေဦးက ခေါင်းက လေးငုံ့၍ ပြုံးသည်။

"ကောင်းသားပဲ၊ သွားရအောင်လေ"

ဗိုလ်မှူးမြတ်ထွန်းက ကောင်တာမှ တစ်နေရာကို ဖုန်းဆက်သည်၊ တစ်ဖက်က လူက ဗိုလ်မှူးမြတ်ထွန်းသွားချင်သော လူမနေဘဲ ပိတ်ထားသည့် တိုက်ခန်းမှာ တပည့် ကလေးတစ်ယောက် သော့နှင့် လာစောင့်နေလိမ့်မည်၊ ကိစ္စပြီးလျှင် သော့ကို ယူသွားပါ။ နောက်မှ သူလာယူမည်ဟု ပြောသည်။

အမေ့ကိုဖုန်းဆက်၍အလုပ်ကိစ္စကြောင့်ပြန်မလာဖြစ်၊ စိတ်မပူပါနှင့်ဟုပြောသည်၊ ပြီးတော့ နွယ်နီဖေဦးကို လှည့်၍ ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

နောက်တစ်နေ့မနက်တွင် တိုက်ခန်းပိုင်ရှင် မိတ်ဆွေ၏ တပည့်ကောင်ကလေး တိုက်ခန်းကို ပြန်ရောက်လာသည်။ မနက်စာ မုန့်နှင့် ကော်ဖီများ လာပို့သည်။

ရေချိုးနေသော နွယ်နီဖေဦး ထွက်လာသောအခါ ထမင်းစားပွဲတွင် အတူတူထိုင် မနက်စာ စားဖြစ်ကြသည်။

"ကိုမြတ်ထွန်း အိမ်ထောင်မကျသေးဘူးပေါ့နော်"

"တို့ မုဆိုးဖိုပါ နွယ်နီ"

"ဟောတော်"

နွယ်နီဖေဦး ပါးစပ်ကလေး ဝိုင်းသွားသည်။

"ငယ်ငယ်ကလေးနဲ့ ဆုံးတာပေါ့နော်၊ သနားပါတယ်"

"ဟုတ်တယ် နွယ်နီ၊ သူက တို့ထက် အများကြီး ငယ်ပါတယ်။ တို့နဲ့လည်း ခဏ ပေါင်းလိုက်ရပါတယ်"

နွယ်နီဖေဦးက စုတ်သပ်သည်။

"စိတ်မကောင်းပါဘူး ကိုမြတ်ထွန်းရယ်၊ နို့ ကိုမြတ်ထွန်းက အခု ရန်ကုန်မှာ တာဝန်ကျနေတာလား။ ဗိုလ်ကြီးတော့ ဖြစ်နေရောပေါ့"

ဖြေသင့် မဖြေသင့် ခဏစဉ်းစားနေပြီးမှ ဖြေသည်။

"တို့ ဗိုလ်မှူးဖြစ်နေပါပြီ နွယ်နီ"

"ဟယ်"

နွယ်နီဖေဦးက ရင်ဘတ်ကလေးကို လက်နှင့်ဖိ၍ ဗိုလ်မှူးမြတ်ထွန်း မျက်နှာ တအံ့တသြ မော့ကြည့်သည်။

"ငယ်လိုက်တာနော်၊ နွယ်နီ အဲသည်လောက်ငယ်တဲ့ ဗိုလ်မှူးရှိမယ်လို့တော့ မထင်ဘူး"

ဗိုလ်မှူးမြတ်ထွန်း ပခုံးတွန့်ပြသည်။

"နွယ်နီရော အခု ဘယ်မှာလဲ"

"လန်ဒန်မှာ"

"ဦးဖေဦးကရော"

"ဖေဖေက အမေရိကမှာ"

"နွယ်နီက ဘာလို့ လိုက်မသွားလဲ"

"နွယ်နီက ရှိုင်ရယ်ဖရီးဆေးရုံက ဆရာဝန်တစ်ယောက်နဲ့ အိမ်ထောင်ကျတာကိုး ...





ဗိုလ်မှူးမြတ်ထွန်း၏ နားထဲတွင် အနီးကပ် ဗုံးတစ်လုံးပေါက်ကွဲသွားသလို ခံစား ...ှက်ရသည်။ မျက်စိထဲတွင်လည်း ကြယ်များ တလက်လက် လွင့်စင် ဖွာထွက်သွားသည်။

ဗိုလ်မှူးမြတ်ထွန်း မျက်နှာပျက်သွားသည်ကို ရိပ်မိသော နွယ်နီဖေဦးက မဲ့ပြုံး ...လေး ပြုံးသည်။

"ဘာလဲ ... ကိုမြတ်ထွန်းက နွယ်နီ့ကို အပျိုလို့ ထင်နေလို့လား။ ဟိုမှာအနေ ...လောက်ကြာတော့လည်း ဟိုကလူနဲ့ အိမ်ထောင်ကျဖြစ်သွားတာပေါ့ ကိုမြတ်ထွန်းရယ်။ ...တ်ကတော့ ကိုမြတ်ထွန်းကိုပဲ သတိရနေတာပါ။ ဒါကြောင့်လည်း ဒီ ရောက်တိုင်း ...ိုမြတ်ထွန်းကို စုံစမ်းမိတာပေါ့။ သူလည်း ကွယ်ရာကျရင် ခတ်ရှုပ်ရှုပ်ပါပဲ။ ခုတောင် ...တစ်ခါလည်း မင်းချစ်သူဟောင်းကို သွားရှာတာပဲလားလို့ နောက်နေသေးတယ်။ ...ကယ်မချစ်တဲ့လူရဲ့ရင်ခွင်မှာ အမြဲနေနေရတဲ့ မိန်းမတစ်ယောက်အတွက် ကိုယ့်ချစ်သူရဲ့ ...စ်ခွင်ဟောင်းမှာ အိပ်မက်လိုပဲဖြစ်ဖြစ် ခဏတော့ ပြန်ဝင်ခွင့်ရချင်တာပေါ့။ ကိုမြတ်ထွန်းက ...ပါကို မှားတယ်လို့ ထင်လို့လား"

ဗိုလ်မှူးမြတ်ထွန်း ဘာပြန်ဖြေရမည် မသိပါ။

သူ့မျက်စိထဲတွင် အရာရာသည် ချာချာလည်နေပါသည်။

ဘာသာရေးကိုင်းရှိုင်းသူတစ်ဦး မဟုတ်စေကာမူ ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက်တော့ ...ငါးပါးမှာ သုံးပါးမလုံတော့ဘူးဆိုတာ တော်တော်ကြီးမားသော ယိုယွင်းမှုဟု ဆိုရမည်ဟု ...ထင်ပါသည်။

ပြီးတော့ သည်နောက်ဆုံးမရည်ရွယ်ဘဲ ကျူးလွန်လိုက်မိသည့် မကောင်းမှုက ...တစ်တစ်သက်လုံး ကျူးလွန်မိမှာမဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားခဲ့သော ...ကောင်းမှုပါ။

ရည်ရွယ်ပြီးပဲမှားမှား၊ မရည်ရွယ်ဘဲ မှားမှား သည်အမှားမျိုးကို ကျူးလွန်မိပြီး ...ား၊ သူတစ်ဦးဘဝနှင့် ကျည်ဆံနှင့် ယမ်းငွေ့လွှမ်းသော အလုပ်ခွင်ကို ပြန်သွားရမှာ ...လွန်ကြောက်စရာကောင်းသည်ဟု ယုံကြည်မိသည်အထိတော့ သူ ကံနှင့်ကံ့အကျိုး ...ကို ယုံကြည်တတ်ပါသည်။

(၁၁)

ထူးခြားဆန်းကြယ်သော တိုက်ဆိုင်မှုများသည် တစ်ခုပြီးလျှင်တစ်ခု ဆက်တိုက် ...ဖြစ်တတ်လေသလား မသိပါ။

ဗိုလ်မှူးမြတ်ထွန်းအတွက် ကံအားလျော်စွာပင် သူ နွယ်နီဖေဦးနှင့် တွေ့သောရက်မှာ

www.burmeseclassic.com



နွယ်နီဖေဦးမပြန်ခင်ရက်အနည်းငယ်အလိုဖြစ်နေသည်။ နွယ်နီဖေဦးကထပ်ဆက်သွယ် ကြိုးစားခဲ့သော်လည်း ဗိုလ်မှူးမြတ်ထွန်းက တကယ့်ကို အလုပ်ရှုပ်နေခဲ့သည်။ ရေ အမြင့်ပိုင်းက ဖြစ်ပေါ်နေသော ငွေရေးကြေးရေးဆိုင်ရာ ကိစ္စများပါ နေသဖြင့် တစ်ရ အမှားမခံ။ ခေါင်းပင်ဖော်၍မရ၊ လူကြီးပိုင်းက တချို့ဖုန်း ခေါ်လျှင်ပင် မထူးဘဲနေရ အချိန်မို့ နွယ်နီဖေဦး ဆက်သွယ်တာတွေကို ရှောင်လွှဲ၍ရသွားသည်။

နွယ်နီဖေဦး ပြန်သွားပြီး မကြာမီမှာပင် နောက်ထပ် ထူးဆန်းသောတာဝန်တ အပေးခံရပြန်သည်။

အဲသည်ထူးဆန်းသောတာဝန်ကိုထမ်းဆောင်ဖို့အတွက် သူ့အရပ်ဝတ်အရပ်စ အင်းယားလိတ်ဟိုတယ်သို့ သွားခဲ့ရသည်။

"ဘာများ ကူညီရမလဲရှင်"

ဧည့်ကြိုစာရေးမကလေးက ပင်နီရောင် တက်ထရက်တိုက်ပုံ သပ်ရပ်စွာ ဝတ် သော ဗိုလ်မှူးမြတ်ထွန်းကို ယဉ်ကျေးစွာ ဆီးမေးသည်။

"သြစတေးလျနိုင်ငံက ရောက်နေတဲ့ ဒေါက်တာသယ်လ်မာဒမ်ကမ်ဘီနဲ့ တွေ လို့ပါ။ အခန်းအမှတ် ၄၈(အေ)လို့ ပြောပါတယ်"

"အစ်ကို့နာမည်လေး ကျေးဇူးပြုပါ။ ကိစ္စရော ပြောလို့ရပါမလားရှင်"

"မြတ်ထွန်းပါ၊ ပါစင်နယ်လို့ပဲ ပြောပေးပါ"

ဧည့်ကြိုစာရေးမကလေးက တယ်လီဖုန်းကို ကောက်ယူ၍ တစ်ဖက်သို့ အင် ဘာသာဖြင့် ပြောနေပြီး ခဏကြာတော့ ပြန်ချလိုက်သည်။

"ဒေါက်တာက နစ်မိနစ်လောက် စောင့်ပါတဲ့ ဟိုနားက ဆက်တီမှာ စော ရပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ်"

ဗိုလ်မှူးမြတ်ထွန်း ဆက်တီမှာသွားထိုင်၍ စောင့်သည်။ စောင့်နေရင်း သူ့စိတ်လှုပ်ရှားနေ၊ ရင်ခုန်နေတာကို သူ့ကိုယ်သူ အံ့အားသင့်စွာပြန်သတိထားမိနေသ

ဘဝမှာ ဘာမှဖြစ်လာစရာ မရှိတော့ဘူးဟု ကိုယ့်ကိုယ်ကိုယ် ခံယူထားသ ကိုယ်နှင့် ဘာမှမဆိုင်သောကိစ္စတစ်ခုအတွက် စိတ်လှုပ်ရှားနေမိသည်မှာ တော် ဆန်းကြယ်လွန်းနေသည် မဟုတ်ပါလား။

"ဦးမြတ်ထွန်းဆိုတာလားရှင်"

ပီသကြည်မြသော မြန်မာစကားသံကြောင့် ကမန်းကတန်း ထရပ်၍ လှည့် မိသည်။





အသက်ငါးဆယ်ကျော်ဟု သူသိထားသော်လည်း အသက်သုံးဆယ်ကျော်ဟု ထင် ရလောက်အောင် နုပျိုလှပသော အမျိုးသ မီးကြီးတစ်ဦး ရပ်နေပါသည်။ ဖြူဝင်း ပွန်း သော အသားအရေက နိုင်ငံခြားသူဟု ထင် စရာရှိသော်လည်း လှပသော မျက်လုံး မျက်ခုံးတို့နှင့် သပ်ရပ်စွာဝတ်စားထားသော မြန်မာဝတ်စုံတို့ကြောင့် နိုင်ငံခြားတွင် ဝနေကြာတာသာ ရှိချင်ရှိမည် မြန်မာလူမျိုးပဲဆိုတာ မမှားနိုင်ပါ။ အင်းလေ ... ရှမ်း လူမျိုးပေါ့၊ ရှမ်းလူမျိုးဟု သူသိထားသည်ပဲ။

"ဟုတ်ကဲ့ပါ ... ဒေါက်တာ၊ ကျွန်တော်မြတ်ထွန်းပါ"

"အန်တီလို့ ခေါ်လို့ရပါတယ်ကွယ်၊ ကိုယ့်အဒေါ်အရွယ်ပဲဟာ။ ကဲ ... ထိုင် ထိုင်။ နတီပဲ ဧည့်ခံပါရစေ။ တစ်ခုခု သောက်ပါလား"

"ကျွန်တော် လက်ဖက်ရည်မှာထားပြီးပါပြီ အန်တီ၊ အန်တီ ကြိုက်ရဲ့လားတော့ မသိဘူး"

ဒေါက်တာက နာရီကို မော့ကြည့်၍ ရယ်သည်။

"တီးတိုင်းမ်ပဲ၊ ကောင်းပါတယ်။ လက်ဖက်ရည်သောက်ရင်း စကားပြောကြ တာပေါ့"

နစ်ယောက်သား ထိုင်ကြပြီး မကြာခင်မှာ လက်ဖက်ရည်ဗန်းကလေး ရောက် လာသဖြင့် ဗိုလ်မှူးမြတ်ထွန်းက လက်ဖက် ရည်ကို နှစ်ယောက်စာ ဖျော်သည်။

ဒေါက်တာကတော့ ဗိုလ်မှူးမြတ်ထွန်းကို ပုစ္ဆာတစ်ပုဒ်လို အနုလုံပဋိလုံ အကဲခတ်၍ ကြိတ်ဆိတ်စွာ နေနေပါသည်။

"ကိုမြတ်ထွန်းက အန်တီ့ကိုသိပေမယ့် အန်တီက ကိုမြတ်ထွန်း ဘယ်သူဆိုတာ မသိလေတော့ မိတ်ဆက်ပေးရင် ကောင်းမယ်ထင်တယ်"

ဗိုလ်မှူးမြတ်ထွန်းက အနေရခက်ဟန်ဖြင့် ရယ်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဘယ်က စပြောရမလဲ မသိဖြစ်နေတာပါ"

"ကြိုက်တဲ့နေရာက စပြောပါ။ ကိုမြတ်ထွန်းကို အန်တီက အမှန်ဆိုရင် ဗိုလ်ကြီးလို့ ခေါ်ရမှာဆိုတာကပဲ ဖြစ်ဖြစ်ပေါ့"

ဗိုလ်မှူးမြတ်ထွန်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဒေါက်တာက လက်ဖက်ရည်ကို တစ်ကြိုက်ကြိုက်ပြီးမှ သူ့အမူအရာကို သဘော ကျဟန်ဖြင့် တိုးတိုးရယ်သည်။

လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ် ပြန်ချသည်။

"အန်တီ့အဖေ ဘယ်သူဘယ်ဝါဆိုတာရယ်၊ ဒီကနေ ထွက်မသွားခင်က ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တယ်ဆိုတာရယ် သိထားတဲ့ မိတ်ဆွေတွေက အန်တီ မြန်မာပြည်ကို သုဘော အစည်းအဝေးတက်ဖို့ ပြန်မယ်ဆိုတော့ ဖြစ်ပါ့မလားလို့ စိတ်ပူကြတယ်၊ ဒီကြားထဲ အန်တီက ဟိုနိုင်ငံသားနဲ့ အိမ်ထောင်ကျပြီး ဟိုနိုင်ငံသား ခံယူထားပြီးပြီ၊ နိုင်ငံခြားသ ဖြစ်နေပြီ။ ပုံမှန်အတိုင်းဆိုရင် ရန်ကုန်မှာ အစည်းအဝေးတက်ရင် ရန်ကုန်မှာပဲနေရမ အဲဒါကို လူမှုရေးကိစ္စကြောင့် ရန်ကုန်နယ်နိမိတ်ကိုကျော်ပြီး ခရီးသွားခွင့်က လျှောက် သေးတယ်။ အဲဒီတော့ပြောကြတာပေါ့။ အရပ်ဝတ်နဲ့တိုက်ပုံဝတ်ထားတဲ့ထောက်လှမ်းရေ အရာရှိတစ်ယောက်ယောက်တော့ လာတွေ့မှာပဲတဲ့။ တိုက်ပုံအောက်မှာလည်း ဗ တစ်လက် ပါချင်ပါလာလိမ့်မယ်တဲ့"

ဗိုလ်မှူးမြဘ်ထွန်းက ရယ်၍ တိုက်ပုံစနစ်ဖက်ကို လှစ်ပြလိုက်သည်။

"နိုင်ငံခြားက မြန်မာတွေ တစ်ခါတလေ ပိုထင်တတ်ကြပါတယ် အန် ကျွန်တော်တို့ အဲသလို ပစ္စတိုတစ်လက်နဲ့ လျှောက်သွားမနေတတ်ကြပါဘူး။ ကျွန်တေ ဗိုလ်မှူးမြတ်ထွန်းပါ၊ အန်တီခန့်မှန်းတဲ့ဌာနက ဟုတ်ပေမယ့် ကျွန်တော်လာတွေ့တာ ပါစင်နယ်ပါ၊ အန်တီခွင့်တောင်းတဲ့ သတင်းကိုတော့ ကျွန်မတော့်အထက်အရာရှိတေ ရလို့ ညိုညိုနှိုင်းနှိုင်းကလေး လုပ်ပေးဖို့ တာဝန်ပေးထားတာတော့ ရှိပါတယ်။ ဒါ ပါစင်နယ်ပတ်သက်မှုလည်းရှိလို့ ကျွန်တော့်ကို ဘမင် တာဝန်ပေးလိုက်တာပါ"

ဒေါက်တာ မျက်ခုံးတွန့်ခနဲ ဖြစ်သွားသည်၊

"တော်တော်ငယ်တဲ့ ဗိုလ်မှူးမို့ ဗိုလ်ကြီးလို့ထင်မိတာ ဆောရီးနော်၊ ပါစင် ပတ်သက်မှုဆိုတာက ဘာလဲကွယ့်"

ဗိုလ်မှူးမြတ်ထွန်း ပင့်သက်တစ်ချက် ရှိုက်မိသည်။

"အန်တို့နာမည်က ဒေါက်တာသယ်လ်မာဒမ်ကမ်ဘီဖြစ်နေပြီဆိုပေမယ့်ကျွန် အတွက်ကတော့ ဒေါ်သဉ္ဇာပါပဲ အန်တီ၊ ကျွန်တော်က ဒေါက်တာသူရိန်ရဲ့တူ မြတ်ထွန်းပါ၊ အန်တီက ကျွန်တော့်ညီမလေး မသစ္စာရဲ့အမေ ဒေါ်သဉ္ဇာပါ။ အ နယ်ကျော်သွားချင်တယ်ဆိုတာလည်း ညီမလေးကို သွားရှာမှာသိလို့ ကျွန်တော် ရန်ကုန်မှာခေါ်ထားပါတယ်၊ ကျွန်တော့်အိမ်မှာပါ"

ဒေါက်တာ သယ်လ်မာဒမ်ကမ်ဘီခေါ်ဒေါ်သဉ္ဇာတစ်ယောက် ပါးစပ်အဟောင်း ဖြစ်သွားပါတော့၏၊

(၁၂)

တိတ်ဆိတ်ခြင်းက အတန်ကြာအောင်ပင် စိုးမိုးသွားသည်၊





ဒေါက်တာသဉ္ဇာက သူ့ရှေ့စားပွဲပေါ်က လက်ဖက်ရည်ဇန်းကလေးကိုသာ မမြင် ၆ဖသော မျက်လုံးများဖြင့် ငေးကြည့်နေသည်၊

အတော်ကြာမှ စကားစသည်၊

"ကိုအောင်မြတ်ရဲ့သားပေါ့နော်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒေါ်ဒေါ် မှတ်မိပြီ၊ မောင်မြတ်သာနဲ့ မောင်မြတ်ထွန်း၊ အင်းလေ ... သိပ်ကို ကြာခဲ့ပြီပဲ။ မောင်မြတ်ထွန်းတောင် ဗိုလ်မှူးဖြစ်နေမှကိုး၊ မိဘတွေရော နေကောင်း ကြရဲ့လား"

"ကောင်းပါတယ် ... ဒေါ်ဒေါ်"

အခေါ်အဝေါ်များ မသိမသာ ပြောင်းလဲစ ပြုလာသည်။

"ဒေါ်ခင်ခင်ထားရော၊ မယ်မယ်ကြီးလေ"

"ဆုံးသွားပါပြီ ... ဒေါ်ဒေါ်"

"အို"

ဒေါက်တာသဉ္ဇာ အတော်ကြာအောင် တိတ်ဆိတ်သွားပြန်သည်။ ပြီးတော့မှ မျက်ချင်း သမီးကို မေးမြန်းသည်၊

ဗိုလ်မှူးမြတ်ထွန်း ဖြေရကျပ်နေသည်၊

"ဒီလိုရှိပါတယ် ဒေါ်ဒေါ်၊ အခုအချိန်မှာ ဒေါ်ဒေါ်လည်း သိပ်စိတ်လှုပ်ရှားနေသလို ဒေါ်ဒေါ့်သမီးလည်း သိပ်စိတ်လှုပ်ရှားနေပါတယ်၊ ဒေါ်ဒေါ်တို့နှစ်ယောက် မတွေ့ခင် ကျိုက်စ္စကလေးတွေ ကျွန်တော်နဲ့ ဒေါ်ဒေါ်ဆွေးနွေးထားဖို့ လိုပါလိမ့်မယ် ထင်တယ်"

ဒေါက်တာသဉ္ဇာ ဆွေးမြည့်စွာ ပြုံးသည်၊

"နားလည်ပါတယ်ကွယ်၊ နားလည်ပါ တယ်၊ သူ ဒေါ်ဒေါ့်ကို စိတ်နာနေမှာပေါ့"

ဒေါက်တာသဉ္ဇာက ဟိုအဝေးတစ်နေရာကို ငေးကြည့်နေရင်းက ဖြည်းလေးစွာ ဆက်ပြောသည်။

"ပြဿနာက သူ့အဖေနဲ့ ဒေါ်ဒေါ့်ကြားက စတာမဟုတ်ဘူး၊ အဲသည်အချိန်က ဆိုးရန့် ဒေါ်ဒေါ့်အဖေကြားက စတာ။ သူက နိုင်ငံခြားကို အပြီးထွက်သွားဖို့ဖြစ်လာတယ်။ သူမှာ နလုံးရောဂါ၊ ဆီးချို၊ သွေးတိုး အားလုံးရှိတယ်၊ သားသမီးထဲမှာက ဒေါ်ဒေါ် တစ်ယောက်တည်း ဆရာဝန်ရှိတာ၊ မလိုက်သွားလို့ မကောင်းတဲ့အနေအထားမျိုး ဖြစ်လာတယ်။ ကိုသူရိန်က မလိုက်ချင်ဘူး၊ သူ့အမေကိုလည်းသူ မခွဲ နိုင်ဘူး။ အဲဒီမှာ စကားများကြရာက ကွဲကြကွာကြတဲ့အထိ ဖြစ်ကြတာပဲ၊ ဒေါ်ဒေါ်ကလည်း ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



နေချင်တာ နေခဲ့တော့ဆိုပြီး စိတ်နာနာနဲ့ ထွက်သွားခဲ့တာပေါ့"

ဒေါက်တာသဏ္ဍာက မသိမသာတုန်လှုပ် သောအသံနှင့် ရှင်းပြနေသည်။ လ နှစ်ဖက်ကိုလည်း ပူး၍ဆုပ်ထားသဖြင့် စိတ်လှုပ်ရှားနေမှန်း သိသာလှ၏။

"ဒေါ်ဒေါ် ... သမီးကို တောင်းသေးလား"

ဒေါက်တာသဏ္ဍာ လေးတွဲ့စွာ ခေါင်းခါသည်။

"မတောင်းခဲ့ပါဘူးကွယ်၊ ဒီအတွက်လည်း သမီးလေး ဒေါ်ဒေါ့်ကို ခွင့်မလွှတ် ဖြစ်နေလိမ့်မယ်၊ မိခင်မေတ္တာဆိုတာကိုပါ သံသယဝင်နေလိမ့်မယ်လို့ ဒေါ်ဒေါ်နားလ ပါတယ်"

ပင့်သက်တစ်ချက်ကို ရှိုက်သည်။

"ကိုသူရိန်က ဒေါ်ဒေါ့်ကို ကွဲပေးကွာပေးခဲ့ပေမယ့် သိပ်ချစ်တယ်ဆိုတာ ဒေါ် သိတယ်။ ကလေးကလား ပြောကြကြေးဆိုရင်တော့ သူက ဒေါ်ဒေါ့်ကို နှစ်ရှည်လ အကြာကြီး တစ်ဖက်သတ်ချစ်ခဲ့ပြီးမှ ဒေါ်ဒေါ် သူ့ကိုလက်ခံခဲ့တာလေ။ ကွဲကြရတဲ့အ ကျတော့ ဒေါ်ဒေါ့်ထက် သူ့ခမျာ ပိုခံစားရတယ်"

ဒါကိုတော့ ဗိုလ်မှူးမြတ်ထွန်း ယုံပါသည်။ သည်ခံစားချက်များက ဦးဦးသူရိန် သေသည်အထိ နှိပ်စက်သွားခဲ့သည် မဟုတ်ပါလား။

"အဲသည်လိုအချိန်မျိုးမှာ သမီးလေးကိုပါ တောင်းရင် သိပ်ရက်စက်ရာကျမယ် တွေးမိခဲ့တာလေ။ ဒါကြောင့် ဒေါ်ဒေါ့်ကိုယ်စား သမီးလေးနဲ့ အလွမ်းဖြေပါစေလို့ ထ ထားခဲ့တာ။ နောက်ပြီးတော့ ဟိုမှာ အခြေကျပြီးရင် တစ်ခေါက်ပြန်လာမယ်၊ ကိုသူ သမီးကို မရအရ ခေါ်မယ်၊ ငိုယိုပြီး တောင်းပန်ရ၊ တောင်းပန်ရ၊ ခြေသလုံးဖက် တောင်းပန်ရ၊ တောင်းပန်ရရလို့ စဉ်းစားထားခဲ့တာ"

ဗိုလ်မှူးမြတ်ထွန်း မျက်မှောင်ကုတ်သည်။ ဒေါက်တာသဏ္ဍာက ဒါကို လှမ်းမြင် နားလည်စွာ ပြုံးသည်။

"မောင်မြတ်ထွန်းက မယုံဘူးမဟုတ်လား၊ အေးလေ ... ဘယ်ယုံမလဲ၊ ဒေါ်ဒေါ် ပြန်မှမလာခဲ့ပဲကိုး။ အေး ... ပြန်မလာဖြစ်ရတဲ့အကြောင်းက နှစ်ကြောင်းရှိတယ်။ ပ တစ်ခုက ဒေါ်ဒေါ်တို့ ဟိုရောက်ခါစက တစ်ခါပြန်လာမယ်လုပ်တော့ ဒီဘက်က အ အထားက ပြန်လာလို့ စိတ်မချရဘူးလို့ မိတ်ဆွေတွေကရော၊ ဖေဖေ့လူယုံတွေကပ ပိုင်းတားခဲ့ကြတာ။ အဲဒါကြောင့် အခြေအနေတွေ တည်ငြိမ်သွားတာကို စောင့်နေ စောင့်ရင်းနဲ့ ဟိုမှာအလုပ်ဝင်လုပ်ဖြစ်တယ်။ အဲဒီမှာ အနုယူထားတဲ့ ယောကျ်ားဒေါက် ဒမ်ကမ်ဘီနဲ့ ဆုံတော့တာပဲ"





ဒေါက်တာသဏ္ဍာ မျက်လွှာချ၍ ရှက်ရွံ့စွာ ဆက်ပြောသည်။

"အင်း ... ဒီအရွယ်ကျမှ ဒါမျိုးတွေ ဝန်ခံရမှာ ရှက်စရာတော့ အကောင်းသားကွယ်၊ ါ်ဒေါ်နဲ့ အရွယ်ယောကျ်ားကိုးစွက နှလုံးသားတွေ၊ ဦးနှောက်တွေ ဘာမှပါတာမျိုး တ်ဘူး၊ နီးစပ်တာ သက်သက်နဲ့ သွေးသားကြောင့်ဖြစ်ကြရတာ။ သူကတော့ဒေါ်ဒေါ့်ကို နိုးထားရှာပါတယ်။ တွဲနေပြီး လပိုင်းအတွင်းမှာကို လက်ထပ်ခွင့် တောင်းတယ်၊ က်ထပ်ဖြစ်သွားတယ်၊ သွားရောကွယ် ... အဲဒါ နောက်တစ်ကြောင်းပါပဲ၊ သမီးကို အချိန်ကျမှ ဘယ်လိုလုပ် လာတောင်းမှာလဲ၊ ကိုသူရိန်နဲ့ပဲ မွေးပါစေတော့လို့ထားလိုက် တာ။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကမှ သထုံဘက်က ဆရာဝန်ကလေးတစ်ယောက် ဇတြေးလျှကို ရောက်လာတော့ မေးကြည့်ရင်း ကိုသူရိန်ဆုံးတာကြာလှပြီလို့သိရတာ"

ပြောရင်းကပင် ဒေါက်တာသဏ္ဍာ မျက်ရည်များ လည်လာသည်။

"အဲဒါပါပဲကွယ် ... အခုတော့ အမေအရင်းရှိနေလျက်သားနဲ့ မိဘမဲ့မဖြစ်သင့်ဘဲ စ်နေရတဲ့ သမီးလေးကို တွေ့ချင်တာကတစ်ကြောင်း သူ့လိုက်မယ်ဆိုရင်လည်း သွားချင်တာကတစ်ကြောင်းမို့ လာခဲ့တာပဲ"

"ခေါ်သွားချင်တယ် ... ဟုတ်လား ... ဒေါ်ဒေါ်"

ဒေါက်တာသဏ္ဍာက ပြုံးသည်။

"အင်း ... အစိုးရအရာရှိတစ်ယောက် ရှေ့ပြောရတာတော့ အားနာတယ်၊ ဒါပေမဲ့ အဘက်ဘက်က မဖွံ့ဖြိုးဘဲ ကျန်နေခဲ့တယ်ဆိုတာတော့ မောင်မြတ်ထွန်းတို့လည်း တဲ မနေလောက်ပါဘူး။ သမီးက သူ့ အဘိုးအဘွား အချိန်အခါရှိခဲ့တာနဲ့ အထိုက် လျောက် တင့်တင့်တယ်တယ်ရှိမယ်ဆိုတာတော့ ဒေါ်ဒေါ်ခန့်မှန်းမိပါတယ်။ ဟိုမှာ တော့ ဘယ်တုနိုင်မလဲကွယ်၊ သူ့မှာ အရင်းနှီးဆုံး ဆွေမျိုးကလည်း သူ့အမေပဲဆိုတော့ ကို ဟိုမှာခေါ်ထားပြီး ပညာဆက်သင်ချင်သင်၊ အလုပ်လုပ်ချင်လုပ်၊ လိုတာအားလုံး ပေးချင်တယ်"

ဗိုလ်မှူးမြတ်ထွန်း ဘာပြန်ဖြေရမည် မသိပါ။

(၁၃)

"ကိုကိုရယ်"

မသစ္စာက စိတ်ထိခိုက်ကြေကွဲစွာ ညည်းတွားလေသည်။

"သွေးသားကြောင့်ဖြစ်ရတာ ... တဲ့။ ဖေဖေတစ်ယောက်လုံး မြန်မာပြည်မှာ က်အိမ်ထောင်မပြု၊ မဖောက်မပြားဘဲ နေခဲ့လျက်သားနဲ့ မိန်းမသားဖြစ်တဲ့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အမေက "သွေးသားကြောင့်" ဆိုပြီး ဖောက်ပြန်တတ်သတဲ့လား"

ဗိုလ်မှူးမြတ်ထွန်း စိတ်ရှုပ်စွာ ခေါင်းခါသည်။

"မဟုတ်သေးဘူး သစ္စာ၊ ဖောက်ပြန်တယ်လို့တော့ နင် မဖြောသင့်ဘူး။ သူနဲ့ သူရိန်က သူမသွားခင်ကတည်းက ကွဲထား၊ ကွာထားပြီးသားလေ"

မသစ္စာက မဲ့ပြုံး ပြုံးသည်။

"စာရွက်ပေါ်ကဟာတွေက ဘာအရေးကြီးလို့လဲ ကိုကို၊ သူပဲ ဖေဖေနဲ့ ကျွန် ပြန်လာခါမယ် ရည်ရွယ်ထားတယ်ဆို၊ အဲသလိုအချိန်မျိုးမှာ စာရွက်ကလေးတစ် အပေါ်မှာ လက်မှတ်ထိုးခဲ့ရုံနဲ့ "သွေးသား" အလိုလိုက်တတ်တဲ့ မိန်းမတစ်ယောက ကျွန်မအမေ မတော်ပါရစေနဲ့ ကိုကို"

ဗိုလ်မှူးမြတ်ထွန်း ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

ဆေးပေါ့လိပ်ကိုဆက်ကာဆက်ကာဖွာရှိုက်လိုက်သည်။ တိုသွားသောဆေး ကို ဆေးလိပ်ပြာခွက်ထဲ ထိုးချေလိုက်သည်။ ပြီးတော့ သက်ပြင်းတစ်ချက်ကို ပက်လက်ကုလားထိုင်ပေါ် မှီချလိုက်သည်။

မသစ္စာက ရုတ်တရက် အလွန်အမင်း စိတ်လှုပ်ရှားသွားသော အစ်ကိုဖြစ် တအံ့တသြ လှမ်းကြည့်သည်။

ဗိုလ်မှူးမြတ်ထွန်းက ထမင်းစားခန်းဘက်သို့ ငဲ့ကြည့်သည်။ သူ့မိခင်ကို ကလေးကိုပါ မတွေ့ရ၊ အိပ်ကုန်ကြပြီ ထင်သည်။

သည်တော့မှ ပြောသင့်မပြောသင့် ချိန်ဆရင်း ပြောသည်။

"ငါ နင့်အစ်ကိုပါ သစ္စာ၊ နင်နဲ့ငါ တစ်ဝမ်းကွဲပေမယ့် နင် ငါ့ကို အစ်ကို တစ်ယောက်လို ချစ်တာပဲ။ နင်နဲ့ငါ စရိုက်လည်း မတူဘူး၊ ငါက လူဆိုး၊ လူတေ၊ လူပွေတစ်ယောက်၊ ဒါပေမဲ့ အစ်ကိုဖြစ်နေတော့ နင် ခွင့်လွှတ်နိုင်တာပဲ မဟုတ်

မသစ္စာ ခေါင်းခါသည်။

"ကိုကိုက နေချင်သလို နေတတ်ပေမယ့် မေမေမှားတဲ့ အမှားမျိုးမှ မမှားခဲ့

"မှားခဲ့တယ်၊ ငါ အခုပြောပြမယ်"

"ရှင်"

မသစ္စာမျက်လုံးကလေးအပြူးသားနှင့် အစ်ကိုဖြစ်သူ၏မျက်နှာကို မယုံကြ လှမ်းကြည့်မိသည်။ ပြီးတော့မှ တုန်ယင်သော အသံကလေးနှင့် မေးသည်။

"ကို ... ကိုကို ... မွန်မွန်ကို သစ္စာဖောက်ခဲ့သေးလို့လား"

ဗိုလ်မှူးမြတ်ထွန်းက ခေါင်းကို ဖြည်းညှင်းစွာ ခါပြသည်။





"အဲဒီထက်ဆိုးတဲ့ အမှားပါ ...သစ္စာ"

ဆေးလိပ်အသစ်တစ်လိပ်ကို ကောက်ယူ၍ မီးညှိသည်။ ခပ်ပြင်းပြင်း သုံး၊ လေးချက် ဖွာရှိုက်သည်။

ပြီးတော့မှ မသစ္စာ၏ မျက်နှာကို ပြန်ကြည့်လိုက်သည်။ မျက်လုံးကလေး အပြူး သားနှင့် သူ့ကို ငေးမောကြည့်ရင်းက မျက်ရည်များ စို့နေသည်ကို တွေ့ရ၏။

အဲသည်မျက်နှာကလေးကို မျက်နှာချင်းမဆိုင်ရဲသဖြင့် မျက်နှာလွှဲရင်းက ဗိုလ်မှူး မြတ်ထွန်း သူနှင့်နွယ်နီဖေဦး၏ ဇာတ်လမ်းကို ဖြည်းဖြည်းချင်း ပြောပြသည်။ မသစ္စာအတွက်ကတော့ နားထဲသို့ သံရည်ပူများ တစိမ့်စိမ့် လောင်းထည့်သလို ခံစား နေရရှာပါသည်။

"ကဲ ... သိပြီလား၊ နင် ချစ်ပါတယ်ဆိုတဲ့ နင့်အစ်ကိုဟာ ငါးပါးသီလမှာ မိုး တာနဲ့ သာဝါဒ နစ်ပါးပဲလုံတဲ့ သူ၊ မိုက်တဲ့နေရာမှ အဝီစိအထိ တွင်းတူးပြီး မိုက်တဲ့လူ။ ဒါကို သိပြီးတာတောင် နင် ငါ့ကို ခွင့်လွှတ်နိုင်သေးတယ်၊ အစ်ကိုတော်နိုင်သေး တယ်ဆိုရင် သွေးသူ့သားကနေ နင် လူ ဖြစ်လာရတဲ့ နင့်အမေကိုလည်း ခွင့်လွှတ်ရ မှာပဲ၊ အမေ တော်ရမှာပဲ၊ ခွင့်မလွှတ်နိုင်ရင်တော့ နှစ်ယောက်စလုံးသာ ခွင့်မလွှတ်နဲ့တော့"

မသစ္စာ မျက်ရည်များ တွေတွေစီးကျရင်းက ဘာစကားမှ မပြန်နိုင်ရှာပါ။

(၁၄)

ဗိုလ်မှူးမြတ်ထွန်း၏ အစီအစဉ်ဖြင့် ဒေါက်တာသဉ္ဇာနှင့် မသစ္စာတို့ ဗိုလ်မှူး မြတ်ထွန်းနေသော နဝရတ်ရိပ်သာတိုက်ခန်းတွင်ပင် တွေ့ဆုံခွင့် ရခဲ့ကြသည်။

ကွဲကွာနေသော သားအမိ လွတ်လွတ်လပ်လပ်တွေ့ကြ ပြောနိုင်ကြစေရန် ဗိုလ်မှူးမြတ်ထွန်းက သူ့မိခင်ကိုရော၊ သားငယ်ကိုပါ ခေါ်၍ အပြင်သွားနေလိုက်သည်။

ပြန်လာတော့ ဧည့်ခန်းနှစ်ယောက်ထိုင် ကြိမ်ကုလားထိုင်ပေါ်တွင် သားအမိ နှစ်ယောက်ကို တွဲထိုင်နေလျက်သား တွေ့ရ သည်။ ဒေါက်တာသဉ္ဇာက မသစ္စာ၏ ခါးကို ကြင်နာစွာ ပွေ့ဖက်၍ စကားပြောနေ သည်ကို မြင်လိုက်ရသောအခါ ပြုတောင့် ပြုခဲ ကောင်းမှုကုသိုလ်တစ်ရပ်ကို ပြုလုပ်ရပြီဟု ဗိုလ်မှူးမြတ်ထွန်း ကျေနပ်မိ၏။

တစ်ပတ်လောက် ညီလာခံတက်ပြီးတိုင်း ညနေပိုင်းများတွင် ဒေါက်တာသဉ္ဇာ ယမ်းနှင့် လာလာအချိန်ဖြုန်းနေပြီးနောက် ပြန်ရမည့်ရက်ကို ရောက်လာသည်။ လေဆိပ် သို့ ဗိုလ်မှူးမြတ်ထွန်း၊ မသစ္စာနှင့် မောင်သူရိန်ထွန်းကလေးတို့ လိုက်ပို့ကြသည်။

"သမီးရေ... သားငယ်ကလေးကို အိုက်စ်ကရင်လေးဘာလေး သွားကျွေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လားကွယ်"

ဒေါက်တာသဋ္ဌာ စကားကို မသစ္စာက အံ့ဩသည့် မျက်နှာနှင့် ဟုတ်ကဲ့ ... ဖြေပြီး ကလေးကိုခေါ်၍ အိုက်စ်ကရင်ဆိုင်သို့ ထွက်သွားသည်။

ဒေါက်တာသဋ္ဌာက ဗိုလ်မှူးမြတ်ထွန်းကို ပြုံး၍ လှည့်ကြည့်သည်။

"မောင်မြတ်ထွန်းကို သိပ်ကျေးဇူးတင်ပါတယ်ကွယ်"

"မလိုပါဘူးဒေါ်ဒေါ်၊ ဒါမိသားစုကိစ္စပါ။ ကျွန်တော်နဲ့ သစ္စာက တစ်မိသားစုတည်း

ဒေါက်တာသဋ္ဌာက မျက်မှန်ကိုချွတ်၍ သုတ်နေရင်းက တွေဝေစဉ်းစားနေသ ပြီးမှ တိုးတိုးပြောသည်။

"အမှန်တော့ မပြောသင့်သေးဘူး၊ ဒါပေမဲ့ ဒေါ်ဒေါ်ပြောခဲ့မှဖြစ်တော့မယ်။ အ က နောက်ထပ်မရှိနိုင်တော့ဘူးလေ။ မောင်မြတ်ထွန်း ဘယ်လိုမှ မအောက်မေ့နဲ့

"ပြောပါဒေါ်ဒေါ်"

"သမီးလေးကို ဒေါ်ဒေါ်ခေါ်လို့မရဘူး မလိုက်ချင်ဘူးတဲ့။ ထပ်စဉ်းစားပါဦးလို့ ပြောခဲ့တယ်၊ သူ စိတ်ပြောင်းရင် အချိန်မရွေး ဒေါ်ဒေါ် လာခေါ်နိုင်ပါတယ်"

ဗိုလ်မှူးမြတ်ထွန်း ချိုတုံ့ချတုံ့နှင့် ခေါင်းညိတ်သည်။

"ကျွန်တော်လည်း ပြောပေးပါ့မယ် ဒေါ်ဒေါ်"

ဒေါက်တာသဋ္ဌာက လက်ကာပြသည်။

"မောင်မြတ်ထွန်း သွားမပြောပါနဲ့၊ မောင်မြတ်ထွန်းက ဒေါ်ဒေါ်နဲ့လိုက်သွာ သွားပြောရင် သမီးကလေး အကြီးအကျယ် စိတ်ထိခိုက်သွားလိမ့်မယ်"

ဗိုလ်မှူးမြတ်ထွန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဒေါက်တာသဋ္ဌာ ပြုံး၍ မျက်မှန်ကို ပြန်တပ်သည်။

"မြန်မာပြည်မှာပဲ နေချင်တယ်တဲ့၊ ဒါပေမဲ့ ဒေါ်ဒေါ်က သူ့အမေလေ။ အတူ မနေခဲ့ပေမဲ့ တစ်ပတ်လောက် ရင်းရင်းနှီးနှီး စကားပြောလိုက်တော့ ကိုယ့်သမီးအရင် ခံစားချက်တွေကို ကိုယ်တိုင်ခံစား ရသလို ခံစားသိနဲ့သိတယ်။ သူ မစွန့်လွှတ်နိုင်ခ မြန်မာပြည်ဆိုတာထက် မောင်မြတ်ထွန်းတို့ သားအဖကိုပဲ"

ဗိုလ်မှူးမြတ်ထွန်း ခေါင်းငုံ့၍ အံကြိတ်မိသည်။

"သူ့တူကလေးကိုတော့ သူ တော်တော်ချစ်ရှာပါတယ်"

ဒေါက်တာသဋ္ဌာက ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကိုသုရိန်ရဲ့တူအရင်းဖြစ်ပေမယ့် မင်းအကြောင်းကို ဒေါ်ဒေါ်ဘာမှသိပ်မသိ မောင်မြတ်ထွန်း။ မင်းဟာ ကံဆိုးတဲ့ လူကောင်းတစ်ယောက်လည်း ဖြစ်ချင်ဖြစ် ယ်၊ ကံဆိုးလား ကံကောင်းလားစိတ်မဝင်စားတတ်တဲ့ လူရှုတ်၊ လူပေတစ်ယောက်လည်း ဖြစ်နိုင်တယ်။ မင်းအကြောင်း သိအောင်လုပ်ဖို့ ဒေါ်ဒေါ့်မှာ အချိန်မရှိတော့ဘူး။ အရေး ကြီးဆုံး မင်းနဲ့ပတ်သက်တာ ဒေါ် ဒေါ်သိလိုက်ရတာ တစ်ခုတည်းပဲရှိတယ်။ အဲဒါ ကတော့ ဒေါ်ဒေါ့်ရင်သွေး သမီးကလေးဟာ မင်းကြောင့် ဒုက္ခရောက်ရရင်လည်း သူ ကျေနပ်နေမှာပဲ၊ သုခရောက်ရရင်လည်း သူ ကျေနပ်နေမှာပဲဆိုတာကိုပဲ"

ဒေါက်တာသဋ္ဌာ ပင့်သက်ရှိုက်သည်။

"အဲဒီအချက်က ဒေါ်ဒေါ့်အတွက် သိပ်အရေးကြီးတယ်။ နှစ်ပေါင်း နှစ်ဆယ်ကျော် သမီးတစ်ယောက်ရဲ့ခံစားချက်တွေ ကို လုံးလုံးလျားလျား လျစ်လျူရှုခဲ့ပြီး တာဝန်မကျေ တဲ့အမေတစ်ယောက်ရဲ့ဘဝကို နောင်တရနေတဲ့မိန်းမတစ်ယောက်အတွက်အပြင်းပြဆုံး ဆန္ဒက ကိုယ့်သမီး ကို စိတ်ကျေနပ်နေ၊ စိတ်ချမ်းသာနေတယ်လို့ သေချာချင်တာပဲလေ။ မင်းတို့ကိစ္စ မင်းတို့ ခံစားချက်၊ မင်းတို့ဘဝနှင့်ယှဉ် မင်းတို့ကြိုက်တာဆုံးဖြတ်။ သမီးက စိတ်ပြောင်းလို့လိုက်ခဲ့မယ်ဆိုလည်း ဒေါ်ဒေါ် ဝမ်းပန်းတသာ ကြိုနေချင်တယ်၊ ဒီလိုမှ မဟုတ်ဘဲ မောင်နှမဆိုပေမယ့် မင်းအဖေနဲ့ မင်းအမေ လိုပဲ တစ်ဝမ်းကွဲဖြစ်နေတဲ့မင်းတို့ နှစ် ယောက် လက်တွဲလိုက်ဖို့ ဆုံးဖြတ်ကြမယ်ဆိုရင်လည်း သမီးရဲ့တစ်ဦးတည်းသော တအနေနဲ့ ဒေါ်ဒေါ်ကြိုပြီး သဘောတူထားကြောင်း သိစေချင်တယ်။ မောင်မြတ်ထွန်း ဘာမှ ပြန်မပြောနဲ့တော့ နောက်မှာ သမီးတို့လာနေကြပြီ"

(၁၅)

ခွင့်ရက်စေ့၍ မသစ္စာ သထုံသို့ပြန်သွားပြီး မကြာမီမှာပင် ဗိုလ်မှူးမြတ်ထွန်း တားငယ်ကို သထုံသွားပို့ရပြန်လေသည်။

ဗိုလ်မှူးမြတ်ထွန်းကိုယ်တိုင် ပါဝင်စုံစမ်းဖော်ထုတ်ခဲ့ရသော ပြဿနာကြီးတစ်ခု၏ နောက်ဆက်တွဲအဖြစ် သူ လက်ရှိတာဝန်ထမ်းဆောင်နေရသောတပ်တွင်း အပြောင်းအလဲ များစွာရှိခဲ့သည်။

ဗိုလ်မှူးမြတ်ထွန်းကတော့ တောင်တန်းပြာတို့ဆီ ခြေဦးလှည့်ရပြန်သည်။ သည် တစ်ခါတော့ အလှည့်ကောင်းဟုပင် ဆိုရမည်။ ဒုတိယတပ်ရင်းမှူးရာထူးဖြင့် ပြောင်းရွှေ့ ခြင်းဆိုတော့ ပခုံးပေါ်မှာ ရာထူးမတိုးသော်လည်း အဆင့်သတ်မှတ်ချက်အရ "ရာထူးတိုး" ဟု ဆိုနိုင်သည်။

ပြီးတော့ သူ သတင်းပို့ရမည့် တပ်ရင်းမှူးက ဒုတိယဗိုလ်မှူးကြီးမျိုးဇော်မှ ဆရာ အရင်းလည်း ဖြစ်နေပြန်သည်။







www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းသို့ သတင်းမပို့မီတွင် ခွင့်တစ်ပတ်ယူ၍မိခင်နှင့်သားငယ်ကို သ
ပြန်ပို့သည်။ မသစ္စာကတော့ မောင်သူရိန်ထွန်းကလေးနှင့် အတူနေခွင့်ပြန်ရခြင်းအ
အလွန်ပျော်ရွှင်နေရှာပါ၏။

ပြန်လည်မထွက်ခွာမီညတွင်တော့ ထုံးစံအတိုင်း မောင်နှမနှစ်ယောက် လ
အောက်က ဝရန်တာလေးမှာ ထိုင်ဖြစ်ကြသည်၊ မောင်သူရိန်ထွန်းကလေးက
မသစ္စာရင်ခွင်ကို တိုးဝင်၍ အိပ်ပျော်နေသည်၊

ဗိုလ်မှူးမြတ်ထွန်းက ထုံးစံအတိုင်း ဆေးပေါ့လိပ်တစ်ကိုနှင့်။

"နင်မလိုက်တာ နင့်အမေ တော်တော် စိတ်မကောင်းဖြစ်သွားတယ် ... သ

မသစ္စာက ခေါင်းငုံ့၍ တိုးတိုးပြန်မေးသည်၊

"ကိုကိုက လိုက်သွားစေချင်လို့လား"

ဗိုလ်မှူးမြတ်ထွန်း အကြာကြီး တိတ်ဆိတ်စွာ စဉ်းစားနေသည်။ မသ
တိုးတက်ရာတိုးတက်ကြောင်းဖြစ်စေချင်သည့် စေတနာ သူ့ရင်မှာအမှန်ရှိ၏။ သို့
က်ငါးပါးမှာ နှစ်ပါးသာလုံတော့ သူပီပီ သူတန်ဖိုးထားသော "မုသာဝါဒ ဝေရ
သိက္ခာပဒံ" ကလေးကို မြဲချင်သေးသည်၊

ထို့ကြောင့် ခေါင်းကို ဖြည်းညင်းစွာ ခါပြလိုက်သည်၊ လရောင်က မှုန်မွှား
သဖြင့် မသစ္စာမျက်နှာပေါ်တွင် ဖြတ်ပြေးသွားသော အပြုံးရိပ်ဖွဖွကို သူ မမြင်နို

"အမှန်က ကျွန်မ သူ့ကိုမတွေ့ဘဲ ပြန်မလို့"

"နင့် အမေကိုလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

မသစ္စာ မဲ့ပြုံး ပြုံးသည်၊

"ကျွန်မပြောပြီးသားပဲ၊ သူ့ကို ခွင့်မလွှတ်ချင်လို့ လို့"

ဗိုလ်မှူးမြတ်ထွန်း မသစ္စာမျက်နှာကို လှည့်ကြည့်သည်။

"ဒါပေမဲ့ နင် ခွင့်လွှတ်လိုက်တာပဲ မဟုတ်ဘူးလား"

"အဲဒါ သူ့ကိုခွင့်လွှတ်ချင်လို့မှ မဟုတ်တာ၊ ကိုကို့ကို ခွင့်လွှတ်ချင်လို့"

ဗိုလ်မှူးမြတ်ထွန်း မှင်တက်သွားမိပါသည်။

အတန်ကြာအောင်ပင် ဘာပြန်ပြောရမည်မသိ။ ဆေးပေါ့လိပ်ဖွာရန်ပင် မေ့
နေသည်၊ ဝရန်တာရှေ့က အမှောင်ရိပ်ထဲကိုသာ ငေးကြည့်နေသည်။

အဲသည့်အမှောင်ရိပ်ထဲမှာ သူသွားရမည့်တောင်တန်းပြာတို့ကိုဝိုးတဝါးမြင်





ာသည်။

ဘာကြောင့်မှန်းတော့ မသိ၊

ကြက်သီးမွေးညင်းများလည်း ထလာသည်၊

အဲသည်တောင်တန်းပြာတွေပေါ်မှာ သူ့ဘဝအတွက် ဘာအရေးကြီးသည့်ဖြစ်ရပ်
တွေနှင့် ကြုံရဦးမည်မသိ။

(၁၆)

အသစ်ပြောင်းလာမည့် ဒုတိယတပ်ရင်းမှူးသည် ဗိုလ်မှူးမြတ်ထွန်း ဖြစ်သည်
တာကို သိလိုက်ရသော ဒုတိယဗိုလ်မှူးကြီးမျိုးဇော်တစ်ယောက် တိုက်ရည်ခိုက်ရည်
ကောင်းသော တပည့်ရင်းနှင့် ပြန်လက်တွဲရမည်ကို သဘောကျမိသော်လည်း ဟစ်ဖက်
လည်း ရင်လေးစရာများ ရှိနေသည်ကို သတိမမူမိဘဲ မနေနိုင်ချေ၊

"တောက် ... မြန်လိုက်တဲ့ကောင်၊ ငယ်ငယ်လေးနဲ့"

သူ့တပည့် ရာထူးတက်မြန်တာ တာဝန်တစ်ခုခုပေးလိုက်တိုင်း မဖြစ်မနေ
ကုတ်ကျားခဲဆောင်ရွက်တတ်သည့်ဝသီကြောင့်ဟုနားလည်ထားသော်လည်းအသက်
ငယ်ငယ်ကလေးနှင့် ဒုတိယတပ်ရင်းမှူးဖြစ်လာလျှင် ရှောင်လွှဲ၍မရသည့် ကိစ္စများ
လည်း အမှန်ရှိနေပါသည်၊

ယခုပဲ ကြည့်။

လူရောက်မလာသေးခင်မှာပင်လျှင် ဌာနချုပ်တပ်ခွဲမှူးဗိုလ်မှူးအောင်ပွင့်က
အိမ်ကို ဒုတိယတပ်ရင်းမှူးအိမ်နှင့် လဲပေးပါဟု လာပြောနေပြီ၊

ဌာနချုပ်တပ်ခွဲမှူးနှင့် ဒုတိယတပ်ရင်း မှူးဆိုတာ ဗိုလ်မှူးချင်း အတူတူဖြစ်
သော်လည်း ဒုတိယတပ်ရင်းမှူးက တပ်ရင်းမှူး ပြီးလျှင် ရာထူးအကြီးဆုံးမို့ နှစ်ထပ်
ထောင်အိမ်ကြီးကို ရထားသည်၊ သို့သော် တစ်ယောက်တည်းသမားကလည်းဖြစ်၊
စ်ရင်းမှူးနှင့်အတူ အမြဲရှေ့တန်းထွက်နေရမည်လည်း ဖြစ်သဖြင့် နောက်တန်းတွင်
မြဲနေရသဖြင့် နောက်တန်းမှူးဟု လူသိများသူ ဌာနချုပ် တပ်ခွဲမှူးက တောင်းနေခြင်း
သည်။

ဒါကိုအကြောင်းပြနေသော်လည်း သူ့ထက် ၁၀ နှစ်လောက်ငယ်သည်ဆိုတာသိထား
ဖြင့် "ငါက အကြီး" ဟု လုပ်ပြချင်စိတ်နှင့် တောင်းတာဆိုတာလည်း ရိပ်မိနေသော
ရင်းမှူးက မပေးပါ၊

"မကောင်းဘူးဗျ၊ သူက လူလွှတ်ပေမယ့် သားတစ်ယောက်ရှိတယ်။ သူ့သားလည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ချင် ခေါ်ထားမှာပေါ့။ သွားလိုက် ပြန်လိုက်လုပ်ချင်လည်း လုပ်မှာပေါ့။ ပြီးတော့ ပြောင်းသွားလို့ နောက်မိသားစုနဲ့ ဒုတပ်ရင်းမှူးတစ်ယောက်လာလို့ ခင်ဗျားကို ခိုင်းရင် ခင်ဗျားကြိုက်မလား"

ဗိုလ်မှူးအောင်ပွင့် မကျေမနပ်နှင့် ငြိမ်သွားသည်။

ဗိုလ်မှူးမြတ်ထွန်းရောက်လာတော့ တပ်ရေးဗိုလ်ကြီး၊ ဗိုလ်ကြီးစိန်ဝင်း စစ်ကြောင်း(၂)ထောက်လှမ်းရေးအရာရှိ ဗိုလ်စိုးဦးတို့ သွားကြိုကြသည်။

အထက်အရာရှိမို့ အလေးပြု ကြိုဆိုသော်လည်း နဂိုကတည်းကမှ သူ ငယ်သည်ဟု သိထားသည့်အပြင် ရှိရင်းစွဲအသက်ထက် ပို၍ငယ်ရွယ်ပုံပေါက်နေ ဗိုလ်မှူးမြတ်ထွန်းကိုမြင်လိုက်တော့ဗိုလ်ကြီးစိန်ဝင်းအောင့်သက်သက်ဖြစ်သွားပါသ

ဗိုလ်စိုးဦးကတော့ စစ်ကြောင်း(၂)စစ်ကြောင်းမှူးဖြစ်သည့် ဒုတိယတပ်ရင်းမှ အနီးကပ်လက်ထောက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ငယ်ရွယ်ဖျတ်လတ် ဟန်ပန်နှင့် သူ့စစ်ကြောင်းမှူးကို သူ သဘောကျနေပါသည်။

ပစ္စည်းများချပြီးသည်နှင့် ဗိုလ်မှူးမြတ်ထွန်း တပ်ရင်းမှူးအိမ်သို့ပြေး၍ အရင်း တပ်ရင်းမှူးကို နှုတ်ဆက်သည်။

"မင်း အရက်ပြန်သောက်နေပြန်ပြီဆိုကွ၊ မြတ်ထွန်း"

"ကျွန်တော် လျှော့တော့ လျှော့ပါတယ်တပ်မှူး"

"ဘယ်လိုလျှော့တာလဲ"

"ကျွန်တော် မနက်မသောက်တော့ဘူး ခင်ဗျ"

"မင်းဘိုးအေ"

တပ်ရင်းမှူးကဆဲတော့ ဘေးက တပ်ရင်းမှူးကတော်ပါ ရယ်မိသည်။

တပ်ရင်းမှူးက ဆရာရင်း၊ တပည့်ရင်း များပီပီ တပ်ရင်း၏ပကတိအနေအ များကို ပွင့်ပွင့်လင်းလင်း ရှင်းပြသည်။

"အဲဒါပဲကွ၊ ဌာနချုပ်တစ်ခွဲမှူးနဲ့ တပ်ရေးက အမှုတွေရှိတယ်။ တက်လမ်းမရှိ မင်းထက်လည်း စီနီယာဖြစ်နေတယ်။ မင်း သတိနဲ့တော့ ဆက်ဆံဖို့လိုလိမ့်မယ်

"ဟုတ်ကဲ့"

"ဒါက နောက်တန်းပိုင်း၊ အေး... ရှေ့တန်းကလည်း ခုတလော "ဟော့"နေတ မင်းက စစ်တိုက်ရမှာ ကြောက်တဲ့ကောင်မဟုတ်ဘူးဆိုတာတော့ ငါသိပါတယ်။ မ ထည့်ပေးထားတဲ့ လူငယ်တွေကလည်း မင်းသတင်းတွေ ငါပြောပြထားတော့ တက် နေကြတယ်။ မင်းရဲ့အိုင်အိုလုပ်ဖို့ ငါပေးထားတဲ့ ဗိုလ်စိုးဦးဆိုတာ စောစောက မင်





ဟကြိုတဲ့ ချာတိတ်ပေါ့။ အဲဒီကောင်ကလေးကလည်း လူကြီးပိုင်းကမိဘတွေကလာတာ၊ မွန်မွန်ရည်ရည် ချက်ချက်ချာချာ ရှိတယ်။ မင်း အားကိုးရမှာပါ။ တပ်ခွဲမှူးနှစ်ယောက်မှာ တစ်ယောက်က ဗိုလ်ကြီး။ ဗိုလ်မှူး အော့ဖရှစ်တင်းပေါ့။ ငယ်ပါတယ်၊ ဒီကောင်လေးလည်း တ်ချရတာပဲ။ စိတ်မချရတာက နောက်တစ်ယောက်"

တပ်ရင်းမှူး စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

"ဗိုလ်မှူးစန်းလွင်တဲ့၊ အဲဒီကောင်လည်း အမှုဖြစ်နေတယ်၊ ရှေ့တန်းမှာ အမိန့် မှာခံထားတဲ့ ကိစ္စဆိုတော့ ပါချင်မှတောင် ပါလာမယ်၊ ပါလာရင်လည်း နောက်ပိုင်းမှာ ခေါ်ထားဖို့တော့ စိတ်ကူးထားပါတယ်၊ ဒီကောင်က မင်းထက်ကြီးတယ်၊ အရေး ကြောင်းမှာလည်း ကိုးလိုးကန့်လန့် လုပ်နိုင်တယ်"

ဗိုလ်မှူးမြတ်ထွန်း ပြုံးရုံသာ ပြုံးနေသည်။

"မင်းကို ငါ ဗိုက်တာတစ်ယောက် ပေးထားဦးမယ်၊ ဗိုလ်လေးတစ်ယောက်၊ မင်း ယ်ငယ်ကနဲ့ တစ်ပုံစံတည်းပဲ၊ သူက တခြားအဆင့်ကနေဖြစ်တော့ အသက်က ၃၀ လောက် ရှိနေပြီ၊ တပ်ကြပ်ကြီးမှာ သူရဲကောင်းမှတ်တမ်းဝင်ရပြီး ဗိုလ်သင်တန်း က်ရတာ။ မင်း သူ့ကို စစ်ကြောင်းရှုံး တွဲဖက်လှုပ်ရှားတပ်စုမှူး လုပ်ခိုင်းပေါ့"

"နာမည်က"

"ဗိုလ်စောဂျက်ဆင်တဲ့"

(၁၇)

ဗိုလ်စိုးဦးနှင့် ဗိုလ်စောဂျက်ဆင်တို့ ဗိုလ်မှူးမြတ်ထွန်းကိုအိမ်မှာ လာတွေ့ကြသည်။ ဗိုလ်စိုးဦးက အသားဖြူဖြူ၊ လူပုံ နုနု၊ မွန်မွန်ရည်ရည်။ ဗိုလ်စောဂျက်ဆင်ကတော့ တပ်ရင်းမှူးပြောသည့်အတိုင်းပင်။ ဗိုလ်မြတ်ထွန်းငယ်စဉ်ကပုံစံအတိုင်း မှုန်ကုပ်ကုပ်။ နှစ်ဦးစလုံးက လူပျို၊ အသွင်မတူကြပေမယ့် တော်တော်အတွဲညီကြသည့် လူငယ်နှစ်ဦး ဖြစ်သည်။

"မင်းတို့ကောင်တွေ ဘယ်ကောင် အရက်သောက်တတ်သလဲ"

"မသောက်တတ်ပါဘူး ဗိုလ်မှူး"

နှစ်ယောက်စလုံး သံပြိုင်ဖြေတော့ ဗိုလ်မှူးမြတ်ထွန်း ရယ်သည်။

"ကောင်းကွာ။ ငါ့တပည့်လုပ်မယ့်ကောင်တွေက အရက်မသောက်တတ်ဘူး ဆိုတော့ ငါ့ဒက်စံဖို့သာ ပြင်ကြပေတော့"

ဗိုလ်စိုးဦးက ရယ်သည်။ ဗိုလ်စောဂျက်ဆင်က "ဟုတ်ကဲ့"ဟု ဖြေသည်။ ဗိုလ်စိုးဦး



www.burmeseclassic.com

www.burmeseclassic.com



က ဗိုလ်စောဂျက်ဆင်ကို မသိမသာ တံတောင်နှင့်တွတ်သည်။

ဗိုလ်မှူးမြတ်ထွန်းကတော့ အသံမထွက်ဘဲ ရယ်နေရင်းက စားပွဲပေါ်က ဖန်ခွ ထဲကို အရက်ငှဲ့ထည့်နေသည်။

ဗိုလ်စိုးဦးက ဗိုလ်မှူးမြတ်ထွန်း ထိုင်နေသော ခြည့်ခန်းစားပွဲကို အကဲခ ကြည့်လိုက်သည်။ တင်ထားတာက ခွဲတမ်းနှင့်ရသော အာမီရမ်၊ ပုလင်းက တစ်ဝက် နေပြီ။ ဘေးမှာ ဖန်ခွက်နှင့်ရိုးရိုးရေ၊ ဘာ ရေခဲ၊ ဘာဆော်ဒါမှ မရှိ။ အမြည်းဆို၍လ ကန်စွန်းရွက်ကြော်တစ်ပန်းကန်နှင့် ပဲကြမ်းကြော် တစ်ပန်းကန်သာရှိသည်။ ဆေးလိပ် ခွက်ထဲတွင်တော့ မီးမငြိမ်းသေးသော ဆေးလိပ်တို။

"ရေခွေးကြမ်းသောက်ကြပေါ့ကွာ။ ဟေ့ ... ရဲဘော်၊ လာဦး"

ဗိုလ်မှူးမြတ်ထွန်းက မီးဖိုချောင်းဘက်လှည့်အော်သည်။ အထဲက ထူးသံမကြ ရပါ။ ဗိုလ်စိုးဦးက နေရာမှသွက်လက်စွာ ပြေးထ၍ မီးဖိုထဲသို့ဝင်ခဲ့သည်။ မီးဖိုထဲ ငါးပိရည်ဖျော်နေသော ရဲဘော်ကလေးကို တွေ့ရသည်။

"ဟေ့ကောင် ... မင်းဗိုလ်မှူးကို ကန်စွန်းရွက်ကြော်နဲ့ မြည်းခိုင်းထားရလာ တော်တော်အသုံးမကျတဲ့ကောင်။ လိုတာ တပ်ထောက်ကို ပြောပါလား"

ဗိုလ်စိုးဦးကလေသံနှင့်ကြိတ်ဆူသည်။ ရဲဘော်ကလေးကပျာပျာသလဲပြန်ဖြေသ

"ဗိုလ်မှူးက တပ်ထောက်ကိုပါမှာထားတာ၊ သူ့ကို လူပျိုရိပ်သာက အရာရှိငယ် ကျွေးသလိုပဲကျွေး၊ ဘာမှ အပိုမလုပ်နဲ့တဲ့။ အခုလည်း ကျွန်တော် အာလူးကြော် လုပ်ပါသေးတယ်။ သူက ဘာမှမလုပ်နဲ့၊ ငါဟင်းစားထဲက မြည်းလို့ရတယ်ဆိုပြီး သူဟ ကြောင်အိမ်ဖွင့်ပြီး အဲဒီ ကန်စွန်းရွက်ပန်းကန် ယူသွားတာ"

ဗိုလ်စိုးဦး ဘာပြောရမှန်း မသိတော့။

အပြန်လမ်းတွင်တော့ ဗိုလ်စိုးဦးရော၊ ဗိုလ်စောဂျက်ဆင်ပါ တိတ်ဆိတ် စဉ်းစားရင်း လမ်းလျှောက်လာနေမိကြသည်။

ခဏကြာမှ ဗိုလ်စိုးဦးက စကားစ သည်။

"ဟိတ်ကြီးဟန်ကြီးသမားတော့ မဟုတ်တာ သေချာတယ် ကိုဂျက်ရ"

ဗိုလ်ဟောဂျက်ဆင် ပခုံးတွန့်သည်။

"သောက်တာ ဆိုးသကွာ။ ရှေ့တန်းမှာရော သောက်သတဲ့လား"

"သောက်တယ် ကြားဖူးတာပဲ။ ဒါပေမဲ့ သူမူးတာ သတိလက်လွတ်ဖြစ်တာ ဘယ်သူမှ မတွေ့ဖူးဘူးတဲ့"

"မသောက်တော့ ပိုကောင်းတာပေါ့ ကွ"





သူငယ်ချင်းနှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။

(၁၈)

ရှေ့တန်း စထွက်ပြီး ခကြာခင်မှာပင် ဗိုလ်မှူးမြတ်ထွန်းအကြောင်း သူတို့ ပို ဗဘောပေါက်ဖို့ ဖြစ်လာသည်။

အချိန်က ညဂုနာရီခန့်။ လှုပ်ရှားစစ်ကြောင်းအနေနှင့် ချီတက်ကြရင်း စစ်ကြောင်း (၂) ရေစီးသန်သော ချောင်းတစ်ချောင်းကို ဖြတ်ဖို့ဖြစ်လာသည်။ ညဖြတ်ရန်မသင့်လျော် ခဖြင့် လက်ရှိနေရာတွင် အခြေပြုညနားခွင့်ပြုပါရန် တပ်ရင်းမှူးကို စက်ဖြင့် ခွင့် တောင်းသည်။ ရန်သူနှင့် အလွန်နီးကပ်နေသော နေရာမို့ လုံခြုံရေးသတိပြုရန် သတိ ပေး၍ တပ်ရင်းမှူးက ခွင့်ပြုလိုက်သည်။

စစ်ကြောင်းရုံးကို ချောင်းနှင့်မလှမ်းမကမ်းတွင် တပ်စွဲ၍ တပ်ခွဲတစ်ခွဲကိုအနီးဆုံး တောင်ကုန်းပေါ် နေရာယူခိုင်းလိုက်ပြီး နောက်တစ်ခွဲကို ကာကင်းအဖြစ် ဖြန့်ထုတ် လိုက်သည်။

မိုး အချိန်မရွေးရွာနေသော ရာသီဖြစ်သဖြင့် ပလတ်စတစ်မိုးကာတဲကလေး များကို ကမန်းကတန်း ထိုးရသည်။

"စိုးဦး၊ ရဲဘော်တွေ ဟိုမှာ ဓားတွေနဲ့ ဘာသွားလုပ်မလို့လဲ"

"ကျွန်တော် ဝါးခုတ်ခိုင်းလိုက်တာပါ ဗိုလ်မှူး"

"ဝါး ... ဝါး ဘာလုပ်ဖို့လဲ"

"အိပ်စင်ထိုးမလို့ပါခင်ဗျ"

"မင်း ဘုန်းကြီးပင့်လာသလား"

"ခင်ဗျာ"

ဗိုလ်စိုးဦး ကြောင်သွားသည်။ မြေသားအစိုပေါ်တွင် စစ်ကြောင်းမှူး အိပ်ရန် မဆင်မပြေကြောင်းသိ၍ သူက စီစဉ်ခိုင်းလိုက်ခြင်းဖြစ်ပြီး ဒါတပ်ခွဲမှူးတွေကိုတောင် မှ လုပ်ပေးနေကျလည်းဖြစ်၍ စိတ်ထဲမှာ လုပ်ရိုးလုပ်စဉ်ဟုသာ နားလည်ထားသည်။

"ဟို ... ဗိုလ်မှူးအတွက်ပါ ခင်ဗျာ"

"မင်း ... ရူးနေလား၊ မင်းကြီးဒေါ်နဲ့ မင်္ဂလာဆောင်နေတာ မဟုတ်ဘူး၊ စစ်သား ရှေ့တန်းထွက်လာတာ။ ပလတ်စတစ်နှစ်စပါရင် ရေထဲတောင် ဆင်းအိပ်လို့ရတယ်။ အားကအေး၊ ခြင်ကကိုက်နဲ့၊ အလကား ငါတို့ရဲဘော်တွေ ဖျားနာကုန်မယ်၊ တော် ... တော် ... ဒီအတိုင်းတဲထိုး၊ ကင်း သာ ရှည်ရှည်ထုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်စိုးဦး ပခုံးတွန့်၍ ရဲဘော်တွေ ပြန်ခေါ်လိုက်ရသည်၊

တဲထိုးပြီး ဗိုလ်မှူးမြတ်ထွန်း တဲထဲ ဝင်သွားသည်၊

ဗိုလ်စိုးဦးက ဆက်သွယ်ရေးစက်ကို နေရာချ၍ ဆက်သွယ်ရေးရဲဘော်ဘေးမှာ ပလတ်စတစ်စပေါ် ကျောခင်း၍ အညောင်းဖြေနေသည်၊

ည ၉ နာရီခန့်တွင် ဗိုလ်မှူးမြတ်ထွန်း တဲထဲက လက်နှိပ်ဓာတ်မီးကို လက် အုပ်ထွန်းရင်း ထွက်လာသည်။ ကင်းစစ်ရာက ပြန်လာသော ဗိုလ်စောဂျက်ဆင် တန်းတိုးတော့ ဗိုလ်မှူးမြတ်ထွန်းက အသံအုပ်အုပ်နှင့် မေးသည်၊

"ဘယ်ဘက်က အသံလဲကွ"

"ခင်ဗျာ"

"ဟာ ... ဒီကောင်တွေ၊ ကွဲသံ မကြားဘူးလား၊ ဘယ်ဘက်ကလဲ"

"ကျွန်တော် မကြား ..."

"တယ် ... ငါလေ။ ဟော့ ... ကင်း ရဲဘော်... ကြားလား၊ မင်းရော"

"မကြားဘူး ဗိုလ်မှူး"

"တောက် ... မင်းတို့နဲ့ စစ်တိုက်ရမှာတော့ကွာ၊ သွား ... စိုးဦးကို စက်ဖွင့်ခိုင်

ဗိုလ်စိုးဦး လဲလျောင်းနေရာက အဲသည်အသံများကို ကြားနေရသဖြင့် မျက်လုံး သွားသည်။ အနားက ဆက်သွယ်ရေးရဲဘော်ကို လှည့်မေးကြည့်သည်။

"ငါတော့ မကြားဘူး၊ မင်းရော"

"ကျွန်တော်လည်း မကြားဘူး၊ ဗိုလ်ကြီး"

ဗိုလ်စောဂျက်ဆင် မှောင်ထဲမှာ ဗိုလ်စိုးဦးအနားဝင်ထိုင်ရင်း ပခုံးတွန့်ပြသ

"သူတစ်ယောက်တည်း ကွဲနေတယ်ကွ၊ ဒုက္ခပဲ။ များသွားပြီလား မသိဘူး"

"ဖွင့်ဆိုလည်း ဖွင့်ကြည့်တာပေါ့ကွာ"

ဆက်သွယ်ရေးရဲဘော်ကို စက်ဖွင့်ခိုင်း၍ ဗိုလ်စိုးဦး ပက်လက်လှဲနေလျက်က ခေါ်ကြည့်သည်။

"လင်းယုန်မှပျံလွှား၊ လင်းယုန်မှပျံလွှား ... ကွဲသံကြားလား၊ ဒါပဲ"

"ပျံလွှားမှလင်းယုန်၊ ပျံလွှားမှလင်းယုန်၊ ကွဲသံကြားပါတယ်။ နတ်တော်လိုင် ဘက်က ဖြစ်ပါတယ်။ ယက္ခကို ဆက်မေးနေပါတယ်၊ ခွဲတိုင်း၊ ထိုးတိုင်းပေါ် ပါ၊ ဒါပဲ

"ရထား"

ရပြီ ... ဟု အဓိပ္ပာယ်ရသော "ရထား"ကို ရွတ်ရင်းက ဗိုလ်စိုးဦး ထထိုင်ပြီးသ ဖြစ်သွားသည်။ ပျံလွှားဆိုတာက စစ်ကြောင်းတင် ဖြစ်သည်။ ခွဲတိုင်း၊ ထိုးတိုင်းပေ





ဆိုတာက ဆက်သွယ်ရေးစက်ကို နာရီဝက်တစ်ခါ ဖွင့်ခိုင်းခြင်း ဖြစ်သည်။ သည်စက် တွေက တယ်လီဖုန်းလို လှမ်းခေါ်၍ရတာ မဟုတ်။ အရေးပေါ်အခြေအနေတွင် ဖွင့်ထား၍ စောင့်ရတာဖြစ်သည်။

ဗိုလ်စိုးဦးနှင့် ဗိုလ်စောဂျက်ဆင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်၊

စစ်ကြောင်းတစ်က ပြောသောနေရာသည် စစ်ကြောင်းတစ်နှင့် နီးသော်လည်း မိုင်တို့နှင့် ငါးမိုင်မျှ ဝေးသောနေရာ ဖြစ်သည်။

ငါးမိုင်လောက်ဝေးသောနေရာမှ ကွဲသံကို စစ်ကြောင်းတစ်ကြောင်းလုံးမှာ သူ တစ်ဦးသာ ကြားရသော စစ်ကြောင်းမှူးကို သူတို့လျှော့မတွက်ရဲကြတော့ပါ။

(၁၉)

သည်တစ်ခေါက် စစ်ဆင်ရေးတွင် စစ်ကြောင်းနှစ် ရန်သူစခန်းများကို တစ်ခုပြီး တစ်ခု လိုက်ရှင်းသော်လည်း ထိတွေ့မှု နှစ်ခါသာရှိပြီး တိုက်ပွဲလည်း မပြင်းထန်ခဲ့။

ရန်သူက ယာယီအင်အားချည့်နဲ့နေခိုက်နှင့် ကြုံနေ၍ တတ်နိုင်သမျှ ထိတွေ့မှု မဖြစ်အောင် ရှောင်ရှောင်ထွက်သွားသည်။

နာမည်ကောင်းမရ ဆိုပါစို့၊

ဗိုလ်စောဂျက်ဆင်က ဗိုလ်မှူးမြတ်ထွန်းကို ခွင့်တောင်းသည်၊

"ဒီတစ်ခါ ကျွန်တော် လက်နက်ကြီး မသုံးဘဲ အသံတိတ်ကပ်ပြီး ကျားတက် ထိုးချင်တယ် ဗိုလ်မှူး"

ဗိုလ်မှူးမြတ်ထွန်းက ဆေးပေါ့လိပ်က လေးဖွာနေရင်းက ပြုံးသည်။

"ဘာလဲကွ။ သူတို့ဗိုလ်ချုပ် အဲဒီထဲ ရောက်နေတယ် ကြားထားလို့လား"

ဗိုလ်စောဂျက်ဆင် ဘာပြန်ဖြေရမည် မသိ။

ဗိုလ်မှူးမြတ်ထွန်းက သဘောကျစွာ ရယ်သည်။

"ဂျက်ရယ် ... မင်းသတ္တိက ရှားရှားပါးပါး သတ္တိမျိုးပါ၊ တန်အောင် အသုံးချစမ်းပါ။ အရေးကြီးတဲ့အချိန်ကျ ငါပြောပါမယ်။ အရေးမပါတဲ့ ကိစ္စတချို့နဲ့ ငါ့ရဲဘော် တစ်ယောက်မှ အပို အသေမခံနိုင်ဘူးကွ၊ မှတ်ထား"

ဗိုလ်စိုးဦးနှင့် ဗိုလ်စောဂျက်ဆင်လို ဗိုလ်မှူးမြတ်ထွန်းနှင့် အနီးကပ်နေသူများက ဗိုလ်မှူးမြတ်ထွန်း၏ စိတ်ရင်းကို ရိပ်မိကြသဖြင့် မထင်မသေးရဲကြသော်လည်း တပ်ရဲ များဆီမှာတော့ အသံတချို့ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထောက်လှမ်းရေးကလာလို့ရာထူးတက်တာမြန်တာပါကွာ၊ ရန်ကုန်ကလာတ
စစ် တကယ်တိုက်ရတဲ့ အခြေအနေတွေ ဘယ်နားလည်မှာလဲ"

အဲသလိုတွေ တီးတိုးတီးတိုး၊ သဖန်းပိုး ထိုးနေကြရာမှ အဲသည်အသံ အား
ရပ်သွားစေခဲ့သည့်ကိစ္စတစ်ခု မကြာခင် ဖြစ်ပေါ်လာခဲ့သည်။

တပ်ရင်းက နောက်တန်းပြန်ဝင်ရတော့မည့် အချိန်။

စစ်ကြောင်း(၁)က စ၍ ဆုတ်ခွာသည်၊ ဗျူဟာအနားသို့ပင် ရောက်နေ
စစ်ကြောင်း(၂)လည်း နောက်မှ တရွေ့ရွေ့လိုက် ၍ ဆုတ်ခွာနေသည်။ လာလဲ
တပ်ရင်းလည်း စခန်းကုန်းများတွင် နေရာယူထားပြီးပြီ။

အဲသည်အချိန်တွင် ရန်သူအင်အား တစ်ထောင်ကျော် သူတို့ခွင်ထဲ ဝင်ရော
လာသည်ဟု သတင်းရလိုက်သည်။

အသစ်ဝင်သော တပ်ရင်းမှ လိုအပ်သော သတင်းထောက်လှမ်းခြင်း၊ လှည့်က
စေလွှတ်ခြင်းများ ဆောင်ရွက်သော်လည်း ရန်သူကို အရိပ်အယောင်ပင် မတွေ့ရ

"ကြားထားတဲ့ သတင်းသာမှန်ရင် အခု အဖွဲ့ခေါင်းဆောင် ဖျံကွ။ တွေ့
လူတစ်ထောင်လောက် ခွင်ထဲဆွဲထည့်လာတာ၊ ဘာခြေရာ လက်ရာမှမရှိဘူး၊ တိတ်
တာပဲ၊ အဲဒီလိုကောင်မျိုးက ကြောက်ဖို့ကောင်းတာ"

ဗိုလ်မှူးမြတ်ထွန်းက မှတ်ချက်ပြုသည်၊

နောက်တန်းပြန်ဝင်ရခါနီးဖြစ်၍ပျော်ရွှင်နေသော ရဲဘော်များကို တဖွဖွ သတိ
စကားလည်း ဆိုသည်။

"လှုပ်ရှားတာ သပ်ရပ်ပါစေကွာ၊ ရန်သူက ရှိကို ရှိနေတယ်၊ ဘာသတင်းမှ မ
မပေါ့နဲ့၊ ဒီကောင်တွေလှုပ်ရှားတာ သပ်ရပ်နေတာ၊ နောက်တန်းပြန်ဝင်ခါနီးမှ တုတ်
လို့ အတုံးအရုံးတွေ ဖြစ်ကုန်ဦးမယ်၊ ကြားလား"

စစ်ကြောင်း(၁)က မြို့ထဲဝင်သွားပြီ၊

စစ်ကြောင်း(၂)က ရွာကြီးတစ်ရွာနား ချဉ်းကပ်လာသည်၊

"ခွဲ(၁)နဲ့ စစ်ကြောင်းရုံးက ဒီမှာပဲ အခြေပြုမယ်၊ ခွဲ(၂)က ရွာရဲ့မြောက်
၃၀ ဒီဂရီမှာရှိတဲ့ ဒီကြောပေါ်မှာ အခြေပြု၊ ရွာထဲ သတင်းစုံစမ်းဖို့ ကင်းလွှတ်ချင်လွှ
စားစရာကလေး ဘာလေး ဝင်ဝယ်ချင်ဝယ်၊ ရွာထဲ ဝင်မအိပ်နဲ့၊ ကြားလား"

"ရွာက အမာခံရွာပဲ ဗိုလ်မှူးရဲ့"

တပ်ခွဲ(၂)တပ်ခွဲမှူးဗိုလ်မှူးစန်းလွင်ကအထွန့်တက်သည်။တောထဲတွင်ခြောက်လ
ပင်ပင်ပန်းပန်း လှုပ်ရှားသွားလာခဲ့ပြီးမို့ အားလုံးရွာထဲတွင် နွေးနွေးထွေး ထွေးအိပ်





ကြသည်၊ ရွာထဲက အရသာရှိရှိ စားစရာတို့ကို စားလိုကြသည်၊ ရွာသူတို့နှင့် အာလာပ
သလ္လာပ မိတ်ဖွဲ့ချင်ကြသည်။ အဲသည်မှာ သတိလက်လွှတ်တွေ ဖြစ်လာနိုင်သည်။ ဒါက
ဗိုလ်မှူးမြတ်ထွန်း စိတ်ပူသည့်အပိုင်း။

"ရွာက လျှိုထဲလို ဖြစ်နေတယ်၊ ဂုန်း ခနဲ ရန်သူအုပ်ကြီး ဝင်ချလာရင်စင်ဗျား
င်းဒေါင်းဖြစ်ပြီး ပိတ်မိသွားမယ်၊ ပြောတဲ့အတိုင်းလုပ်ပါ၊

ဗိုလ်မှူးစန်းလွင် အောင့်သက်သက်နှင့် ငြိမ်သွားသည်၊

စခန်းချပြီး များမကြာခင် တပ်ခွဲ(၂)က ပို့လိုက်သော အထုပ်တချို့စစ်ကြောင်း
ုံးသို့ ရောက်လာသည်။

"ဘာတွေလည်းကွ၊ စိုးဦးရ"

"ယိုးဒယားခေါက်ဆွဲခြောက်ထုပ်တွေ ဗိုလ်မှူး၊ ရေနွေးဖျော်ရုံပဲ၊ နွေးသွားအောင်
တစ်ထုပ်လောက် သောက်လိုက်ပါလား"

ဗိုလ်မှူးမြတ်ထွန်းက ရယ်သည်၊

"ငါ့ဟာငါ အရက်သောက်လည်း နွေးပါတယ်ကွ။ ဟိုမှာ ဖျားနေတဲ့ရဲဘော်တွေ
ွှားတိုက်လိုက်"

ဗိုလ်စိုးဦး အထွန့်မတက်ရဲတော့၊

လပြည့်ညမို့ တောနက်ထဲတွင်လည်း လရောင်က ထိန်ထိန်သာနေသည်။
လကြမ်းများ ဒလဟောတိုက်ခတ်နေသဖြင့် သစ်ရွက်ပွတ်သံ တရှဲရှဲကို ဆက်တိုက်
ကြားနေရသည်။

ည ၁၀ နာရီတွင်တော့ လက်နက်ကြီး ကွဲသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

(၂၀)

ဗိုလ်မှူးစန်းလွင်က ဗိုလ်မှူးမြတ်ထွန်း၏ ညွှန်ကြားချက်ကို မလိုက်နာခဲ့ပါ၊

ပေါ့ပေါ့သာသာတွေး၍ ရွာထဲသို့ တပ်ခွဲတစ်ခွဲလုံး ဝင်အိပ်ခဲ့ခြင်း ဖြစ်ပါသည်၊ ဒါကို
စောင့်စောင့်နေသော ရန်သူအင်အားသုံးရာခန့်က ရွာကို နစ်ဖက်ညှပ်၍ဝင်တိုက်ခြင်း
ဖြစ်ပါသည်။

ဗိုလ်မှူးမြတ်ထွန်း အခြေအနေကို လေ့လာမိသောအခါ တက်ခေါက်ရုံမှတပါး
ာမှ မတတ်နိုင်တော့ပါ၊ တပ်ခွဲ(၂) ပိတ်မိနေလေပြီ၊

စစ်ကြောင်းရုံးနှင့် တပ်ခွဲ(၁)ကို ဦးစီး၍ တရကြမ်း လိုက်ရပါတော့၏။

လက်နက်ကြီး၊ ငယ်သံများ ဆူညံအောင် ပေါ်ထွက်နေသည့်ကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးနှင့် ဗိုလ်မြတ်ထွန်းတို့ စက်ပေါ်မှာ အော်ပြောနေရသည်။

ရန်သူ့အင်အား များသော်လည်း ရအောင်ဆိုင်ထားမည်ဟု ဗိုလ်မှူးမြတ်ထွ[illegible] တင်ပြလိုက်သည်။ မဆိုင်၍လည်း မဖြစ်၊ မိမိတပ်ခွဲတစ်ခွဲက "ပင်းဒေါင်း"မိနေပြီမဟု[illegible] ပါလား။

စစ်ကူက မိမိတို့တပ်ရင်းနှင့် လဲထားသောတပ်မှ လိုက်လာနေပြီဖြစ်သော်လ[illegible] နေ့ဝက်ခရီးခန့် လျှောက်လာရဦးမည်။ သူတို့မလာမချင်း ဗိုလ်မှူးမြတ်ထွန်းတို့[illegible] ဆိုင်ထားရမည်။

ဗိုလ်စိုးဦးကတော့ ပိတ်မိနေသော တပ်တွင် ပါသွားသည့် နောင်တော် ဗိုလ်[illegible] ဂျက်ဆင်ကို စိတ်ပူနေသည်။

ဗိုလ်မှူးမြတ်ထွန်းကတော့ တိုက်ပွဲအနေအထားကို သုံးသပ်၍ ရွာ၏ မြောက်ဘ[illegible] ခြမ်းမှ ဖောက်ထွက်ရန် တပ်ခွဲ(၂)ကို ညွှန်ကြားသည်။ စစ်ကြောင်းရုံးနှင့် တပ်ခွဲ [illegible] က ရန်သူ့နောက်ကြောကို တရကြမ်း ပစ်ခတ်၍ ဖိအားပေးထားသည်။

သန်းခေါင်ကျော် နှစ်နာရီခန့်တွင်ပင် တပ်ခွဲ(၂)တွင် ကျဆုံးစစ်သည် ၁၅ ဦ[illegible] နေပြီ၊ ဖောက်မထွက်နိုင်သေး။ စစ်ကြောင်းရုံးနှင့် တပ်ခွဲ(၁)တွင်လည်း ကျဆုံးသူ[illegible] ရှိလာသည်။

အရုဏ်တက်ခန့်တွင် တပ်ခွဲမှူး ဗိုလ်မှူးစန်းလွင် ကျဆုံးသည်။

(၂၁)

နည်းဗျူဟာက ရန်သူ့ဆက်သွယ်ရေးစက်ကို ဖမ်းမိ၍ ဖော်နိုင်သွားသော[illegible] ဗိုလ်မှူးမြတ်ထွန်းတို့ တိုက်ပွဲဖြစ်ရာနေရာနှင့် နှစ်မိုင်သာဝေးသော နေရာမှာ အင်[illegible] တစ်ထောင်ခန့်ရှိသော ရန်သူ့တပ်ကြီးတစ်ခု တိုက်ပွဲဖြစ်ရာနေရာသို့ အလုံးအရင်[illegible] ရွေ့လျားလာကြောင်း သိရှိသွားသည်။

ဗိုလ်မှူးမြတ်ထွန်းကို အခြေအနေသုံးသပ်၍ အမြန်ဆုံးဖောက်ထွက်ရန် ညွှန်[illegible] သည်။ ဆက်သွယ်ရေးရဲဘော်မှ အခြေအနေကို ဗိုလ်မှူးမြတ်ထွန်းကို ပျာပျာသ[illegible] တင်ပြသောအခါ ဗိုလ်မှူးမြတ်ထွန်းမှအပ အားလုံး မျက်စိမျက်နှာ ပျက်သွားကြ[illegible]

တပ်ခွဲ(၁)တပ်ခွဲမှူးက ဗိုလ်မှူးမြတ် ထွန်းမျက်နှာကို လှည့်ကြည့်သည်။

"ဗိုလ်မှူး၊ ဆုတ်ဖို့ စီမံချက် ..."

"ဆုတ်လို့မရသေးဘူး၊ အောက်မှာ ကျွန်တော်တို့လူတွေ ပိတ်မိနေသေးတ[illegible] ဒီကောင်တွေ ကျွန်တော်တို့ကို လာပေါင်းနိုင်ပြီးမှ ဆုတ်မယ်"





ဗိုလ်မှူးမြတ်ထွန်းက လေသံပြတ်နှင့် ဖြေသည်။

"ရန်သူ့တပ်က ဒီကိုရောက်ဖို့ နာရီဝက်လောက်ပဲလိုမှာ ဗိုလ်မှူး။ ကျွန်တော်တို့ [illegible]ရင်ဆုတ်၊ တပ်ခွဲ(၂)ကို ကြိုးစားဖောက်ထွက်ပြီး လိုက်ခဲ့ဖို့မှာရင် ကောင်းမယ်"

ဗိုလ်မှူးမြတ်ထွန်းက တင်းတင်းစေ့ထားသော နှုတ်ခမ်းများဖြင့် တပ်ခွဲ(၁) [illegible]ပ်ခွဲမှူးကို လှည့်ကြည့်သည်။

"အခု ကျွန်တော်တို့ယူထားတဲ့ တပ်တည်က ဆုတ်လမ်းလည်းကောင်းတယ်၊ [illegible]ပေါ်စီးလည်း ကျတယ်။ ရန်သူတက်လာရင် နာရီနဲ့ချီပြီး ခံထားလို့ရတယ်။ ကျွန်တော်တို့ [illegible]ပေးမထားရင် ခွဲ(၂)ကြေသွားလိမ့်မယ်။ ဆုတ်ချင်ရင် ခင်ဗျားခွဲရုံးနဲ့ တစ်စု [illegible]ဆုတ်သွား၊ နှစ်စု စစ်ကြောင်းရုံးနဲ့ ထားခဲ့"

တပ်ခွဲ(၁)တပ်ခွဲမှူး ပါးစပ်ပိတ်သွားသည်။

သူ မဆုတ်ပါ။ ဆုံးဖြတ်ချက် ပြတ်သား၍ ရဲဘော်ရဲဘက်စိတ် ပြည့်ဝသော [illegible]စ်ကြောင်းမှူးနှင့် အတူရင်ပေါင်တန်း တိုက်ပွဲဝင်ရန်သာ ဆုံးဖြတ်လိုက်ပါသည်။

တပ်ခွဲ(၂)တွင် ပါသွားသော ဗိုလ်စောဂျက်ဆင်သည်လည်း ဗိုလ်မှူးမြတ်ထွန်း၏ [illegible]ပည့်ပီသပါသည်။

တကယ်တမ်းကညက ရွာထဲတွင်ဝင်အိပ်မည်ဟု ဗိုလ်မှူးစန်းလွင်ပြောကတည်းက [illegible]လ်စောဂျက်ဆင် အကြီးအကျယ်စိတ်ပျက်သွားခဲ့ခြင်းဖြစ်ပါသည်။ ဗိုလ်မှူးမြတ်ထွန်းက [illegible]အနေအထားအရ ဝင်အိပ်ဖို့မသင့်ကြောင်း ပြောလိုက်တာကို ဗိုလ်စောဂျက်ဆင် [illegible]ကောင်းစွာနားလည်သည်။ ဗိုလ်မှူးစန်းလွင် အဲသည်ဆုံးဖြတ်ချက် ချလိုက်တာကို [illegible] အံ့သြ၍မဆုံး။

အထက်လူကြီးမို့ ပြောအားမသာသဖြင့် မူလ ဗိုလ်မှူးမြတ်ထွန်း တပ်စွဲရန် အမိန့် [illegible]သောနေရာတွင် သူ့တပ်စု စွဲခွင့်ပြုပါရန်သာ ခွင့်တောင်း၍ ရွာပြင်ထွက် တပ်စွဲခဲ့သည်။ [illegible]လ်မှူးစန်းလွင်က ဗိုလ်စောဂျက်ဆင် တပ်စွဲသောနေရာကို တပ်ခွဲ "တပ်တည်" အဖြစ် [illegible]လ်မှူးမြတ်ထွန်းထံ တင်ပြခဲ့သည်။

တိုက်ပွဲစဖြစ်သောအခါတွင် ရွာပြင်တွင် ရောက်ရှိနေသော ဗိုလ်စောဂျက်ဆင် [illegible]တွက် ဆုတ်လမ်းသာနေသည်။ သို့သော် မဆုတ်ပါ။

ရွာထဲတွင် ပိတ်မိနေသော ခွဲရုံးနှင့် နှစ်စုကို ပစ်ကူပေး၍ ရန်သူကို ဖိအားပေးနေ [illegible]သည်။

အရုဏ်တက်ခါစ ဗိုလ်မှူးစန်းလွင်ကျဆုံးပြီး မကြာခင်မှာပင် ဗိုလ်စောဂျက်ဆင်၏ [illegible]ဘက်ပနုံးထဲသို့ ကျည်ဆံ့တောင့် ဝင်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် မိမိတပ်ခွဲ ဖောက်ထွက်နိုင်ရေးအတွက် စစ်ကူပစ်ပေးနေသော ဗိုလ်မှူးမြတ်ထွန်း၏စစ်ကြောင်းရုံးနှင့် တပ်ခွဲတစ်တို့ရှိရာသို့ လက်နက်ကြီး ကျည်ဆံ တဝုန်းဝုန်း ကျလာသဖြင့် ရန်သူတပ်ရင်းကြီး အလွန်နီးကပ်လာပြီကို ဗိုလ်မှူးမြတ်ထွန် သတိထား မိလိုက်ကြသည်။

"ဟေး ... တို့လာတယ် ... တို့လာတယ်"

ကိုက် ၂၀၀ ခန့်အကွာမှ အော်သံဟစ်သံများလည်း ကြားရသည်။ ရှေ့ တကယ် ပစ်ခတ်တိုက်ခိုက်နေကြချိန်ဖြစ်၍ စကားဝှက်သုံးမနေတော့။

"ဟေ့ ... တို့အဖွဲ့တွေ ရောက်တာလား"

"ဟုတ်တယ် ဗိုလ်မှူး၊ ဗိုလ်ဂျက် ခေါင်းဆောင်လာတာ၊ ခွဲရုံးရော သုံးစု ပါလာပြီ"

"တော်သေးတာပေါ့ကွာ၊ ဂျက်ရော ဘယ်မှာလဲ"

"သူ ပခုံးထိထားတယ် ဗိုလ်မှူး။ ထမ်းစင်ပေါ်တင်တာ မခံလို့ တွဲလာရတာ နောက်မှာ ပါလာပါပြီ"

"ကဲ ... စိုးဦး၊ ဆုတ်ဖို့ စီမံချက်တင်တော့"

"ဟုတ်ကဲ့ ... ဗိုလ်မှူး"

ဒုဗိုလ်မှူးကြီး မျိုးဇော်မှာ ဆုတ်မိန့်ကို စက်ပေါ်ကိုယ်တိုင်တက်၍စကားဝှက် ပြောပြီး တပ်ရင်းထောက်လှမ်းရေးအရာရှိကို လှည့်ကြည့်၍ ပြောသည်။

"ငါလျှီး၊ ငါ ဆုတ်နိုင်းထားတာ ကြာလှပြီ။ မြတ်ထွန်း ဘာဖြစ်လို့ ဒီလေ ခံချနေရသလဲ မသိဘူး"

"ခွဲနှစ် ပင်းဒေါင်းမိနေတာကို စောင့်ဆွဲထုတ်နေတာတဲ့ အဘ"

တပ်ရင်းမှူး ပင့်သက်ရှိုက်သည်။

"ငါသိတယ်၊ ငါသိတယ်။ အဲဒီ ကောင်က သူ့ရဲဘော်တစ်ယောက် နောက် အကျန်ခံတဲ့ကောင်စားမျိုး မဟုတ်ဘူး"

(၂၂)

စာရင်းချုပ်လိုက်သောအခါ အဲသည်တိုက်ပွဲတွင် ပေးဆပ်လိုက်ရသည့် အ အနီး များခဲ့သည်။ ခွဲ(၂)၏နေရာယူ မမှန်ကန်မှုကြောင့် ဖြစ်ရကြောင်း သိသာနေသ စုံစမ်းစစ်ဆေးရေးခုံရုံးနှင့်လည်း ဗိုလ်မှူးမြတ်ထွန်း ရင်ဆိုင်ရသည်။

ခုံရုံးတွင်ဖြစ်သမျှပြဿနာအားလုံးကိုဗိုလ်မှူးမြတ်ထွန်းက သူ့မှာတာဝန်ရှိကြေ





ကြောင်းဆိုခဲ့သည်။

တပ်ရင်းမှူးက မကျေနပ်ပါ။ ခုံရုံးပြီးပြီးချင်း ဗိုလ်မှူးမြတ်ထွန်းကို ဆူပါသည်။

"ဟိုကောင် မင်းစကား နားမထောင်လို့ဖြစ်ရတာ၊ မင်းက ဘာဝင်ခေါင်းခံရတာလဲ မြတ်ထွန်း"

ဗိုလ်မှူးမြတ်ထွန်း ပခုံးတွန့်ပြသည်။

"သေတဲ့လူကို ပုံမချချင်ဘူး တပ်မှူး။ သူ့မိသားစုမျက်နှာကို ထောက်ရသေးတယ်"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ ဒီလောက်သေကွင်းသတ်ကွင်းထဲကနေ ကိုယ့် ရဲဘော်တွေကို ကျားကုတ်ကျားခဲ အသေခံချပြီး ဆွဲထုတ်လာတာ မင်းနဲ့ဂျက်ကို ငါက ဆုရ ဘွဲ့လောက်တင်ပေးချင်တာ။ မင်းအခုလုပ်ပုံက သွားတင်ရင် လူကြီးတွေငါ့တောင် လှောင်ရီဦးမယ်"

ဗိုလ်မှူးမြတ်ထွန်းက ရယ်သည်။

"တပ်မှူးရယ်၊ ကျွန်တော့်အသိုးက အဲဒီထက်ရှည်တဲ့ ဘွဲ့ကြီးတွေ ရခဲ့ဖူးပါတယ်၊ အဲဒါတွေ ကျွန်တော့်အတွက် အရေးမကြီးလှပါဘူး"

(၂၃)

နောက်တန်းပြန်ရောက်ပြီးနောက် ဗိုလ်မှူးမြတ်ထွန်းကို အစ်ကိုကြီးတစ်ယောက် ပမာ လေးစားချစ်ခင်နေပြီဖြစ်သော ဗိုလ်စိုးဦးတစ်ယောက် ညနေပိုင်း ဗိုလ်မှူးမြတ်ထွန်း အားလပ်သောက်ချိန်များတွင် ဗိုလ်မှူးမြတ်ထွန်းအိမ်သို့ သွား၍အဖော်လုပ်နေတတ်သည်။

အရက်ခွက်ကို ရှေ့ချ၊ ဆေးပေါ့လိပ်ကို အငွေ့တထောင်းထောင်း ထအောင် ဖွာရှိုက်နေရင်းက မျက်နှာကြက်ပန်ကာကို ငေးကြည့်ငြိမ်သက်နေတတ်သော ဗိုလ်မှူးမြတ်ထွန်းကိုလည်း စိတ်ရှည်တိတ်ဆိတ်စွာ စောင့်နေတတ်သည်။

"ငါက လူမိုက်ကွ စိုးဦးရ။ မင်းက လူမိုက်ကြီးဆီမှာ တပည့်လာဖြစ်တော့ လူမိုက်လေးပဲ ဖြစ်တော့မှာပေါ့"

တစ်ခါက ဗိုလ်မှူးမြတ်ထွန်း ဗိုလ်စိုးဦးကို ရယ်ကျဲကျဲနှင့် နောက်သည်။ စစ်ဆင်ရေး ဖိစီးခံရမှုများ တစ်ခါက်အပြီးတွင် ရင်းနီးလာပြီဖြစ်သော ဗိုလ်မှူးမြတ်ထွန်းကို ဗိုလ်စိုးဦးက အစတော်ပင် ပြန်ပြောရဲဆိုရဲ ဖြစ်နေလေပြီ။

"ဗိုလ်မှူးကသာ ကိုယ့်ကိုယ်ကိုယ် လူမိုက်လို့ ပြောနေတာ၊ ကျွန်တော်ကတော့ ဗိုလ်မှူးကို ခေါင်းဆောင်ကောင်းတစ်ယောက်လို့ပဲ မြင်တယ်"

ဗိုလ်မှူးမြတ်ထွန်းက ဆေးလိပ်ငွေ့များ သီးအောင် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အမြှောက်ကြိုက်တဲ့ကောင် မဟုတ်ဘူးနော်၊ ဟေ့ကောင်"

"တကယ်ပြောတာပါ ဗိုလ်မှူးရဲ့၊ ဗိုလ်မှူးက ဘာမိုက်လို့လဲ"

"ဟ ... အရက်ထိုင်သောက်နေတဲ့ လူကိုများ မင်းက လူမိုက်မဟုတ်ဘူး ကြည့်လုပ်ဦး"

"ဗိုလ်မှူးက သောက်သာသောက်တာ မူးမှမမူးဘဲ"

"ဟ ...မူးလို့ ကိုယ့်ကိုယ်ကိုယ် လူမိုက်ပါလို့ ဝန်ခံတာပေါ့ဟ။ မမူးရင် ဝန်ခံမ

ဗိုလ်စိုးဦးက ရယ်သည်။

"ဒါတော့ ဗိုလ်မှူးက မူးမူး မမူးမူး ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ်ချ ပြောတတ်တ ဗိုလ်မှူး မဝါတတ် မကြွားတတ်တာ ကျွန်တော် သိနေတာပဲ"

ဗိုလ်မှူးမြတ်ထွန်းက ခွက်ထိုးခွက်လန် ရယ်သည်။

"ငါစက်ပစ်ကွင်းမှာ အားလုံးကို စိန်ခေါ်ပြီး ပစ္စတိုပြိုင်ပစ်ခဲ့တာ မင်းမှတ်မိ

"မှတ်မိပါတယ်။ အဲဒီတုန်းက ဗိုလ်မှူး အားလုံးကို နိုင်တာလေ"

"နိုင်တာပေါ့ကွ၊ နိုင်မှာ ငါသိသားပဲ၊ ငါက ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူ သေနတ်ပစ်ပြိုင်ပွဲမှာ ပထမရခဲ့ဖူးတာပဲ၊ သက်သက်ကြွားချင်လို့ အဲဒါ မပြော စိန်ခေါ်တာ၊ ဒါနဲ့များ မင်းက ငါ့ကို မဝါတတ်ဘူး၊ မကြွားတတ်ဘူးလေး ဘာလေ

ဘာပြန်ဖြေရမှန်း မသိသဖြင့် ဗိုလ်စိုးဦး ရယ်နေသည်။

ဗိုလ်မှူးမြတ်ထွန်းက ဆေးပေါ့လိပ်ကိုဖွာရှိုက်ရင်း တွေဝေငြိမ်သက်သွားပြန် တော်တော်ကြာမှ မေးခွန်းထုတ်သည်။

"မကောင်းမှုဆိုတာ မင်း ဘယ်လိုမြင်သလဲ စိုးဦး"

ဗိုလ်စိုးဦးက တွေဝေစဉ်းစားနေပြီးမှ ဖြေသည်။

"ဗုဒ္ဓဟောတာတော့ အသက်သတ်ခြင်း၊ ခိုးခြင်း၊ မပြစ်မှားထိုက်တဲ့ မိန်း ပြစ်မှားခြင်း၊ အရက်သေစာ မူးယစ်သောက် စားခြင်း၊ မုသားပြောခြင်း ဒါတွေကဝ

ဗိုလ်မှူးမြတ်ထွန်း ခေါင်းညိတ်သည်။

"စဉ်းစားကြည့်တော့ ငါလုပ်တဲ့ ကံက ခိုးတာနဲ့ ညာတာပဲ ရှိတာပဲ။ ဒီလော ငါ လူမိုက်စာရင်း မဝင်သေးဘူးလား"

ဗိုလ်စိုးဦး မျက်မှောင်ကြုတ်ကြည့်တော့ ဗိုလ်မှူးမြတ်ထွန်းက ရယ်သည်။

"ဘာလဲ မင်းက ကာမေသုလုံတယ် ပြောမလို့လား။ မပြစ်မှားအပ်တဲ့ မိန်း အမျိုး ၂၀ လောက်ရှိတယ် မောင်၊ အဲဒါတွေ ဖယ်လိုက်ရင် ပစ်မှားလို့ရတာ ကိုယ့် လောက်ပဲ ရှိတော့တာ။ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်နေတဲ့ ငါ့ကို





ကာမေသု လုံမယ်ထင်နေသေး"

ဗိုလ်စိုးဦး သက်ပြင်းချ၍ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဗိုလ်မှူး သထုံမပြန်ဘူးလား"

ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

"ငါ့သားက ရှေ့အပတ်လောက်ဆို ကျောင်းပိတ်ပြီ။ အဲသည်အချိန်လောက် မှန်း မယ်။ ငါ ရန်ကုန်ဝင်ပြီး ဟိုကောင်ကြီး "ဂျက်" ကိုလည်း ကြည့်ချင်သေးတယ်"

ဗိုလ်စောဂျက်ဆင်မှာ ရန်ကုန်တွင် ဆေးရုံတက်နေရဆဲ ဖြစ်သည်။

"ကျွန်တော်လည်း ကြည့်ချင်တာ ဗိုလ်မှူးရဲ့"

"ပြန်လေကွာ၊ မင်းလည်း ရန်ကုန်မှာ မိဘအိမ်ရှိတာပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီမှာ လက်နက်ကြီးဝိုင်ရေးတွေ ဝင်လုပ်ပေးနေရလို့ပါ။ ရှေ့အပတ်လောက်တော့ ပြန်မယ် စိတ်ကူးတာပဲ"

"အေးအေး ... အတူတူလစ်တာပေါ့ကွာ"

ဗိုလ်မှူးမြတ်ထွန်းက ဆေးလိပ်ပြန်ဖွာနေသည်၊ ဗိုလ်စိုးဦးက ဝင်မေးသည်၊

"ဗိုလ်မှူးမိဘတွေနဲ့ ထားခဲ့တာလား၊ ကလေးက"

ဗိုလ်မှူးမြတ်ထွန်း ခေါင်းခါသည်။

"ငါ့ညီမတစ်ဝမ်းကွဲနဲ့ ထားခဲ့တာကွာ။ သူနဲ့ကလေးက ငါတို့ငယ်ငယ်က နေခဲ့တဲ့ အိုး၊ အဘွားအိမ်မှာနေတယ်၊ ငါ့မိဘတွေက သပ်သပ်"

"ဩော်"

ဗိုလ်မှူးမြတ်ထွန်းက ရယ်သည်။

"မင်း ... မဟာမင်းလှကျော်ထင်ဆိုတာ ကြားဖူးသလား"

"အင်္ဂလိပ်ကို လက်နက်မချတဲ့ သီပေါမင်းရဲ့ တူတော်တဲ့ မြန်မာစစ်သူကြီးကို ပြောတာမဟုတ်လား"

"မဆိုးပါဘူး၊ မင်း သမိုင်း ကြေသားပဲ"

"ဗိုလ်သင်တန်းမှာ သူ့အကြောင်း နည်းနည်းသင်ရတယ် ဗိုလ်မှူးရဲ့"

"ဟုတ်လား၊ တို့တုန်းကတော့ မသင်ပါဘူး"

ဗိုလ်မှူးမြတ်ထွန်းက ဆေးပေါ့လိပ်ကို စားပွဲစောင်းမှာ ချသည်။

"အဲဒါ ငါ့အဘိုးလေ၊ ငါ့အဘွားရဲ့ အဖေပေါ့"

ဗိုလ်စိုးဦး မျက်လုံးပြူးသွားသည်။

"တို့က ဆွေကြီးမျိုးကြီးတွေ ဆိုပါစို့ကွာ၊ ဒါပေမဲ့ ဘုရားဟောတာ ယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ အမျိုးမြတ်တိုင်း အကျင့်စရိုက် မမြတ်ဘူးလို့၊ ငါက အမျိုးမြတ်ပေမယ့်
အကျင့်စရိုက်တွေကျတော့ ငါ့သားကို အမွေမပေးရဲလောက်အောင် ဖြစ်နေတယ်၊
ဒါကြောင့် ငါ့ညီမနဲ့ကလေးကို အပ်ထားရတာ"

ဗိုလ်စိုးဦးက မကျေမနပ် ခေါင်းခါသည်၊

"ကျွန်တော်ကတော့ ဗိုလ်မှူးကို လူမိုက်လို့ လက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"လူတစ်ယောက်ဟာ သူကျင်လည်ရတဲ့ ပတ်ဝန်းကျင်မှာ သူလုပ်ပေးရမယ့်တာ
ကို ကျေပြွန်တယ်၊ သူ့ပတ်ဝန်းကျင်က လူတွေရဲ့အကျိုးကို သူ့အကျိုးရဲ့ရှေ့မှာ ထားတ
ဆိုရင် လူကောင်းပေါ့၊ ကိုယ့် ဗိုလ်ပဲ ကိုယ်ကြည့်ရင် လူဆိုးပေါ့၊ အဲဒီစံနဲ့သာ တိုင်း
ကြည့်ရင် ဗိုလ်မှူးလောက် ကောင်းတဲ့သူ ခပ်ရှားရှားပဲ"

ဗိုလ်မှူးမြတ်ထွန်း ငြိမ်စဉ်းစားနေသည်၊

ဗိုလ်စိုးဦးကနံရံတွင်အကျီချိတ်ဖြင့်ချိတ်ထားသောဗိုလ်မှူးမြတ်ထွန်း၏ယူနီဖော
အကျီကိုလှမ်းကြည့်သည်၊ရင်ဘတ်မှာတပ်ထားသည့်ဝင်းလက်သောလေထီးတောင်
သတိပြုမိ၏၊

"ဗိုလ်မှူးလေထီးတံဆိပ်ကအမြင့်ဆုံးတံဆိပ်ပဲ၊ဗိုလ်မှူးဘယ်နခါတောင်ခုန်ခဲ့သ

"ခြောက်ဆယ့်ရှစ်ခါ"

ဗိုလ်စိုးဦး မျက်လုံးပြူးသွားပြန်သည်၊

ဗိုလ်မှူးမြတ်ထွန်းကတော့ စိတ်မဝင်စားသလိုပင် ပန်ကာကို မော့ကြည့
စဉ်းစားနေသည်၊

အတော်ကြာမှ စကားပြန်စသည်၊

"ငါ့ညီမနာမည်က မသစ္စာ ... တဲ့၊ ကျောင်းဆရာမ၊ အပျိုကြီးပေါ့"

"သြော် ... ကလေးကို ကြည့်ပေးထားတယ်ဆိုတာ"

"အေး"

ဗိုလ်မှူးမြတ်ထွန်းက တစ်ချက် ရယ်သည်၊

"သစ္စာအဖေက ငါ့ဦးလေးအရင်း၊ ဆရာဝန်ပေါ့ကွာ၊ ဆုံးသွားပါပြီ၊ အမေလ
ဆရာဝန်၊ နိုင်ငံခြားမှာ နေတယ်၊ သစ္စာက ငါတို့အမျိုးပေမယ့် သူ့အမေ ရှမ်းစော်
အမျိုးတွေဘက် သွားတူတော့ တော်တော်လှတယ်၊ မင်းတို့နဲ့ မိတ်ဆက်ပေးရင် မင်
ဗိုင်းကြိုက်ကြမှာပဲ၊ အေး ... အရွယ်က မမျှဘူးနော်၊ မင်းတို့ထက်ကြီးတယ် ... သိလ
ငါ ကြိုသတိပေးထားမယ်"





ဗိုလ်စိုးဦးက ရယ်ကျဲကျဲသာ လုပ်နေရသည်၊

"အင်္ဂလိပ်စကားပုံ ရှိတယ်ကွာ၊ မင်းလည်း ကြားဖူးမှာပေါ့၊
**Even the darkest clouds have silver lining** တဲ့၊ အလွန်မည်းမှောင်
ါတယ်ဆိုတဲ့ တိမ်ညိုတွေမှာတောင် ငွေဇာဖြူ အနားကွပ်ရှိသတဲ့၊ လောကကြီးမှာ
ပ့ ကောင်းသတ်သတ်၊ လူဆိုးသတ်သတ်ရယ်လို့ မရှိဘူး၊ အကောင်းအဆိုးဆိုတာ
နှံတွဲနေမှာပဲဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ မင်း စောစောက ပြောတာလည်း ဒီသဘောမျိုးပဲ၊
ကို ငါးပါးသီလတော့ မလုံပေမယ့် လူကောင်းလို့လည်း ပြောလို့ရတယ်ဆိုတာလေ၊
ပေမဲ့ အဲသလိုပြောတော့ရော တို့ဘုရားဟောနဲ့ ဆန့်ကျင်မနေဘူးလား"

ဗိုလ်စိုးဦး စိတ်အိုက်သွားသည်၊

"အများအပေါ်လည်းကောင်း၊ ငါးပါးသီလလည်း လုံရင်တော့ အကောင်းဆုံး
ဖြစ်မှာပေါ့ဗိုလ်မှူးရဲ့၊ ရှားပေမယ့် အဲသလိုလူမျိုးလည်းရှိတော့ ရှိနေတာပဲမဟုတ်လား"

ဗိုလ်မြတ်ထွန်း ခေါင်းညိတ်ပြသည်၊

"သိပ်ရှိတာပေါ့၊ ငါ့ညီမ သစ္စာက အဲသလိုလူမျိုးပဲ၊ ငါ့သားကို ငါ့ဆီက အတုမခိုး
စေချင်ဘဲ သူ့အဒေါ်ဆီက အတုခိုးစေချင်လို့ကို ငါ သူ့ဆီမှာအပ်ထားတာ၊ အေး ...
မင်းတို့ကိုလည်း ငါ အဲသလိုပဲ ဆုံးမရမှာပဲ၊ ပထမအဆင့်အနေနဲ့တော့ အများအပေါ်
ထိမိုက်နစ်နာစေတတ်တဲ့ လူမျိုးမဖြစ်ဘဲ အကျိုးပြုနိုင်တဲ့ လူမျိုးဖြစ်အောင် ကြိုးစား၊
ဒုတိယအဆင့်အနေနဲ့တော့ ငါးပါးသီလပါ လုံအောင်လုပ်၊ မင်းတို့ဆရာ ငါ့ဆီကနေ
မကောင်းတာတွေ အတုမယူကြနဲ့၊ ကြားလား"

ဗိုလ်စိုးဦး မာနနည်းလွန်းသော ဗိုလ်မြတ်ထွန်းကို ပို၍ပင် လေးစားသွားမိပါသည်၊

"အထူးသဖြင့်ကတော့ကွာ၊ ကာမေသုတော့ လုံပါစေဟေ့၊ ကျည်လိုက်တယ်
ဆိုတဲ့ အယူအဆ တပ်ထဲမှာ မင်းကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဗိုလ်မှူး"

"ငါတော့ ယုံတယ်ဟေ့၊ ကိုယ်ပိုင်နံပါတ်တပ်ပြီးသား ကျည်ဆံလာမှာ၊ မင်းတို့
ကာမေသုတော့ ယောင်လို့မှ မထိမိစေနဲ့ ကြားလား"

"စိတ်ချပါ ဗိုလ်မှူး"

ဗိုလ်မှူးမြတ်ထွန်းက မျက်နှာကြက်ကိုပြန်ငေးကြည့်နေသည်၊ ပန်ကာက တစ်ဝီဝီ
လည်နေဆဲ၊

■




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com



ယောကျ်ားအာဇာနည်ကို ရဖို့ရန် ခဲယဉ်းလေ၏။
ထိုယောကျ်ားအာဇာနည်မျိုးသည် အရပ်တကာတိုင်း၌
မမွေးဖွား မဖြစ်ထွန်းပေ။
ထိုယောကျ်ားအာဇာနည်မျိုး မွေးဖွားပေါ်ပေါက်ရာ အမျိုးအနွယ်သည်
ချမ်းသာနှင့် ပြည့်စုံ၍ ဘုန်းကံကြီးမားလှပေ၏။

ဗုဒ္ဓ (ဓမ္မပဒ - ဗုဒ္ဓဝဂ္ဂ)





(၁)

နေ့စဉ်ရက်ဆက် မိုးသက်မုန်တိုင်းများ ပြင်းထန်စွာ ကျရောက်နေသဖြင့် မြို့သူ့သားများအားလုံး တော်ရုံတန်ရုံကိစ္စဖြင့် အပြင်မထွက်ကြပေ။ ညတိုင်းလိုလိုလည်း ..က သည်းထန်စွာရွာသွန်းလျက် လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများ ..်လျှင် ယိမ်းခါနေကြသည်။ ကောင်းကင်ပြင်သည်လည်း ညအခါဖြစ်ပါလျက်မည်းမှောင် ..နေဘဲ ကြက်သွေးရောင် စွေးစွေးနီလျက်ရှိ၏။

မိုးသက်မုန်တိုင်းစဲသွားသည့် ပထမညတွင်တော့ လေများငြိမ်သက်သွားသည်။ ..စက်ကလေးများလည်း ဖွဲဖွဲမျှသာ ရွာသွန်းတော့သည်။ ကောင်းကင်ပြင်ကတော့ ..ကြက်သွေးရောင်ဆမ်းထားဆဲ။

ထိုကြက်သွေးရောင်ကောင်းကင်ပြင် ဆန်းကြယ်စွာပေါ်နေသည့် ညတစ်ညတွင် ..လ်မှူးမြတ်ထွန်း အိမ်ပြန်လာခဲ့ပါသည်။

တစ်ဦးတည်းတော့ မဟုတ်။

ဆေးရုံဆင်းခါစ ဗိုလ်စောဂျက်ဆင် ပါလာခဲ့ပါသည်။

(၂)

"ဒါဇ်ါတပည့်၊ ဗိုလ်စောဂျက်ဆင်တဲ့။ သေနတ်မှန်လို့ရန်ကုန်မှာ ဆေးရုံတက်နေတာ။ ..ရ ဆေးရုံက နစ်ပတ်ပြန်ပေးနားလိုက်တုန်း ဘီးလင်းက သူ့ရွာကို ပြန်ချင်တာ၊ သူ့ကို ..တစ်ယောက်တည်း လွှတ်ရမှာ စိတ်မချလို့ နင်းပုလဲမှာ ပေးမဆင်းဘဲ အိမ်ကို ခေါ်လာ ..တာ။ ကဲ ... ဂျက်၊ ဒါက ငါ့ညီမ မသစ္စာတဲ့၊ ကျောင်း ဆရာမ။ ဒီအိမ်မှာတော့ သူ့ရယ်၊ ..ရယ်၊ ငါ့သားရယ်ပဲ နေကြတာ။ ကျန်တာ ခိုင်းတဲ့ကောင်မလေးနှစ်ယောက်ပဲ ရှိတယ်။ ..လွှတ်လွှတ်လပ်လပ်နေ။ နက်ဖြန်ကျရင် မင်းကို ဒီကလူတစ်ယောက်နဲ့ ကား နဲ့ ရွာ ..ိုက်ပို့ဖို့ စီစဉ်ပေးမယ်ဟုတ်လား"

"ဟုတ်ကဲ့ ... ဗိုလ်မှူး"

ဗိုလ်မှူးမြတ်ထွန်း အတင်းခေါ်၍သာ လိုက်လာရသည်။ ဗိုလ်စောဂျက်ဆင် ..တစ်ယောက် သူ့ဆရာအိမ်ကို လိုက်တည်းရမှာကို အလွန်အားတုံ့အားနာ ဖြစ်လျက် ..နေသည်။ အိမ်ကြီးထဲသို့ဝင်လိုက်တာနှင့် ရှေးခေတ် မင်းစိုးရာဇာတို့ နေခဲ့သော

www.burmeseclassic.com



အိမ်ကြီးမှန်း သိသာနိုင်လောက်သော ခမ်းနားထည်ဝါမှုက သူ့ကို ကြက်သေ သေ... ပြန်ပါသည်။

ဧည့်ခန်းထဲတွင် ချိတ်ထားသော လူနှစ်ရပ်စာခန့် အရွယ်ရှိသည့် ရေးခေတ်မှု... ဝတ်စုံနှင့် လူကြီးတစ်ဦး၏ ပုံတူပန်းချီကားကြီး၊ နံရံတွင် ချိတ်ထားသည့် ဓားအတိုအ... အမျိုးမျိုး၊ ဘီရိုပေါ်က စောင်းကောက်ကြီးတို့ကလည်း သည်ရာစုနှစ်အတွင်းကပစ္စည်း... မဟုတ်တာ သိသာလှသည်။

အိမ်ကြီး၏ မှိုင်းထားသောအရိပ်ကြောင့် သိမ်ငယ်စိတ်ဝင်လျက်ရှိသော ... စောဂျက်ဆင်တစ်ယောက် ဆရာမကလေး မသစ္စာက အကြင်နာရိပ်သန်းသော ... ကလေးဖြင့် "ဘာမှ အားမနာနဲ့နော် ... ဗိုလ်ကြီး" ဟု ပြောလိုက်သော တဒင်္ဂတွင် ... စောစောက အရာအားလုံးကို မေ့သွားခဲ့ပြန်ပါသည်။

ဗိုလ်စောဂျက်ဆင်ပါလာသဖြင့် ခါတိုင်းလို ဝရန်တာတွင် မောင်နှမနှစ်ဦး ... လက်ဆုံမကျဖြစ်တော့ဘဲ ထမင်းစားပြီးသည်နှင့် စာကြည့်ခန်းတွင်သာ သုံးယောက် ... ဝိုင်းဖွဲ့စကားပြောဖြစ်ကြ သည်။ မောင်သူရိန်ထွန်းကလေးကလည်း ကျောင်းစာ ... တစ်အုပ်နှင့် အနားမှာ လာထိုင်နေသည်။

မောင်သူရိန်ထွန်းကလေး စာအံနေသည်ကို ဆေးပေါ့လိပ်တစ်လိပ်ဖွာရင်း ... ပြုံး၍ငေးကြည့်နေသော ဗိုလ်မှူးမြတ်ထွန်းကို လှမ်းကြည့်ရင်းက ဗိုလ်စောဂျက် ... အံ့ဩနေသည်။

ဗိုလ်မှူးမြတ်ထွန်းသည် ညအရက် သောက်ဘဲ နေနေတာကို အံ့ဩနေမိတ...

"ဗိုလ်ကြီးက ဘယ်မှာ ဒဏ်ရာရတာလဲ"

"ညာဘက် ပခုံးမှာပါ မမ၊ သေနတ် မှန်တာပါ"

ကိုယ့်ထက် အသက်ကြီးကြောင်းကို ကြိုတင်သိထား၍သာ မမ ခေါ်လိုက်ရသ... သည်မျှ နုနယ်ပျိုမျစ်သော မျက်နှာကလေးကို သူ့လို လူကြမ်းကြီးက မမ ခေါ်လို... တာကို ဗိုလ်စောဂျက်ဆင် အားတုံ့အားနာ ဖြစ်နေမိသေးသည်။

"ခုတော့ ကောင်းနေသားပဲနော်"

"ကောင်းပါတယ် မမ။ ကြွက်သားတွေ တချို့ဆွဲစိချုပ်ထားရတော့ လေ့ကျင့်... ပြန်လုပ်ဖို့ရှိလို့ ဆေးရုံက ပြန်ချိန်းထားတာ၊ အဲဒါပြီးရင် တပ်ပြန်မှာပါ"

"အဲဒီတိုက်ပွဲ ကိုကိုရောပါတာပဲလား ... ဟင်"

မသစ္စာက စိတ်ပူသောမျက်နှာကလေးနှင့် ဗိုလ်မှူးမြတ်ထွန်းကို လှည့်မေးသ... ဗိုလ်မှူးမြတ်ထွန်းက ပြုံးရုံသာ ပြုံးနေသဖြင့် ဗိုလ်စောဂျက်ဆင်က ဝင်ဖြေရသည်...

"ကျွန်တော်တို့တပ်ခွဲတစ်ခွဲလုံးပိတ်မိနေတာ မမရဲ့၊ နောက်က ဆုတ်မိန့်ပေးတာကို မဆုတ်ဘဲ ဗိုလ်မှူးတို့ အတင်းဝင်တိုက်ပြီး ကယ်ထုတ်လို့ ကျွန်တော်တို့အကုန် မသေ ...ကန်တာ။ ဒါတောင် တပ်ခွဲမှူး ကျကျန်ခဲ့တယ်"

မသစ္စာ မျက်လုံးကလေး ဝိုင်းသွားသည်။

ဗိုလ်မှူးမြတ်ထွန်း၏ ရယ်ကျဲကျဲမျက်နှာကို စိုးရိမ်စွာငေးကြည့်မိသည်၊ တစ်ဆက် ...တည်းမှာပင် ဗိုလ်စောဂျက်ဆင်ကို လှည့်ကြည့်မိသည်။ ဗိုလ်စောဂျက်ဆင်က ဗိုလ်မှူး ...မြတ်ထွန်းကို ကြည့်နေသောအကြည့်ထဲတွင် လေးစားကြည်ညိုသော အရိပ်တို့တောက်ပ ...နေသည်ကို သတိထားမိလေသည်။

(၃)

ဗိုလ်စောဂျက်ဆင်ကို နောက်တစ်နေ့ မနက်စောစောတွင် ဘီးလင်းဘက် ခရီး ...ဆက်ရန် ဗိုလ်မှူးမြတ်ထွန်းက ကားတစ်စီးစီစဉ်ပေးလိုက်သည်၊ ညအိပ်ညနေ ယူထား၍ ...ရကြောင်းပါ မှာလိုက်သည်။

သူကတော့ တပ်မရှိ မိတ်ဟောင်းဆွေဟောင်းများကို သွားနှုတ်ဆက်သည်၊ ...အဲသည်မှာပင် ဗိုလ်မှူးကျော်ကျော်စိုး ဒဏ်ရာရသောသတင်းကို ကြားရသည်။

မိုင်းစ စင်သတဲ့၊ မော်လမြိုင်ရှိ အမှတ် (၅၃၅) စစ်မြေပြင်ဆေးတပ်ရင်းမှာ ...တင်ထားရသတဲ့၊ စိုးတော့ မစိုးရိမ်ရဘူးတဲ့။

"ငါလိုက်သွားမှနဲ့တူတယ် ... သစ္စာ"

"နားပါဦးလား ... ကိုကိုရယ်၊ ဆက်တိုက်ကြီး"

"ရန်ကုန် ဆက်ပို့ချင် ပို့မှာပါ၊ တော်ကြာ လွဲသွားဦးမယ်၊ ငါ နေ့ချင်းပဲ ပြန်လာ ...မှာပါ"

"ကိုကို့ အရာရှိကလေး မစောင့်တော့ဘူးလား"

"သူနဲ့မှ မသိတာပဲ။ ပြီးတော့ ဇက်ကူးရမှာနဲ့ဘာနဲ့ ပင်ပန်းပါတယ်ဟာ။ ဒီကောင်က ...ဒဏ်ရာရထားတာ။ ငါ့ကို ညစာစားလည်း မစောင့်နဲ့၊ ငါ ကြုံသလိုစားခဲ့မယ် ဟုတ်လား"

"ဟုတ်"

ကြိုဖုန်းဆက်ထားသဖြင့် ဇက်ဆိပ်မှာ တပ်က ကားလာကြိုပေးသဖြင့် ဗိုလ်မှူး ...မြတ်ထွန်း တပ်ဆွယ်ဆေးရုံကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။ ဗိုလ်မှူး ...ကျော်ကျော်စိုး ဒဏ်ရာများက မပြင်းထန်ပါ။ ပေါင်နှင့်ပခုံးအသားထဲသို့ ယမ်းစ စိုက်ဝင်ခြင်း ...ဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ အစ်ကိုကြီးရာ၊ ဆွဲမိုင်းမို့၊ နင်းမိုင်းဆို ပြတ်ပြီ"

"ဆွဲမိုင်းလည်း မထင်မသေးနဲ့ ငါ့လူ၊ တစ်ယောက် သေသေးတယ်၊ ငါ့ရှေ့ သုံးယောက်ခြားလောက်က ဆက်သွယ်ရေးတပ်ကြပ်က ခါးမှာပစ္စတိုနဲ့ဆိုတော့စောင့် ... တဲ့ကောင် ငါမှတ်ပြီးဆွဲတာ၊ အဲဒီကောင် ကြွသွားတယ်"

"အင်းလေ ... ဘုရားတရားလေးတော့ မြဲအောင်နေပေါ့ အစ်ကိုကြီးရယ်"

"ခွေးကောင် မင်းလိုကောင်က ဆုံးမတာ ခံရတာတော့ နာသဟေ့"

ပြောမနာဆိုမနာများပီပီ တွေ့တာနှင့် တစ်ယောက်တစ်ယောက် ကျီစယ်ကြ... တော့သည်။

"အတော်ပဲကွ၊ ငါ မင်းကို တွေ့ချင်နေတာနဲ့"

"ပြောလေ ... အစ်ကိုကြီး"

ဗိုလ်မှူးကျော်ကျော်စိုးက ပြောသင့်မပြောသင့် အတော်ကြာ စဉ်းစားနေပြီ... စ ပြောသည်"

"ငါရန်ကုန်မှာ မင်းအဘနဲ့ ဆုံသေးတယ်၊ ဗိုလ်မှူးမျိုးဇော်လေ၊ မင်း ကံ ကော... တယ်ကွာ၊ ဆရာရင်းနဲ့ ပြန်နေရတာ"

"ဟုတ်တယ် အစ်ကိုကြီး"

"အေး ... သူနဲ့ တော်တော်ကြာကြာ စကားပြောဖြစ်သေးတယ်။ မင်းအကြော... ဘွေချည်းပါပဲကွာ"

ဗိုလ်မှူးမြတ်ထွန်းက ရယ်သည်၊

"ဘာတွေပြောလိုက်လဲ ... အစ်ကိုကြီးကို"

"မင်း ... အရက်ပြန်သောက်နေတယ်ဆို"

"အစ်ကိုကြီးကလည်းပြန်သောက်ရအောင် ကျွန်တော်တစ်ခါမှ ဖြတ်မှမဖြ... ဖူးတာ"

ဗိုလ်မှူးကျော်ကျော်စိုးက ခေါင်းခါသည်၊

"မဟုတ်သေးဘူးမြတ်ထွန်း။ မွန်မွန်ရှိတုန်းက မင်း တော်တော်ကို မသောက်... နေခဲ့တာပါ၊ မွန်မွန်ဆုံးမှ ပိုသောက်နေတာ မဟုတ်လား"

ဗိုလ်မှူးမြတ်ထွန်းက ပခုံးတွန့်သည်၊

"ကျွန်တော် ဘယ်တုန်းကမူးဖူးလို့လဲ အစ်ကိုကြီးရဲ့၊ စွဲလည်း မစွဲဘူး။ အခု ... ပြန်ရောက်တော့ ကလေးနဲ့နေရတုန်း ကျွန်တော် မသောက်ဘဲ နေနေတာပဲ"

"အေး ... ငါ အဓိကပြောချင်တာ အဲဒါပဲ"





ဗိုလ်မှူးမြတ်ထွန်းက မျက်မှောင်ပင့်ကြည့်သည်။

"မင်း ... မသစ္စာကလေးကို ဒီလိုပဲ တစ်သက်လုံး ကလေးထိန်းခိုင်းထားတော့ ...လို့လား"

ဗိုလ်မှူးမြတ်ထွန်း သက်ပြင်းချသည်၊

"ကျွန်တော်က မခိုင်းပါဘူး၊ သူကိုက ကလေးကို တွယ်တာနေတာ"

ဗိုလ်မှူးကျော်ကျော်စိုးက ခေါင်းကို ဖြည်းညင်းစွာ ခါသည်၊

"မသစ္စာကို ငါ မွန်မွန် နေမကောင်းလို့ ငါ့မော်လမြိုင်အိမ်မှာ လာတည်းတုန်းက ...လာက်ပဲ ဆုံဖူးတယ်၊ သိပ်လှတာရယ်၊ သိပ်လိမ္မာယဉ်ကျေးတာရယ်ကလွဲလို့ သူ့ ...အကြောင်း သိပ်မသိလှဘူး၊ ဗိုလ်မှူးမျိုးဇော်ကတော့ သထုံမှာ မင်းတို့အိမ်နဲ့လည်း ...င်းရင်းနီးနီး နေခဲ့ရတယ်။ မင်း နယ်ခြားမြို့ကလေးရောက်သွားခါစကလည်း မသစ္စာနဲ့ ...ကလေးကို သွားသွားကြည့်ပေးရင်းက နည်းနည်းခင်နေတာပေါ့ကွာ။ အေး ... သူက ...ယ့်ထင်တာလေးတော့ ပြောတယ်ကွ"

ဗိုလ်မှူးမြတ်ထွန်းက ဘာမှပြန်မပြောဘဲ အဝေးတစ်နေရာသို့ ငေးကြည့်နေသည်၊

"မသစ္စာကတဲ့ ကလေးနဲ့ မင်းနဲ့ သံယောဇဉ်ကြောင့် အိမ်ထောင်မပြုဘဲ နေနေ ...တာတဲ့"

"ကျွန်တော်သိပါတယ်"

ဗိုလ်မှူးကျော်ကျော်စိုးမျက်လုံးပြူးသွားသည်၊ စိတ်မရှည်ဟန်နှင့် ဆက်ပြောသည်၊

"ဟေ့ကောင် ... ဗိုလ်မှူး ... ဆိုလိုတာက တစ်မျိုးကွ၊ မသစ္စာက မင်းညီမပေမယ့် ...တစ်ဝမ်းကွဲသေးတယ်၊ မင်းအဖေနဲ့အမေတောင် တစ်ဝမ်းကွဲတွေ မဟုတ်ဘူးလား၊ ...မသစ္စာက မင်းကို အစ်ကိုတစ်ယောက်ထက်မက တွယ်တာနေလို့ အနစ်နာခံနေ ...ပေးဆပ်နေတာလို့ ဗိုလ်မှူးက သုံးသပ်တာ နားလည်လား"

"အဲဒါကို သိပါတယ်လို့ ပြောတာပါ"

ဗိုလ်မှူးကျော်ကျော်စိုး နောက်တစ်ကြိမ်ပါးစပ်အဟောင်းသားဖြစ်သွားပြန်ပါသည်၊

နှစ်ယောက်သား အတော်ကြာအောင် တိတ်ဆိတ်နေမိကြပြီးမှ ဗိုလ်မှူး ...ကျော်ကျော်စိုးက တိုးတိုးမေးသည်၊

"မင်းလည်း ရိပ်မိနေတာပေါ့... ဟုတ်လား"

"နည်းနည်းကတော့ ငယ်ငယ်ကတည်းက ရိပ်မိပါတယ်၊ သေသေချာချာသိ...တာ ...သူ့အမေလာသွားပြီးမှပါ"

"ဘာကွ။ သူ့အမေ ... ဟုတ်လား"

www.burmeseclassic.com



ဗိုလ်မှူးမြတ်ထွန်းက ဒေါက်တာ ဒေါ်သစ္စာရောက်လာသည့် ဇာတ်လမ်းကို … အဆုံး ပြောပြသည်။

ဇာတ်လမ်းအဆုံးတွင်တော့ ဗိုလ်မှူးကျော်ကျော်စိုးက ဝူးခနဲ လေမှုတ်ထုတ်သည်။

"ဝတ္ထုတွေထက်တောင် ဆန်းကြယ်သေးသဟေ့။ ကဲ … ထားပါတော့ … သေသေချာချာသိတော့ မင်း ဘယ်လိုဆုံးဖြတ်သလဲ"

ဗိုလ်မှူးမြတ်ထွန်းက ပခုံးတွန့်ပြသည်။

"သူ့အဖေ ဦးဦးသုရိန်ကို ကျွန်တော်က အရမ်းချစ်တော့ ငယ်ငယ်ကတည်းက … သူ့ကို ညီမလေးအရင်းလို့ပဲ မြင်နေခဲ့တာ။ သူ့ဘက်ကကျတော့ အဖေသေပြီးကတည်းက … ကျွန်တော့်တစ်ယောက်တည်းကို တွယ်တာခဲ့တာ၊ ဟိုတုန်းကတည်းက ကျွန်တော် … ရွေးသင့်တဲ့သူဟာ သူအသင့်လျော်ဆုံးပဲဆိုတာ ကျွန်တော်သိသားပဲ၊ သူ့ကို တကယ့် … ညီမလေးလိုပဲ သဘောထားခဲ့လို့ မွန်မွန့်ကို ယူခဲ့တာပေါ့"

ဗိုလ်မှူးကျော်ကျော်စိုးက ခေါင်းခါသည်။

"မွန်မွန်က မရှိတော့ဘူးလေကွာ။ မင်းလည်း ဘဝနဲ့ယှဉ်ပြီး ချစ်တတ်ရမယ့်အရွယ် … ရောက်နေပြီ၊ သူလည်း စိတ်ပြောင်းသေးဟန် မတူဘူး။ ပြီးတော့ မင်းသားဟာ မိခင် … တစ်ယောက်ရမယ်ဆိုရင် မိထွေးအဖြစ်သင့်ဆုံးသူက မသစ္စာပဲမဟုတ်ဘူးလား"

ဗိုလ်မှူးမြတ်ထွန်း ခေါင်းခါသည်။

"အဲဒါတော့မပူပါနဲ့။ ကျွန်တော် နောက်အိမ်ထောင်ပြုဖို့တော့ အစီအစဉ်မရှိပါဘူး"

"တော်စမ်းပါ ငရစ်ရယ်။ မင်း နယ်စပ်မြို့တုန်းက အပွင့်တောင် ကံကောင်း… တင်ရတာ ငါမသိဘူးမှတ်နေလား၊ ဇာတိန်းနိုင်တာလည်း မဟုတ်ဘဲနဲ့။ မတော်တဆ … ခပ်လည်လည် မိန်းမတစ်ယောက်နဲ့ ယူလိုက်ရလို့ကတော့ မင်းသားရော၊ မသစ္စာ … ရင်ကျိုးရပြီ"

ဗိုလ်မှူးမြတ်ထွန်း ငြိမ်ကျသွားသည်။

သူ့စကားအချက်ကိုထိသွားပြီဖြစ်ကြောင်း ရိပ်မိလိုက်သော ဗိုလ်မှူးကျော်ကျော်… က ဖိပြောသည်။

"အားလုံးအတွက် အဆင်အပြေဆုံးလမ်းကို ရွေးစမ်းပါ မြတ်ထွန်းရယ်။ … မွန်မွန် ဆုံးပြီးတဲ့နောက် ဘယ်မိန်းကလေးကိုများ မသစ္စာထက်ပိုပြီး သံယော… တွယ်နိုင်ဦးမှာမို့လို့လဲ။ ဒီအတိုင်း နေနေတာရော မသစ္စာအပေါ်မှာ တရားတယ်… မင်းထင်နေလို့လား။ မင်းစိတ်က သိပ်ပြတ်ရင်လည်း သူ့ကို သူ့အမေဆီ ပေးလိုက်သွား… လိုက်တော့၊ အဲသလိုသာဖြစ်ခဲ့ရင်လည်း မင်း ခုထက်ပိုသောက်ဦးမှာပဲ မဟုတ်… ကိုယ့်ကိုယ်ကိုယ် ညာနေမိသလားလည်း စဉ်းစားပါဦး ငါ့ကောင်ရာ။ ကဲ … ကဲ … သွား… သွား၊ ရထားမမီအောင် ပြန်ရမယ်မဟုတ်ဘူးလား"





အပြန် ရထားပေါ်တွင် ဗိုလ်မှူးမြတ်ထွန်း စိတ်များလေးလံလျက်ရှိသည်။

မွန်မွန်ဦး ကွယ်လွန်ခါစ ညတစ်ညက သူ့အိပ်ခန်းထဲမှ မျက်နှာကို လက်ဝါးနှင့် …ပိုင်ရင်း ပြေးထွက်သွားခဲ့သည့် ညီမငယ်၏ မျက်နှာကလေးကိုလည်း တရေးရေး …မြင်ယောင်မိရင်းက နှလုံးသားထဲတွင် နင့်နေအောင်ခံစားရသည်အထိ ကြင်နာ …နားနေမိသည်။

ငါ … ငါ … သစ္စာကို တစ်သက်လုံး ရက်စက်နေမိခဲ့တာများလား။

ဘဝလမ်းကို ဘယ်လိုဆက်လျှောက် သင့်သည်ဆိုသည့် အဖြေသည် သူ့ရှေ့တွင် …ရှင်းနေအောင် ရှိနေပြီဟု ထင်သည်။

သည်ည ဝရန်တာမှာ စကားပိုင်းဖွဲ့ရင်းက စကားတောက်ကြည့်ရကောင်းမလား။

အို … မဖြစ်သေးပါဘူး၊ ဘယ်လို မျက်နှာနဲ့မေးရမှာတဲ့လဲ။

ညီမလေး

အချစ်ဆုံး … ညီမ။

တကယ်တမ်းကျတော့ အချစ်ဆုံးညီမ သာမကဘဲ သားငယ်နှင့် တန်းတူ သက်ရှိ …ထင်ရှားကမ္ဘာပေါ်မှာ အချစ်ရဆုံး လူသားဖြစ်နေပြီဆိုတာကိုလည်း သူ မငြင်းနိုင်ပြန်ပါ။

ငါ ပြင်ရတော့မယ်၊ အရက်သောက်တာ၊ တေတေပေပေနေတာ၊ အဲဒါတွေ …အားလုံး ပြင်လိုက်တော့မယ်။

အားလုံးကို ဝမ်းသာရမယ့် ဆုံးဖြတ်ချက်ကို ချလိုက်တော့မယ်။

သူ့အတွေးထဲတွင် သူနစ်နေစဉ်မှာပင် စူးရှကျယ်လောင်သော ရထားဥသြသံကို …ကြားလိုက်ရသည်၊ ရထားလည်း တုံ့ခနဲ ရပ်သွားသည်။

ခရီးသည်တချို့ ဆင်းကြည့်ကြသည်။

စကားသံတွေ ပွက်လောရိုက်နေသည်။

ရထားက ပေါင်ဘုတာနှင့် သထုံဘုတာကြားတွင် ရပ်လျက်ရှိနေသည်။ သံလမ်း …ပြင်နေရ၍ စောင့်ရဦးမည်တဲ့၊ ခရီးသည်တွေ ပြောနေသံကို ကြားနေရသည်။

သထုံပြန်ရောက်ရန် စိတ်စောနေသော ဗိုလ်မှူးမြတ်ထွန်းတစ်ယောက် တောက် …တစ်ချက်ခေါက်ရုံမှလွဲ၍ ဘာမှမတတ်နိုင်ရှာပါ။

ဗိုလ်မှူးမြတ်ထွန်း ထိုကဲ့သို့ လမ်းတွင် သောင်တင်နေစဉ်မှာပင် ဗိုလ်စောဂျွ…ဆင် …တစ်ယောက် သထုံအိမ်သို့ ပြန်ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ကလေးနှင့်အတူကျောင်းမှပြန်ရောက်လာသောမသစ္စာကအဖော်ကောင်မလေ[illegible] ဗိုလ်မှူးမြတ်ထွန်း မော်လမြိုင်မှ ပြန်ရောက်မရောက် လှမ်းမေးသည်။

"မရောက်သေးဘူး ... မမ၊ သူ့ ဗိုလ်လေးတော့ ရောက်နေပြီ"

"ဟင် ... ဘီးလင်းမှာ ညအိပ်မယ်ဆို"

"ကိစ္စပြီးလို့ နေ့ချင်းပြန်လာတာတဲ့၊ ဗိုလ်မှူးကိုမေးနေလို့ မော်လမြိုင်သွား[illegible] ပြောပြလိုက်တယ်"

"နင် ... ထမင်းရော ကျွေးပြီးပြီလား"

"မနက်စာတော့ လမ်းမှာ စားခဲ့တယ်တဲ့၊ ညစာတော့ ဗိုလ်မှူးကိုစောင့်မယ်[illegible] ခုတော့ လမ်းလျှောက်ထွက်သွားတယ်"

"သြော်"

မသစ္စာ ရေမိုးချိုးအဝတ်လဲပြီးမောင်သူရိန်ထွန်းကလေး ရေချိုးအပြီးတွင်သနပ်[illegible] စောင့်လိမ်းပေးပြီးနောက် အိမ်ရှေ့အုတ် ရေကန်ကလေးဘေးတွင် ကလေးနှင့်[illegible] ထိုင်နေစဉ် ဗိုလ်စောဂျက်ဆင် ပြန်ရောက်လာသည်။

"ဗိုလ်ကြီး ညအိပ်မလို့ဆိုပြီး စောပြန်လာပါလား"

ဗိုလ်စောဂျက်ဆင် အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

အမှန်တော့ မိဘတွေက မရှိတော့ပြီမို့ ရွာမှာ ကြာကြာနေစရာလည်း အကြော[illegible] မရှိပါ။ ပြီးတော့ ဘာရယ်ကြောင့်မသိ၊ မသစ္စာကို စတွေ့ပြီးကတည်းက မသစ္စာ မျက်[illegible] ကလေးကို အမြဲမြင်ချင်သလို ဖြစ်နေမိသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် သတိထား[illegible] လေသည်။

"ဆေးရုံက နှစ်ပတ်ရိုန်းထားတော့ တပ်ပြန်တာနဲ့ စာရင်ရွာပြန်တာ နီးတယ်ဆိုပြီး[illegible] ထွက်လာတာ ... မမရယ်၊ မိဘတွေကလည်း မရှိတော့၊ မောင်နှမသားချင်းလည်း[illegible] မရှိတော့ နှုတ်ဆက်စရာလူလည်း သိပ်မရှိပါဘူး၊ အဲဒါနဲ့ ပြန်လာတာ"

မသစ္စာက ပြုံး၍ ကျီစယ်သည်။

"ရည်းစားတွေဘာတွေရော မကျန်ခဲ့ဘူးလား ဗိုလ်ကြီးရဲ့"

ဗိုလ်စောဂျက်ဆင် ရှက်ကိုးရှက်ကန်း ရယ်သည်။

"၁၈ နှစ်သားကတည်းက ရွာကထွက်လာတာ မမရဲ့၊ နောက်ပိုင်းလည်း ၁၀[illegible] လောက်လုံးလုံး ရှေ့တန်းမှာချည်းပဲဆိုတော့ ရည်းစားဆိုတာ ဘယ်လိုဟာမှန်းတော[illegible] မသိဘူး။ ကျွန်တော်ရယ်၊ ဗိုလ်စိုးဦးရယ် တစ်မှာ ညနေဆို ဗိုလ်မှူးအိမ်မှာပဲ သွား[illegible] ကားပြောနေကြတာ၊ တစ်ယောက်တည်းသမား သုံးယောက်ဆိုတော့"

မသစ္စာက လက်ဟန်ပြ၍ ဗိုလ်စောဂျက်ဆင် အုတ်ရေကန်ဘောင်ကလေးမှာ [illegible]င်ထိုင်သည်။

"ကိုကိုက ညနေတိုင်း သောက်တယ် မဟုတ်လား၊ ဗိုလ်ကြီးတို့ရော"

ဗိုလ်စောဂျက်ဆင်က ပြုံးသည်။

"ကျွန်တော်တို့နှစ်ယောက်စလုံး မသောက်တတ်ပါဘူး မမ"

"သြော် ... ဗိုလ်ကြီးက အာရ်စီလား"

"မဟုတ်ပါဘူး မမ၊ ဗုဒ္ဓဘာသာပါ။ ကျွန်တော်တို့ရွာက ဗုဒ္ဓဘာသာများပါတယ်"

ထွေရာလေးပါး စကားဆက်ဖြစ်ကြသည်။ ဗိုလ်စောဂျက်ဆင်၏ ရိုးသား[illegible]ပွင့်လင်းမှုနှင့် ဖြူစင်မှုကို စကားပြောရင်းပင် ရိပ်မိလာသဖြင့် မသစ္စာ ချက်ချင်းရင်းနှီး[illegible]သွားသည်။

"ဗိုလ်မှူးမျိုးဖော်သမီးလေး မစုရော ဘယ်နတန်းလောက်ရောက်နေပြီလဲ ဗိုလ်ကြီး"

"တက္ကသိုလ်မှာ ပထမနှစ်ရောက်နေပါပြီ၊ မမနဲ့ သိတယ်ပေါ့လေ"

"ဗိုလ်မှူးက သထုံမှာနေဖူးတယ်လေ၊ ကိုကိုနဲ့က ဆရာတပည့်အရင်းတွေ [illegible]ဆိုတော့ အိမ်ချင်းပါ ခင်နေတာပေါ့၊ သြော် ... မစု တောင် အပျိုကြီးဖားဖားဖြစ်နေပြီပဲ၊ [illegible]ယ်ငယ်ကတည်းက သိပ်လှတဲ့ကလေး၊ ခုဆို အရမ်းချောမှာပဲနော်"

"ဟုတ်ပါတယ် မမ"

"ဗိုလ်ကြီးတို့ လူပျိုအရာရှိတွေ မပိုးကြဘူးလား"

ဗိုလ်စောဂျက်ဆင်က ရှက်ကိုးရှက်ကန်း ရယ်သည်။

"ကျွန်တော်က ရဲဘော်ဘဝကလာတော့ လူပျိုဆိုပေမယ့် စိုးဦးတို့နဲ့ စာရင် [illegible]သက်ကြီးတယ် မမရဲ့၊ ၃၀ ပြည့်တော့မယ်၊ ကျွန်တော့်မျက်စိထဲတော့ ကလေးလေးပါပဲ မမရယ်"

"သက်တူရွယ်တူပဲ ကြိုက်တယ်ဆိုပါတော့"

မသစ္စာက တရင်းတနှီး ကျီစယ်သည်။

"မပြောတတ်ပါဘူး မမရယ်၊ အရမ်းငယ်တာ သွားကြိုက်ရင် ရှေ့တန်းကနေ [illegible]မှာမောပန်းပန်းနဲ့ပြန်လာပြီး ကိုယ့်ပြုစုမယ့်အစား သူစိတ်ကောက်တာ ထိုင်ချော့နေရ[illegible]ယ်ထင်တာပဲ။ သက်တူရွယ်တူလည်း တစ်ခါတော့ ကြိုက်ဖူးတယ်၊ အဆင်မပြေပါ[illegible]"

မသစ္စာက ရယ်သည်။

"လုပ်ပါဦး၊ ဗိုလ်ကြီးရဲ့ဇာတ်လမ်းလေး၊ ကိုကို့စောင့်ရင်း အမျှင်[illegible]"

www.burmeseclassic.com



ဗိုလ်စောဂျက်ဆင် ရှက်ရှက်နှင့် ရယ်ပြန်သည်။

"ဟာ ... ဘာဇာတ်လမ်းမှကို မဖြစ်လိုက်ရပါဘူး မမရယ်၊ ကျွန်တော် တစ်ကြိ ဘ၀ ရှမ်းပြည်ဘက်မှာနေတုန်းက မူလတန်းပြ ဆရာမကလေးတစ်ယောက်ကို ကြိုက တာ။ ပြန်ကြိုက်ဖို့ နေနေသာသာ မမရယ်၊ အိမ်တွေဘာတွေသွားလည်လို့ ထွက်တွေ ရင်တောင် အောင့်သီးအောင့်သက် မလွှဲသာလို့ ထွက်တွေ့နေရသလိုမျိုး လုပ်လုပ်ပြ တော်ပါပြီဆိုထားလိုက်တာ၊ နောက်တော့ ကျွန်တော်လည်း ၁၀ တန်းတွေ ဘာတွေအော တိုက်ပွဲမှာ သူရဲကောင်းမှတ်တမ်း၀င်တံဆိပ်ရ"

"ဟင် ... ဗိုလ်ကြီးက သူရဲကောင်းမှတ်တမ်း၀င်လား"

"ဟုတ်ပါတယ် ... မမ"

"ကိုကိုက အဲဒါကြောင့် တပည့်ရင်းအဖြစ် မွေးစားထားတာနဲ့ တူတယ်။ ကိုကို သူကိုယ်တိုင်လည်း သတ္တိကောင်း၊ သတ္တိကောင်းတဲ့လူတွေကိုလည်း လေးစားတတ်တ"

"ဗိုလ်မှူးတော့ ဘယ်မီပါ့မလဲ မမရယ်၊ အဲဒါနဲ့ ဗိုလ်သင်တန်းအရွေးခံရတေ ဗိုလ်သင်တန်းလည်းတက်ရော စောစောကမခေါ်ချင်သလိုမပြောချင်သလိုကောင်မလေ သင်တန်းကို စာတွေဘာတွေ လှမ်းရေးရော"

"နို့ ... အဆင်မပြေဘူးဆို"

"မပြေဘူးလေ ... မမရဲ့၊ အရာရှိဖြစ်မယ်ဆိုမှ စဉ်းစားတာမျိုးတော့ ကျွန်တေ လည်း မကြိုက်ဘူး၊ အဲဒါနဲ့ စာမပြန်ဘဲနေလိုက်တာ။ ပြတ်ကရော"

မသစ္စာက ပြုံးသည်။

"ဗိုလ်ကြီး မှားတာပေါ့"

"ခင်ဗျာ"

"မိန်းကလေးတွေကို လျှော့မတွက်နဲ့နော် ... ဗိုလ်ကြီး။ ယောကျာ်းတစ်ယော အချစ်ကိုလက်ခံတဲ့နေရာမှာသာ အဲသလို အချက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံ စဉ်းစားတ ရွေးတတ်တာ၊ လက်ခံပြီးရင် ကိုယ့်ချစ်သူကို ကိုယ်သစ္စာရှိရှိ တည်တည်ကြည်ကြ ချစ်တတ်တဲ့ နေရာမှာ ဗိုလ်ကြီးတို့ ယောကျာ်းတွေထက် သာတာများတယ်၊ ဗိုလ်ကြီး ငြင်းနိုင်လို့လား"

ဗိုလ်စောဂျက်ဆင် သွားဖြီးပြသည်၊

"မမပြောတော့လည်း ဟုတ်သလိုလိုပဲ၊ ဒါပေမဲ့ ထားလိုက်ပါ မမရယ်၊ ယောကျာ်းရလို့ ကလေးတောင်ရနေပါပြီ"

နစ်ယောက်သား ပြိုင်တူရယ်မိကြသည်၊





အဲသည်အချိန်မှာပင် ဗိုလ်မှူးမြတ်ထွန်း ရောက်လာသည်၊

(၅)

မသစ္စာနှင့် ဗိုလ်စောဂျက်ဆင်တို့ တရင်းတနှီး ထိုင်စကားပြောနေကြသည်ကို ရသောအခါ ဗိုလ်မှူးမြတ်ထွန်းရင်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။ မောင်သူရိန်ထွန်း လေးကတော့ "ဖေဖေပြန်လာပြီ" ဟု အားရ၀မ်းသာ အော်၍ဗိုလ်မှူးမြတ်ထွန်းကိုယ်ပေါ် တက်သွားသည်။ ဗိုလ်မှူးမြတ်ထွန်းက ကလေးကိုချီ၍ ပါးကလေး ကိုနမ်းလိုက်သည်၊

"ဂျက်၊ ညအိပ်မယ်ဆို"

"ကိစ္စထွေထွေထူးထူးမရှိတာနဲ့ စောပြန်လာတာ ဗိုလ်မှူး။ လူနာရော ဘယ်လိုလဲ"

"ကောင်းပါတယ်။ စပလင်တာလောက်ပါပဲ၊ ကဲ ... လာ၊ အထဲသွားကြစို့"

ဒါနှင့်ပင် ဗိုလ်မှူးကျော်ကျော်စိုးနှင့် တိုင်ပင်ခဲ့သောကိစ္စကို သည်ည မသစ္စာနှင့် ကားစကြည့်ဖို့ အစီအစဉ်ပျက်သွားရပါသည်၊

နောက်တစ်နေ့မနက်တွင်လည်း မမျှော်လင့်ဘဲ တပ်မှဖုန်း၀င်လာသည်၊ တပ်မှူး စ်ဦးစီးတက္ကသိုလ်တက်ရမတဲ့။ တပ်မှူးအစ်စစ်ကြောင်းတစ် အိုင်အို (ထောက်လှမ်း အရာရှိ) ကလည်း အာရ်အို (ဆက် သွယ်ရေးအရာရှိ) သင်တန်းတက်ရမတဲ့။ သူက ယ်တပ်ရင်းမှူးတာ၀န်ယူပြီး ဗိုလ်စိုးဦးက သူ့အိုင်အို ဆက်လုပ်ရမည်။ တပ်ရင်းမှူး ၀န်လွှဲပြောင်းယူရန် ချက်ချင်းလာခဲ့ပါတဲ့၊

ဗိုလ်မှူးမြတ်ထွန်းစိတ်ပျက်လက်ပျက်ဖြစ်သွားသည်၊ မသစ္စာနှင့် ဆွေးနွေးရမည့် လိပ်ခဲတည်းလည်း ဖြစ်နေလေပြီ၊

"ဂျက်၊ မင်း ပြန်လိုက်မှာလား"

"ဟုတ်ကဲ့ပါ ဗိုလ်မှူး"

"ရန်ကုန်မှာ မင်းတည်းစရာမှ မရှိဘဲ၊ ဆေးရုံပြန်ပြဖို့က တစ်ပတ်တောင်လိုသေး ယ်မဟုတ်လား"

"စစ်ကြောရေး သွားလိုက်ပါ့မယ် ဗိုလ်မှူး"

မသစ္စာလည်း ရင်မောသွားသည်၊

သည်တစ်ခေါက်တော့ အစ်ကိုဖြစ်သူ နှင့် အချိန်တော်တော်ကြာကြာ အတူနေရ ည်ဟု မှန်းထားသော်လည်း ဖြစ်မလာသည့်အတွက် ဖြစ်သည်၊

ဗိုလ်မှူးမြတ်ထွန်းက တပ်မကို ရထားလက်မှတ် စီစဉ်နိုင်တော့ သည်နေ့ စ်တောင်သာရမည်ဟု ပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူးက အရေးကြီးနေတာပဲ၊ လိုက်သွားလိုက်ပါ။ ကျွန်တော် လိုင်းကား လိုက်ခဲ့မယ်"

"ဟာ ...လိုင်းကားတော့ မစီးနဲ့လေကွာ။ မင်းတည်မြဲအမိန့်လည်း သိလျက်သား လုံခြုံရေးကလည်း သိပ်စိတ်ချရတာ မဟုတ်သေးဘူး"

မသစ္စာကလည်း ဝင်ပြောသည်။

"ဟုတ်သားပဲ ဗိုလ်ကြီးရဲ့ နောက်နေ့မှ ရထားနဲ့သွားပေါ့။ ကျွန်မတို့ဆီမှာ အား စရာမရှိပါဘူး"

သို့နှင့်ပင် ဗိုလ်မှူးမြတ်ထွန်းပြန်တော့ ဗိုလ်စောဂျက်ဆင် ကျန်နေခဲ့သည်။

(၆)

"ကထိန်တော့ မင်းကြည့်လုပ်ပေးလိုက်ကွာ"

"ဟုတ်ကဲ့ ... တပ်မှူး"

တပ်ရင်းမှူးက ကျင်းပရန် စီစဉ်ဆဲဖြစ်သော ကထိန်ကို ဗိုလ်မှူးမြတ်ထွန်း လွှဲသွားသဖြင့် ဗိုလ်မှူးမြတ်ထွန်းတစ်ယောက် ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် ဘာသာရေးပွဲလမ်းတစ်ခုကို ဦးဆောင်ဖြစ်ခဲ့သည်။

"ဟ ... မင်းက တပ်ရင်းမှူးလား"

ဆွမ်းကပ်သောအခါ ဆရာတော်က ငယ်ရွယ်လွန်းသော ဗိုလ်မှူးမြတ်ထွန်း ကြည့်၍ တအံ့တသြမေးတော့ အရာရှိ၊ အရာခံ၊ မိသားစုများ ရယ်မောကြသည်။

"ဒုတိယတပ်ရင်းမှူးပါ ဘုရား။ တပ်ရင်းမှူး သင်တန်းသွားနေလို့ပါ"

ဆရာတော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"မင်းတို့စနစ်တွေ၊ လုပ်ထုံးလုပ်နည်းတွေတော့ ဘုန်းကြီးလည်း နားမလည်ဘူး ဒါပေမဲ့ ငါမြင်ဖူးသလောက်တော့ မင်းက ဒုတိယတပ်ရင်းမှူးဆိုရင်တောင် တော်တော် ငယ်မယ့်ပုံပဲ၊ တိုက်ရည်ခိုက်ရည်ကောင်းလို့ ဖြစ်တာနဲ့တူတယ်။ ဟုတ်လား"

ဗိုလ်မှူးမြတ်ထွန်းက ပြုံးသာနေသည်။ ဌာနချုပ်တစ်ခွဲမှူးက ဝင်၍ ... မှန်ပါ ဘုရား ...ဟု လျှောက်သည်။

"ကဲ .. ကဲ ... တရား စဟောတယ်ပဲ သဘောထားချင် ထားပေါ့ကွယ်။ အားလုံး နားထောင်ကြ၊ သောတာပန်ဖြစ်လည်း စစ်တိုက်လို့ရတယ် ပြောတာကြားဖူးတယ် မဟုတ်လား။ အဲဒါ ဟုတ်သလား"

ဗိုလ်မှူးမြတ်ထွန်းကရယ်၍ ... ဟုတ်ဟန်မတူပါဘူးဘုရား ... ဟု ဖြေတော့





အားလုံး ဝိုင်းရယ်ကြသည်။

"အေး ... ဟိုက ရှင်ဘုရင် သောတာပန်က နယ်စွန်နယ်ဖျားတွေမှာ မငြိမ်းချမ်း တာကို ငြိမ်းချမ်းအောင်သွားလုပ်ကြလို့ ခိုင်းရတော့တာပေါ့။ ဘယ်လိုလုပ်လို့မှ မဆိုတာ။ စစ်သူကြီးက ဝင်တိုက်ရပြီဆိုတော့၊ ပါဏာတိပါတာက ပါလာပြီ။ မခက် ဘူးလား"

"ခက်ပါတယ် ဘုရား"

"စိတ်ရင်းလေးက ငြိမ်းချမ်းစေချင်တာကို အာရုံပြုထားတော့ စစ်ပွဲမှာ အမိန့်ပေး တဲ့နေရာမှာရော အကုသိုလ်စိတ်က ဦးဆောင်မှာလား၊ ကုသိုလ်စိတ်က ဦးဆောင် မှာလား"

ဗိုလ်မှူးမြတ်ထွန်း ဘာပြန်ပြောရမည်မသိ ဖြစ်သွားသည်။

"အေး ... သိပ်အရေးကြီးတယ်ကွယ်၊ မှတ်ကြစမ်း။ ဒီဗိုလ်မှူးငယ်ငယ်ကလေးကို မြင်လို့ ဘုန်းကြီးလည်း ဒီအကြောင်းပြောဖို့ အာရုံရတာ၊ ဒီအသက် ဒီအရွယ်နဲ့ ရာထူးရောက်တယ်ဆိုတာ အကျိုးပေးတာ။ ဘာက အကျိုးပေးတာလဲ"

ဗိုလ်မှူးမြတ်ထွန်း ယောင်ဝါးဝါးနှင့် ... ကုသိုလ်ကပါဘုရား ... ဟု ဖြေတော့ ဆရာတော်က ပြုံးသည်။

"မှန်ပါတယ်။ လွယ်လွယ်အရပ်သုံးစကားနဲ့ပြောရင်တော့ကောင်းတဲ့စိတ်ကလေးက အကျိုးပေးတာ။ ဒီဘဝတင် မကဘူး၊ အရင့်အရင်ဘဝတွေထဲက ကောင်းတဲ့ စိတ်ကလေး ထားတတ်ခဲ့တဲ့ ပါရမီကြောင့် အကျိုးပေးတာ။ ကောင်းတဲ့စိတ်ဆိုတာကလည်း ဒုစရိုက် ဆယ်ပါးက ကင်းတဲ့စိတ်။ ကာယဒုစရိုက်က သုံးပါး၊ ဝစီဒုစရိုက်က လေးပါး၊ မနောဒုစရိုက်က သုံးပါးတဲ့၊ ပါဏာတိပါတာက ထိပ်ဆုံးကလာပေမယ့် ကျန်တဲ့ ဒုစရိုက်တွေလည်း နည်းသူ့ဟန် နဲ့သူတော့ ဆိုးကြတာချည်းပဲ။ ရှောင်နိုင်ရင် ကောင်းတဲ့စိတ်ကလေး ဖြစ်လာမယ်။ အဲ သည်စိတ်ကလေးက အကျိုးပေးမှာပဲ။ တစ်ပါးရှောင်နိုင်ရင် တစ်ပါးစာ အကျိုးပေးမယ်။ နှစ်ပါးရှောင်နိုင်ရင် နှစ်ပါးစာ အကျိုးပေးမယ်၊ အားလုံးရှောင်နိုင်ရင် အကောင်းဆုံးပေါ့။ ယုံကြရဲ့လား"

အားလုံးက ... ယုံပါတယ် ဘုရား ... ဟု ဖြေကြသည်။

"ဟို ဒုတပ်မှူးကလေးကရော ဘယ်နှပါး လုံသတုန်း"

ဗိုလ်မှူးမြတ်ထွန်းက ဖြေရခက်ဟန် ဖြင့် ရယ်ကျဲကျဲ လုပ်ပြတော့ အားလုံး ဝိုင်းရယ်ကြသည်။

"မလုံတာက များပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ပြုံးသည်၊

"အဲသလိုဖြေကတည်းက မုသာဝါဒလုံတဲ့ပုဂ္ဂိုလ်ဆိုတာ သေချာသွားပြီ။ ... အရေးအကြီးဆုံးကွဲ့။ မုသာဝါဒကို ကျူးလွန်တတ်တဲ့သူဟာ ဘယ်ဒုစရိုက်ကို... ကျူးလွန်ဖို့ ဝန်မလေးဘူးတဲ့၊ မင်းမှာ အဲသလောက်အရေးကြီးတဲ့ ကံ လုံနေမှ... ကျန်တဲ့ကံတွေ လုံအောင်ဆက်ကြိုးစားပေါ့ ကွ၊ ဘာစက်လို့လဲ"

ဗိုလ်မှူးမြတ်ထွန်း လက်အုပ်ချီ၍ ... တပည့်တော် ကြိုးစားပါ့မယ်ဘုရား ... ဖြေသည်၊

"အေး ... အေး ... မင်း လက်နက်ဒဏ်ရာရော ရဖူးသလား"

"တစ်ခါမှ မရဖူးပါဘူး ဘုရား"

"အေး...အေး...မေတ္တာနဲ့နေကွယ်၊ ကံကိုလုံအောင်ထိန်း။ ကိုယ်ကျင့်တရားလော... ကောင်းတဲ့ကျည်ကာအင်္ကျီ မရှိဘူးကွဲ့၊ မှတ်ထား"

ဗိုလ်မှူးမြတ်ထွန်းက ပြုံးရုံသာ ပြုံးနေသည်၊ ဗိုလ်စိုးဦးကတော့ "လက်... ဒဏ်ရာ"ဆိုသည့် စကားကြောင့် သူ့ဆရာအတွက် စိတ်များ လေးလံသွားပါသည်၊

ကထိန်ပွဲကို ဦးဆောင်ကျင်းပပေးခဲ့ပြီး တရားပွဲတွင် ရေစက်ချပေးခဲ့သူ... ဘုန်းကြီးများ ပြန်ကြွသွားပြီးနောက် ညဘက် တပ်တွင်းအငြိမ့်ကလေးတစ်ခု ဖြ... ပေးနေစဉ်အတွင်း ပွဲခင်း၌ ကြီးကြပ်ပေးပါရန် ဌာနချုပ်တပ်ခွဲမှူးနှင့် လွှဲထား... အိမ်ပြန် အရက်သောက်နေသည်ကိုသာ သိလျှင် သီလလုံအောင် ဆုံးမသော ဆရာ... တော်တော်စိတ်မာတ်ကျမိပေလိမ့်မည်။

တပည့်ကျော် ဗိုလ်စိုးဦးကတော့ ဆရာသမားကိုယ်တိုင် မကြီးကြပ်သောပွဲ... သဘင်များကို အပြေးအလွှား ဦးဆောင်စီစဉ်ပေးနေခဲ့ပြီး ည ၁၀ နာရီခန့်တွင် အ... ပွဲခင်းထဲရောက်နေပြီး နေသားတကျဖြစ်တော့မှ အစစအရာရာ အဆင်ပြေကြေ... သတင်းပို့ရန် ဗိုလ်မှူးမြတ်ထွန်းအိမ်သို့ တစ်ဦးတည်းလာခဲ့သည်။

ထုံးစံအတိုင်းပင် တစ်ဝက်ကျိုးနေသော အရက်ပုလင်း၊ မြေပဲလှော်တစ်ပန်းက... ကန်စွန်းရွက်ကြော် တစ်ပန်းကန်ရှေ့တွင် ငြိမ်သက်တိတ်ဆိတ်စွာ ဆေးလိပ်ဖွာနေ... ဗိုလ်မှူးမြတ်ထွန်းကို တွေ့ရသည်၊

ခါတိုင်းထက်ပို၍ ထူးခြားတာကတော့ ငါးနှစ်သားခန့်အရွယ် ယောကျ်ားက... တစ်ဦးနှင့် နှစ်ယောက်ထိုင် ဒန်းပေါ်တွင် အတူထိုင်နေသော မိန်းမပျိုတစ်ဦး၏ ဓာတ်... သူ့ရှေ့က အရက်ပုလင်းတွင် မှီ၍ ထောင်ထားခြင်းဖြစ်ပါသည်။

"ဘာထူးလဲ စိုးဦး"





"မထူးပါဘူး ... ဗိုလ်မှူး၊ အားလုံး အဆင်ပြေကြောင်း လာသတင်းပို့တာပါ"

"အေးပါကွာ၊ ငါ ဆိုင်းသံတွေ ကြားနေပါတယ်၊ လာ ... ထိုင်"

ဗိုလ်စိုးဦး ခပ်ရှိန်ရှိန် ဝင်ထိုင်သည်၊ ဗိုလ်မှူးမြတ်ထွန်းက လက်ထဲက ဆေးပေါ့လိပ်ကို ...ပွဲအစွန်းမှာ ချသည်။

ဗိုလ်စိုးဦးမျက်လုံးများက အရက်ပုလင်းကိုမှီထောင်ထားသော ဓာတ်ပုံဆီပြန်ရောက် ...သည်။ ဓာတ်ပုံထဲမှမိန်းမပျို မှာ အလွန်ချောမောလှပသည်ဆိုသည့် စကားထက် ...ကျက်သရေရှိသည်ဆိုသည့်စကားနှင့် ပို၍ ထိုက်တန်လှသည်ဟု သူ တွေးမိသည်၊ ...ပခြင်းအပေါ်မှာ သိမ်မွေ့ခြင်းနှင့် ဣန္ဒြေကြီးခြင်းတို့ပေါင်းစပ်ထား သည်မဟုတ်ပါလား။ ...တ်ပုံစားပုံမှာလည်း ၁၉၈၀ ပြည့်လွန်နှစ်များနှင့်စာလျှင် ပို၍ သိသိသာသာ မြန်မာ ...န်လွန်းနေသည်။

ဆုံးသွားသော ဗိုလ်မှူးမြတ်ထွန်းဇနီး အလွန်ချောမောလှပကြောင်း ကြားဖူးထား ...ဖြင့် ဒါ ဗိုလ်မှူးမြတ်ထွန်း ဇနီးနှင့်သားပဲဟု သူတွေးမိသည်၊

သူ့အကြည့်ကို ဗိုလ်မှူးမြတ်ထွန်းက ရိပ်မိသွားသည်၊

"အဲဒါ ငါ့သားလေ။ သူ့ရိန်ထွန်းတဲ့"

"ဒီဘက်က ဆုံးသွားတဲ့ ဗိုလ်မှူးဇနီးပေါ့နော်"

ဗိုလ်မှူးမြတ်ထွန်းက ပြုံး၍ ခေါင်းခါသည်၊

"ငါ့မိန်းမက သား နှစ်နှစ်သားကတည်းက ဆုံးသွားတာကွ၊ ဒါ ငါပြောပြောနေတဲ့ ...ညီမတစ်ဝမ်းကွဲ ကျောင်းဆရာမ မသစ္စာလေ"

ဩော် ...။

ငါ့ညီမက တော်တော်လှတယ်၊ မိတ်ဆက်ပေးရင် မင်းတို့ ဗိုင်းကြိုက်မှာပဲ ...ဟု ...ပြောဖူးသော ဗိုလ်မှူးမြတ်ထွန်းစကားမှားကြောင်း ဗိုလ်စိုးဦးအသိအမှတ်ပြုလိုက်ရသည်။

"လူကြီးတွေက တို့နှစ်ယောက် လက်ထပ်လိုက်သင့်တယ်လို့ ပြောပြောနေ ...ကြတယ်။ အဲဒါ ငါ ထိုင်စဉ်းစားနေတာ"

ရုတ်တရက် ပြတ်ပြတ်ပြောချလိုက်သော ဗိုလ်မှူးမြတ်ထွန်းစကားကြောင့် ...လ်စိုးဦး ပါးစပ်အဟောင်းသား ဖြစ်သွားသည်ကိုကြည့်၍ ဗိုလ်မှူးမြတ်ထွန်းက ...ယ်သည်။

"ရေးမြန်မာ မင်းမျိုးမင်းနွယ်တွေမှာလို့လားတော့ မသိဘူး၊ တို့အမျိုးထဲမှာတော့ ...တစ်ဝမ်းကွဲ မောင်နှမယူတာ မဆန်းသလိုပဲ၊ ငါ့အဖေနဲ့ ငါ့အမေလည်း တစ်ဝမ်းကွဲတော်ပဲ။ ...တိုက်တွန်းတာက ငါ့အမေ၊ ပြီးတော့ သူ့အမေ၊ နတော့ တို့တပ်မှူးနဲ့ ငါ့ အမေကိုကြီး

www.burmeseclassic.com



ကိုကျော်ကျော်စိုးပါ ပါနေပြီ"

စဉ်းစားရခက်လွန်းသောဘဝပုစ္ဆာတစ်ခုကိုအရက်ကလေးပုံမှန်လောက်သောက် စဉ်းစားရီဝေနေသော ဗိုလ်မှူးမြတ်ထွန်းတစ်ယောက် ကိုယ့်ညီ အငယ်ဆုံးအ ဖြစ်နေသည့် ဗိုလ်စိုးဦးကို မသစ္စာနှင့်သူ့ကြားက ရှိသမျှအဖြစ်အပျက်၊ ခံစား အားလုံးတို့ကို ပြောပြမိသားဖြစ်သွားသည်၊

ဗိုလ်စိုးဦး သက်ပြင်းချမိပါသည်၊

"ကျွန်တော်တော့ အားလုံးအတွက် အကောင်းဆုံးလမ်းပဲလို့ ထင်တာပဲ။ဗိုလ် က ဘာလို့ ဒီလောက်စဉ်းစားနေရတာလဲ"

ဗိုလ်မှူးမြတ်ထွန်းက ခဏတွေဝေစဉ်းစားနေပြီးမှ တိုးတိုးဖြေသည်။

"ဘယ်သူ့ကိုမှ စိတ်ညစ်အောင်မလုပ်ဖူးခဲ့တဲ့ သိပ်ဖြူစင်တဲ့မိန်းကလေးတစ်ယော ကို စိတ်ညစ်စရာတွေ လက်ဆောင်ပေးတဲ့လူတော့ ငါ မဖြစ်ချင်တာအမှန်ပဲ"

ဗိုလ်စိုးဦးက ပခုံးတွန့်ပြသည်၊

"သူစိတ်ချမ်းသာမှာပါ၊ ဗိုလ်မှူးက ဘာလို့မသိတာလဲ၊ ကျွန်တော်တော့ အသိ ကြီးပဲလို့ ထင်တာပဲ"

ဗိုလ်မှူးမြတ်ထွန်းက ဖွဖွရယ်သည်၊ ပြီးတော့ ညှော်ခန်းစားပွဲအံဆွဲထဲက တစ်စောင် ထုတ်ယူ၍ ဗိုလ်စိုးဦးကို လှမ်းပေးသည်၊

"ငါ့စကားချည်းပဲ ကောက်ပြီးအဓိပ္ပာယ်ယူမနေနဲ့၊ ဒါ သူ ငါ့ဆီရေးတဲ့ မနေ့ကမှရောက်တာ၊ သူ့စာသွားစာလာလေး ဖတ်ကြည့်စမ်းပါဦး"

ဗိုလ်စိုးဦးက စာကို ဖွင့်၍ဖတ်သည်၊

"ကိုကို ...

အကြောင်းထူးတော့ မရှိပါဘူး။ ရှေ့တန်းမထွက်ခင် ကိုကို တစ်ခေါက် ရောက် တော့မဟုတ်ဘူးလို့ တွေးမိလို့ရယ်၊ သတိပေးချင်တာလေးရှိလို့ရယ် စာရေးလိုက်တာ

ဆက်လက်၍အိမ်အခြေအနေ၊ သားအကြောင်းတို့ကိုဝေဝေဆာဆာ ရေးထား တွေ့ရသည်။ အိမ်ကို စာရေး၍ထည့်နိုင်းတာ တစ်ခါမှ မတွေ့ဖူးသော သူ့ဆရာ သည်လောက် စိတ်ရှည်ရှည်နှင့် စာရှည်ရှည်ရေးသော မသစ္စာ၏ သံယောဇဉ်နှင့်မေ တရားက စာထဲတွင် ထင်းနေပါလျက်သားနှင့် မရိပ်မိရကောင်းသော သူ့ဆရာကိုလ သူ အားမလိုအားမရ ဖြစ်မိသည်၊

"သတိပေးစရာဆိုတာကတော့ ဒီလိုပါ။ ကိုကို ဗေဒင်မယုံတာလည်း ကျွ သိပါတယ်။ ဒါပေမဲ့ ရှေ့တန်းထွက်နေတဲ့လူရဲ့ညီမဆိုတော့လည်း စိတ်ပူရင် မေးမိတာ





ယ်မယ်ကြီးရှိကတည်းက အမြဲမေးတဲ့ ပုဏ္ဏားကြီးကို ကျောင်းကဆရာမတွေ မေးချင် ယ်ပြောလို့လိုက်ပို့ရင်းက ကျွန်မလည်း ကိုကို့ဇာတာ ယူသွားပြလိုက်တယ်၊ သူ့ရှင်းပြ ကတော့ အများကြီးပဲ၊ အရေးကြီးတာက မွေးနေ့မတိုင်ခင် သတိထားပါတဲ့။ လက်နက် ကြောင့် အသက်အန္တရာယ်ဖြစ်တတ်တယ်တဲ့၊ တတ်နိုင်သလောက် မြောက်ဘက်ကို ရီးမသွားပါနဲ့တဲ့၊

ဥပါဒါန်ကြောင့်တော့ ဥပဒ်မရောက်စေချင်ပါဘူး ကိုကိုရယ်။ စစ်သား ခရီးမသွား လည်း နေလို့မရတာ သိပါတယ်။ ဒါပြီး သတိထားစေချင်လို့ ပြောတာပါ၊ သူ အဲသလို ပြောလိုက်တော့ ကျွန်မလည်း ရင်တွေပူသွားတာပေါ့။ ယတြာတွေလည်း ချေပြီးပါပြီ၊ ပ်မက်ဆိုးတွေ မက်မက်ပြီး ညတိုင်း လန့်လန့်နိုးနေတယ်။ သားလေးက တောင် မနက် အိပ်ရာထတော့ တီတီ ညကဘာလို့ငိုတာလဲလို့ မေးသေးတယ်။

သတိထားပါ ကိုကိုရယ်၊ ကံငါးပါးလည်း ထိန်းပါ၊

ပြီမ

စွာ

ဪ ... ဒါနဲ့ ကိုကို့တပည့် ဗိုလ်စောဂျက်ဆင် ကိုကိုပြန်တဲ့နေ့မှာပဲ ငှက်ဖျား ရမ်းတက်လာလို့ ဆရာကြီးသောင်းတင်ပါခေါ် ဆရာဝန်ခေါ်ပြီး အိမ်မှာ နှစ်ရက်လောက် ပေးလိုက်ရတယ်။ အဲဒါ နည်းနည်းအဖျားကျတာနဲ့ အတင်းပြန်သွားတယ်၊ အားနာလို့ င်ပါရဲ့"

ဗိုလ်စောဦးရင်ထဲတွင် ခဲဆွဲသလို လေးလံသွားပြန်သည်၊

(၇)

သည်တစ်ခေါက် ရှေ့တန်းထွက်လာရသည်မှာ ဗိုလ်မှူးမြတ်ထွန်း ခါတိုင်းလို ပေါ့ပါး၊ စိတ်များလေးလံလျက်ရှိသည်၊

အဲဒါကလည်း "လက်နက်ဒဏ်ရာရနိုင်ကြောင်း" နိမိတ်ပြဖြစ်စဉ်များကြောင့် ဟုတ်၊ ဗိုလ်စောဂျက်ဆင် ကျန်ရစ်ခဲ့သည့်အတွက် ဖြစ်သည်၊

စစ်ရေးအခြေအနေများကို လေ့လာသုံးသပ်ကြည့်လိုက်လျှင် သည်တစ်ခေါက် ရှေ့တန်းအထွက်မှာ တိုက်ပွဲကြီးများနှင့် ဆုံတွေ့ဖွယ်ရာရှိနေသည်ကို အတွေ့အကြုံ နှင့် ကျက်သူ တစ်မှူးငယ်တစ်ဦးအနေနှင့် သူတွက်ဆ၍ရသည်၊ အဲသည်လိုအချိန်မျိုး မှ သူက ခေတ္တတပ်ရင်းမှူးအဖြစ် စစ်ကြောင်းနှစ်ကြောင်းစလုံးကို ဦးဆောင်နေရသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်၊

ပါလာသောရာဂဏန်းရှိရဲဘော်ရဲဘက်များ၏အသက်အိုးအိမ်သည်လည်းကောင်း၊ ထိုရဲဘော် ရဲဘက်များ၏ စွမ်းဆောင်နိုင်ရည်သည်လည်းကောင်း၊ သူ့အပေါ် [illegible] တည်နေမှီနေကြောင်း သူ ကောင်းကောင်းသိထားသည်၊

ဗိုလ်စောဂျက်ဆင်လိုမျိုး သတ္တိကောင်း၍ စိတ်တည်ငြိမ်စွာ ဆုံးဖြတ်တတ်သ[illegible] ကွန်မင်ဒိုတပ်စုမှူးတစ်ယောက် သည်လို အခြေအနေမျိုးမှာ ပါမလာတာ ဘယ်လော[illegible] နမြောစရာကောင်းလဲ သူ ကောင်းကောင်းသိသည်။

ထို့ထက်ပို၍ကား ဗိုလ်စောဂျက်ဆင်နှင့် မသစ္စာတို့ ယခုအချိန်မှာ ဘယ်လော[illegible] အထိ ရင်းနှီးနေကြပြီလဲဆိုသည့်အတွေးကို သူ့စိတ်ထဲက မဖျောက်ဖျက်နိုင်ပြ[illegible]

(၈)

"ဒိုင်း"

ကျယ်လောင်သော သေနတ်သံတစ်ချက် တည်း ထွက်လာသည်။ ငါးပိ[illegible] တစ်ပုံ နှင့် ညစာ စားနေသော ဗိုလ်မှူးမြတ်ထွန်းတစ်ယောက် ဖျတ်ခနဲတင်ပျဉ်ခွေ[illegible] နေရာမှ မှဆိုးထိုင် ထိုင်ပြီးသားဖြစ်သွားသည်၊

ဘေးမှချထားသော သေနတ်ခါးပတ်ကိုလည်း ကောက်ပတ်လိုက်သည်၊ သေ[illegible] ကိုတော့ မထုတ်သေး။ ရန်သူ ဝင်တိုက်တာဆိုလျှင် သေနတ်သံတစ်ချက်နှင့် [illegible] ပြီးသွားမှာမဟုတ်ဆိုတာ သူသိသည်၊ ပြီးတော့ သူတို့က ရွာထဲမှာ။ ညက မှောင်စ[illegible] ရှိသေးသည်။ ရန်သူဝင်တိုက်နေကျ အနေအထားမျိုးမဟုတ်၊

ပြေးသံ၊ လွှားသံ၊ အော်မေးသံ၊ ဖြေသံတွေ ကြားရသည်၊ သူ အရက်ထည့်[illegible] စတီးလ်ရေဘူးပြားကလေးကို ဘေးတွင် ပုံထားသော စစ်လွယ်အိတ်ထဲသို့ ထည့်[illegible] ပြီးတော့ ခြေတံရှည်အိမ်တစ်လုံးအောက် မြေကြီးတွင် ထိုင်နေသည်မှ အိမ်[illegible] ထွက်လာခဲ့သည်၊

ဗိုလ်စိုးဦးက လာအလေးပြု၍ ကင်းစောင့်နေသော ရဲဘော်သေနတ်ကျည်ရှ[illegible] ထွက်သွားကြောင်းနှင့် ထိခိုက်သူမရှိကြောင်း သတင်းပို့သည်၊

"ခေါ်ခဲ့စမ်း အဲဒီကောင်"

ရဲဘော်သစ်ကလေးတစ်ဦးကို ခေါ်လာကြသည်။ သူ့သေနတ်ကို အကြပ်[illegible] တစ်ဦးက ယူထားတာလည်းတွေ့ရသည်၊ အသက်ငယ်ငယ်ရဲဘော်ကလေးကကြော[illegible] တုန်တုန်ရီရီ ဖြစ်နေသည်၊





"စစ်သားလုပ်ပြီး သေနတ်ကို ကျည်မထွက်အောင် မရှင်းတတ်ဘူးလားကွ။ မင်း [illegible]သင်တန်းမှာ ဘာတွေသင်လာသလဲ၊"

ဗိုလ်မှူးမြတ်ထွန်းက အေးစက်စက်လေသံနှင့် မေးလိုက်တော့ ရဲဘော်ကလေးက [illegible]ပို၍ တုန်တုန်ရီရီဖြစ်သွားသည်၊

"ဒီကောင့်သေနတ် ပြန်ပေးလိုက်စမ်း"

ဗိုလ်စိုးဦးက အံ့သြဟန်ဖြင့် ဗိုလ်မှူးမြတ်ထွန်းကို လှမ်းကြည့်သည်၊ ဗိုလ်မှူး [illegible]မြတ်ထွန်းက သူ့ကိုမကြည့်ဘဲ ရဲဘော်ကလေးကိုသာ စိုက်ကြည့်နေတာ တွေ့ရတော့ [illegible]တပ်ကြပ်ကြီးဘက်လှည့်၍ မေးငေါ့ပြသည်၊ တပ်ကြပ်ကြီးက ရဲဘော်ကလေးလက်ထဲသို့ [illegible]သေနတ် ပြန်ထည့်ပေးလိုက်သည်၊

"ကဲ ... ရှင်းပြစမ်း။ ငါ့ကို"

ရဲဘော်ကလေးက သေနတ်ကို ခပ်ရှုံ့ရှုံ့ယူ၍ ကျည်ကပ်ကို ဖြုတ်သည်။ မောင်းကို [illegible]တင်သည်၊ ပြောင်းရင်းထဲ လက်နှိုက်ကြည့်သည်၊

"ရပ်စမ်း။ မင်း စောစောက အဲသလို လက်နှိုက်ကြည့်သလား"

"မ ... မကြည့်မိပါဘူးခင်ဗျ"

"ဘာလို့ ကျည်ထွက်သလဲ၊ အခု သိပြီလား"

"ပြောင်းရင်းထဲ ကျည်ကျန်လို့ပါခင်ဗျ"

"အေး ... အဲဒါပဲ၊ ငါလုပ်ရင် သေတော့မယ်၊ သွား ... မင်းကင်းချိန်မကုန်သေးဘူး မဟုတ်လား၊ သွားပြန်စောင့်၊ နောက်တစ်ခါ ဒါမျိုးဖြစ်ရင် မင်း မေးအကွဲပဲမှတ်"

ရဲဘော်ကလေး မျက်နှာ ရွှင်လန်းသွားသည်၊ ဗိုလ်မှူးမြတ်ထွန်းမျက်နှာကို [illegible]လေးစားစွာကြည့်၍ "ဟုတ်ကဲ့၊ ဗိုလ်မှူး" ဟု ဆိုကာ အလေးပြုသည်၊ ပြီးတော့ တပ်ကြပ် [illegible]ကြီးနှင့်အတူ ပြန်လည်ထွက်ခွာသွားသည်၊

ဗိုလ်စိုးဦး သက်ပြင်းချသည်၊

"ဗျူဟာနဲ့ နီးနေတယ် ဗိုလ်မှူး၊ လှမ်းမေးရင် ဘာဖြေလိုက်ရမလဲ"

ဗိုလ်မှူးမြတ်ထွန်း ပခုံးတွန့်ပြသည်၊

"ဘာမှ နားမလည်သေး မတတ်သေးတဲ့ ငါ့ရဲဘော်ကလေးတွေ ငါ အရေးမယူ [illegible]ချင်ဘူးကွာ။ သတိပေးလိုက် တော်ပြီပေါ့။ မင်း ပြီးရင် အဲဒီကောင်ကို ငါ့လက်ဖြောင့် [illegible]တပ်စုထဲ ခေါ်ထားစမ်း"

ဗိုလ်စိုးဦး ပါးစပ်အဟောင်းသား ဖြစ်သွားသည်၊

"ဗိုလ်မှူး ဒီကောင်က ..."



www.burmeseclassic.com

www.burmeseclassic.com



"သေနတ်တောင် ဖြောင့်အောင်ပစ်တတ်မှာမဟုတ်ဘူး၊ ငါ သိတယ်။ ဒီကလေး မျိုးတွေ ထိပ်စည်းမှာထားရင် တိုက်ပွဲ စဖြစ်လို့တောင် နေရာကောင်းကောင်း ယူတတ်မှ မဟုတ်ဘူး။ ထိပ်ဆုံးက သေမှာ။ ငါ့နားမှာခေါ်ထားလိုက်၊ နည်းနည်း စိတ်ချရ တပ်ခွဲပြန်ပို့မယ်"

ဗိုလ်စိုးဦး ကျေနပ်စွာ ပြုံးသည်။

"ဟုတ်ကဲ့ပါ ဗိုလ်မှူး"

(၉)

ဗိုလ်မှူးမြတ်ထွန်း စိတ်ပူသလိုပင် ဗိုလ်စောဂျက်ဆင်နှင့် မသစ္စာတို့ တော်တော် ရင်းနှီးသွားကြပါသည်။

ဗိုလ်မှူးမြတ်ထွန်း ရထားထွက်သွားပြီး မကြာခင်မှာပင် ချမ်းစိမ့်၍တက်လာသည့် ဗိုလ်စောဂျက်ဆင် အိပ်ခန်းတွင်းဝင်၍ စောင်ခြုံကာ ကွေးနေခဲ့ရသည်။ ထမင်း ဆာ မစားသော ဗိုလ်စောဂျက်ဆင်ကို စိတ်ပူ၍ အဖော်မိန်းကလေးတစ်ယောက်ကို ခေါ်ကာ ဝင်ကြည့်မိသော မသစ္စာ ဗိုလ်စောဂျက်ဆင် အဖျားကြီး၍ တုန်နေသည်ကို တွေ့ရသည်၊

ဗိုလ်စောဂျက်ဆင် အားနားပါးနာနှင့် ရတယ်၊ ဒီလိုပဲ ဖြစ်နေကျ၊ ခဏနေရင် ကောင်းသွားမှာပါ ... ဟု ပြောသည့်ကြားက မသစ္စာ ဆရာဝန်ပြေးခေါ်သည်။ ဆရာကြ သောင်းတင်ကိုလည်း အိမ်လာအိပ်နိုင်းလိုက်သည်၊

ဆရာဝန်ပြန်သွားပြီး ညပိုင်းတွင် အဖျားထပ်တက်ပြန်သည်။

ဗိုလ်စောဂျက်ဆင် ကယောင်ကတမ်းနှင့် "တက် ... ဆက်တက်လေကွာ၊ လှည့် ကြည့်မနေနဲ့။ တက်၊ ချ" ဟု အော်ဟစ်နေသောအခါ "သူတို့ကလေးတွေရဲ့ ဘဝပေး ကြမ်းတမ်းလှပါလား" ဟု တွေး၍ မသစ္စာ စိတ်ထိနိုက်မိသည်။ ကိုကို့ဘဝလည်း ဒီ ပဲနေမှာပါပဲလေ ... ဟုလည်း တွေးမိသည်။

ချွေးစေးများပြန်၍ မောဟိုက်နေသော ဗိုလ်စောဂျက်ဆင်ကို ကရုဏာသက်စွာ နဖူးမှချွေးစများကို လက်ကိုင်ပဝါနှင့် ညင်သာစွာသုတ်အပေးမိုက် ဗိုလ်စောဂျက်ဆင် ကယောင်ကတမ်းနှင့် မသစ္စာလက်ကို ဖမ်းကိုင်ပြီး "အမိုးလား" ဟု မေးလိုက်သောအခါ တွင်တော့ မိဘမဲ့နေပြီဟု သူသိထားပြီးသူ စစ်ဗိုလ်ကလေးအတွက် ကရုဏာစိတ်ဖြ မသစ္စာရင်ထဲတွင် သိမ့်သိမ့်ခါ သွားရပါသည်၊





(၁၀)

ဗိုလ်မှူးမြတ်ထွန်းတို့ ရေ့တန်းစထွက် ပြီး တစ်လခန့်အကြာတွင် နောက်တန်းမှ အင် အားဖြည့် စစ်သည်များ ရောက်လာသည်။ အဲသည်ထဲတွင် နေကောင်းနေပြီ ဖြစ်သော ဗိုလ်စောဂျက်ဆင် ပါလာသည်၊

အမာခံတပ်စုမှူး ပြန်ရသဖြင့် ဗိုလ်မှူးမြတ်ထွန်း အားရှိသွားသည်၊ ဗိုလ်စိုးဦးနှင့် အတူနေ၍ စစ်ကြောင်းတစ်၊ လှုပ်ရှားတပ်စုမှူးလုပ်ရန် တာဝန်သာပေးလိုက်သည်။

အဲသည်ညက သူတို့ ဘုန်းကြီးကျောင်းဝင်း တစ်ခုထဲမှာ တည်းကြသည်၊

နည်းချုပ်ဟာတပ်စွဲထားသော ရွာဖြစ်၍ ရန်သူ့ထိပ်စည်းနှင့် တော်တော်ဝေးနေ သည်မို့ အားလုံး ပေါ့ပေါ့ပါးပါးပဲ ရှိနေကြသည်။ ဗိုလ်မှူးမြတ်ထွန်းနှင့် ဗိုလ်စိုးဦးက ချုပ်ဟာမှူးထံတွင် စစ်ဆင်ရေးညွှန်ကြားချက်များ သွားယူနေကြသည်၊

ညဦးကနက်စပြုပြီဖြစ်သော်လည်း ဗိုလ်စိုးဦးလာမှ ထမင်းစားတော့မည်ဟု စိတ်ကူး၍ ဗိုလ်စောဂျက်ဆင် ဟာဒ်ပင်တစ်ပင်ကို မှီထိုင်ရင်း ထိန်နေအောင်သာသော လကို ငေးကြည့်နေမိသည်။

တပ်စိတ်လိုက် ထမင်းချက်နေကြသော မီးရောင်ကလေးများက ဟိုတစ်စ သည်တစ် စ၊ ကြိုကြားကြိုကြား ထွက်ပေါ်လာနေသော ရဲဘော်များ၏ စကားသံများမှ အပ တိတ်ဆိတ်လွန်းနေသော ပတ်ဝန်းကျင်တွင် ဗိုလ်စောဂျက်ဆင်တစ်ယောက် သူ့ကိုယ်သူ အထီးကျန်လွန်းသည်ဟု ခံစားနေမိသည်၊

သည်ကြားထဲ မလှမ်းမကမ်းမှ ရဲဘော်တစ်ဦးက "နတ်သျှင်နောင်" သီချင်းကို တိုးတိုးညည်းနေပြန်သေးသည်၊ အဲသည်ကောင်ကလည်း တော်တော်စာကြေသော အကောင်၊ သီချင်းထဲတွင် ထည့်စပ်ထားသည့် နတ်သျှင်နောင် ကိုယ်တိုင်ရေးခဲ့သော ပို့ဒ်စုံရတုကိုပင် တစ်လုံးမလွဲ ညည်းနေသေး၏၊

"ပြာစင်ရွှန်းလတ်၊ ဖြူပန်းမွတ်လျှင်၊ ကြာညွှတ်ဖယောင်း၊ နေရှိန်ပျောင်းသို့၊ ထင့် လောင်းလွှမ်းဝှန်၊ ရှုလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင် ဖူးရောက်ချင်သည်၊ ငှက်သွင်ပျံ ကြွမတတ်သော" ... တဲ့။

တောက် ... ဘာကိစ္စ ဒီလူကြီးရေးခဲ့သမျှအားလုံး မမနဲ့ လာတူနေရပါလိမ့်။

နောက်ဆုံးမအောင့်နိုင်တော့ဘဲ ဘေးတွင်ချထားသည့် မြေပုံလွယ်အိတ်ဘေးအိတ် ထဲမှ ပလတ်စတစ်လောင်းထားသော ကတ်ပြားကလေးကို ထုတ်ယူ၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်နေမိသည်၊

"ဟားဟား ... မိပြီ၊ မိပြီ။ ပြစမ်း ... ပြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှ ရုတ်တရက် ဗိုလ်စိုးဦးထွက်ပေါ်လာသဖြင့် ဗိုလ်စောဂျက်ဆင် ကတ်ပြားကလေးကို ကမန်းကတမ်း ကိုယ်နောက်သို့ ဆွဲကွယ်လိုက်သည်။ မ ဗိုလ်စောဦးက အတင်းလိုက်လုသည်။

"ဘာလဲဗျ၊ ပြစမ်းပါ။ ကိုဂျက်က ကျွန်တော့်ကို လျှိုစရာလား"

"ဟာ ... ဟေ့ကောင် မလုပ်ပါနဲ့ကွ။ ဒါ ငါ့ရည်းစားပုံ မဟုတ်ဘူး"

"မဟုတ်ဘဲ ခင်ဗျားဆီမှာ ဘာလို့ဓာတ်ပုံရှိနေလဲ။ ခင်ဗျားကရော ဘာလို့ထုတ်ကြ နေလဲ။ မရဘူး ... ပြ"

"ဓာတ်ပုံကို မဟုတ်ပါဘူးကွာ"

"ဓာတ်ပုံမဟုတ်လို့ ဘာလဲ"

"သူ့ကျောင်းသူတုန်းက ကျောင်းသားကတ်ပြား အဟောင်းလေးကွ။ သူ့စာအုပ် တစ်အုပ်ကြားမှာ တွေ့တာ။ ငါ မနေနိုင်လို့ နိုးယူလာတာဟေ့ ... ရှင်းပြီလား"

"မရှင်းဘူး"

"ဘာမရှင်းတာလဲ"

"ခင်ဗျားက ဘာလို့ မနေနိုင်တာလဲ"

ဗိုလ်စောဂျက်ဆင်က ခြေထောက်နှင့် ကန်ဟန်ပြင်တော့မှ ဗိုလ်စိုးဦးက ရှော် တဟားဟားရယ်သည်။

"ငါ့အစ်ကိုကြီး တော်တော်ခံစားတတ်နေပါရောလား၊ ကဲကဲ ... ပြ ... ပြ ကတ်ပြားလည်း ဓာတ်ပုံပါတာပဲ၊ ကြည့်မယ်"

"နေဦး ... မင်း ငါ့ကို အရင် ကတိပေး"

"ပေးတယ်ဗျာ"

"ဟ ... ငါ ဘာမှ မပြောရသေးဘူးလေ"

"ဘယ်သူ့မှ လျှောက်မပြောနဲ့ပဲ ပြောမယ့်ဟာ၊ သိနေတာပဲ"

"ခွေးကောင်၊ လူလည်"

ဗိုလ်စောဂျက်ဆင်က လက်ထဲက ကတ်ပြားကို လှမ်းပေးလိုက်သည်။ ဗိုလ်စိုး ရယ်ကျဲကျဲနှင့် ကျောပိုးအိတ်ဘေးတွင် စွပ်ထားသော လက်နှိပ်ဓာတ်မီးကို ထုတ်ယူ မီးထိုးကြည့်သည်။

ဗိုလ်စိုးဦး မျက်နှာပေါ်မှ အပြုံး လွင့်စင်သွားပါသည်။

မှောင်ထဲတွင် ကတ်ပြားကလေးကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရင်း အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေ သော ဗိုလ်စိုးဦးကို ဗိုလ်စောဂျက်ဆင်က အားမလိုအားမရနှင့် မေးသည်။





"ဟေ့ကောင် ... ဘာဖြစ်သွားတာလဲ၊ သိပ်လှလို့ အံ့သြသွားတာလား"

ဗိုလ်စိုးဦးက လက်နှိပ်ဓာတ်မီးကိုပိတ်၍ကတ်ပြားကိုပြန်ပေးရင်း သက်ပြင်းချသည်။

"သိပ်လှတာတော့လည်း အမှန်ပဲ၊ ဒါပေမဲ့ ကျွန်တော်အံ့သြတာက တခြား အကြောင်းပါ"

ဗိုလ်စောဂျက်ဆင် မျက်မှောင်ကြုတ်သည်။

"ဘာလဲကွ"

"အဲဒါ မသန္တာ မဟုတ်ဘူးလား"

သည်တစ်ခါတော့ ဗိုလ်စောဂျက်ဆင် ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။

"မင်း ဘယ်လိုလုပ်သိသလဲ"

"ကျွန်တော် သူ့အစ်ကိုရဲ့အိုင်အိုပါ ကိုဂျက်ရယ်"

(၁၁)

လရောင်ဖျန်းထားသည့် သိမ်ကျောင်းကြီး၏ ဝရံတာဗိနပ်ချွတ်တွင် ပလတ်စတစ် တစ်စစီခင်း၍ ဗိုလ်စောဂျက်ဆင်နှင့် ဗိုလ်စိုးဦးတို့ စောင်ကိုယ်စီခြုံလှဲလျောင်းနေကြ ပါသည်။

မကြာခဏ လူးလွန့်နေသဖြင့် ဗိုလ်စောဂျက်ဆင် မအိပ်သေးကြောင်း ဗိုလ်စိုးဦး သတိထားမိသည်။ သူလည်း အိပ်မပျော်ပါ။

ဗိုလ်စောဂျက်ဆင်နှင့်မသန္တာတို့အချိန်တိုတိုနှင့်ရင်းနှီးသွားသည့်ကိစ္စကမထူးဆန်း။ မသန္တာလို ကြင်နာတတ်သူတစ်ဦးက သူ့ရှေ့မှာ လာဖျားနေသော မောင်ဘွားအရွယ် စစ်ဗိုလ်ကလေးတစ်ယောက်၊ အထူးသဖြင့် သူ သည်လောက်ချစ်သော အစ်ကို၏ အရင်းနှီးဆုံး တပည့်တစ်ယောက်ကို ကိုယ်ဖိရင်ဖိပြုစုမည်မှာ ဘာမှ ဆန်းကြယ်သော ကိစ္စမဟုတ်။

ကိုဂျက်က မိဘမဲ့တစ်ကောင်ကြွက်။ မသန္တာလောက် လှပသိမ်မွေ့ပြီး ကြင်နာ တတ်သည့် မိန်းမပျိုတစ်ဦး သူ့ကိုပြုစုပေးတာ သာယာမိမှာတော့အမှန်၊ ရူးရူးမူးမူး ချစ်မိသွားစရာလည်း အကြောင်းရှိသည်။

ဒါကြောင့်လည်း ဒီလူကြီး ဆေးရုံ နောက်တစ်ခါဆင်းပြီး နေကောင်းတော့ အရဲစွန့်ပြီး သထုံတစ်ယောက်တည်းပြန်သွား၍မသန္တာကို ရင်ဖွင့်ခဲ့တာ အဆန်းမဟုတ်။

မသန္တာ ငြင်းသည်အထိလည်းမဆန်းသေး။ ဗိုလ်မှူးမြတ်ထွန်း ပြောပြထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းကို နားထောင်ကြည့်လျှင် မသစ္စာသည် ဗိုလ်မှူးမြတ်ထွန်းကလွဲလျှ ဘယ်ယောကျ်ားကလေးအပေါ်မှာမှတိမ်းညွှတ်မည့်သူ မဟုတ်ဘူးဆိုတာ သိသာလှသည်

ကောင်းကင်ပြာကြီးလို တည်ကြည်လှသည့် မိန်းမသား။

တကယ်တမ်း ဆန်းနေတာက ကိုဂျက်က မသစ္စာကို ငြင်းနေသည့်ကြားထဲက အတင်းအကျပ် နားပူနားဆာလုပ်၍ ဆက်ပြောနေသောအခါ မသစ္စာပြန်ပြောခဲ့သည့် စကား။

စဉ်းစားပါမည်တဲ့၊

ဒါ စဉ်းစားစရာလား၊ သူစဉ်းစားမှာ မဟုတ်ဘူးဆိုတာ ဗိုလ်စိုးဦး မှန်းကြည့် ရနေသည်ပဲ၊

ပြီးတော့ သူ့အိမ်ထောင်ရေးကို ဘယ်တော့မှ သူ့အစ်ကိုနှင့် မတိုင်ပင်ဘဲ ဆုံးဖြတ် လေ့မရှိသည့်အတွက် ကိုကို့ကိုလည်း တိုင်ပင်လိုက်ပါဦးမည်တဲ့။

တကယ်တော့ ကိုဂျက်က "ကျွန်တော်တို့စစ်သားဆိုတာ နေ့သေမလား၊ ညသေ မလားမသိဘူး၊ တခြားရည်ရွယ်ထားတဲ့လူမရှိရင် မတုံ့ပြန်နိုင်ရင်တောင် ကျွန်တော့် အချစ်ကို အသိအမှတ်ပြုပေးပါ" ဟုဘာညာနှင့် တော်တော်ဂျီကျခဲ့၍ စကားနည်း ရန် ပြောလိုက်တာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

အဲသလိုဆိုလျှင်တောင် အဲသလို မဖြေသင့်ဟု ဗိုလ်စိုးဦး ထင်သည်၊

သည်မျှ ဆွတ်ချူရန်ခက်သည့် အမြင့်ပန်းတစ်ပွင့်ဆီက သည်မျှ စကားတစ်ခွန်း သည်ပင်လျှင် ဟိုမအူမလည် လူပျိုကြီးကို ရူးသွပ်စေနိုင်လောက်သည်၊

ပြီးတော့ မသစ္စာ ဗိုလ်မှူးမြတ်ထွန်းကို တကယ်သွားပြောလောက်သည်ဟုလည်း ဗိုလ်စိုးဦး တွေးမိပြန်သည်။ မြန်မာပြည်မှာ တွယ်တာစရာ ဆွေမျိုးရင်းချာဆို၍ တစ်ဦး တည်းသာရှိသည့် မသစ္စာအဖို့ ထိုတစ်ဦးတည်းသော အစ်ကိုကို သူ့ကိုချစ်ရေး လာ သော အစ်ကို၏တပည့်အကြောင်းကို သူ ပြန်စဉ်းစားသည်ဖြစ်စေ၊ မစဉ်းစားသည် ဖြစ်စေပြန်ပြောခွင့်ရှိသည်၊ တိုင်ပင်ခွင့်ရှိသည်။ ထိုအခွင့်အရေးကို သူ အသုံးချနိုင်သည်၊

ထိုအခွင့်အရေးသည်ပင်လျှင် ကျောက်ဆောင်ကျောက်သားလို တုံ့ပြန်မှု နည်း လွန်းသည့် ဗိုလ်မှူးမြတ်ထွန်း၏ နလုံးသားကို ဆွဲနှဲ့နိုင်သည့် အပြင်းထန်ဆုံးသော တူချက် ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

မသစ္စာလောက် ဖြူစင်ငြိမ်းချမ်းသည့် မိန်းကလေးတစ်ယောက်က သည်လို အလုပ်မျိုး လုပ်ပါ့မလားဟု သံသယဝင်စရာ တစ်ကွက်တော့ ရှိသည်၊ သည်ကိစ္စ အဆင်မသင့်လျှင် မသစ္စာ နစ်နာမှာကို တစ်ချိန်လုံးစိတ်ပူနေသည့် ဗိုလ်မှူးမြတ်ထွန်းက





တပည့်ကျော်အတွက် နောက်ဆုတ်ပေးသွားတာမျိုးလည်း ဖြစ်နိုင်သည်။ အဆင် သင့်ခဲ့လျှင်တောင် သူတို့ချင်း အဆင်ပြေသွားချိန် မှာ လူရိုးကြီး ကိုဂျက်တစ်ယောက် တော်တော်ခံစားရနိုင်သည်၊

မသစ္စာလို တစ်ဖက်သားအတွက် ဘဝတစ်လျှောက်လုံး ငဲ့ညှာပေးတတ်ခဲ့သော မိန်းမပျိုတစ်ဦးက သည်လိုလုပ်ရပ်မျိုးကို လုပ်ပါ့မလား။

တစ်ဖက်ကလည်း စဉ်းစားကြည့်တော့ ၁၉၈၀ ပြည့်လွန်နှစ်တွေမှာ အသက် ၃၀ အရွယ်ရှိ မိန်းမပျိုတစ်ဦးအတွက် သူ့နှလုံးသားထဲက မျှော်လင့် တောင့်တခဲ့သည့် အရာကို ထုတ်ဖော်ပြသနိုင်ဖို့အတွက် နည်းလမ်း ဘယ်လောက်များ များများစားစား ရှိနိုင်မှာ မို့လို့လဲ။ အဲသလို စဉ်းစားလျှင်တော့လည်း မသစ္စာ မမှားဘူးဟု ဆိုနိုင်သည်၊

ညိုမည်းသည့် မိုးတိမ်တွေမှာ ငွေရောင်အနားကွပ် ရှိနိုင်သလို ဖြူစင်သည့် ဇာပွဲခင်းကလေးပေါ်မှာရော ဖုန်မှုန့်တစ်မှုံ ရှိနေနိုင်သည်ပေါ့၊

ဗိုလ်စိုးဦး အတွေးထဲမှာ နစ်မြောနေစဉ် ဗိုလ်စောဂျက်ဆင်က တိုးတိုးလှမ်း ခေါ်သည်။

"စိုးဦး"

"ပြော ... ကိုဂျက်"

"ငါ ဗိုလ်မှူးကို ပြောလိုက်ရမလား"

ဗိုလ်စိုးဦး မျက်လုံး ကျယ်သွားသည်။

"ကိုဂျက်က ဘာလို့ ပြောချင်ရတာလဲ"

"ငါမပြောဘဲ သူ့ညီမပြောမှ သူသိရင် ဘယ်ကောင်းမှာလဲကွ"

ဗိုလ်စိုးဦး သက်ပြင်းချသည်၊

"ဒါတော့လည်း ဟုတ်တယ်"

"ပြောတော့လည်း မပြောရဲဘူးကွာ၊ အဲဒါ ... မင်းပြောပေးမလား"

ဗိုလ်စိုးဦး တွေဝေစဉ်းစားနေသည်၊

"လုပ်ပါကွာ၊ မင်းနဲ့ ဗိုလ်မှူးက ပိုရင်းပါတယ်"

"အင်းလေ"

"ဘယ်တော့ပြောမှာတုန်း"

"မနက်ဖြန် ခင်ဗျား ပို့င့်တပ်စုနဲ့ ထွက်မယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ညကျ ခင်ဗျား အဲဒီမှာ အိပ်မှာဆိုတော့ ခင်ဗျားမရှိတုန်း ကျွန်တော် ဗိုလ်မှူးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မယ်လေ"

"ကြည့်တော့ပြောနော် ဟော့ကောင်၊ ငါ ကြောက်တော့ အကြောက်သား"

နှစ်ဦးသား တိတ်ဆိတ်သွားကြပြန်သည်။

(၁၂)

ဗိုလ်စောဂျက်ဆင်က စစ်ကြောင်း(၁)၏ ပွိုင့်တပ်စုကို ဦးဆောင်၍ ခါးရှည်တစ်လက် လက်ကကိုင်ပြီး လမ်းမပေါက်သော တောထဲသို့ ခုတ်ထွင်ရှင်းလင်း၍ ရှေ့ရှိတက်သည်၊

ဗိုလ်မှူးမြတ်ထွန်းဦးစီးသော စစ်ကြောင်းရုံးနှင့် တပ်ခွဲသုံးခွဲက နောက်မှ လိုက်သွားသည်၊ ရှိပြီးသားလမ်းကြောင်းပေါ်လျှောက်လျှင် မိုင်းအန္တရာယ်ရှိတတ်၍ ဗိုလ်မှူးမြတ်ထွန်း ဘယ်တော့မှသုံးလေ့မရှိ၊

ညမှောင်လာသောအခါ တောထဲတွင် တပ်ခွဲသုံးခွဲကို ဖြန့်၍နေရာယူစေသည်၊ ဗိုလ်စောဂျက်ဆင်က ထိပ်ဆုံးသို့ရောက်နေသော တပ်ခွဲ(၂)နှင့်အတူ တောင်ကုန်းငယ်ကလေးတစ်ခုပေါ်မှာ တပ်စွဲသည်၊

ဗိုလ်မှူးမြတ်ထွန်း စတီးလ်ရေဘူးကလေးကို ဖွင့်နေချိန်တွင်ပင် ဗိုလ်စိုးဦး အနားသို့ ချဉ်းကပ်လာသည်၊

"လာ ... စိုးဦး ဘာထူးလဲ"

"ဘာမှ မထူးပါဘူး ... ဗိုလ်မှူး"

ဗိုလ်စိုးဦးက မနေ့က ရွာထဲက ဝယ်လာခဲ့သော အာလူးကြော်ထုပ်ကို ထုတ်ယူ၍ ဗိုလ်မှူးမြတ်ထွန်းရှေ့ချပေးသည်၊ အတန်ကြာအောင် စဉ်းစားနေပြီးမှ စ ပြောသည်၊

"ကိုဂျက်အကြောင်း ပြောမလို့ ... ဗိုလ်မှူး"

ဗိုလ်မှူးမြတ်ထွန်းက ဆေးလိပ်ကို မီးညှိရင်းက မော့ကြည့်သည်။

"ဂျက်က ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး ... ဗိုလ်မှူး၊ သူက ဗိုလ်မှူးကို မပြောရဲလို့"

ဗိုလ်မှူးမြတ်ထွန်းက တိုးတိုးရယ် သည်၊

"ခွေးကောင်၊ ငါ့နမကို ကြိုက်သွားပြီနဲ့ တူတယ်"

ဗိုလ်စိုးဦးက ငြိမ်နေသည်၊ ဗိုလ်မှူးမြတ်ထွန်းက ဆေးလိပ်ကို တစ်ဖွာ၊ နှစ်ဖွာဖွာပြီးမှ ခေါင်းညိတ်သည်၊

"လှတာရယ်၊ ယဉ်ကျေးသိမ်မွေ့တာရယ်၊ ဖြူစင်လွန်းတာရယ် ပေါင်းထားတာ၊ ဘယ်ယောက်ျားမဆို တွေ့တာနဲ့ မြတ်နိုးကြတတ်တာပဲ၊ ငါက စိတ်ထဲမှာ တစ်သက်လုံး ညီမလေးအရင်းကလေးလို မြင်နေခဲ့လို့ အဲဒါကို အမှတ်တမဲ့ ဖြစ်နေတာ၊ ကဲ ... ပြောစမ်းပါဦး သူတို့အခြေအနေ"

ဗိုလ်စိုးဦးက မနေ့ညက သူ့ကို ဗိုလ်စောဂျက်ဆင် လာပြောပြသမျှ အားလုံး ပြန်ပြောလိုက်သည်။

ဗိုလ်မှူးမြတ်ထွန်းက တိတ်ဆိတ်စွာပင် အစအဆုံး နားထောင်နေသည်။ ပြီးမှ တိုးတိုးရယ်သည်။

"ခွေးကောင်။ အပုံအပန်းနဲ့ သွက်စရာရှိတော့ အသွက်သား။ အေးလေ ... သူတို့ချင်း အဆင်ပြေလည်း ငါက ဘာမှ ပြောစရာမရှိပါဘူး"

ဗိုလ်စိုးဦး ခေါင်းခါသည်။

"သူတို့ချင်းအဆင်ပြေဖို့ဆိုတာက မသစ္စာက ကိုဂျက်ကို ရွေးမှဖြစ်မှာ၊ မသစ္စာက ဗိုလ်မှူးကိုကျော်ပြီး ဘယ်သူ့ကိုမှ ရွေးမှာမှမဟုတ်တာ"

ဗိုလ်မှူးမြတ်ထွန်းက ဆေးလိပ်ကို ထပ်ဖွာသည်။

"အထင်နဲ့ မဆုံးဖြတ်နဲ့လေကွာ"

ဗိုလ်စိုးဦး ခေါင်းတချက်ဆတ်သည်၊

"တကယ်တမ်းကျတော့ ကျွန်တော်တို့ ဘယ်သူ့မှာမှ ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး၊ ဆုံးဖြတ်ရမယ့်သူက မသစ္စာကိုယ်တိုင်ပဲ မဟုတ်ဘူးလား၊ အဲဒီ အခွင့်အရေးမသစ္စာကို ပေးလိုက်ပါ ... ဗိုလ်မှူးရယ်"

ဗိုလ်မှူးမြတ်ထွန်း မျက်မှောင်ကြုတ်၍ ကြည့်သည်၊

"ငါက မပေးလို့လား၊ မင်းပြောတာ ငါ မရှင်းဘူး"

"ရှင်းရှင်းလေးပါ ဗိုလ်မှူးရယ်၊ ဗိုလ်မှူး ခုထက်ထိ သူ့ကို မပြောရသေးတဲ့ စကားတစ်ခွန်း ပြောလိုက်ပါ၊ ကိုဂျက်က ပြောပြီးသားပဲ၊ ဆုံးဖြတ်ပိုင်ခွင့်က မသစ္စာ ရပါစေ၊ မသစ္စာ ဆုံးဖြတ်ချက်ကို သိရပြီးမှပဲ ဒီကိစ္စ ကျွန်တော်ကိုဂျက်နဲ့ ပြောတော့မယ်"

ဗိုလ်မှူးမြတ်ထွန်းက မှောင်ထဲကို ငေးကြည့်ရင်း ဆေးလိပ်ကို သဲကြီးမဲကြီး ဆက်ဖွာနေပါသည်၊

(၁၃)

မနက်စောစော စစ်ကြောင်းရှိ ရဲဘော် အားလုံး ခရီးဆက်ရန် အဆင်သင့်ဖြစ်ပြီးသောအခါ ဗိုလ်စိုးဦးက ဗိုလ်မှူးမြတ်ထွန်းထံ သတင်းပို့သည်၊







www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလဲ ... စိုးဦး"

"ဂျူပုဟာက ဒီည မဖြစ်ဖြစ်တဲ့နည်းနဲ့ အာလူးဖားပုံအရောက် ချီတက်ပါတဲ့"

ဗိုလ်မှူးမြတ်ထွန်း ခေါင်းညိတ်သည်၊

"ဟိုက ငါတို့ အထိုင်တစ်က လူနာများနေတယ်၊ များနေမှန်းလည်း တစ်ဖက်က သိတော့ ဝင်လုံးနိုင်တယ်။ အဲဒါအတွက် ငါတို့ကို ဆွဲကပ်တာဖြစ်နိုင်တယ်။ ခွင်ကရန် ခွင်ထဲရောက်နေပြီ၊ အားလုံးအသင့်ရှိပါစေ။ သတိဝီရိယ ရှိပါစေကွာ။ စက်လည်းလိုမှဖွင့်"

"ဟုတ်ကဲ့ပါ ဗိုလ်မှူး"

ဗိုလ်မှူးမြတ်ထွန်းက ခါးအိတ်မှ ပစ္စတိုကို ဆွဲထုတ်ယူ၍ မောင်းတစ်ချက် တင်ပြီး ပြောင်းရင်းထဲသို့ ကျည်တစ်တောင့် ဝင်အောင်ထည့်လိုက်သည်၊ ပြီးမှ မောင်း လက်မနင့်ထိန်း၍ ဖြည်းဖြည်းပြန်ချပြီး လုံခြုံရေးခလုတ်ကို ပိတ်လိုက်သည်။ ခါးအိတ် ထဲသို့ ပြန်ထည့်သည်၊

"ကဲ ... ထွက်စို့"

တစ်နေ့လုံးဒုန်းစိုင်းနှင်ခဲ့ကြပြီး ညနေစောင်း သက်ဆိုင်ရာ ရည်ညွှန်းရပ်ကို ရောက်ချိန်တွင် ပစ်ခတ်ပေါက်ကွဲသံများကို စကြားရသည်၊ ထင်ထားသည့်အတိုင်း မိမိဘက်က စစ်ကြောင်းတစ်ကြောင်း တပ်စွဲရာကို ရန်သူက အလုံးအရင်းနှင့် ဝင်တိုက် ခြင်း ဖြစ်သည်၊

ဂျူပုဟာကို တင်ပြ၍ ဗိုလ်မှူးမြတ်ထွန်း ချက်ချင်းစစ်ကူလိုက်သည်။

ပွိုင့်ကုန်းတစ်ခုလုံး ရန်သူ့လက်သို့ကျ ပြီး ပင်မစခန်းကုန်းကို ရန်သူက ခေါင်း မဖော်နိုင်လောက်အောင် ပစ်ခတ်တိုက်ခိုက်နေချိန်မှာ ဗိုလ်မှူးမြတ်ထွန်း၏ စစ်ကြော တစ်နင့် တပ်ခွဲတစ်ခွဲတို့ ရန်သူ့ကျောဘက်သို့ အသံတိတ် ချဉ်းကပ်နိုင်ခဲ့သည်။

တစ်ညလုံး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားပြီးနောက် ရန်သူ့တပ်များ ပြန်လည် ဆုတ်ခွာ ထွက်ပြေးသွားသည်၊

ရန်သူစွဲထားသောနေရာမှပြန်လည်သိမ်းဆည်းရမိသော မိမိလက်နက်နှင့်ရိက္ခာ များကို ခွဲထောက်တပ်ကြပ်ကြီးအား စစ်ဆေးစေ၍ အတိုက်ခံရသော စစ်ကြောင်း၊ ပြန်လည်အပ်နှံပြီး ဗိုလ်စောဂျက်ဆင်နှင့် တပ်စုနှစ်စုကို ရန်သူဆုတ်လာလမ်းနောက် လိုက်၍ ရှင်းလင်းစေလိုက်သည်၊

"ဗိုလ်မှူးရယ် ... ကျွန်တော့်အသက်ရော၊ မျက်နှာရော ခင်ဗျားပေးသလောက် ကျန်တော့တာပါဗျာ၊ ကျေးဇူးတင်ပါတယ်"

အတိုက်ခံရသော စစ်ကြောင်းမှူးက တုန်တုန်ရီရီနှင့်ပြောတော့ ဗိုလ်မှူးမြတ်ထွ





နတတ်ပါ၊

"စစ်တိုက်တယ်ဆိုတာ အမြဲတမ်းနိုင်ရမယ်လို့ရော ဘယ်တွက်လို့ရမလဲဗိုလ်မှူးရယ်၊ သူ လက်ဦးတဲ့အခါလည်း ရှိဦးမှာပေါ့"

သူတို့နှစ်ဦး စကားစပြောနေချိန်မှာပင် ဗိုလ်စောဂျက်ဆင်တို့ လိုက်သွားသည့် က်မှ လက်နက်ငယ်များ အတွဲလိုက်ပစ်သံ ထွက်လာသည်၊

(၁၄)

ဗိုလ်စောဂျက်ဆင်က ဒုဗိုလ်ကလေးတစ်ဦးကို တွဲခေါ်ရင်း စခန်းကုန်းပေါ် တက်လာသည်။ ဒုဗိုလ်ကလေး၏ ကာဘိုင်သေနတ်ကို သူ့ပခုံးမှာလွယ်၍ သူ့ နတ်ကို လက်ကကိုင်ထားသည်၊

နောက်တွင်လည်း ဝါးလုံးဖြင့် သယ်လာသော ထမ်းစင်နှစ်ခုကို မြင်ရသည်၊ လ်စိုးဦးက စိတ်ပူစွာဖြင့် အပြေးတစ်ပိုင်း ချဉ်းကပ်သွားသည်။

"ငါးယောက်ထဲ ဝပ်စောင့်နေပြီး ကပ်ခေါင်းလုပ်တာကွာ၊ လုံးထွေးပစ်လိုက်ရတယ်"

"ဘာဖြစ်ကြသေးလဲ"

"ဒီကောင့်ပခုံးထဲမှာ နှစ်ထောင့် လောက်ရှိမယ်၊ ရဲဘော်နှစ်ယောက်တော့ ခြေထောက်ဖြတ်မှန်လို့ ထမ်းလာရတယ်၊ ဒီလောက်ပါပဲ"

"ဒီကောင်တွေရော"

ဗိုလ်စောဂျက်ဆင်က သူ့ရဲဘော်များ သယ်လာသော ရန်သူ့သေနတ်ရှည် လက်ကို မေးငေါ့ပြသည်။

ဗိုလ်စိုးဦးက လူနာများကို ဆေးလက်ထောက် အရာခံဗိုလ်ကြီးအားအပ်နှံ၍ လ်မှူးမြတ်ထွန်းနှင့် အတိုက်ခံခဲ့ရသော စစ်ကြောင်းမှူးတို့ စကားပြောနေရာသို့ ၍ အကျိုးအကြောင်း သတင်းပို့သည်၊

ဗိုလ်စောဂျက်ဆင်က နောက်မှလိုက်တက်လာသည်၊ ဗိုလ်မှူးမြတ်ထွန်းက ကြောင်းမှူးကို ဗိုလ်စောဂျက်ဆင်နှင့် မိတ်ဆက်ပေးသည်၊

"ဒါ ... စောဂျက်ဆင်တဲ့၊ ကျွန်တော့်ဆီက ဗိုက်တာပေါ့။ ဒီကောင့်ကို ကပ်ခေါင်း ရမိတာ ဟိုကောင်တွေ ကံခေသွားတာပေါ့။ ကဲ ... နားဦးလေကွာ ... ဂျက်၊ စိုးဦးက ဟာကို သတင်းပို့၊ ဒဏ်ရာရ နောက်ထပ်သုံးယောက်လို့"

"ဟုတ်"

နှစ်ဦးသား အလေးပြု၍ လှည့်ထွက်ဟန် ပြင်စဉ်မှာပင် ဗိုလ်မှူးမြတ်ထွန်းက



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်သည်။

"ဟေ့ ဂျက်၊ မင်းခါးမှာ သွေးတွေနဲ့ပါလား၊ ဟိုကောင့်သွေးလား၊ ဟား ... [illegible] အင်္ကျီလည်းစုတ်နေတယ်၊ မင်း ထိထားတယ်ထင်တယ်"

ဗိုလ်စောဂျက်ဆင်က ငုံ့ကြည့်သည်။ သူ့ ဘယ်ဘက်ခါးတွင် အင်္ကျီက တစ်[illegible]သည်။ တိတိရိရိ ပြဲနေပြီး သွေးအနည်းငယ် စိုနေသည်။

"လှံစွပ်ရှတာဖြစ်မယ် ဗိုလ်မှူး။ တစ်ကောင်လှံစွပ်နဲ့ ဘွားခနဲပေါ်လာလို့ ကျွန်[illegible] ပစ္စတိုနဲ့ ပစ်လုံးလုံးလိုက်ရသေးတယ်"

စစ်ကြောင်းမှူးက ပခုံးတွန့်သည်။

"ဗိုလ်မှူးတပည့်တွေကလည်း ဇော်တွေ ရှည်းပါပဲလား"

ဗိုလ်မှူးမြတ်ထွန်းက ပြုံးသည်။

"အေးလေ ... လှံစွပ်ရှတာလည်း ဒဏ်ရာပဲ၊ ဆေးတော့ထည့်ဦးမှပေါ့။ စိုး[illegible] ဒါဆို ဗျူဟာကို ဒဏ်ရာရ လေးယောက်လို့ပြောလိုက်"

(၁၅)

အဲသည်ည စစ်ကြောင်းမှူးနှင့်အတူ ထမင်းစားနေသော တဲအတွင်းသို့ ဗိုလ်[illegible] နှင့်အတူ ဗိုလ်စောဂျက်ဆင်ပါ လိုက်လာ၍ တစ်ခုခုတော့ အရေးကြီးနေပြီဟု ဗိုလ်[illegible] မြတ်ထွန်း သဘောပေါက်လိုက်သည်။

ပြီးတော့ တဲနံရံတွင် မြေပုံတစ်ခုရှိနေပါလျက်နှင့် ဗိုလ်စိုးဦးက သူ့ကိုယ်ပိုင်မြေ[illegible] ယူလာသည်။ ဗျူဟာမှ ညွှန်ကြားချက်ကို နားထောင်စဉ်က သူ့မြေပုံပေါ်မှာ အ[illegible] အသားတွေ တော်တော်လုပ်ခဲ့ရသည်မှာ ထင်ရှားသည်။

"ဘာအရေးကြီးလဲကွ ... စိုးဦး"

ဗိုလ်စိုးဦးက ဝါးစားပွဲကလေးပေါ်တွင် မြေပုံကို ချသည်။ စခန်းထိုင် စစ်ကြော[illegible] ကပါ စိတ်ဝင်စားစွာ လိုက်ကြည့်သည်။

"ကျွန်တော်တို့စစ်ကြောင်း(၁)နဲ့ နှစ်ခွဲ နက်ဖြန် စထွက်ပါတဲ့။ ပွိုင့် ၁၀၈[illegible] မနက်ဖြန်ည နေရာယူပြီးရမယ်တဲ့ ဗိုလ်မှူး"

ဗိုလ်မှူးမြတ်ထွန်း မျက်မှောင်ကြုတ် သည်။

"၁၀၈၈ ... အဝေးကြီးပါလား။ ဘာဖြစ်လို့လဲ ... နီလာဖားပျံကြီးကို ဝင်[illegible] တော့မလို့လား"





"ဖြစ်နိုင်တယ်ဗိုလ်မှူး။ ၁၈ ရယ်၊ ၁၉ ရယ်က စစ်ကြောင်းရုံးနဲ့ နှစ်ခွဲ စီပါလာနေပြီ။ [illegible]ဟာဒီနေရာတွေမှာ ဒီည အခြေပြုကြမယ်"

ဗိုလ်စိုးဦးက မြေပုံပေါ်တွင် နီပြာခဲတံ ဖြင့် မှတ်ထားသော နေရာများကို ထောက် [illegible]သည်။

"လူနာတွေအားလုံးနဲ့ တပ်ခွဲတစ်ခွဲ ထားခဲ့ရမယ်။ တပ်စုတစ်စုက လူနာတွေကို [illegible]ဟာအရောက်ပြန်ပို့ရမယ်။ နှစ်စုက ဒီစစ်ကြောင်းကို အားဖြည့်ပြီး စောင့်နေခဲ့ရမယ်တဲ့"

ဗိုလ်မှူးမြတ်ထွန်း ခေါင်းတချက်ဆတ်သည်။ ဗိုလ်စိုးဦးက ဆက်ပြောသည်။

"လက်နက်ကြီးတွေ ပါလာပါစေတဲ့။ ပြီးတော့ အမာဆုံး လူ ၃၀ ထက်မနည်း [illegible]တဲ့ ကွန်မန်ဒိုတပ်စုတစ်စု ကြိုတင်ဖွဲ့စည်းပါတဲ့"

"သေချာပြီပေါ့ကွာ။ နီလာဖားပျံ ဝင်စီးခိုင်းတော့မှာပါ။ ဒီလောက် ချက်ချင်းစီစဉ် [illegible]ထက်တော့ ကမာခေါင်းပေါင်းစခန်းထဲ မှာ ရောက်နေတာ သတင်းရလို့ပဲ ဖြစ်မယ်"

ဗိုလ်မှူးမြတ်ထွန်း မှတ်ချက်ပေးတော့ အားလုံးခေါင်းညိတ်ကြသည်။

ဗိုလ်စောဂျက်ဆင်က ဝင်ပြောသည်။

"ကျွန်တော် အဲဒါ ဗိုလ်မှူးကို တင်ပြချင်လို့ပါ"

"ဆို"

"ကွန်မန်ဒိုတစ်စုဖွဲ့ရင် ကျွန်တော်လုပ်ပါရစေ"

ဗိုလ်မှူးမြတ်ထွန်း ငေးငိုင်သွားပါသည်။

(၁၆)

နောက်တစ်နေ့မနက်တွင် ဗိုလ်မှူးမြတ်ထွန်း တပ်ခွဲမှူး၊ တစ်စုမှူးများကို ခေါ်တွေ့ [illegible]သည်။ ဗိုလ်စိုးဦးက မြေပုံမှာ တုတ်ထောက်၍ ဗျူဟာမှပေးသော အမိန့်ကို ရှင်းပြသည်။ [illegible]မှ ဗိုလ်မှူးမြတ်ထွန်းက ဝင်ပြောသည်။

"ကျွန်တော့်အစီအစဉ်ကတော့ ခွဲ(၂)ကို ဒီမှာထားခဲ့မယ်"

တပ်ခွဲ(၂)တပ်ခွဲမှူးက ခေါင်းညိတ်ပြသည်။ တပ်ခွဲ(၂)မှာ လက်ရှိဗိုလ်စောဂျက်ဆင် [illegible]နေသော တပ်ခွဲဖြစ်နေသဖြင့် ဗိုလ်စောဂျက်ဆင်က ခေါင်းထောင်ကြည့်သည်။ [illegible]လ်မှူးမြတ်ထွန်းကလည်း သူ့ကို ပြန်ကြည့်သည်။

"ဂျက်"

"ဟုတ်ကဲ့ ... ဗိုလ်မှူး"

"အေးကွာ ... ငါ့ညီ၊ မင်း စိတ်ဓာတ်ကိုတော့ လေးစားပါတယ်၊ ဒါပေမဲ့ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရထားတဲ့လူဖြစ်နေတော့ မင်း ဖော်လံတီယာလုပ်တာကို ငါပယ်လိုက်တယ်”

“ဗိုလ်မှူး”

ဗိုလ်စောဂျက်ဆင် မကျေမနပ်ဖြင့် နေရာမှ ထသည်။

“တော် ...ဂျက်၊ ဒါအမိန့်ပဲ။ မင်း တပ်စုက အခု ဒဏ်ရာရတဲ့လူနာတွေကို ဖျူဟာ ပြန်ပို့ဖို့ နေခဲ့ရမယ်၊ ဒါပဲ”

ဗိုလ်စောဂျက်ဆင်က ပေရင်းရင်းနှင့် ဆက်ရပ်နေသေးသဖြင့် ဘေးကထိုင်နေသော သူ့တပ်ခွဲမှူးက သူ့လက်ကို မသိမသာဆွဲ၍ ထိုင်ခိုင်းလိုက်သည်။

ဗိုလ်မှူးမြတ်ထွန်းတို့စစ်ကြောင်းရှုံးနှင့် တပ်ခွဲနှစ်ခွဲတို့ ချီတက်ရန် ပြင်ဆင် နေချိန်မှာတော့ ဗိုလ်စောဂျက်ဆင်တစ်ယောက် ဗိုလ်စိုးဦး ပြင်ဆင်နေသည့်နား စိတ်ပျက်လက်ပျက် သွားထိုင်နေပါသည်။

ဗိုလ်စိုးဦးက ကျည်ခါးပတ်ကို ပတ်ရင်းက အားပေးသည်၊

“ကိုဂျက်ရယ်၊ ဗိုလ်မှူးပြောတာ နည်းလမ်းကျပါတယ်။ တစ်ယောက်ထားခဲ့ရမယ် အတူတူတော့ ဒဏ်ရာရတဲ့သူပဲ သူထားခဲ့တော့မှာပေါ့”

“ဒီဒဏ်ရာကလေးများကွာ”

“ချတုန်းကလည်း ချပြီးပြီပဲကွာ၊ နားတဲ့အလှည့်လည်း နားပေါ့”

ဗိုလ်စောဂျက်ဆင်က စိတ်ပျက်လက်ပျက် ခေါင်းခါသည်၊

“ဒါ သိပ်ကြီးမယ့်ပွဲကွ။ အရေးအကြီးဆုံးအချိန်မှာ ငါ ဗိုလ်မှူးနားမှာ ရှိနေချင် တယ်ကွာ။ မပြောကောင်းမဆိုကောင်း ဗိုလ်မှူးများ တစ်ခုခုဖြစ်ခဲ့ရင် ပါမလာခဲ့တဲ့ ... မမကို မျက်နှာပြရဲပါတော့မလား စိုးဦးရာ၊ မင်း စဉ်းစားကြည့်စမ်းပါ”

ဗိုလ်စိုးဦး နှုတ်ဆွံ့အသွားပါသည်၊

အားလုံး အဆင်သင့်ဖြစ်သောအခါ ဗိုလ်စိုးဦးက ဗိုလ်မှူးမြတ်ထွန်းကို သတင်းပို့သည်၊ ဗိုလ်မှူးမြတ်ထွန်းက သောက်လက်စဆေးပေါ့လိပ်ကို စည်သွပ်ဘူး ပြာခွက်ထဲထိုးချေလိုက်သည်၊

“မလိုအပ်ဘဲ အသံမထွက်ဖို့ သတိပေးပြီးပြီလား”

“ဟုတ်ကဲ့ဗိုလ်မှူး၊ ရေဒီယို ဘလက်အောက်ပါ လုပ်ထားပါတယ်”

“ကောင်းတယ်၊ ဂျက်ရော”

“စခန်းထိပ်မှာ စောင့်နေပါတယ် ဗိုလ်မှူး”

ဗိုလ်မှူးမြတ်ထွန်းက ဖွဖွရယ်သည်၊ ထုံးစံအတိုင်း ခါးမှာ ပစ္စတိုကို မောင်းတင် ပြောင်းရင်းထဲသို့ ကျည်တစ်တောင့်ထည့်ပြီး လုံခြုံရေးခလုတ်ကို ပြန်ပိတ်၍ ခါးထဲ ပြန်ထိုးလိုက်သည်။

ပြီးတော့ တစ်ယောက်တန်း အဆင်သင့်တန်းစီထားသော စစ်ကြောင်းကြီးဆီ လျှောက်လာခဲ့သည်။

နောက်ချန်နေခဲ့မည့် တပ်ခွဲမှူးနှင့် ဗိုလ်စောဂျက်ဆင်က ဆီး၍အလေးပြုသည်၊

“ကဲ ... အားလုံးပဲ ... သွားမယ်ဟေ့”

“ဟုတ်ကဲ့ ... ဗိုလ်မှူး၊ ဂွတ်လပ်”

အားလုံး အလေးပြုနှုတ်ဆက်ကြသည်၊ ဗိုလ်မှူးမြတ်ထွန်းက အလေးပြန်ပြု၍ တောင်ဆင်းလမ်းကလေးအတိုင်း လမ်းလျှောက်ဆင်းသွားသည်။

တရွေ့ရွေ့ကွယ်ပျောက်သွားသော ဗိုလ်မှူးမြတ်ထွန်း၏ ကျောပြင်ကို ဗိုလ်စောဂျက်ဆင် ငေးကြည့်၍ ကျန်ခဲ့ပါသည်၊

(၁၇)

“ကိုမြတ်ထွန်း ... ဘာတင်ပြစရာရှိလဲ”

“မရှိပါဘူး ... အဘ”

ဗျူဟာမှူးကြီးက ခေါင်းညိတ်သည်၊

“အေးဗျာ ... ခင်ဗျားစစ်ကြောင်းကတော့ အသက်ပဲ၊ တခြားတပ်ရင်းနှစ်ရင်းက ဖိတ်ပေးထားတဲ့အချိန်မှာ ခင်ဗျားက အလယ်တည့်တည့် ဝင်ဆောင့်ထည့်လိုက်ရမယ့် သဘောကို ရှိနေတယ်။ ပစ်အားကို စိတ်ကြိုက်သာသုံး၊ လိုတာအားလုံး တောင်းသွား”

ဗိုလ်မှူးမြတ်ထွန်းက စဉ်းစားနေပြီးမှ ပြန်ပြောသည်၊

“ကျွန်တော် ဆက်သွယ်ရေးစက်နှစ်လုံးလောက် ထပ်လိုချင်တယ်။ ကျားထိုးတဲ့ အချိန်ကျရင် ထိုးစစ်မျက်နှာစာက ခါတိုင်း ထက်ကျယ်နေတယ်၊ အမိန့်ပေး ကွင်းဆက် ကောင်းအောင်လို့ပါ။

ဗျူဟာမှူးက အခြားတပ်ရင်းမှ တပ်ရင်းမှူးတစ်ဦးကို လှည့်ကြည့်၍ ပြောသည်။

“ခင်ဗျားပေးလိုက်ဗျာ။ ကောင်းတာလေးတွေ ရွေးပေးလိုက်ပါ”

“ဟုတ်ကဲ့ပါ ... အဘ”

ဗျူဟာမှူးက ဗိုလ်မှူးမြတ်ထွန်းဘက် ပြန်လှည့်ကြည့်သည်။

“ခင်ဗျားလက်စလက်နကိုသိလို့ ဟိုဘက်ခွင်ထဲကနေကို ဆွဲသွင်းပြီး ဝင်ဆောင့် ခိုင်းတာ။ စိတ်ချချင်တယ်ဗျာ”

“ဟုတ်ကဲ့ပါအဘ”







www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အားလုံး၊ ကံကောင်းပါစေ"

အားလုံးနေရာမှထ၍ အလေးပြုကြသည်။

ဗိုလ်မှူးမြတ်ထွန်းဗိုလ်စိုးဦးနှင့်အတူ တဲအပြင်ဘက်သို့ ထွက်လာသည်။

အရက်သည် ဇွေးဇွေးနီလျက် ရှိနေရှေသည်။

(၁၈)

မိုးသီးမိုးပေါက်များ ပြိုကျလာသည့် အလား လက်နက်ကြီးကျည်ဆံများ ရန်သူ စခန်းထဲသို့ တရစပ်ပြိုဆင်းသွားသည်။

ဗိုလ်မှူးမြတ်ထွန်းနှင့် ဗိုလ်စိုးဦးတို့ စစ်ကြောင်းလည်း ပစ်ရင်းခတ်ရင်း နောက်မလှည့်တန်း တရကြမ်းတက်သွားကြသည်။

ခိုင်ခန့်သော အတားအဆီးများကိုရင်ဆိုင်ရသည်။ သဲမှုန်များဖြင့် ဆီးပက်သည့်နှယ် ကျည်ဆံများက ပလူပျံနေသည်။ ထိ သူထိ၊ လဲသူလဲ၊ သေသူသေဖြစ်နေသည့်ကြား ထဲက ဗိုလ်မှူးမြတ်ထွန်းတို့ အရှိန်တစ်ချက်မှ တုံ့မသွားဘဲ ပစ်ရင်းခတ်ရင်း ဆက်တက် သွားကြသည်။

"ဒဏ်ရာရရင် တိုက်ပွဲပြီးမှ ပြန်ခေါ်မယ်"

သည်အမိန့်က အစကတည်းက ပေးထားပြီး ဖြစ်သည်။

ဆူညံစွာ ထွက်ပေါ်နေသော လက်နက်မျိုးစုံ အသံများကို နားထောင်ရင်းက ဗျူဟာမှူးလည်း ရင်မနေရသည်။

"ဒီကောင် ငယ်သလောက် မာတယ်ကွ။ ဒါကြောင့် သူ့ကို ချနိုင်းတာ"

ဗျူဟာမှူးက စစ်ဦးစီး တတိယတန်း ဗိုလ်ကြီးကို လှည့်ပြောသည်။

ပစ်ခတ်သံများက အချိန်ကြာမြင့်စွာ ဆက်လက်ထွက်ပေါ်နေသည်။

"ဟာ ... ဒါ နှစ်လက်မ မော်တာသံမဟုတ်ဘူးလား၊ ဒီကောင်တွေ ကပ်သွားပြီ ထင်တယ်"

ဗျူဟာမှူးက လှမ်းမေးသည်။ ဗိုလ်ကြီးက ဆက်သွယ်ရေးစက်ကို ကိုယ်တိုင် သွားပြော၍ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ကျားထိုးတော့မယ် အဘ၊ လုံ့စွပ်တပ်နိုင်းနေပြီ"

"ကောင်းကွာ၊ မြတ်ထွန်းကတော့ မြန်တယ်ဟေ့"

"သူ ထိထားတယ်တဲ့ အဘ"

"ဘာကွ"





"ပုခုံးနဲ့ ပါးမှာ ထိထားတယ်တဲ့၊ စိုးဦးပြောတာ။ ဒါပေမဲ့ ရတယ်ဆိုပြီး ပြန်ထပြီး ဆက်တက်သွားတယ်တဲ့"

"ဟာကွာ ... ဒီကောင်"

ဗိုလ်မှူးမြတ်ထွန်းအတွက် စိတ်ပူနေရင်းကပင် သည်မျှအရေးပါသောအချိန်တွင် ဗိုလ်မှူးမြတ်ထွန်းကိုယ်တိုင် ဦးစီးမှာ ဖြစ်မည်ကိုလည်း ရိပ်စားမိနေသည်။

ရှေ့မျက်နှာစာတွင်တော့ တစ်စဲနက်သော ကျားထိုးသံကြီး ထွက်ပေါ်လာပြီး ကြာခင် ရန်သူ့စခန်း ကျဆုံးသွားပါသည်။

တပ်ခွဲမှူးတစ်ဦးက ကိုယ်တိုင်ဆက်သွယ်ရေးစက်ပေါ်မှာ ဗျူဟာမှူးကိုလာသတင်း ပို့သည်။

"နီလာဖားပျံကို မြို့ပြီးပါပြီ အဘ"

"ကောင်းတယ်ဟေ့၊ တပည့်တွေ သတိထားနိုင်း၊ မိုင်းတွေ ကျန်ခဲ့နိုင်တယ်။ ခုပြောတာ ဘယ်သူလဲ"

"ဗေဒါကမာ ဇော်ထူးပါ အဘ"

"ဗေဒါမာလာ မြတ်ထွန်းရော"

"သူ ထိထားပါတယ် အဘ"

"ပခုံးနဲ့ ပါးဆို"

"အဲဒါ အတက်မှာ ထိတာပါအဘ။ သူ ပြန်ထပြီး ဆက်တက်သွားပါတယ်၊ သူ ကိုယ်တိုင် ဦးစီးသိမ်းတာပါ၊ အသိမ်းမှာ ညာဘက်ရင်ဘတ်နဲ့ ညာဘက်ပေါင် ထပ်ထိ ထားပါတယ်အဘ။ လက်နက်ငယ်တွေ ချည်းပါပဲ။ အခုချက်ချင်းပြန်ပို့ဖို့ လုပ်နေပါတယ် အဘ"

"ဟာကွာ ... အေးအေး မြန်မြန်ပို့"

ဗျူဟာမှူး တောက်တစ်ချက် ခေါက်မိသည်။

"ဖြစ်ရလေ မြတ်ထွန်းရာ"

(၁၉)

ဗျူဟာဆေးမှူး တဲထဲမှထွက်လာသောအခါ ဗျူဟာမှူးက စိုးရိမ်တကြီးမျက်နှာနှင့် စောင့်ဆိုင်း၍ နေပါ၏။

"အခြေအနေကောင်းရဲ့လား ... ဒေါက်တာ"

ဆေးမှူးက သက်ပြင်းချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့ဒဏ်ရာတွေက သိပ်မဆိုးပါဘူး၊ ညာဘက်ရင်ဘတ်တစ်ချက်က သိပ်စိတ်မချရဘူး၊ အမြန်ဆုံးပို့နိုင်မှ ကောင်းမယ်"

"ပို့မှာ ... ဒေါက်တာ။ ဒီကနေ ရဟတ်ယာဉ်ဆင်းလို့ရတဲ့နေရာအထိ မနားတမ်းသယ်မှာ၊ ရဟတ်ယာဉ်လည်း ခေါ်ခိုင်းထားတယ်"

ဆေးမှူးက ပြုံးသည်၊

"မာတာတော့ တကယ်မာတဲ့လူပဲဗျာ၊ ဒီလောက် ဏ်ရာတွေမွနေတဲ့ကြားထဲက သူ့အရာရှိကလေးတစ်ယောက် ကျသွားတာပဲ ညည်းနေတာ"

ဗျူဟာမှူးက တဲထဲဝင်သွား၍ ဗိုလ်မှူးမြတ်ထွန်းဘေးမှာ ထိုင်သည်၊ ဗိုလ်မှူးမြပ်ထွန်း၏ဒဏ်ရာမရသော လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်၊ ဗိုလ်မှူးမြတ်ထွန်းကပါးပြင်မှဒဏ်ရာကို စည်းထားသောပတ်တီးစများကြားထဲမှ မျက်လုံးဖွင့်ကြည့်၍ပြုံးသည်၊

"ကိုမြတ်ထွန်း ဘာလိုသေးလဲ"

ဖွဖွရယ်သည်။

"အာမီရမ်ကလေး တစ်ပက်လောက်တော့ အဆင်ပြေမလားပဲ"

ဗျူဟာမှူးက ဆေးမှူးကိုလှည့်ကြည့်သည်၊ ဆေးမှူးက ခေါင်းညိတ်ပြသည်၊

(၂၀)

ရဟတ်ယာဉ်က ကောင်းကင်တစ်ခုလုံးကို သိမ့်သိမ့်တုန်စေ၍ အပေါ်သို့ တက်သွားသည်။ လေထဲတွင် တရွေ့ရွေ့မြင့်မားပျောက်ကွယ်သွားသော ရဟတ်ယာဉ်ကိုငေးမောကြည့်ရင်းက ဗိုလ်စိုးဦးရင်တို့ ဗလောင်ဆူနေပါသည်။

ဘုရား ... ဘုရား ... ဗိုလ်မှူး ဘေးကင်းပါစေဘုရား။

သူပြောခဲ့သလို သူ ငါးပါးသီလတော့ မလုံတာအမှန်ပါဘုရား။ ဒါပေမဲ့ ကိုယ်ကျင့်သူများအကျိုး တစ်ခုခုရွေးရမယ်ဆိုရင် ငါးပါးသီလလုံတဲ့သူတချို့ထက်တောင် ဗိုလ်သူများအကျိုးကိုပဲ ရွေးတတ်တဲ့လူပါဘုရား။ သူ့အသက်ထက် လက်အောက်ငယ်သားတွေရဲ့အသက်ကို ပိုနမြောတတ်တဲ့သူ အစစ်ပါ၊ သူ့မကောင်းမှုတွေ အကျိုးပေးလို့ဒဏ်ရာရခဲ့တာဆိုရင်လည်း သူ့ကောင်းမှုတွေ အကျိုးပေးပြီး ပြန်သက်သာလာပါစေဘုရား၊

ရင်ထဲမှာတရစပ်ဆုတောင်းနေမိလျက်က မြေပုံအိတ်ကိုကောက်၍လွယ်လိုက်သည်၊ ကောင်းကင်သည် ရဲရဲနီ၍နေပါသည်၊





(၂၁)

အစိုးရပိုင် သတင်းစာများမှ သည်စစ်ဆင်ရေး၏ သတင်းကို အသေးစိတ် ဖော်ပြရေးသားခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်မှလည်း စခန်းသိမ်းတိုက်ပွဲတွင် ပါဝင်ခဲ့သောအရာရှိ၊ အကြပ်စစ်သည်များအတွက် ချီးကျူးစာကို ကြေးနန်းနှင့်ပေးပို့ခဲ့သည်။

သူရသတ္တိဆိုင်ရာဘွဲ့တံဆိပ်များ ချီးမြှင့်ရန်အတွက် ထောက်ခံတင်ပြမှုများရှိနေကြောင်းလည်း ဗိုလ်စိုးဦး ကြားရသည်၊

ကိုယ့်ဆရာကို "သူရ" ဘွဲ့ရစေချင်သော်လည်း အဲသည်ကိစ္စထက်ပို၍ ဗိုလ်စိုးဦးစိတ်ဝင်စားနေသည်က မသစ္စာ သတင်းကြားကြားချင်း ဘယ်လိုခံစားရရှာမလဲဆိုတာသာ ဖြစ်ပါသည်။

မပြောကောင်းမဆိုကောင်း ဗိုလ်မှူးမြတ်ထွန်း၏အသက်ကို ဆရာဝန်တွေမကယ်နိုင်လိုက်ပါက မသစ္စာကို ဖျောင့်ဖျဖို့ သူမတွေးချင်ပါ။ အဲသည်ကိစ္စ သူ ဘယ်လိုမှလုပ်နိုင်မှာ မဟုတ်ဘူးဆိုတာ သူသိပါသည်၊

ကိုဂျက်ရော။

ကိုဂျက်က လူနာပြန်ပို့ပြီးလျှင် ဗိုလ်မှူးရှိသည့် ဆေးရုံကိုတော့ ရောက်သွားလောက်သည်။ ရောက်လျှင် မသစ္စာနှင့်လည်း ဆုံလောက်သည်။

"ငါ မမကို မျက်နှာပြရဲပါတော့မလား စိုးဦးရာ၊ မင်း စဉ်းစားကြည့်ပါဦး"

မျက်နှာငယ်လေးနှင့် ပြောခဲ့သည့် ဗိုလ်စောဂျက်ဆင်၏ စကားသံကို သူ ပြန်ကြားယောင်နေမိသည်။

အို ... ဘာပဲဖြစ်ဖြစ် ဒါ သူ့အလုပ်ပဲလေ၊

ဗိုလ်မှူးသာ တစ်ခုခုဖြစ်လို့ကတော့ သူ မမနားမှာ ရှိကိုရှိနေရမည်၊ မမ အပြစ်တင်လျှင်လည်း ခံရမည်၊ မုန်းလျှင်လည်း ရင်ဆိုင်ရမည်၊ အဲသည်အချိန်မှာ မမကို အားပေးဖို့ သူပဲ ကျန်တော့တာပဲ၊

ဗိုလ်မှူး နေကောင်းလာလျှင်ကော၊

ကိုဂျက် နောက်ဆုတ်ရမည်၊

ဖွင့်မပြောရုံတမယ်သာ ကျန်တော့သော ဗိုလ်မှူးမြတ်ထွန်းနှင့် မသစ္စာတို့၏ သံယောဇဉ်မီးတောက်တို့သည် စိတ်ထိနိုက်ဖွယ်ရာ၊ စိတ်ပူပင်စရာဖြစ်ရပ်ကနေ ပေါက်ကွဲထွက်လာတော့မည်က သေချာသလောက်ရှိနေပြီ၊

ဘာပဲဖြစ်ဖြစ် သူလည်း လိုက်သွားမည်၊ ဗိုလ်စောဂျက်ဆင် နားလည်အောင် အသေးစိတ်ရှင်းပြမည်ဟု ဗိုလ်စိုးဦးဆုံးဖြတ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



လောကဇာတ်ဆရာ၏ လှည့်ကွက်များက သူ ညာက်မမီနိုင်လောက်အောင် ဆန်းကြယ်လိမ့်မည်ဆိုတာကိုတော့ ဗိုလ်စိုးဦး ကြိုမသိခဲ့ရှာပါ။

(၂၂)

ခါတ်လှေကားထဲမှ ထွက်လာသည့် အချိန်တွင် မသစ္စာ၏ နဂိုကတည်းက မြန်နေသော ရင်ခုန်သံမှာ ကိုယ့်ဟာကိုယ် ပြန်ကြားရလောက်အောင် ကျယ်လာသည်၊

မျက်နှာချင်းဆိုင်စားပွဲတွင် ထိုင်နေ သော သူနာပြုအရာရှိလောင်း အမျိုးသမီးကလေးဆီသို့ မောင်သူရိန်ထွန်း၏လက်ကို ဆွဲ၍အပြေးတစ်ပိုင်း ချဉ်းကပ်သွားသည်၊

အမျိုးသမီးကလေးက လူနာမှတ်တမ်းများ ရေးသွင်းနေရာမှ မော့ကြည့်သည်၊ မသစ္စာ အသံကို မတုန်အောင်ကြိုးစား၍ မေးလိုက်ပါသည်။

"ဗိုလ်မှူးမြတ်ထွန်းအခန်း သိပါရစေရှင်"

"ဩော် ... ဗိုလ်မှူးမြတ်ထွန်းအိမ်က လိုက်လာမှကိုး"

အမျိုးသမီးကလေးက စကြံဘက်သို့ လက်ညှိုးညွှန်ပြသည်၊

"အခန်းကတော့ ဟိုထိပ်ကအခန်း အမှတ်တစ်ပါရှင်၊ ဒါပေမဲ့ ဗိုလ်မှူးက အခု ခွဲစိတ်ခန်းထဲမှာပါ"

"ရှင် ... ဘာများ ..."

"မစိုးရိမ်ပါနဲ့ မမရယ်၊ ပခုံးနဲ့ပေါင်က ဒဏ်ရာတွေ ထပ်သန့်စင်တာပါ။ သူ ရင်ဘတ်က ဒဏ်ရာက စိတ်ချနေရပါပြီ၊ နာရီဝက်လောက်ကြာမှာဆိုတော့ မမ အခန်းထဲက စောင့်မလား၊ ဒါမှမဟုတ် အမ်အိုနဲ့တွေ့ပြီး အကျိုးအကြောင်းများ မေးချင်လား"

မသစ္စာ သက်ပြင်းချမိသည်၊

"ကျေးဇူးတင်လိုက်တာ ညီမလေးရယ်၊ အဆင်ပြေရင် တွေ့ချင်ပါတယ်"

သူနာပြုအရာရှိလောင်းကလေးက မသစ္စာကို လူနာဆောင်တာဝန်ခံ ဆေးမှူး၏ အခန်းကို ခေါ်သွားပေးသည်၊

"မမ ခဏစောင့်နော်"

အခန်းထဲသို့ ဝင်သွားသည်၊

"ဒေါက်တာရေ ... ဗိုလ်မှူးမြတ်ထွန်း ဇနီးနဲ့ ကလေးထင်တယ်၊ လိုက်လာကြပြီ၊ အခြေအနေသိချင်လို့တဲ့"

"အေး ... အေး ... ညီမလေး ခေါ်လိုက်"

အခန်းထဲမှာ အသံများကြားနေရ၍ မသစ္စာ မျက်နှာထူပူသွားပြန်သည်၊





"မမ လာလေ"

မောင်သူရိန်ထွန်းကလေး၏ လက်ကိုဆွဲ၍ အခန်းထဲ ဝင်သွားသည်။ စားပွဲတစ်လုံးနောက်တွင် ထိုင်နေသော ဗိုလ်အဆင့်ယူနီဖောင်းနှင့် ဆရာဝန်မကလေးက ပြုံးရွှင်စွာဖြင့် သူ့ရှေ့က ကုလားထိုင်နှစ်လုံးကို ပြသည်၊

"မမ ... ထိုင်ပါ"

ကလေးနှင့်မသစ္စာ ဝင်ထိုင်သည်။ သူနာပြုကလေးက ဆရာဝန်မကလေးကို အလေးပြု၍ ထွက်ခွာသွားသည်။

"သထုံက လိုက်လာကြတာထင်တယ် ... ဟုတ်လား"

ဆရာဝန်မကလေးကနှုတ်ဆက်တော့ မသစ္စာ ပြာပြာသလဲ ဖြေရသည်၊

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်မက ဗိုလ်မှူးညီမပါ၊ ဒါ ဗိုလ်မှူးသားလေးပါ"

ဆရာဝန်မကလေးက မျက်နှာတွင် အံ့ဩရိပ် ပေါ်လာသည်၊

"ဗိုလ်မှူးကတော်ကရော"

"ဆုံးသွားတာ ကြာပါပြီရှင်"

"အိုး ... ဖြစ်ရလေရှင်၊ ဗိုလ်မှူးက အကြောင်းကြားပေးဖို့ သထုံလိပ်စာပေးထားတယ်လို့သာ သိရတာ၊ တစ်ခါမှ စကားမစပ်မိဘူး"

ဆရာဝန်မကလေးက လှိုက်လှိုက်လှဲလှဲဆိုသည်၊

"အခု ဗိုလ်မှူးအခြေအနေက စိတ်ချရပါပြီလားရှင်"

"ဟုတ်ကဲ့ ... စိတ်ချရလောက်ပါပြီ၊ ရင်ဘတ်ဒဏ်ရာက အဆုတ်ကို ဖောက်သွားတော့ အဲဒါ ဒီက ခွဲစိတ်ကုပါရဂူကြီး တွေလည်း တော်တော်စိတ်ပူလိုက်ရပါသေးတယ်၊ ခုတော့စိတ်ချသွားရပါပြီ။ ပခုံးနှင့်ပေါင်ကတော့ ယမ်းစကလေးတွေရှိသေးတော့သုတ်သင်နေရတာပေါ့လေ၊ မျက်နှာလည်း တော်တော်သက်သာသွားပါပြီ၊ ရောက်ခါစက မျက်နှာ ရောင်နေပုံမျိုးဆိုရင် ကလေးကိုပြလို့ဖြစ်မှာမဟုတ်ဘူး"

"တော်သေးတာပေါ့ ဒေါက်တာရယ်"

ဆရာဝန်မကလေးက ပြုံးသည်၊

"ခွဲစိတ်ပါရဂူ ဗိုလ်မှူးကြီးကတောင် အံ့ဩလွန်းလို့ သူ့ကို၊ ဗိုလ်မှူးက ပထမ နှစ်ချက်မှန်တာကို လူးလဲထပြီး ဆက်တက်သွားတယ်ဆိုလို့လေ၊ တော်သေးတာပေါ့၊ ဒုတိယမှန်တာ ခြေထောက်ပါနေလို့၊ နို့မို့ စင်များစိတ်နဲ့ ထပ်ထပြီး တက်သွားရင် နောက်တစ်ခါမှန်ရင် အသေဖြစ်တော့မှာတဲ့၊ ဗိုလ်မှူးသတ္တိကတော့ လူတိုင်းလက်ဖျားခါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မသစ္စာ ရင်တမမဖြင့် နားထောင်နေရသည်။

သူနာပြု ဗိုလ်လောင်းကလေးက အလေးပြု၍ ဝင်လာပြန်သည်။

"ပြီးပြီလား ... ညီမလေး"

"မပြီးသေးဘူး ... ဒေါက်တာ။ ဗိုလ်စောဂျက်ဆင်ကို အရင်လုပ်နေလို့။ အခု သူ့ သွေးပုလင်း ချက်ကဲ လုပ်ရအောင် လာပေးတာ"

မသစ္စာနားတို့ အူထွက်သွားသည်။

ဘုရား ... ဘုရား၊ ဗိုလ်စောဂျက်ဆင် ဆိုပါလား။

ဆရာဝန်မကလေးက စာရွက်စာတမ်းများနှင့် သွေးပုလင်းပေါ်မှ အမှတ်အသား များကို တိုက်ဆိုင် စစ်ဆေးရင်းက ရှင်းပြသည်။

"ဗိုလ်မှူးတပည့်ပဲလေ၊ ဗိုလ်မှူး နောက်မှ ရောက်လာတာ။ တိုက်ပွဲကြီး မတိုင်ခင် တိုက်ပွဲကလေးတစ်ခုမှာ ရန်သူကိုဝင်လုံးရင်းဗိုက်မှာလှံစွပ်ရှသတဲ့၊ အဲဒါ ဆက်လိုက်မယ် လုပ်နေတာကို ဗိုလ်မှူးက လက်မခံဘဲ နောက်တန်းပြန်ခိုင်းလိုက်တာ"

မသစ္စာ နားမလည်ပါ။

"သွေးက ဘာလို့သွင်းရတာလဲ ဒေါက်တာ၊ လှံစွပ်ရှရုံပဲဆို"

ဆရာဝန်မကလေးက သက်ပြင်းချ၍ ခေါင်းခါသည်။

"ညာတဲ့လူက ညာပြီး အတင်းထားခဲ့တာ၊ ကံကြမ္မာများ ဆန်းလိုက်ပုံက။ အခု လေ ... သူ့ကံက ဆိုးတာပေ့ါ၊ အပြန်လမ်းမှာ မိုင်းနင်းသတဲ့လေ၊ ညာခြေထောက်ပြတ်သွား ရှာတယ်"

မသစ္စာမျက်လုံးထဲတွင် အခန်းကြီး ချာလည်လည်သွားပါသည်။

(၂၃)

အိပ်ရာမှ ပုံမှန်နိုးလာသူတစ်ယောက်လိုပင် ဗိုလ်မှူးမြတ်ထွန်း မျက်လုံးတို့ ပြင်သာစွာ ပွင့်လာသည်။

စိုးရိမ်တကြီး စောင့်ကြည့်နေသော မသစ္စာနှင့် မောင်သူရိန်ထွန်းကလေးတို့ကို မြင်သောအခါ မျက်နှာမှဒဏ်ရာ နာသည့်ကြားထဲမှ အားတင်း၍ ပြုံးပြသည်။

"ရောက်လာကြပြီလား"

မသစ္စာက ဗိုလ်မှူးမြတ်ထွန်း စောင်ပေါ်တွင်တင်ထားသော ဘယ်လက်ဖဝါးကို သူ့လက်ဖဝါးကလေးနှစ်ဖက်နှင့် ကြင်နာစွာဆုပ်ကိုင်သည်။

"ကိုကို နေသာရဲ့လား"





ခေါင်းညိတ်ပြသည်။

"ငါ ကောင်းပါတယ်။ မေ့ဆေးမပေးဘူးတော့ ပြောသား။ နာတာသက်သာအောင် တစ်ခုခုထိုးလိုက်လို့ အိပ်ပျော်သွားတာနေမှာ"

"ဖေဖေကြီး ယောင်နေတယ်"

မောင်သူရိန်ထွန်းကလေးက ဝင်ပြောတော့ မသစ္စာ မျက်နှာကလေး ရဲခနဲဖြစ် သွားပြီး ... သား ... ဟု ဟန့်သည်။

ဗိုလ်မှူးမြတ်ထွန်းက ရက်ပြုံးပြုံး သည်။

"ဟုတ်လား ... သား၊ ဖေဖေက ဘာတွေယောင်နေလို့လဲ"

"သစ္စာ ... သစ္စာနဲ့၊ တီတီ့ကို ခေါ်နေတာ။ တီတီက ငိုရော"

"ဟယ် ... သားကလည်း မဟုတ်ဘဲနဲ့"

မသစ္စာ ရှက်ကိုးရှက်ကန်းနှင့်ပြောတော့ ဗိုလ်မှူးမြတ်ထွန်း ချမ်းမြေ့စွာ ရယ်သည်။

"ဟုတ်ပါတယ်။ တီတီ မျက်ရည်တွေကျနေတာ၊ သားတောင်မငိုဘဲနဲ့။ ဖေဖေ ကလည်း မပြန်ပါနဲ့တော့ သစ္စာရယ်တဲ့"

"ဟဲ့ ... သား"

မောင်သူရိန်ထွန်းကလေးက အားတက်သရော မသစ္စာ၏လက်မောင်းကိုဆွဲကိုင် လှုပ်၍ ပြောသည်။

"ဖေဖေကြီးပြောတာ ဟုတ်တယ်။ ဖေဖေကြီးကို သားလည်း စိတ်မချဘူး၊ ဒီ တစ်ခါ သားနဲ့တီတီ ဖေဖေကြီးနဲ့ပဲ လိုက်နေရအောင်နော် ... တီတီ"

မသစ္စာ ရှက်ကိုးရှက်ကန်းနှင့် ဗိုလ်မှူးမြတ်ထွန်းလက်ကို ဖြေလျှော့လိုက်သော် လည်း ဗိုလ်မှူးမြတ်ထွန်းက လွှတ်မပေးဘဲ ဖွဖွဆက်၍ ဆုပ်ကိုင်ထားသည်။

ပြီးတော့ သားကို လှမ်းကြည့်၍ ပြောသည်။

"အေးပါသားရယ်၊ ဒီတစ်ခါ သားနဲ့တီတီနဲ့ကို ဖေဖေကြီး အပြီးခေါ်သွားတော့ ပါ"

မသစ္စာ အလန့်တကြား ဗိုလ်မှူးမြတ်ထွန်းမျက်နှာကို မော့ကြည့်သည်၊ ဗိုလ်မှူး မြတ်ထွန်းကပြုံး၍မသစ္စာကို ပြန်ကြည့်သည်။ မသစ္စာပြုံး၍ရှက်စနိုး ခေါင်းငုံ့လိုက်သည်။

ငြိမ်းချမ်းသာယာသော သုခရိပ်မြုံသို့ ဖိတ်ခေါ်သံသဲ့သဲ့ကို ကြားရလေသည်။

(၂၄)

သွက်လက်ချက်ချာသော မောင်သူရိန် ထွန်းကလေးကို အလုပ်သင် ဆရာဝန်မ



www.burmeseclassic.com

www.burmeseclassic.com



ကလေးများက တွေ့တွေ့ချင်း ချစ်သွားကြသည်။ "မမတို့နဲ့ လျှောက်ကြည့်ရအော
လိုက်မလား"ဟု ခေါ်သည်ကို ခတ်တည်တည်ပင် "လိုက်မယ်"ဟုပြော၍ ဆရာ
ကလေးများလက်ကို ဆွဲပြီးပါသွားသည်။

နှစ်ယောက်တည်း ကျန်နေခဲ့ကြပြီး အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သ
နေမိကြသည်။

မသစ္စာကို ရွေးချယ်ခွင့်ပေးလိုက်ပါ ... ဆိုသည့် ဗိုလ်စိုးဦး၏ စကားကို ဗိုလ်
မြတ်ထွန်း ပြန်သတိရနေမိသည်။

သူ ရွေးပြီးသားနဲ့တူပါရဲ့ ... စိုးဦး ရယ်။ ငါ ဂျက်ကိုတော့ သနားပါရဲ့ ဒါပေ
အားလုံးအတွက် အဆင်အပြေဆုံးနည်းလမ်း ဖြစ်မှာပါ။

"အင်း ... ဂျက်တောင် နောက်တန်း ပြန်ရောက်နေရောပေါ့"

ဗိုလ်မှူးမြတ်ထွန်းက နံရံကို ငေးကြည့်နေရင်းက တိုးတိုးပြောတော့ မသ
မျက်လုံးအပိုင်းသား ဖြစ်သွားသည်။

"ဗိုလ်စောဂျက်ဆင်လား ... ကိုကို"

"အင်းလေ၊ သူ ဗိုက်မှာ လုံစွပ်ရှသွားလို့ ငါနောက်တန်းပြန်လွှတ်လိုက်တ

"သူ ဟိုဘက်အခန်း(၁၀)မှာ ရှိနေတာပဲ။ မနက်က ကိုကိုနဲ့အတူတောင် ခွဲ
ဝင်ရသေးတယ်။ ကိုကို မသိဘူးလား"

"ငါ ... ငါမသိဘူး၊ သူ ဘာဖြစ်လို့လဲ"

"အပြန်လမ်းမှာ မိုင်းနင်းတာတဲ့။ ညာခြေ ပြတ်သွားတယ်"

"ဟာကွာ၊ တောက်"

ဗိုလ်မှူးမြတ်ထွန်း မျက်ရည်များ ဝဲလာပါသည်။

■





အပိုင်း၄

# ငွေသားရောင်ပြန်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုသည် လတ်ဆတ်သော နို့ကဲ့သို့
လျှင်မြန်စွာ ဖောက်ပြန်ပြောင်းလဲမသွားပေ။
ပြာဖုံးထားသော မီးခဲကဲ့သို့ တငွေ့ငွေ့ လောင်ကျွမ်းလျက်
လူမိုက်၏နောက်သို့
အစဉ်လိုက်လေ၏။

ဓမ္မ (ဓမ္မပဒ-ဗာလဝဂ္ဂ)





(၁)

ဖြူဖွေးသော တိမ်မျှင်တိမ်စများပေါ်မှ လျှပ်တိုက်ဖြာဆင်းလာသော နေရောင်ခြည်တို့ ငွသားတမျှ သွယ်တန်းနေသည့် နေ့တစ်နေ့တွင် ကိုမြတ်ထွန်း အိမ်ပြန်လာခဲ့ပါသည်၊

ဘဝတွင်တော့ ပြောင်းလဲမှုများစွာ ရှိခဲ့ပြီ။

ကိုမြတ်ထွန်းသည် ယခုအခါ ဒုတိယဗိုလ်မှူးကြီး သူရမြတ်ထွန်းတည်း။

(၂)

နိုင်ငံတော်မှ ကိုမြတ်ထွန်းကို သူရဘွဲ့ ချီးမြှင့်ခဲ့သည်၊

မွန်ပြည်နယ်ရှိ တပ်တစ်တပ်သို့လည်း တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ပေးခဲ့သည်၊

အသက်ငယ်ရွယ်လွန်းသော တပ်ရင်းမှူးအသစ်ကလေး၏ သူရသတ္တိနှင့် တ်သက်၍ကျော်ဇောမှုကို လေးစားကြသော်လည်း ဖြစ်မှုဖြစ်ပါ့မလားဟု လူကြီးပိုင်းက တ်ပူကြသည်။

တစ်နှစ်ပြည့်လျှင် ဒုဗိုလ်မှူးကြီး အပွင့်တင်နိုင်ဖို့ကိုပင် မယုံရဲခဲ့ကြ။

စိတ်ပူနေသူတွေအားလုံး၏ ယူဆချက်များကြောင်းကို ကိုမြတ်ထွန်းက ဒေါနတောင်ခြေမှ တိုက်ပွဲတစ်ပွဲနှင့် သက်သေထူပြခဲ့လေသည်၊

(၃)

စကားပြောစက်ပေါ်မှ ပြန်ဆုတ်ခဲ့ဖို့ အထပ်ထပ် အမိန့်ပေးနေသော ဗျူဟာမှူး၏ ယ်ကို နားထောင်ရင်း ဗိုလ်မှူးမြတ်ထွန်း အံကြိတ်နေမိသည်၊

သူ့ပတ်ဝန်းကျင်မှာတော့ လက်နက်ကြီးပေါက်ကွဲသံများ ဆူညံနေသည်။ ဲလှမ်းလှမ်းက ကောင်းကင်တွင်လည်း ဖိဖိဘက် ကရော၊ ရန်သူ့ဘက်ကပါ မဟုတ် ည့် ရဟတ်ယာဉ်တစ်စီး ဝဲပျံနေသည်။ အဲသည် ရဟတ်ယာဉ်အသံချဲ့စက်မှတစ်ဆင့် ဝိကလာပီကလာ မြန်မာစကားဖြင့် သူ့တပ်များ နောက်ဆုတ်ကြဖို့ သတိပေးသံများ က်တိုက်ထွက်ပေါ်နေသည်၊

သူ ချီတုံချတုံဖြစ်နေဆဲမှာပင် ဆက်သွယ်ရေးစက်မှ တပ်မမှူးကိုယ်တိုင်အသံ ပါလာသည်၊



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ထွန်း၊ ကွန်ဂရက်ကျူလေးရှင်း။ မင်း တာဝန်ကျေပြီ၊ မင်းရလဒ်တွေကို ငါ ကျေနပ်တယ်၊ မင်း ပြန်လာခဲ့တော့၊ ဒါပဲ"

ဗိုလ်မှူးမြတ်ထွန်း သက်ပြင်းချ၍ "ရထား"ဟု ထူးလိုက်သည်။

သူ့တပ်ကို သူပြန်ခေါ်၍ ထိုးစစ်ကို ရုပ်သိမ်းသည်။

(၄)

များမကြာမီတွင် အလွန်ငယ်ရွယ်သော ဒုဗိုလ်မှူးကြီးတစ်ဦး ပေါ်လာခဲ့တော့သည်၊

တစ်နေ့ ကိုမြတ်ထွန်း နောက်တန်းတွင် နားနေစိုက် သူ့တပ်ရင်းနှင့် မလှမ်းမကမ်းရှိ တပ်ရင်းတစ်ခုတွင် မော်လမြိုင်အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဗျူဟာမှူးတစ်ဦး ညအိပ် စခန်းချမည့်သတင်းကို ရသည်၊

"ဘယ် ဗျူဟာမှူးလဲကွ"

"ဗိုလ်မှူးကြီးမျိုးဇော်ပါ တစ်မှူး"

"ဟာ ... အဲဒါ ငါ့ဆရာပဲကွ။ ငါ သွားတွေ့မှ ဖြစ်မယ်"

ကိုမြတ်ထွန်း ဗိုလ်မှူးကြီးမျိုးဇော်ကို ညေ့ရိပ်သာတွင် သွားတွေ့သည်။

ဗိုလ်မှူးကြီးမျိုးဇော်က သူ့ရှေ့က ငယ်ရွယ်လွန်းသေးသော ဒုတိယဗိုလ်မှူးကြီး ပေါက်စကလေးကို အားပါးတရကြည့်၍ ပြုံးသည်၊

"မထင်ခဲ့မိဘူးကွာ၊ မှန်ကုပ်ကုပ်နဲ့ရောက်လာတဲ့ ကျောင်းဆင်းခါစ ဗိုလ် ပေါက်စကလေး ဒီလောက် လူကြီးကြီးဖြစ်လာလိမ့်မယ်လို့၊ ဂုဏ်ယူပါတယ် ငါ့တပည့်ရာ"

ကိုမြတ်ထွန်းက မချိပြုံး ပြုံးသည်၊

"အရွံ့သာဝင်းနေတာ၊ စားကြည့်မှ ဘာအရသာမှမရှိ ဆိုတာလိုမျိုး ဘာပျော်စရာမှ မရှိတဲ့ ဘဝမျိုးပါ ဗိုလ်မှူးကြီးရာ"

ဗိုလ်မှူးကြီးမျိုးဇော်က လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာကိုသုတ်သည်၊ ညေ့ရိပ်သာ ထဲတွင် ဘယ်သူမှရှိမနေကြောင်း သေချာအောင်ကြည့်ပြီးမှ တိုးတိုးမေးသည်။

"အေး ... အဲဒါ ငါမင်းကို မေးချင်နေတာကြာပြီ။ ကိုကျော်ကျော်စိုး ငါ့ကိုပြောတယ်၊ မင်းနဲ့ မသစ္စာလေးနဲ့ လက်မထပ်ဖြစ်ကြဘူးဆို""

"ဟုတ်တယ် ဗိုလ်မှူးကြီး"

"ဘယ်လိုဖြစ်ရတာလဲကွာ၊ ကောင်မလေးက မင်းကို တော်တော်ချစ်တာပဲ ငါတောင် သိသေးတယ်"





ကိုမြတ်ထွန်းငေးငိုင်၍ သွားပါသည်၊

(၅)

သူတစ်ပါးအိမ်ရာကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ ကျူးလွန်မိခဲ့သော အပြစ်တို့က မိမိပိုင် သာယာချမ်းမြေ့သော အိမ်ထောင်စုကလေးတစ်ခု တည်ဆောက်ဖို့ကို ဘယ်လိုမှ စိတ်ဖြောင့်ဖြောင့်ဆောင်ရွက်၍မရအောင် ပြာဖုံးနေသည့်မီးခဲကဲ့သို့ တငွေ့ငွေ့ လောင်ကျွမ်းလိုက်၍ ဒုက္ခပေးနေပြီဟု ဗိုလ်မှူးမြတ်ထွန်း တွေးမိသည်၊

အာစေးအကြီးကြီးမိထားသူလို စကားမပြောနိုင်ဘဲနေနေရာကစ၍စကားပြောလိုက်တော့လည်း သူကိုယ်တိုင် တစ်ခါ မှမကြားဖူးသည့် သူစိမ်းတစ်ယောက်၏ နာကျည်း ဆွေးကွဲနေသော အသံကြီးဖြစ်နေလေသည်၊

"ဂျက်ဘက်ကကြည့်ရင် သူ ခြေတစ်ဖက်ပြတ်သွားလို့ နင်က မစဉ်းစားတော့ဘူးလို့ ထင်မှာ။ ငါ့ကိုလည်း နင်နဲ့သူ သဘောမတူနိုင်လို့ ငါ ဝင်အပိုင်စီးလိုက်တယ်လို့ ထင်မှာဟ"

မသစ္စာ ငေးငိုင်လျက်သား မျက်ရည်များ တွေတွေကျလျက်ရှိသည်၊

"မိမရှိ၊ ဖမရှိ။ အခုဆိုရင် ခြေထောက်ပါ မရှိတော့ဘူး။ ဒီအချိန်မှာ နင့်ကိုပါ ဆုံးရှုံးရရင် အဲသည်ကြေကွဲတဲ့ဒဏ်တွေ သူခံနိုင်ရှာမှာ မဟုတ်ဘူးထင်တယ်ဟာ"

မသစ္စာက အောက်နှုတ်ခမ်းကို ကိုက်ထားရင်းက မျက်ရည်များ ဒလဟော စီးဆင်းလျက်ရှိသည်၊

အတော်ကြာအောင် ငိုပြီးမှ ရှိုက်သံသဲ့သဲ့ ဖွက်လျက်မေးသည်၊

"ကိုကို ဘာဖြစ်စေချင်သလဲ၊ ကျွန်မကို ဘာလုပ်စေချင်သလဲ။ ပြော ... ကိုကို့ ဆီက ပေးတဲ့အမိန့် ကျွန်မ တစ်သက်လုံးနာခံခဲ့တာပဲ"

ဗိုလ်မှူးမြတ်ထွန်း နှုတ်ဆွံ့သွားသည်၊

(၆)

"အဲဒီတော့ မင်းက သူ့ကို ဂျက်နဲ့ လက်ထပ်စိမ်းလိုက်ရော ဆိုပါတော့"

ကိုမြတ်ထွန်းက ငေးငိုင်နေရာက ခေါင်းညိတ်ပြသည်၊

ဗိုလ်မှူးကြီးမျိုးဇော်က "တောက်" တစ်ချက်ခေါက်၍ သက်ပြင်းချရင်း ညေ့ရိပ်သာအပြင်ဘက်က ခပ်ဖွဲဖွဲရွာနေသော မိုးစက်ကလေးများကို ငေးကြည့်နေသည်၊ ကိုမြတ်ထွန်းလည်း ဘာဆက်ပြောရမည် မသိ၍ တိတ်ဆိတ်စွာ ငြိမ်သက်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့မှ ဗိုလ်မှူးကြီးမျိုးဇော်က တိုးတိုးပြောသည်။

"မင်း အရက်နဲ့ ဆေးလိပ်တော့ ဖြတ်မှဖြစ်တော့မယ် မြတ်ထွန်း"

ကိုမြတ်ထွန်း မျက်ခုံးမြင့်တက်သွားသည်။

"ဘာဖြစ်လို့လဲ ... ဗိုလ်မှူးကြီး"

"မင်းကို ဒုက္ခပေးနေလို့ပေါ့ကွ။ မင်းရင်ဘတ် သေနတ်မှန်တုန်းက ဆရာဝန် ပြောတာ မမှတ်မိဘူးလား။ သေနတ်ဒဏ်ရာက မပြင်းထန်ဘူး၊ ဆေးလိပ်သေ ထားတဲ့ဒဏ်တွေနဲ့ အဆုတ်ကလေပြွန်တွေ ရောင်နေတော့ ခွဲပြီးနောက်မှာ အကေ အတိုင်းဖြစ်ဖို့ မျှော်လင့်ချက်ရာနှုန်းပြည့် မပေးနိုင်ဘူးဆိုတာလေ။ ကံကောင် မသေခဲ့တာ မဟုတ်လား"

မှန်နေသောစကားမို့ ကိုမြတ်ထွန်း မလုံမလဲသာ ပြုံးနေရသည်။

"အရက်ကြောင့် အသည်းကလည်း သိပ်မကောင်းဘူးတဲ့။ ငါမှတ်မိတယ်။ ... သေချာတာက အသည်းကိုထိထားတာ မထိထားလားတော့ မသိဘူး။ ဦးနှောက် ထိထားတာပဲ။ ဦးနှောက်က အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချရမယ့်အချိ နှစ်ရှည်လများ အရက်မှိုင်းမိခဲ့တဲ့ဒဏ်နဲ့ ကြည်လင်သင့်သလောက် မကြည် တော့ဘူး။ ဒါကြောင့် မင်း မသစ္စာကို ဂျက်နဲ့ ပေးစားတာ"

ကိုမြတ်ထွန်းက တပည့်ဖြစ်သူကို ပြင်းပြင်းထန်ထန် မပြောစဖူး ပြော လိုက်သော ဗိုလ်မှူးကြီးမြတ်ထွန်း၏ မျက်နှာကိုကြည့်ရင်း ပါးစပ်အဟောင်း ဖြစ်သွားသည်။

"ဟာ ... ဗိုလ်မှူးကြီးကလည်း"

"ဗိုလ်မှူးကြီးက မလည်းနဲ့။ မင်း ဂျက်အပေါ်မှာ ငဲ့ညှာပေးတာကို ငါ အသိအ မပြုလို့ ပြောတာမဟုတ်ဘူး။ မင်း မပိုင်တဲ့ သူများဘဝကို မင်းနဲ့မဆိုင်ဘဲ ဝင်စွက အမိန့်ပေးတာကို ငါစိတ်ဆိုးတာ။ မသစ္စာက မင်းညီမဝမ်းကွဲ။ ပြီးတော့ မင်းကိုချစ် သူ။ မင်းပိုင်တဲ့ ကစားစရာအရုပ် မဟုတ်ဘူး။ မင်း သူများကို ပေးချင်တိုင်း ပေးလို့မရ သူ ချစ်တဲ့ သူ၊ သူလက်ထပ်မယ့်သူကို သူ့ဟာသူ ရွေးချယ်ပိုင်ခွင့်ရှိတယ်။ မင်း စာလည်းဖတ်တယ်၊ သမာသမတ်လည်းရှိတယ်၊ လောဘလည်း နည်းတယ်၊ အဲ လူမျိုးရဲ့အမြင်ဟာ သူများထက် အမြဲကြည်လင်တယ်၊ အခု ငါပြောတဲ့ဥစ္စာ "ပရင်စီပယ် ကွ။ မပြောင်းမလဲနိုင်တဲ့ အရိုးခံသဘောတရား။ အဲဒီ "ပရင်စီပယ်"ကို မင်းမမြင်တာ မင်း အမြင်တွေက ကြည်လင်သင့်သလောက် မကြည်လင်လို့။ မကြည်လင်ရ အကြောင်းရင်းကလည်း ဦးနှောက်ကို အရက်နဲ့ နှစ်ပေါင်းများစွာမှိုင်းတိုက်ခဲ့လို့။





ိုရင် မင်းဟာ အငယ်ဆုံး တပ်ရင်းမှူးတစ်ယောက် ဖြစ်နေပြီ။ မင်းကို သူ့ရဲ့ကောင်းလို ားကျကိုးကွယ်တဲ့ တပည့်တွေလည်း အများကြီးရှိနေမှာပဲ၊ လူဆိုတာ အမြဲတော့လည်း ယ်မှန်နေနိုင်ပါ့မလဲ၊ ကောင်းတာလည်း ရှိမှာပဲ၊ ဆိုးတာလည်း ရှိမှာပဲ။ တိမ်ညိုမှာ ငွေဇာကွပ်ထားသလိုပဲတဲ့၊ မင်းလည်း ဖတ်ဖူးမှာပဲ၊ အေး ... ဒါပေမဲ့ မင်းအတွက်တော့ သလိုစံယူလို့ မရတော့ဘူး။ မင်းအမြဲမှန်ရတော့မယ်၊ မှန်အောင်လည်း ကြိုးစားရ တော့မယ်။ မင်းမှားရင် မင်းနောက်က လိုက်မှားမယ့်လူတွေ ရှိလာပြီ။ ဒါကြောင့် မင်းကို ရက်နဲ့ ဆေးလိပ်ဖြတ်လိုက်တော့လို့ ငါပြောတာ"

ကိုမြတ်ထွန်း ခေါင်းငိုက်စိုက်ကျသွား ပါတော့သည်။

(၇)

"ချာတိတ်က မငြင်းဘူးလား"

ဗိုလ်မှူးကြီးမျိုးဇော်က တိတ်ဆိတ်နေရာက ပြန်နိုးထလာပြီး ဆက်မေးသည်၊

"ဂျက်လား၊ ပထမတော့ ငြင်းတာပေါ့။ မမကို မနှစ်ပါရစေနဲ့တဲ့"

"နောက်တော့"

"နောက်ပိုင်းတော့ သစ္စာက သူ့ကို သနားတာလည်းပါတယ်၊ ကျွန်တော့်ကို တ်နာတာလည်း ပါတယ်ထင်ပါရဲ့၊ ရန်ကုန်က မပြန်တော့ဘဲ ဒီကောင့်ကို ဆေးရုံမှာ ့ တိုင်းသွားပြုစုပေးနေတော့တာပဲလေ။ ကျွန်တော် ဆေးရုံကဆင်းတဲ့အချိန်အထိ ကောင့်အနာက ခဏခဏ ပြည်ပြန်လိုက်နေတော့ တော်တော်နဲ့ ဆေးရုံက မဆင်းရဘူး"

x x x

ကိုမြတ်ထွန်း တာဝန်ကျရာတပ်သို့ အပြန်မှာ ဗိုလ်စောဂျက်ဆင်ကို ဝင်နှုတ် က်သည်။

"ကဲ ... ဂျက်၊ ငါသွားမယ်၊ ဘာမှ အားမငယ်နဲ့"

"ဟုတ်ကဲ့ ... ဗိုလ်မှူး"

ဗိုလ်စောဂျက်ဆင်က ပက်လက်မှပင် အလေးပြုသည်။

ကိုမြတ်ထွန်းက ခုတင်ခြေရင်းတွင် ခွေခြေကလေးနှင့်ထိုင်နေသော မသစ္စာကို ည်ကြည့်သည်။ မသစ္စာက စပ်နွမ်းနွမ်း ပင် ပြုံးပြသည်။

"ငါ အိမ်ကိုဝင်ဦးမှာ၊ ဘာမှဦးမလဲ သစ္စာ"

"ဒေါ်လေးပဲ ပြောလိုက်ပါ ကိုကိုရယ်၊ ကလေးကို ဂရုစိုက်ဖို့"

အဘွားအရင်းကို မြေးဂရုစိုက်ဖို့ အဖေ အရင်းနှင့် မှာနေသည့် အဒေါ်မိမ်းကွဲကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းစွာ ငေးကြည့်ရင်းက ကိုမြတ်ထွန်း ဆို့နင့်ကြေကွဲနေရပါသည်။

x x x

"ကံတရားများ သိပ်ဆန်းကြယ်တာပဲ။ ဗိုလ်မှူးကြီးရယ်၊ ကျွန်တော် ရှေ့တန်းက
သူရဲသွဲ့ယူဖို့ ပြန်လာတော့ ဂျက် မရှိတော့ဘူး"

"ဘယ်လိုကွ"

"ဆုံးသွားတယ်လေ၊ အနာရင်းပြီး ပိုး ဆိပ်တက်သတဲ့"

"ဟာကွာ"

x x x

အထီးကျန် တစ်ကောင်ကြွက်သမား ဗိုလ်စောဂျက်ဆင်တစ်ယောက် လူ
အတွင်းမှလည်း အထီးကျန်စွာ ထွက်ခွာသွားရရှာပါ၏။

စိတ်ထိခိုက်လှုပ်ရှားဖွယ်ရာ ဖြစ်ရပ်များ ဆက်တိုက် ကြုံတွေ့လိုက်ရသောမ
ကတော့ တရားရိပ်သာတစ်ခုသို့ တစ်လကြာ ဝင်ရောက်သွားခဲ့ပါသည်။

ကိုမြတ်ထွန်း ရှေ့တန်း ပြန်ထွက်ရသည့်အချိန်အထိ မသစ္စာနှင့် မတွေ့ခဲ့

x x x

ဗိုလ်မှူးကြီးမျိုးဇော် သက်ပြင်းချသည်၊

"အေးလေ ... ပြီးတာတွေလည်း ပြီးပါစေတော့။ ခုတော့ မင်းမသစ္စာကို လက်
ရှပဲ ရှိတော့တာပဲမဟုတ်လား"

ကိုမြတ်ထွန်းက ယဲ့ယဲ့ပြုံးသည်၊

"စိတ်နာနေမယ်ထင်ပါရဲ့ ဗိုလ်မှူးကြီးရယ်၊ ကျွန်တော်လည်း ရှေ့တန်းက
ရောက်တာ တစ်ပတ်ရှိပြီ၊ သွားဖို့ဟာကို မသွားရဲသေးဘူး၊ သွားတော့ သွားမှာပ

"ကောင်းတယ်ကွာ၊ အဆင်ပြေအောင် လုပ်၊ ငါက ကောင်မလေးလည်း သ
တယ်၊ မင်းလည်း ခြေမြေမြစ်မြစ် တွေ့ချင်ပြီ။ ပြီးတော့ မင်းက တောထဲမှာ အမြဲနေ
မဟုတ်ဘူး။ ဂျီဝမ်းဖြစ်ပြီး မြို့ပေါ် ပြန်လာရဦးမယ့်ကောင်လို့ ငါထင်တယ်"

ကိုမြတ်ထွန်းက ရယ်ကျဲကျဲနှင့် ခေါင်းခါသည်၊

"တောထဲမှာ အဆင်ပြေပါတယ် ဗိုလ်မှူးကြီးရယ်၊ မြို့ပေါ် ကျွန်တော်
ဘာတွေ ဖြစ်တတ်လဲ ဗိုလ်မှူးကြီးလည်း သိတာပဲ၊ ခုတလောက ပိုမနေချင်သေးတာ"

"ဘာဖြစ်လို့လဲ"

ကိုမြတ်ထွန်းက ပခုံးတွန့်ပြသည်။

"စစ်သားလုပ်ပြီး ကိုယ့်လူကြီးတွေ ကိုယ်ပြန်ဝေဖန်ရတာတော့ မကောင်းပါ





ပေမဲ့ ဒီဆိုရှယ်လစ်အစိုးရက သူတို့လည်း ကျွန်တော်တို့လူကြီးတွေကနေပဲ သွားတာပါ။
ပြည်သူတွေ၊ ကျောင်းသားတွေတော့ ကျေနပ်အောင်မညှိပေးဘူး၊ ပြဿနာဖြစ်ရင်
စစ်ခန်းရှိ တပ်ကို ခေါ်ခေါ်သုံးနေတာ၊ ကျွန်တော်တို့က အသေခံတိုက်ကြတုန်းက ဒီ
ပြည်သူတွေကို ကာကွယ်ဖို့တိုက်တာ၊ ပြီးတော့ ပြည်သူတွေချစ်တာလည်း မခံရဘူး
ဆိုတဲ့ ဘဝမျိုးကို စိတ်ညစ်လွန်းလို့"

ဗိုလ်မှူးကြီးမျိုးဇော်က ရယ်သည်၊

"မြတ်ထွန်းတောင် ဒါတွေ ပြောတတ်လာမှကိုး။ အေးလေ ... ကောင်းပါတယ်၊
သစ္စာကိစ္စသာ ပြေလည်အောင်လုပ်"

"ဟုတ်ကဲ့။ ကျွန်တော် အရက်နဲ့ ဆေးလိပ်လည်း ဖြတ်မှာပါ ဗိုလ်မှူးကြီး"

"သာဓုကွာ၊ သာဓု၊ သာဓု၊ သာဓု"

အဲသည်နောက်လေးရက်အကြာတွင် ကိုမြတ်ထွန်း အိမ်ပြန်လာခဲ့ခြင်းဖြစ်ပါသည်၊

(၈)

လက ထိန်နေအောင် သာနေပြန်ပါ၏၊

လရောင်အောက်က ဝရံတာကလေးကတော့ ထုံးစံအတိုင်း ငြိမ်းချမ်းလှပနေဆဲ၊
မဟင်သူရိန်ထွန်းကလေးကလည်း ထုံးစံအတိုင်း မသစ္စာရင်ခွင်ထဲတွင် ငြိမ်းချမ်းစွာ
အိပ်ပျော်နေဆဲ။

မငြိမ်းချမ်းသော အတွေးများနှင့် ပူလောင်နေသူက ကိုမြတ်ထွန်းပါ၊

မသစ္စာက ထူးထူးခြားခြား အရက်လည်းသောက်မထား၊ ဆေးလိပ်လည်း ကိုင်
မလာဘဲနှင့် ဝရံတာမှာထိုင်နေသူ ကိုမြတ်ထွန်း၏ မျက်နှာကို ငေးကြည့်နေရင်းက
ကိုယ့်တိုးကလေး လှမ်းခေါ်သည်။

"ကိုကို"

ရင်က ပြင်းပြစွာခုန်နေ၍ မထူးဖြစ်၊ လှည့်သာကြည့်မိသည်၊

"မေမေ ရောက်နေတယ်၊ ရန်ကုန်မှာ"

"ဟုတ်လား"

ယောင်အမ်းအမ်း ဖြေမိသည်၊

"ကျွန်မကို လာခေါ်တာ၊ ကျွန်မ လိုက်သွားတော့မလို့။ စိစဉ်ပြီးပြီ"

"ဟင်"

ကမ္ဘာလောကကြီးတစ်ခုလုံး ကိုမြတ်ထွန်းရှေ့မှ ပျောက်ဆုံးသွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



(၉)

လကမြင့်သည်ထက် မြင့်လာသည်။

စက္ကန့်ပေါင်းများစွာ၊ မိနစ်ပေါင်းများစွာ သည်ညာဥ့်ယံထဲသို့ ငုပ်သျှိုးပျောက်ကွယ်ကုန်ကြသည်၊

အချိန်တွေတင်ပဲလား၊ မဟုတ်ပါ။

မြို့ထဲရှိ လရောင်အောက်မှ မြေသင်းနံ့ တို့သည်လည်းကောင်း၊ ဆောင်တော်ပန်းရနံ့တို့သည်လည်းကောင်း ...

လရောင်သည်လည်းကောင်း၊ ကြယ်များသည်လည်းကောင်း ...

ဦးဦးသူရိန်သည်လည်းကောင်း၊ မွန်မွန်ဦးသည်လည်းကောင်း၊ မသစ္စာသည်လည်းကောင်း ...

"ဒေါ်လေးက ဒီမှာလာနေပေးမယ် တဲ့"

မသစ္စာက ခေါင်းငုံ့ထားရင်းက တိုးတိုးပြောသည်၊

"မြို့အတွက်လား"

အက်ကွဲကွဲအသံနှင့် ကိုမြတ်ထွန်း ပြန်မေးသည်၊

"ဟင့်အင်း ... သားအတွက်"

ရယ်သံ တိုးတိုးကြားရသည်။

"သားကို ငါခေါ်သွားမှာပေါ့"

"ကိုကိုက ရှေ့တန်းထွက်နေရတာ၊ ရဲဘော်တွေနဲ့ပဲ နေရမှာပေါ့"

"စစ်သား သားပဲကွာ"

မသစ္စာက ခေါင်းခါပြသည်။

"ကိုကိုက အရွယ်ရှိသေးတယ်၊ အိမ်ထောင်များပြုဖြစ်ရင် သားကို မိထွေးလက်စာရင် အဘွားနဲ့ပဲနေစေချင်တယ်"

ကိုမြတ်ထွန်းက တိုးတိုးရယ်ပြန်သည်။

"ငါ့သားကိုနင့်လက်ကလွှဲလို့ဘယ်မိန်းမလက်ထဲမှငါမထည့်ပါဘူးညီမလေးရယ်၊ ငါကိုယုံပါ"

မသစ္စာ နှုတ်ဆွံ့သွားရပါသည်။

(၁၀)

တပ်မတွင် ဆောင်ရွက်ရန်ရှိသော တာဝန်တစ်ရပ်နှင့် လာခဲ့ရခြင်းဖြစ်သည်။





ကိုမြတ်ထွန်းတွင် စစ်ရောင် မာဇဒါဂျစ်တစ်စီးနှင့် လက်နက်ကိုင် အစောင့်ရဲဘော်လေးဦး ယာဉ်မောင်းတပ်ကြပ်တစ်ဦး ပါ လာသည့်အပြင် ကားကြီးတစ်စီးနှင့် ရဲဘော်များလည်း ပါလာသည်၊

ယူနီဖောင်းအပြည့်အစုံတွင် ဒုတိယဗိုလ်မှူးကြီးအဆင့် ကြယ်ပွင့်များ၊ လေထီးတံဆိပ်၊ သူရဘွဲ့ဖဲပြားတို့တပ်ဆင်ထားသောဖခင်ကိုကြည့်၍ မောင်သူရိန်ထွန်းကလေးကသဘောကျနေသည်၊ ကိုမြတ်ထွန်းက ရဲဘော်ကလေး ကမ်းပေးသောသေနတ်ခါးပတ်ကိုပတ်သည်၊ ပစ္စတိုကိုဆွဲထုတ်၍ မောင်းဆွဲတင်ပြီး ပြောင်းရင်းထဲသို့ ကျည်တစ်ထောင့်ကိုထည့်လိုက်သည်၊ မောင်းကို ဖွဖွပြန်ချ၍ လုံခြုံရေးခလုတ်ကို ပိတ်သည်။ ခါးအိတ်ထဲသို့ သေနတ်ကိုပြန်ထည့်သည်၊

" အဆင်သင့်ဖြစ်ပြီးလား "

"ဟုတ်ကဲ့ပါ တပ်မှူး "

" ကားကြီးကို နောက်ကလိုက်ခိုင်း။ အားလုံးကျည်ထိုးထား၊ ဆေ့ဖ်ပိတ်ထား၊ သတင်းတွေက အမြဲရှိနေတာပဲ။ မပေါ့နဲ့လို့ မှာထား။ ကြားလား။"

"ဟုတ်ကဲ့ပါ တပ်မှူး"

"နောင်ကုလားသစ်စက်ရှေ့ကျရင် ခဏရပ်။ ငါအဖေနဲ့ အမေကိုခဏဝင်ကန်တော့ပြီး ချက်ခြင်းဆက်ထွက်မယ်၊"

" ဟုတ်ကဲ့ တပ်မှူး"

ကိုမြတ်ထွန်းက မောင်သူရိန်ထွန်းကလေးကို ချီမြှောက်၍နမ်းသည်၊

"ဖေဖေ ဒီတစ်ခါပြန်လာခေါ်မယ်နော်၊ သား"

မောင်သူရိန်ထွန်းမျက်နှာကလေးဝင်းပသွားသည်၊

"တီတီလေးရောလား ဖေဖေ "

လှေကားထစ်မှာ ရပ်၍ငေးကြည့်နေရင်းက မသစ္စာရင်ထဲတွင် နင့်ကနဲနေသည်၊ ကိုမြတ်ထွန်းက မသစ္စာဖက်လှည့်မကြည့်မိအောင်သတိထားနေရင်းကပြုံး၍...အေးပေါ့သား ရယ်... ဟုဖြေသည်။ မောင်သူရိန် ထွန်းကလေးက ""ဒါမှဖေဖေကွ"" ဟုအော်၍ ကိုမြတ်ထွန်း၏ပါးကို နမ်းသည်၊

ကိုမြတ်ထွန်းက သားကို မသစ္စာအားပြန်ချပေးပြီး ရှာကနဲလှည့်၍ ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားပါတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ဗိုလ်မှူးကြီးမျိုးဇော် နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်နေသည်။

သတင်းပို့နေသောအရာရှိကအရေး တကြီးဆက်ပြောနေသည်။

"ကွဲသံတွေကြားကြားချင်းချင်း ကျွန်တော်တစ်ခွဲလွှတ်ထားပါတယ် အဘ။သူတ
ရောက်တော့ပြီးသလောက် ဖြစ်နေပြီတဲ့၊ အမှန်တော့ပစ်ပြေးတာပဲ၊ ဗိုလ်မှူးကြ
မြတ်ထွန်းတို့အဖွဲ့က ချက်ချင်းဆင်းနေရာယူပြီး ပတ်တက်ပြန်ပိတ်တော့ သူတို့ ေ
ပေါက်ပိတ်ပြီး ဆက်တိုက်နေရတဲ့သဘောမျိုးပါ၊ ရန်သူအလောင်းလက်နက်ေ
တော်တော်ကျန်ခဲ့ပါတယ်၊ ကိုယ့်ဘက်ကတော့ တစ်ယောက်ကျ။ သုံးယောက် ဒဏ်
ရပါ၊ တပ်မှူးပါ ထိထားပါတယ်"

ဗိုလ်မှူးကြီးမျိုးဇော် သက်မတစ်ချက် ပင့်တင်လိုက်သည်၊

"မြတ်ထွန်းက ဘယ်ထိတာလဲ"

"ဗိုက်မှာပါအဘ၊ သူနဲ့ပါလာတဲ့ ဆေးလက်ထောက်ကပြုစုပေးပြီး သထုံဆေးရုံ
ခေါ်လာနေပါပြီ။"

"တောက်"

ဗိုလ်မှူးကြီးမျိုးဇော်မျက်ရည်ဝဲလာသည်။တစ်နစ် နစ်နစ်လောက်ထဲ နစ်ခါပြ
သေတွင်းချည်းပဲ ထိရလားငါတပည့်ရယ်.....ဟု စိတ်ထဲက ငြီးတွားမိသည်။

"သူ့ရမြတ်ထွန်းကိုမှ သွားအမ်းဘွတ်ရှိချတော့ ဟိုကောင်တွေကံဆိုးသွားတာ
ပြန်တွယ်ချက်က သစ်ရစ်သလားမမေးနဲ့" ဟု တိုးတိုး အားပါးတရပြောနေသော အရာ
ငယ်ကလေးတစ်ဦး၏ မလှမ်းမကမ်းက ပြောနေသံကိုသဲ့သဲ့မျှ ကြားရလေသည်၊

(၁၂)

နာခေါင်းထဲတွင် တစ်ခုခု ကသိကအောက်ဖြစ်နေသည်ဆိုသည့် အသိဖြ
ကိုမြတ်ထွန်း သတိရလာသည်၊ သတိရရခြင်း သတိထားမိသည့်အချက်မှာ ရေအလွ
အမင်း ငတ်နေခြင်းနှင့် လည်ချောင်းနာနေခြင်းပင် ဖြစ်သည်၊

တံတွေးမျိုကြည့်သောအခါ ပို၍ပင် နာလာသည်၊

ဟုတ်ပါပြီ။ ဟိုတစ်ခါတုန်းကလိုပဲ နာခေါင်းထဲရာ ဘာပိုက်ထည့်ထားတာ
ဝါကိုခွဲစိတ်ထားတယ် ထင်တယ်၊

မျက်လုံးကိုဖြည်းဖြည်းဖွင့်ကြည့်တော့ ဝါးတားတားတစ်ခုခုက လှုပ်နေသည
နောက်တော့ အမြင်အာရုံကြည်လင်လာသဖြင့် မျက်နှာကြက်ပန်ကာ လည်နေသ





ဆိုတာကို တွေ့ရသည်။

"ဟော......ဟိုမှာ၊ သတိရလာပြီ၊ မျက်လုံးဖွင့်ကြည့်နေတယ်"

မေမေ့အသံပါလား၊

ခေါင်းကို အသာကလေး ငဲ့ကြည့်သည်၊

မိမိလှဲနေရာ ခုတင်ခေါင်းရင်းနားတွင် ကုလားထိုင်တစ်လုံးချထိုင်၍ ပုတီး
စိတ်နေရာက ထလာနေသည့် မေမေ၊

မြင်ကွင်းထဲသို့ နောက်တစ်ဦး ထပ်ရောက်လာပြန်သည်၊

မသစ္စာ၊ မျက်ရည်စို့ရွှဲနေသော မျက်လုံးတွေနှင့်၊

"ကိုကို သတိရပြီနော်"

ခေါင်းသာ ညိတ်ပြနိုင်သည်၊

"စိတ်ပူလိုက်ရတာ ကိုကိုရယ်"

ခုတင်ဘေးက ခုံကလေးမှာ ဝင်ထိုင်၍ သူ့လက်မောင်းတစ်ဖက်ပေါ် ပါးအပ်
ချရင်းက သိမ့်သိမ့်ခါအောင် ငိုကြွေးရှာပါသည်၊

အတန်ငယ်ငိုပြီးခါမှ ပြန်မတ်၍ မျက်ရည်တို့ကို လက်ကိုင်ပဝါနှင့် သုတ်သည်၊
သုတ်သည့်ကြားက မျက်ရည်တို့က ထပ်ကျလာပြန်သည်၊

"ကိုကို အသာနားနေနော်၊ ကိုကို့ဗိုက်က ခွဲထားရတာ၊ စကားလည်း သိပ်မပြောနဲ့၊
ကျွန်မအနားမှာရှိနေတယ်နော်"

ကိုမြတ်ထွန်းက ယဲ့ယဲ့ပြုံးသည်၊

"ဗိုက်ကသိပ်မနာဘူး၊ မောသလိုပဲ"

မသစ္စာမျက်နှာကလေးညှိုးငယ်စွာဖြင့်ဘေးကိုလှည့်ကြည့်သည်၊မြင်ကွင်းထဲသို့
တပ်ရင်း ဆေးလက်ထောက်အရာခံဗိုလ်ကြီး ရောက်လာသည်၊

"တပ်မှူးရင်ဘတ်က မထိဘူး၊အဆုတ်က အရစ်ဆေးလိပ်မဖြတ်ခင်ကဒဏ်တွေ
ပိထားတာတဲ့၊ မေ့ဆေးက အငွေ့ပေးရတော့ သိပ်မခံနိုင်တာတဲ့၊ နားနားနေနေ နေပါ
တပ်မှူး"

မသစ္စာ မျက်လုံးဝိုင်းသွားသည်၊ ....ဆေးလိပ်ဖြတ်လိုက်တယ်ဟုတ်လား...ဟု
လေသံနှင့်တိုးတိုးမေးသည်၊ အရာခံဗိုလ်ကြီးက.....ဆေးလိပ်ရော၊အရက်ပါဖြတ်လိုက်တာ
ထရာမရှိ၊ လေးရက်ပဲရှိသေးတယ်....ဟု တိုးတိုးဖြေသည်၊

ကိုမြတ်ထွန်းက ယဲ့ယဲ့ပြုံးသည်၊

"နင် ရောက်နေတာကြာပြီလား"... တိုးတိုးမေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမက တပ်မှူးမရောက်ခင်ကတည်းက ဆေးရုံမှာ လာစောင့်နေတာ တပ်မှူးရဲ့ တပ်မှူးက စိတ်ချရပါပြီ၊ ဆရာမရော၊ ဒေါ်လေးရော ထမင်းမှမစားရသေးတာ တစ်ခေါက်ထွက်စားလိုက်ပါလား၊ ကျွန်တော်ရှိသားပဲ၊"

အရာခံဗိုလ်ကြီးကပြောတော့ မသစ္စာ လှည့်မကြည့်ဘဲ ခေါင်းကို ဖြည်းညင်းစွာ ခါ ပြသည်။

"နင် ပစ္စည်းလည်း အချိန်မီထည့်ရမှာ မဟုတ်ဘူးလား"

ကိုမြတ်ထွန်းက တိုးတိုးမေးတော့ မသစ္စာ အလန့်တကြားမော့ကြည့်သည်။

"ဘာပစ္စည်းလဲ"

"နက်ဖြန် ရန်ကုန်သွားမှာဆို"

"အို....မသွားဘူး၊ မသွားတော့ဘူး"

ခေါင်းကိုတွင်တွင်ယမ်းရင်း မျက်ရည်များကျလာသည်၊ မောနေရသည့် ကြား ထဲက ရင်ခုန်သံ မြန်လာမိပြန်သည်။

"ဘာလဲ၊ ညီမလေးရယ်၊ နင်အ ကုန်စီစဉ်ပြီးသား မဟုတ်လား"

မသစ္စာက မျက်ရည်ဝဲနေသော မျက်လုံးများနှင့် ကြောင်စီစီ မော့ကြည့်သည်။

"ဟင့်အင်း ... မသွားတော့ဘူး၊ ကိုကို့နားမှာပဲ နေတော့မယ်"

ကိုမြတ်ထွန်း ချမ်းမြေ့စွာပြုံး၍ အပေါ်ကိုမော့ကြည့်သည်။ တိုင်မှာချိတ်ဆွဲထား သော သွေးပုလင်းက တစက်စက်ကျနေသော သွေးစက်များကို နှလုံးသားထက် စီးကျ နေသော ကျောက်စက်ရေများဟု မြင်ယောင်မိသည်။

ရေစက်ကျသံကလည်း ဆည်းလည်းသံတမျှ သာယာပါဘိတောင်း၊

■





နီကိုး

# တိမ်ညိုမှာ ငွေဇာကွပ်ကာယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြင်သူသည် မိမိပြုလုပ်အပ်သော မကောင်းမှုအကုသိုလ်ကို
ကောင်းမှုကုသိုလ်ဖြင့် ဖုံးလွှမ်းပစ်လေ၏။
ထိုသူသည်
တိမ်တိုက်မှ လွတ်တင်းသော လမင်းကဲ့သို့
ဤလောကကို
ထွန်းလင်းတောက်ပစေ၏။

ဓမ္မ (ဓမ္မပဒ၊လောကဝဂ္ဂ)



မကောင်းမှုဟူသည် အဘယ်နည်း၊ လူကောင်းဆိုသည်မှာ ဘယ်လိုလူလဲ၊ လူဆိုးဆိုတာကရော၊ ဆိုသည့်မေးခွန်းများသည်မောင်သူရိန်ထွန်းအတွက်အလွန်စိတ်ဝင်စားစရာကောင်းသော မေးခွန်းများဖြစ်သည်။

မောင်သူရိန်ထွန်း စိတ်ဝင်စားရသည့် အဓိကအကြောင်းရင်းကတော့ ဖေဖေနှင့် ငယ်စဉ်ကတည်းက ရင်းနှီးသူများက ဖေဖေ့ကို ငယ်ငယ်တုန်းက သိပ်ဆိုးတာဟု ခဏခဏ ပြောကြသော်လည်း ဘယ်သူကမှ ဖေဖေ့ကို လူဆိုးကြီးတစ်ယောက်လို မကျဉ်ကြဘဲ အလွန်ချစ်ကြ၊ လေးစားကြတာကို တွေ့ရ၍ဖြစ်သည်။

ရုပ်ကလေးချောသလောက် နှုတ်သိပ်မွှေ့ဘ ပြောဆိုနေထိုင်တတ်သူ ဆေးကျောင်းသားကလေး မောင်သူရိန်ထွန်းကိုပင်လျှင် "အမေတူလို့ ကလေးကချောပြီး သိမ်မွေ့တာ" ဟု မှတ်ချက်ပြုတတ်ကြပြန်သည်။

အဲသည့်မှတ်ချက်ကလည်း ရယ်စရာပါ။ ဖေဖေက သူ့ဖေဖေ စစ်စစ်ပါ။

မေမေ့ကို သူ မေမေဟုခေါ်သော်လည်း တကယ်တော့ မေမေက သူ့မေမေ မဟုတ်ပါ။ မိထွေးပါ၊ ထိုမျှသာမက အခေါ်တစ်ဝမ်းကွဲလည်း တော်စပ်သူမို့ ငယ်ငယ်က သူ မေမေ့ကို တီတီဟုပင် ခေါ်ဖူးကြောင်း သူ မှတ်မိနေပါသည်။

"မင်းဖေဖေ ငယ်ငယ်ကလို မဆိုးနဲ့နော်၊ ဟောကောင်"

ဖေဖေနှင့် အလွန်ရင်းနှီးသော ဗိုလ်ကြီးကျော်ကျော်စိုး၏ လက်သုံးစကား၊ ပြီးလျှင် ဖေဖေ့ဘက်လှည့်၍ ...မင်းသား မင်းလိုဆိုးမှာစိုးလို့ ဆုံးမနေတာ....ဟု ကျီစယ်တတ်သေးသည်။ ဖေဖေက ရယ်၍ ပြန်နောက်ဖူးသည်။

"လီမွှာတော့ အစ်ကိုကြီးသမီးနဲ့ ပေးစားမလို့လား"

"အောင်မာ၊ ယူစမ်းပါစေကွာ၊ မင်းသားက လူချော၊ ငါ့သမီးက ငါ့ပုံ၊"

အားလုံး ရယ်မောခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်ဖေဖေ့ကိုမောင်သူရိန်ထွန်းကလေးအလွန်လေးစားအားကျပါသည်

တစ်ယောက်ယောက်ကသူ့ဖခင်နာမည်မေးတိုင်း "ဗိုလ်မှူးကြီးမြတ်ထွန်း" ဟု သူဖြေတိုင်းတွင် မေးသူ၏မျက်နှာတွင် အံ့သြရိပ်ပေါ်လာပြီး "သူရမြတ်ထွန်းလား" ဟု ပြန်အမေးခံရသောအခါ သူပျော်ပါသည်။

တိုက်ပွဲမှာ ရသည့်ဒဏ်ရာများကြောင့် တစ်ခါမှ ဒုက္ခိတမဖြစ်ခဲ့သော်လည်း ဗိုလ်မှူးကြီးအဆင့်မှာတင် ငယ်စဉ်ကအရက်၊ဆေးလိပ်စွဲစွဲမြဲမြဲသောက်ခဲ့သောဒဏ် ဒဏ်ချက်များကြောင့် အဆုတ်နှင့်အသည်း အားနည်းပြီး အသက်မပြည့်ဘဲ အငြိမ်းစား ယူခဲ့ရသူ ဖေဖေ့ကို သူ့ထက်ရာထူးကြီးသော အရာရှိကြီးတချို့ထက်ပင် လူတွေ ပို နေ့ခြင်းကို သူအလွန်ဂုဏ်ယူပါသည်။

ဖေဖေက သူ့အတွက် သူရဲကောင်းပါ။

ဖေဖေ့ကို အားကျသောစိတ်ဖြင့် စစ်တက္ကသိုလ်တက်လိုကြောင်း ဖေဖေ့ကို ပြောသောအခါတွင်တော့ ဖေဖေက ပြုံး၍သာ နေခဲ့ပါသည်။

"စစ်နိုင်ချင်လို့ စစ်တိုက်ခဲ့တာ မဟုတ်ဘူး သား။ မငြိမ်းချမ်းလို့ မလွှဲမရှောင်သာ လို့ ဖေဖေတို့ စစ်တိုက်ခဲ့ကြရတာ။ ခုတော့ ငြိမ်းချမ်းဖို့ အရိပ်အရောင်ဇတွလည်း နီး နေပြီ၊ သားကို ဖေဖေ နောက်ထပ်အားကျစေချင်တဲ့သူတစ်ယောက် ရှိသေးတယ် အဲဒါဖေဖေသိပ်ချစ်တဲ့ ဖေဖေ့ဦးလေး ဒေါက်တာသူရိန်ပဲ၊ သားအစ်မမေမေရဲ့အဖေ"

အဲဒါနှင့်ပင် မောင်သူရိန်ထွန်းကလေး ဆေးကျောင်းသား ဖြစ်လာခဲ့တာပါ။

ဖေဖေမှာ ဆရာတစ်ယောက်ရှိပါသေးသည်။

အဲဒါက အငြိမ်းစား ဗိုလ်မှူးကြီးမျိုးဇော်ပါ။ အဲသည့်ဗိုလ်မှူးကြီးမျိုးဇော်သည် လည်း အသက်မပြည့်ဘဲ အငြိမ်းစားယူလိုက်တာဟု သိရသည်။ သို့သော် ကျန်းမာရေး ကြောင့်တော့မဟုတ်၊ ဘာကြောင့်ဆိုတာလဲ သူ သဲသဲကွဲကွဲမသိ။ လတ်တလောတွင် တော့ အဲသည့် ဗိုလ်မှူးကြီးမျိုးဇော်သည် နိုင်ငံရေးပါတီကြီးတစ်ခုတွင် ခေါင်းဆောင် ပိုင်းက ပါဝင်နေသည်ကို သိရသည်။

"ဒို့ထဲပါပါလား၊ အကောင်ရာမင်းကိုလေးစားတဲ့လူ ဒီလောက်များတာ မင်းပါရင် ဒို့တအားပဲ"

တစ်ခါက ဖေဖေကိုသူဆွယ်ဖူးသည်၊ ဖေဖေက ရယ်သည်။

"သည် တုတ်ထိုးအိုးပေါက်ပါးစပ်ကြီးနဲ့ နိုင်ငံရေးလုပ်လို့ မဖြစ်ပါဘူး။ ဗိုလ်မှူး ကြီးရယ်"

ဗိုလ်မှူးကြီးမျိုးဇော်က ရယ်၍ မောင်သူရိန်ထွန်းဘက် လှည့်ပြောသည်။





"အဲဒါတော့ ဟုတ်တယ်ကွ၊ မင်းအဖေက ငါးပါးသီလထဲမှာ ကျန်တာသာမလုံရင် ရှိရမယ်၊ မုသာဝါဒ တစ်ခါမှ မပေါက်ဖူးဘူး။ ဒါကြောင့် လည်း သူ လူမိုက်မဖြစ်ဘဲ လူလိမ္မာဖြစ်လာခဲ့တာ၊ ဘုရားဟောထားတာရှိတယ်။ မုသာဝါဒက အပြစ်အကြီးဆုံးပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ မုသာဝါဒကို လွန်ကျူးတဲ့သူဟာ အခြားဘာကိုမဆို လွန်ကျူးဖို့ ဝန်မလေးတော့ဘူးတဲ့၊ သားတို့လည်း မင်းဖေဖေဆီက အဲဒါ အတုယူ"

ဖေဖေနှင့်ပတ်သက်၍ ဂုဏ်ယူစရာ နောက်ထပ်တစ်ခုပါ။

ဖေဖေနှင့်မေမေတို့အိမ်ထောင်ရေးသည်လည်းအလွန်သာယာချမ်းမြေ့ခဲ့ပါသည်။ မေမေကလည်း မောင်သူရိန်ထွန်းလေးအပေါ် မိခင်အရင်းနှင့်မခြား ဂရုစိုက်သည်သာ မက တတွတ်တွတ် သွန်သင်ဆုံးမတတ်ပါသည်။

စိတ်မကောင်းစရာ တစ်ခုသာရှိပါသည်၊ မောင်သူရိန်ထွန်းကလေးအတွက် ညီလေး၊ ညီမလေးများ ထွန်းကားမလာတာပါ။ ညီလေးတစ်ဦး မွေးပေးဖူးသော်လည်း အလွန်ငယ်ရွယ်စဉ်မှာပင် ကွယ်လွန်သွားရှာခဲ့ပါသည်။ ဒါလည်း သူ့ဖေဖေနှင့်မေမေတို့ မောင်နှမဝမ်းကွဲတော်စပ်သူချင်း ယူမိ၍ မျိုးရိုးဗီဇရောဂါများ ပေါ်လာတာကြောင့်ဟု သိရသည်၊ သည်အတွက်လည်း ဖေဖေ နှင့်မေမေကို သူ အပြစ်မတင်ရက်ပါ။ အဘယ် ကြောင့်ဆိုသော် ဖေဖေ့ဘဝသည် အလွန်ခက်ထန်ကြမ်းတမ်းခဲ့ကြောင်းကိုရော၊ မေမေ သည် ဖေဖေ့ကို အလွန်ချစ်မြတ်နိုးသည့်အပြင် သဲကန္တာရအလယ်က ရေအိုင်ငယ် လေးသဖွယ် ဖြစ်နေခဲ့ကြောင်း သူသိထားရ၍ ဖြစ်ပါသည်။

မောင်သူရိန်ထွန်းသိချင်သော မေးခွန်းများ၏ အဖြေကိုတော့ မေမေက ဖြေခဲ့ ပါသည်၊

"လူကောင်းနဲ့လူဆိုးကို အမိပွါယ်ဖွင့်ဆိုသတ်မှတ်လို့မရဘူးသား၊" ပုထုဇဉ် အများစုရဲ့သဏ္ဍာန်မှာတော့ ကောင်းတဲ့လက္ခဏာရော ဆိုးတဲ့လက္ခဏာပါ ဖွန့်တွဲနေမြဲပဲ။ ပတ်ဝန်းကျင်က သူ့ကို သတ်မှတ်မှာ၊ လူတစ်ယောက်ဟာ သူရှိနေတဲ့အတွက် ပတ်ဝန်း ကျင်မှာဝန်ထုပ်ဝန်ပိုးဖြစ်နေမယ်၊ အနှောင့်အယှက်ဖြစ်နေမယ်၊ သူ့ကိုယ်ကျိုးအတွက်သာ ပတ်ဝန်းကျင်ကို အသုံးပြုပြီး ပတ်ဝန်းကျင်အများရဲ့အကျိုးကို ဘာမှမလုပ်တူးဆိုရင် ပတ်ဝန်းကျင်က သူ့ကို လူဆိုးလို့သတ်မှတ်ကြမှာဘဲ၊ သူရှိနေတဲ့အတွက် ပတ်ဝန်းကျင်မှာ အကျိုးများတယ်၊ သူ့အကျိုးထက် အများအကျိုးအတွက်ကို ပိုပြီး ရွတ်ရွတ်ချွံချွံ ဆောင် ရွက်တတ်မယ်ဆိုရင် သူ့ကို ပတ်ဝန်းကျင်က လူကောင်းလို့သတ်မှတ်မှာပဲ"

ထိုအဖြေကို မောင်သူရိန်ထွန်း ကျေနပ်ပါသည်။

ထိုအဖြေကို ဖြေစဉ်က သူတို့သားအမိ ခြံထဲတွင် ထိုင်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က နေသာနေပါသည်။ မိုးတွင်းမို့ မိုးတိမ်တို့လည်း ဟိုတကွက်သည်တကွက် ရှိနေကြပါသည်။

နေရောင်နောက်ခံကြောင့် မိုးတိမ်ညိုတို့၏ အနားသားများမှာ ငွေရောင်တောက်ပနေကြပါသည်။

ပြီးပါပြီ။

ထန္နမွန်ဖြင့်

လက်ရည်ကျော်

*(၁၅.၁၀.၁၉၈၈ တွင် ထီးချေရားဘိုတဲရှေ့တန်းစခန်း၊ ဝါးခဒေသ၊ ဒေါ်နတောင်အရှေ့ခြမ်း၊ ကရင်ပြည်နယ်တွင် အပြီးသတ်ရေးခဲ့၍ ၂၈.၇.၂၀၁၃ တွင် ရန်ကုန်မြို့၌ တည်းဖြတ်ပြီးစီးပါသည်။)*



www.burmeseclassic.com